www.burmeseclassic.com

# ရွှင်ဝတ္ထု

## တေးရေးဆရာ

မယားတို့မော • •



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| | ● စာရေးဆရာမယားတဲ့ပော့နော်နှင့် ဝတ္ထုတိုများ |
| | ● မောင်ဝဏ္ဏ |
| စာမူခွင့်ပြုချက် | ● ၅၀၀၀၁၃၀၆၀၁ |
| မျက်နှာဖုံးခွင့်ပြုချက် | ● ၅၀၀၄၅၇၀၆၀၂ |
| အကြိမ် | ● ပထမအကြိမ်၊ ၂၀၀၇၊ ဖေဖော်ဝါရီ |
| အုပ်ရေ | ● ၅၀၀ |
| တန်ဖိုး | ● ၈၀၀ - ကျပ် |
| မျက်နှာဖုံးပန်းချီဒီဇိုင်း | ● စောမင်းဝေ |
| ထုတ်ဝေသူ | ● ဦးအောင်လှ (ပန်အောင်စာပေ) အမှတ် (၅-အေ)၊ မြဝတီရည်လမ်း၊ (၁၃)ရပ်ကွက်၊ တံတား၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး(ရန်ကုန်) | ● ပန်အောင်စာပေ |
| ပုံနှိပ်သူ | ● ဦးအောင်လှ (၀၅၃၅၃) ပန်အောင်အော့ဖ်ဆက် အမှတ် (၁၁၃၆)၊ စက်မှုဇုံ (၂)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |

### ပန်အောင်စာအုပ်တိုက်မှ ထုတ်ဝေပြီး စာအုပ်များ

| | | |
|---|---|---|
| ၄၅။ | မောင်ဝံသ | ရွှေနေကြီးပယ်ရီမေဆင်နှင့် ခုနစ်လွှာမြို့ပြအမှု<br>စာမူခွင့်ပြုချက်- ၁၃၁၂/၂၀၀၄ (၁၁) |
| ၄၆။ | ဝင်းမြင့်အောင် | နေရစ်လေဦးအစ်ကိုရယ်<br>စာမူခွင့်ပြုချက်- ၁၄၈၅/၂၀၀၄(၁၂) |
| ၄၇။ | ပဥ္စမံဒီရိုင်း | ဒါမျိုးကြီးလည်းဖြစ်တတ်ပါတယ်<br>စာမူခွင့်ပြုချက်- ၅၀၀၉၃၇၀၅၀၇ |
| ၄၈။ | မြတ်စု | စောရနှစ်ဖော်<br>စာမူခွင့်ပြုချက်- ၅၀၁၀၉၁၀၅၀၈ |
| ၄၉။ | ပဥ္စမံဒီရိုင်း | ဉီလေမြည်ညင်းတွေပြန်ပေး<br>စာမူခွင့်ပြုချက်- ၅၀၁၃၁၄၀၅၁၀ |
| ၅၀။ | ရဲစတိုင်း | ပဥ္စလက်ဒဂ်ီး<br>စာမူခွင့်ပြုချက်- ၅၀၁၃၉၉၀၅၁၀ |
| ၅၁။ | ပဥ္စမံဒီရိုင်း | ကိုယ်စောင့်နတ်ကြီးငိုခါနီး<br>စာမူခွင့်ပြုချက်- ၅၀၀၄၀၇၀၅၁၀ |
| ၅၂။ | ပဥ္စမံဒီရိုင်း | ကြွင်းရာသုတေသန<br>စာမူခွင့်ပြုချက်- ၅၀၁၄၅၈၀၅၁၁ |
| ၅၃။ | ရဲစတိုင်း | အိပ်မက်ချိုးတွေအားလုံး ကကြိုးများဖြစ်စေ<br>စာမူခွင့်ပြုချက်- ၅၀၀၀၇၃၀၆၀၁ |
| ၅၄။ | ရဲစတိုင်း | ဂန္ဓီရရင်ခုန်သံ<br>စာမူခွင့်ပြုချက်- ၅၀၀၂၅၂၀၆၀၂ |
| ၅၅။ | ဝင်းပ | ပါရီပန်းချီခရီးသည်<br>စာမူခွင့်ပြုချက်- ၁၀၃၄/၂၀၀၄(၁၁) |
| ၅၆။ | ပဥ္စမံဒီရိုင်း | ချစ်သူလူဘက်တို့ရဲ့လေးတော်တင်ခန်း<br>စာမူခွင့်ပြုချက်- ၅၀၁၀၄၈၀၆၀၉ |

### ယခု

| | | |
|---|---|---|
| ၅၇။ | မောင်ဝဏ္ဏ | စာရေးဆရာမယားတဲ့ပော့နော်နှင့်ဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်- ၅၀၀၀၁၃၀၆၀၁ |

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | | |
|---|---|---|---|
| ၁။ | မိန်းမ ပြိန်း ကျွန်တော် | ... | ၇ |
| ၂။ | လေထဲက အိမ်မက်လေး | ... | ၁၇ |
| ၃။ | ချစ်မမကိုပင် ခွဲလို့နေ | ... | ၃၂ |
| ၄။ | အလင်း၏အလျင် သစ္စာလေးပါးတရားတော်နှင့် | ... | ၄၂ |
| ၅။ | အလိုရှိသည် | ... | ၆၀ |
| ၆။ | အဲသည်လို သေချင်စမ်းပါဘိ | ... | ၇၉ |
| ၇။ | ဘဇာတ်လမ်း | ... | ၁၀၅ |
| ၈။ | ကုံကော်အိမ်မက် | ... | ၁၁၇ |
| ၉။ | မောင်စိန်သောင်း(အရစ်) | ... | ၁၃၀ |
| ၁၀။ | တံခါးကလေး | ... | ၁၄၀ |
| ၁၁။ | ဆရာကောင်းများလက်ကျ | ... | ၁၆၁ |
| ၁၂။ | နလုံးရောဂါ | ... | ၁၇၆ |
| ၁၃။ | ဓါတ စိတ်ရှိပါတယ် | ... | ၁၈၉ |
| ၁၄။ | အဆိန်မှု | ... | ၂၀၂ |
| ၁၅။ | စာရေးဆရာမယားတဲ့ဟော့နော် | ... | ၂၁၅ |
| ၁၆။ | အနက်ကာတ် | ... | ၂၂၅ |


ပန်းအောင်စာပေ

# စာရေးဆရာမယားတဲ့ဟော့နော်

နှင့်

ဝတ္ထုတိုများ

## မောင်ဝဏ္ဏ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## စိမ်းမြ – ငြိမ်း – ကျွန်တော်

ညီက ပြုံးစိစိနှင့်...

"ကိုကို တယ်လီဖုန်း"

ညီအပြုံးက လှောင်ပြုံးမို့ တစ်ခုခုကြောင့်ပဲဟု တွက်လိုက်သည်။

"ဘယ်ကပါလိမ့်ဗျာ"

"အကို ကလေးတွေ ကျောင်းစရိတ် နက်ဖြန်နောက်ဆုံးပဲ အကိုရယ်၊ လုပ်ပါဦး"

"ဗျာ"

မျက်လုံးပြူးသွားသည်။ ဒါကြောင့်ပဲ ညီ ပြုံးတာဖြစ်မည်။ ကျွန်တော့်တွင် ရှုပ်ရှပ်ယှက်ယှက် မရှိပါ။ ဘယ်ကလေးကိုမှလည်း ကျောင်းစရိတ် ထောက်စရာမလိုပါ။ ဤကိစ္စမျိုးနှင့် ပတ်သက်ပြီး လျှို့ဝှက်ထားခြင်းလည်း မရှိပါ။ လူမှားပြီထင်သည်။

မန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တော့တ်တူး။ ကျွန်တော် ဂူနှပါ"

"ဟုတ်ပါတယ် အကို၊ ကျွန်မ ဘယ်ကမှ ရဖို့ မလွယ်လို့ အတို့ဆီကဲဲ အပူတစ်ရတာပါ။ အမေကလည်း အကိုကိုပဲ ပြောနိုင်းပါတယ်။ အတိုပေးနိုင်းရင် ရမှာပါတဲ့"

ရှုံတုန်ပြီး ဘာပြန်ပြောရမှန်း မသိပါ။

"အဲ့တိုလည်း ဟိုတစ်ခေါက်လာပြီးထဲက မလာတော့တာ၊ နောက်ပြီး ကျွန်မတို့မှာလည်း အကို သိတဲ့အတိုင်း..." ငိုသံ ပါလာသည်။

ဝို၍ ရှုံလာပြီ။ သူ့ဆီကို ဘယ်အခေါက် သွားမိသလဲ၊ သူ ဘယ်သူလဲ။

"ခင်ဗျား ဘယ်သူပါလိမ့်၊ အသံကို ရုတ်တရက် မမှတ်မိလို့ပါ"

"စိမ်းမိပါ အကို"

ရော... စိမ်းမိဆိုတာ မသိပါလား။ သို့သော်လည်း...

"သြော်...သြော်...အင်း...အဲ...ကျွန်တော် ဘာအကူ အညီပေးရမလဲ"

"ဟိုတစ်နေ့က တောင်းထားတဲ့ ငွေ ၁၀၀ လေ အကို၊ အဲဒါ...ကျွန်မ"

"ခင်ဗျား ကျွန်တော့်ဆီ ငွေတောင်းထားသလား။ မဟုတ်သေး ဘူး ထင်တယ်၊ ကျွန်တော် ရှုပ်ရှင်ခါရိုက်တာ မောင်ဂူနှပါ"

"ဟုတ်ပါတယ် ရှင့်ဆီပဲ ဆက်တာပါ။ ရှင့်ဆီက အမေတောင်း ထားတာ ရှင်က ကုမ္ပဏီသွားဆိုလို့ သွားတယ်၊ နက်ဖြန်...နက်ဖြန် နဲ့ ပြန်ပြန် လွှတ်တယ်၊ ခုထိ မရသေးလို့"

ငိုသံနှင့် ဒေါသသံရောပါလာသည်။





"နေပါဦး ခင်ဗျားအမေက ဘယ်သူလဲ"

မာမာပဲ ပြန်မေးလိုက်သည်။

"ဒေါ်ခင်လင်း"

"ဟာ ဟုတ်သားပဲ၊ ခင်ဗျားက စောစောစီးစီးမှ မပြောတာ၊ နောက်ပြီး ခင်ဗျားနာမည် မှစိမ်းမိ ဆိုတာလည်း ကျွန်တော်မှ မသိဘဲ၊ တောင်းပန်ပါတယ်ဗျာ"

"ကုမ္ပဏီက လာမပေးသေးဘူးအကိုရဲ့၊ အကို ပြောပေးပါဦး" ဟု လေသံ ပြန်ပျော့သွားသည်။

"ခုထိ မပေးသေးဘူးလား၊ သွားပေးလိုက်ပါလို့ ပြောထားတာ ကြာပြီပဲ"

"ကျွန်မ သွားတောင်းပါသေးတယ်၊ လာပို့နေရရင် ပင်ပန်းမှာ စိုးလို့လို့ ပြောပြီး တောင်းပါတယ်။ အဲဒါ မန်နေဂျာက ပို့နိုင်းလိုက် မယ် ဆိုပြီး ပြန်ပြန်လွှတ်တယ် အကိုရဲ့၊ သုံး လေးခေါက် ရှိပြီ"

"ဟုတ်လား ကျွန်တော် ထပ်ပြောလိုက်မယ်လေ"

"လုပ်ပါဦး အကိုရယ်၊ ကလေးတွေ ကျောင်းအပ်ဖို့က နက်ဖြန် နောက်ဆုံးမို့ပါ"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် ထပ်ပြောလိုက်ပါ့မယ်"

တယ်လီဖုန်း ပြန်ချပြီး ကုမ္ပဏီကို ဆက်သည်။ ခေါ်မရ နှစ်ခါ သုံးခါ မရ။

ဒေါ်ခင်လင်း အကြောင်းကို စဉ်းစားမိသည်။ ကျွန်တော်တို့က အမေလင်းဟု ခေါ်သည်။ ကျွန်တော် ဇာတ်သမားဘဝကတည်းက အမေလင်းနှင့် သိရသည်။ အမေလင်းသည် လူကြီးခန်းက ပါနေကျ ဇာတ်ဆောင်တစ်ယောက်ဖြစ်သည်။ စစ်မဖြစ်ခင်က နာမည်ကြီး မင်းသမီး တစ်ဦးလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားရိုက်ရှိသောရက်များတွင် ကျွန်တော်တို့ စက်အဖွဲ့ကို လာကြိုသောအခါဂျစ်ကား ရှေ့ခန်း၌ အမေလင်း ပါလာတတ်သည်။ ဝဝဖိုင့်ဖိုင့် ဖြူဖြူဝင်းဝင်းနှင့် သဘောကောင်းပြီး ရယ်စရာပြောတတ်သော အမေလင်းကို ကျွန်တော်တို့ အားလုံးက ချစ်ကြသည်။

"အမေလင်း ငယ်ငယ်ကတော့ လှသားပဲ၊ ခုမှ ဘာလို့ ပုံပျက်သွားတာလဲ"

ကျွန်တော်တို့က ချစ်ချစ်ခင်ခင် နောက်ပြောင်လေ့ရှိသည်။

"ဒါရိုက်တာတွေ၊ သူဌေးတွေ လက်ချက်ပေါ့ဟဲ့၊ ဆရာဦးအောင်မှန်ဆိုရင် ရိုက်ဆံသွားတောင်းတိုင်း ပိုက်ဆံတော့ မပေးဘူး။ နောက်တော့ ကြောက်ပြီး မသွားရဲတော့ဘူး။ ဦးအောင်မှန် အကြောင်းလည်း နင်တို့ ကြားဖူးသား မဟုတ်လား။ နာမည်ကြီး ဥစ္စာ"

ဤသို့ ပွင့်ပွင့်လင်းလင်း ပြောပြတတ်သည်။ ဘဝ၏ ဒဏ်ရာများသည် အမေလင်း၏ မျက်လုံး၌ အမြဲသဖြင့် ပေါ်နေသည်။ ဖျော့တော့သော မျက်လုံးအစုံသည် အစဉ်သဖြင့် တွေကြောင်ကြောင် ရှိသည်။

ဆင်းရဲသူမကြီး၊ အစေခံ စသော အခန်းများတွင် အမေလင်း ပိုင်ပိုင်သရုပ်ဆောင်စွမ်း၏။ အလွမ်းကောင်းလေသည်။

ကျွန်တော် ဒါရိုက်တာ ဖြစ်လာပြီဆိုသောအခါ အမေလင်း ကျွန်တော့်ကို အားကိုးရှာသည်။ ကျွန်တော် ရိုက်သော ဇာတ်ကားတွင် "သုံးပါ"ဟု ပြောသည်။

ကုမ္ပဏီတစ်ခုက ကျွန်တော့်ကို ကားတစ်ထုပ်အပ်သည်။ အမေလင်းကို သတိရ၍ အမေလင်းအိမ်သို့ သွားသည်။ ပထမဆုံး အမေလင်း အိမ်သို့ ရောက်ခြင်းဖြစ်သည်။ ကြမ်းခုနစ်ချောင်းနှင့်အိမ် ဖြစ်လေသည်။ ကျွန်တော် စိတ်မကောင်းပါ။ သို့သော် မတတ်နိုင်ပါ။ တတ်နိုင်





သမျှ ဟူသော သဘောဖြင့် ကျွန်တော့်ကားတွင် နေ့စားနှင့် ရိုက်မည် (သုံးမည်)ဟု ပြောခဲ့သည်။

ယခင်က နာမည်ကျော် အမေလင်းသည် ယခုအခါတွင် နေ့စား သရုပ်ဆောင်အဖြစ် လုပ်နေသည်။ ကားမရိုက်သော နေ့များတွင် တစ်ပြားတစ်ချပ်မျှ ဝင်ငွေမရှိ။ ထို့ကြောင့် ကားရိုက်သော နေ့များသည် ပျော်စရာနေ့များဖြစ်ပြီး၊ ကားမရိုက်သောနေ့များသည် အမေလင်း၏ အပြင်မှ လွမ်းခန်း အစစ်ဖြစ်သည်။

ကားမရိုက်ဘဲ ထိုင်နေရသည်မှာ ငါးလခန့် ရှိပြီ။ ဒီအတွင်းမှာ ဒီလိုပဲ ကြံဖန်နေသည်။ သကြားလေး ထုတ်ရောင်းလိုက်၊ နှီးသီလေး ထုတ်ရောင်းလိုက်၊ မှောင်ခိုအထည်သည်ကို နာမည်ကျော်မင်းသမီးများ အိမ်လိုက်ပို့ပေးလိုက်. . .။

ခုတော့ အမေ့မြေးကလေးတွေ ကျောင်းဖွင့်ပြီ၊ စရိတ်လိုပြီ။ ကျောင်းဝင်ကြေး မိဘဆရာအသင်းကြေး၊ ဖွံ့ဖြိုးရေးကြေး၊ ဘာကြေး ညာကြေး။ မြေးလေးယောက်အတွက် ငွေတစ်ရာလောက် လိုသည်။ ကျွန်တော်ဆီ လှမ်းတောင်းသည်။ ကိုယ်တိုင်လာသည်။ ကျွန်တော်က ကုမ္ပဏီကို လွှတ်သည်။ သွားသည်။ မရသေး။

ထို့ကြောင့် အမေလင်း၏ သမီး၊ ကလေး လေးယောက်မိခင် မစိမ်းမိက ကျွန်တော့်ထံ ဖုန်းဆက်၍ အကူအညီတောင်းခြင်း ဖြစ်သည်။ ကျွန်တော်က စိုက်ပေးရန်မှာလည်း မလွယ်ပါ။ ကျွန်တော်ကိုယ်တိုင် ပင် ထိုင်နေရသည်။

တစ်နေ့က အိမ်ကို လုပ်ဖော်ကိုင်ဖက် နှစ်ယောက် ရောက်လာသည်။ စက်ဆရာများ ဖြစ်သည်။ ယခုအတွင်း ဘယ်ကုမ္ပဏီကမှ ငွေကြိုထုတ်မပေးလို့ ကလေးတွေလည်း ကျောင်းဖွင့်ပြီမို့ပြီး သို့နှင့် ရှိစုမဲ့စုထဲက ငွေနှစ်ရာ ထွက်သွားသည်။ ဒီလိုပဲ လေးမျိုးစားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့်စာလျှင် ကျွန်တော်က တော်သေးသည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် လဆန်းပိုင်းတုန်းက ငွေတစ်ထောင်ချေး၍ ရထားသည်။ အတိုးက တစ်ရာ ငါးကျပ်နှုန်းနှင့်။ အပေါင်ပစ္စည်း မပေးဘဲ ချေး၍ ရသဖြင့် တော်သေးသည်ဟု ဆိုရခြင်းဖြစ်ပါသည်။

"ဟော့ကောင် ဝက်ကျန်သေးလား"

လန့်သွားသည်။ ဘေးနားတွင် ကိုကြီး ရောက်နေသည်။ ကိုကြီးသည် ကျွန်တော်နှင့် သွေးရိပ်မကင်း။ မျိုးရိပ်မကင်း။ ကျွန်တော်နှင့် အတူနေသည်။ လူပျိုကြီးဖြစ်သည်။

"ဘာလဲ ကျောင်းစရိတ်လား"

"ဘယ်က ကျောင်းစရိတ်လဲ၊ ဒီကောင် ကြောင်နေပြန်ပြီ၊ အိမ်မိုးဖို့ ဓနိ ဝယ်ရဦးမယ်လေကွာ"

သွပ်ဈေးကောင်းတုန်း။ ဘိုင်ပြတ်တုန်းက သွပ်တွေ ခွာပြီး ရောင်းလိုက်သည်။ သွပ်တွေခွာရောင်းမိတာ မှားတာပဲ။ လေးငါးနှစ် နေသက်တိုက်မိုးရရင် သွပ်မိုးလောက်ပဲ ပြန်ကျမှာ။ အွှပ်ဆိုနေရော။ ဒီတစ်ခါ မိုက်ဆံရရင် သွပ်ပြန်မိုးဦးမှ။ အတွေးမျှင်တတန်းနေပြန်သည်။

"မရှိသေးလည်း နေဦးကွာ၊ တစ်ပတ်နှစ်ပတ်တော့ စောင့်လို့ရပါသေးတယ်"

ထိုစဉ်တယ်လီဖုန်းလာသည်။ ကိုကြီး ကောက်ကိုင်လိုက်သည်။ ပြီးကျွန်တော့်ကို ပေးသည်။ ပြုံးစိစိနှင့်–

"ဟုတ်ကဲ့ ဣန္နပါ"

"ထွေးပါ အကို"

"အေးပြောလေ"

ထွေးအကြောင်းကို ပြောဦးမည်။ ထွေးသည် နာမည်မရသေးသော ဇာတ်ရုံမင်းသမီးလေးဖြစ်သည်။ နာမည် အပြည့်အစုံမှာ ထွေးလှ





ဖြစ်သည်။ ထွေးသည် ရိုးတယ်။ အနုပညာကို မြတ်နိုးတယ်။ သရုပ်ဆောင်ချင်တယ်။ ကုမ္ပဏီပိုင်ရှင်ကပ်၊ ဒါရိုက်တာကပ်၊ မင်းသားကပ်၊ မင်းသမီးကပ် စသော အလေ့များမရှိ။ ထို့ကြောင့် သူ့တွင် ဇာတ်ကားနည်းတယ်။ အရည်အချင်း ရှိသော်လည်း ကားများများ မရိုက်ရ။

"အကွက်ဝင်ရင် ကျွန်မကိုလည်း သတိရပါ"

ဆိုသော စကားမျိုးလောက်သာ ပြောတတ်တယ်။ "အကိုနော်.. နောက်ကားကျ ထွေးကို မသုံးရင်တော့လား ဒါပဲ ဟင့်.." သည်လို စကားမျိုးတွေ သူ မပြော။ ထွေးကို ကျွန်တော် လေးစားသည်။ ခင်မင်သည်။ ပြီး ထွေးသည် ချစ်စရာ ကောင်းသည်။ စက်သမား ဘဝကပင် ထွေးနှင့် သိခဲ့ရသည်။ ကားရိုက်ရင်း၊ သရုပ်ဆောင်ရင်း၊ တစ်ကပ်နှစ်ကပ် ရိုက်ပြီးလျှင် အသံဖမ်းနေသော ကျွန်တော့်ကို လှမ်းလှမ်း ကြည့်တတ်သည်။ ကျွန်တော်ကလည်း ကြည့်လေ့ရှိသည်။ အကြည့်ချင်းဆုံတိုင်း နှစ်ယောက်စလုံး မျက်နှာလွှဲမိမြဲ။ သူ့အခန်းပြီးလျှင် သို့မဟုတ် အားလျှင် ကျွန်တော့် အသံဖမ်းဖက်သေးနား လာနေတတ်မြဲ။ သူ့မှာ ပါလာသော လက်ဖက်ကလေးအစ၊ မြေပဲကြော်လေးအစ ကျွေးတတ်မြဲ။ အဲဒီတုန်းတည်းက ခင်မင်ရပါသော ထွေး။

"အကိုဆီ ထွေးလာမလို့၊ အကို ရှိ မရှိ ဆက်ကြည့်တာ"

"ရှိပါတယ်၊ လာချင်လာလေ၊ အကြောင်းထူး ရှိလို့လား"

"အင်းပေါ့ ဟိုဒင်းလေ"

ခဏရပ်သွားသည်။ အပြောရခက်သော စကားမျိုး ဖြစ်လိမ့်မည်။

"ပြောလေ ဘာဒင်းလဲ"

"ဟိုဟာ အမေနေမကောင်းဘူး"

"ဟုတ်လား ဘာဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး။ နောက်ပြီး ညီမလေးတွေ ကျောင်းအပ်ဖို့လည်း. ."

"ကို နားလည်ပါတယ်၊ လာလေ"

ကိုကြီးက သတင်းစာ ဖတ်နေရာမှ ပြုံးသည်။

"အဖော်မရှိသေးဘူး အကိုရဲ့၊ ညနေမှ"

"အဖော်မရှိလည်း ထွေးဘာသာလာပေါ့၊ ကို ညနေ ရှိချင်မှ ရှိမယ်"

"လာမယ်လေ၊ ဒါပေမဲ့ အကိုက ဟို. . အမေလင်းပြောပြဖူးတဲ့ ဆရာကြီးဦးအောင်မှန်လိုတော့ မဟုတ်ပါဘူးနော်"

"ဘာ ဘာပြောတယ်၊ နင် ငါ့ကို မစော်ကားနဲ့ လာချင်လာ မလာချင်နေ"

"ဟုတ်ပါဘူး အကိုရဲ့ ထွေး နောက်. . ."

တယ်လီဖုန်းကို ဆောင့်မစ်ချလိုက်သည်။ ရင်လည်း ခုန်သည်။ လက်လည်းတုန်သည်။

ပြောသင့် မပြောသင့် မစဉ်းစားဘဲ စွတ်ပြောသည်။ သည်လို အပြောခံရကတည်းက ကျွန်တော် ကောင်းနိုင်ပါဦးမလား။ သိဝ်စော်ကားတဲ့ မိန်းကလေး။

ခဏတော့ စိတ်ယောက်ယက်ခတ်သွားသည်။ ပြီးမှ အေးအေးဆေးဆေး ပြန်စဉ်းစားရသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ ထွေးတို့လည်း ကုမ္ပဏီသို့ပင် လွှတ်လိုက်ဖို့ ကောင်းသည်။ ကုမ္ပဏီမှာ သွားတောင်းလို့ ပြောလိုက်ရမည်။ အမေလင်းကိုယ်တိုင်လာတုန်းက တော့ ကျွန်တော် စိုက်မပေးဘဲ၊ နောက်ပြီး အိမ်မိုးဖို့ကျတော့လည်း အင်တင်တင် လုပ်နေပြီး ထွေးကျတော့ ဘာတစ်ခွန်းမှ မဟာခင် 'လာခဲ့လေ'တဲ့။ ထို့ကြောင့် ထွေးနောက်ဆုံး ပြောလိုက်သော စကားက ကျွန်တော့် အရှိက်ကို ထိသွားခြင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ထွေး





ကျွန်တော့်ဆီကို မျက်နှာငယ်လေးနှင့် ရောက်လာလိမ့်မည်။ သေချာသည်။

အလွတ်ရနေသော တယ်လီဖုန်း နံပါတ်တစ်ခုကို ကောက်လှည့်လိုက်သည်။

"ငြိမ်း ရှိလား"

"မရောက်သေးဘူး"

"ကျွန်တော်ပါ၊ ဣန္ဒပါ"

"ဪ. . ဆရာ၊ ခဏလေးကိုင်ထား။ ကြည့်ရှိုက်ဦးမယ်"

ခဏဆိုပေမဲ့ တော်တော်ကြာသည်။

"ငြိမ်းပါ"

"ကိုယ်ပါငြိမ်း။ ဣန္ဒပါ။ အကူအညီ တစ်ခုတောင်းချင်လို့"

"ဆို"

"အစတုန်းကတော့ ကိုယ်ကားစရိုက်မှပဲ ယူမလို့ပါ၊ ဒါပေမဲ့ ခုတော့ အခက်အခဲ ကြုံလာတာနဲ့"

"အများကြီးတော့ မရဘူး ဆရာကြီး"

"တတ်နိုင်သလောက်ပေါ့"

"လာယူလေ"

"တစ်ယောက်ယောက် ယူခိုင်းလိုက်မယ်၊ စာရေး ပေးလိုက်မယ်"

မာနတော့ ရှိသေးသည်။ အနုပညာသည်ပဲ။

"သူ့ကိုလည်း လာစေချင်လို့ပါတဲ့ရှင့်"

တယ်လီဖုန်း ချသွားသည်။

ငြိမ်းအကြောင်းကို ပြောရပါဦးမည်။

ငြိမ်းသည် ကုမ္ပဏီပိုင်ရှင် မင်းသမီး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝနာခဲ့ပါသည်။

ပြီး ‥ လှပါသည်။

ကျွန်တော် အကျီ လဲလိုက်သည်။

။ ＝ ။

၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ၊ ရှမဝ



# လေထဲကအိပ်မက်လေး

( ၁ )

မမ ဖတ်ဖို့ ‥၊ ဖတ်ပြီး ရယ်ဖို့။

( ၂ )

ကျွန်တော်က မမကို ချစ်ပါတယ်။ မမက ကျွန်တော့်ကို မချစ်ဘူး။

ဘတ်စ်ကား အများကြီး စီးလို့ လက်မှတ်တွေလည်း အများကြီး ရှိတယ်။ ကားလက်မှတ်လေးတွေကို အပိုင်းပိုင်း အစအစ ဖြစ်အောင် ဆုတ်ဖြဲပစ်ချနေမိတယ်။ စောင့်ရတာကြာပြီလေ။

ကျွန်တော့် ရှေ့တည့်တည့်မှာ လက်မှတ်စလေးတွေ ဖွေးလို့။

မမက အပေါ်ထပ်မှာ။ ကျွန်တော်က မြက်ခင်းပေါ်မှာထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မတ်တတ်ရပ်ရင် မမနဲ့ပိုနီးမှာပေါ့။ ဒါပေမဲ့ ထိုင်နေမယ်နော်။ မတ်တတ်ရပ်လိုက်ရင် ဒူးတုန်နေတာ သူများတွေ သိသွားလိမ့်မယ်။ ရင်ခုန်နေတာကိုတော့ ဘယ်သူသိမှာတဲ့တုံး။

ညနေစောင်းပြီ ခင်ဗျ။ မမရဲ့။ ကျောင်းဆင်းချိန်တန်ပါပြီ။ ကံ့ကော်ပင်တွေအောက်က ရွက်ခြောက်ညိုလေးတွေပေါ်ကို နေရွှေရည် လောင်းထားပြီးပြီဗျ။ ဆင်းခဲ့ပါတော့လား။ ကျောင်းလည်း ပိတ်ထား တုန်းပါဗျာ။ အလုပ်က ဒီလောက်မများနိုင်ပါဘူး။ ကျွန်တော် စောင့်နေ မှန်း သိလို့ တမင် ဆင်းမလာတာလား တော်တော်ဆိုးတဲ့ မမကြီး။

( ၃ )

ပောာဟိုမှာ လာပြီ။ မမ လာပြီ။ လမ်းလျှောက်လာရင်း မမှိတမှိ ကံ့ကော်ရွက်ဖျားလေးကို လှမ်းဆွဲရင်း ကျွန်တော့်ကို ကြည့် တယ်နော်။ လှလိုက်တာဗျာ။ ပုစဉ်းအော်သံလည်း မကြားတော့ဘူး။ ဆေးက အတွဲတွေလည်း မမြင်တော့ဘူး။ ကျွန်တော့်ကို ညို့ထားလေ သလား မမရယ်။ ရွက်ခြောက်ညိုကိုတောင် လှစေနိုင်တဲ့ နေရွှေရည်ကို မမကိုယ်ပေါ် လောင်းလိုက်တော့ အို.. ရွှေရုပ်ကလေးပေါ့။ နီးလာလေ ရင်ဆတ်ဆတ်ခုန်လေပါလား မမရယ်။ နှလုံးက ရင်အပြင် ခုန်ထွက် တော့မလားပဲ။

အို.. မျက်နှာကြီးက မှုန်လို့ပါလား။

မျက်မှောင်ကြုတ်နဲ့ ရွှေရုပ်ကြီး။

မေးရက်လေမမရယ်...။ ဘာလို့ အဲဒီစာ ရေးရသလဲ၊ ဟုတ်လား။

ဘာလို့ရေးတယ်ဆိုတာ မမလည်းသိသားနဲ့။

မသိဘူးလို့ အတင်းမငြင်းပါနဲ့လားဗျာ။





ပြန်ဖတ်ကြည့်ပါလား။

မိုက်မိုက်မဲမဲ မျှော်လင့်မိတယ်လို့လည်း ပါတယ်နော်။

သစ်ကိုင်းတွေကြားထဲက လမင်းကို မှူးသာပြီး ငိုတဲ့ကလေးနဲ့ တူတယ်လို့လည်း ပါတယ်နော်။

ဟိုဘက်လှည့်ပြီး မပြုံးနဲ့လေ။

ကျွန်တော်က ရယ်စရာကောင်းတယ်နော်။

အို.. မမ။ လူတွေအများကြီးရှိတဲ့ဘက် ဘာလို့ လျှောက်ရ တာလဲ။

ပြောချင်တာတွေ မပြောရတော့ဘူးလား။

မမ တို့စေတနာကို နားမလည်တာ။

မဟုတ်ဘူး။ မဟုတ်ဘူး။ ကျွန်တော်ချစ်တာလေ။

နောက်မပြောရဘူးဟုတ်လား။

အင်းပါ။ အင်းလေ...။ နောက် မပြောတော့ပါဘူး။

ခုတော့ ပြောချင်တယ်။

စိတ်တော့ မဆိုးလိုက်ပါနဲ့ဗျာ။ မပြောနဲ့ဆိုလည်း မပြောတော့ ပါဘူး။

ပြန်ရတော့မယ်လား။

ဟုတ်ကဲ့ပါ ခင်ဗျာ၊ ပြန်ပါတော့မယ်နော်..မမ။

ဒါပေမဲ့ မပြန်သေးဘူး မမရယ်။

မမကို မျက်စိတစ်ဆုံးကြည့်ဦးမယ်။

မမနားကတော့ ကပ်မလိုက်တော့ပါဘူး။

မမကို နောက်ကကြည့်နေခွင့်တော့ ရှိပါတယ်နော်...။

မြန်မြန် မလျှောက်နဲ့ မမရယ်။

မြန်မြန် ပျောက်သွားမှာ စိုးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ လှည့်ကြည့်ရတာလဲ။
သံယောဇဉ်အမျှင်တန်းပုံမျိုးနဲ့။
ကျွန်တော့်ကို နှိပ်စက်ချင်လို့လား။
မမတို့ဟာလေ. . တတ်လည်း တတ်နိုင်တယ်။
နောက်ကကြည့်နေပေမဲ့ မမ ပြုံးနေမှန်း သိပါတယ်။
လှောင်နှင့်ဦးပေါ့ မမရယ်. . ချစ်ပြီဆိုမှသိမယ်။

( ၄ )

ဒါနဲ့များ အဆောင်ကိုလာတော့ ဘာလို့ထွက်တွေ့ရလဲ။

အတွင်းခန်းကနေ ခန်းဆီးကိုလှပ်ပြီး ချောင်းကြည့်သေးတယ် မဟုတ်လား။

ကျွန်တော်က မမကို ကျောပေးထားပေမဲ့ ချောင်းကြည့်မှန်း သိပါတယ်ခင်ဗျ။ ကြော်ငြာစာကပ်တဲ့ နံရံရှိတ် မှန်အိမ်လေးရှိတယ်လေ။ နောက်ခံက သဏ္ဍာလပ်အစိမ်း။ အဲဒီထဲက ရောင်ပြန်ကို ကြည့်ရင် ကျွန်တော့်နောက်မှာ မမ ဘာလုပ်နေမှန်း သိတာပေါ့။ ဘယ်ရမလဲ မမရဲ့။

မှတ်မှတ်ရရ အဲဒီသဏ္ဍာလပ်ကလည်း အစိမ်းနော်။ မမ ဖြတ်ထွက် လာတဲ့ ခန်းဆီးကလည်း အစိမ်းပဲနော်။ အစိမ်းထဲမှာ မြင်ရပြီး အစိမ်းလွှာကို ဖြတ်ထွက်လာတဲ့ မောင့်မမစိမ်း။

ဒါပေမဲ့ ဘာလို့ ပြုံးရလဲ။
ဘာလို့ 'ဘယ်သူများလဲလို' လို့ ပြောရလဲ။
ဗညာတွေတတ်လို့လား မသိဘူး။ သိပ်ဟန်ဆောင်တယ်။
ထိုင်ခုံနှစ်လုံး ကပ်ထားတာကိုလည်း ဆွဲခွာပြီးမှ ထိုင်တယ်။





စကားတွေလည်း အများကြီး ပြောတယ်။
ဆံပင်ကိုလည်း ဖြန့်ဖြီးတယ်။
မယဒေဝထဲမှာ အဲဒါမပါဘူးတဲ့ဗျ။

ဘီး အောက်ကျသွားလို့ တောက်ပြီး ကျွန်တော့် အကျႌ လက်မောင်းနဲ့ သုတ်ပေးရသေးတယ်။

သူများတွေက ကြည့်နေတော့ ခပ်တည်တည်နဲ့။ အနားမှာ ဘယ်သူမှ မရှိတော့၊ စကားတွေ ပြောရင်း တို့တော့မလို ဆိတ်တော့မလို။

တို့မယ်ဟန်ပြင်ပြီးမှ လက်ကို ပြန်ရုပ်ပြန်ရော။ မမဟာလေ တကယ်ပဲ။

မချစ်ဘူးလို့လည်း ရှင်းရှင်း မပြောဘူး။ ချစ်တယ်လို့လည်း မပြောဘူး။

ကျွန်တော်ဆိုတဲ့ကောင်လေးကလည်း မမေးရဲဘူး။
စိတ်မဝင်စားတဲ့စကားတွေကိုပဲ ဟိုပြောဒီပြောနဲ့။
ဒါပေမဲ့လေ မမကို မြင်နေရရင် ကြည်နူးနေတာပဲ။
ကျွန်တော့် မမက သနပ်ခါး ရေကျဲနဲ့လည်း လှပါတယ်။
နှုတ်ခမ်းနီနီလေး ဆိုးထားတော့လည်း လှတယ်။
မိတ်ကပ်လူးပြီး နှုတ်ခမ်းမရမ်းရောင်ဆိုးတော့လည်း လှတာပဲ။
နဲ့သာမမှန်း ကောမထုံးလည်း အချစ်ဆုံးမို့ လှတာပဲ။
မိန်းမဆိုတာ အလှပြတတ်တဲ့မျိုး။
ယောကျ်ားဆိုတာက အလှကြိုက်တတ်တဲ့မျိုး။
အဆောင်ကပြန်တိုင်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိတယ်။
ငါဘာလို့ ချစ်တဲ့အကြောင်း ထပ်တလဲလဲ မပြောဖြစ်သလဲနို့။



www.burmeseclassic.com

www.burmeseclassic.com



( ၅ )

အဲဒီညကိုတော့ မမေ့ဘူး။ ဘယ်တော့မှ မမေ့ဘူး။

လုပ်သားကောလိပ်က အပြန်၊ အဆောင်ကိုလိုက်ပို့နိုင်းတော့လေ။ ည ၈–နာရီကျော်ကျော်။

မာကြူရိုမိးဖြာက မမကိုယ်ပေါ်ဆမ်းထားတော့ နီလာရုပ်တုလေးလိုပဲ။ သတ်ဝင်လှုပ်ရှားတဲ့ နီလာရုပ်တုလေးပေါ့။

ညအခါ ကြယ်ပွင့်တွေကြားထဲက တကယ်လို့များ မိုးနတ်သမီးလေးထွက်လာတယ်ဆို…မမနဲ့ သိပ်တူမှာ။

အို…ကျွန်တော့်အတွက်တော့ မမဟာ မိုးနတ်သမီးပါလေ။

ဟုတ်တယ်နော်…။ ကြယ်ပွင့်လေးတွေကို ကြည့်ပါလား။

ညဘက်ညဘက် ကျွန်တော် လမ်းလျှောက်ထွက်တဲ့အခါ…

ကျွန်တော်နဲ့အတူ ကြယ်ပွင့်လေးတွေလိုက်လာကြတယ်။

မိုးလမင်းလည်း ပါတယ်။

ကျွန်တော် သွားလျှင်သွားချင်း၊ ရပ်လျှင်ရပ်ချင်း၊ ကွေ့လျှင်ကွေ့ချင်း အတူတူလိုက်ပါလာကြတယ်။

တကယ်တော့ အဲဒီလို ဘယ်ဟုတ်မလဲ။ သူတို့လမ်းသူတို့သွားတာပဲ။ မမလိုပေါ့။

သထုံလမ်းက သစ်ပင်ကြီးတွေ မခုတ်ရသေးဘူး။ လမ်းကြားက မီးတိုင် မှိန်မှိန်မှာကျတော့ မမြင်တစ်ဝက်မြင်တစ်ဝက်အလှ။ မမြင့်တမြင် မြင်ရတာက ပိုလို့လှပေါ့။

ဒီအချိန်မှာ ချစ်တဲ့အကြောင်းကို ပြောဖို့ထက် အလှကို ရှာနေမိတဲ့ ကျွန်တော်ပါ။ အလှကို တွေ့နေမိတဲ့ ကျွန်တော်ပါ။

အဲဒီတုန်း သထုံဆောင်ပေါ်က အသံကလေး။

"အမေရေ…သူများသားသမီးတော့ တယ်ကံကောင်းကိုး"

"အမေ့သားအဖြစ်ကို မြင်လှည့်ပါဦး" တဲ့။

'ချစ်စရာဆန်းပြား ပန်းတံတားလေးမယ်၊ နှစ်ကိုယ်ကြင်ယှဉ်တဲ့ မခွဲကူတူ ကြည်ဖြူချစ်ခင် လျှောက်ကြရင် တကယ်၊ ကြည်လင်စိမ့်စမ်းရေ စီးဆင်း၍ နေလိမ့်မယ်ကွယ်' တဲ့။

မဟုတ်ဘူး သူငယ်ချင်းတို့ရေ၊ ကိုယ့်အဖြစ်ကို မင်းတို့ မသိဘူးနော်လို့ ပြန်ဟစ်လိုက်ချင်ရဲ့။

ဘာပဲဖြစ်ဖြစ်လေ၊ သူတို့ အထင်မှားတာကိုပဲ ကြည်နူးနေမိတဲ့ ဂုဏ်ယူနေမိတဲ့ ကျွန်တော်ပါ။

သထုံဆောင် နောက်ဖေးက လမ်းအတိုင်းသွားတော့ ရိက္ခာဂိုဒေါင်၊ ဂိုဒေါင်ကို ခတ်ထားတဲ့ သံစည်းရိုး။ ငုံ့ဝင်ရတဲ့သံတံခါးလေး။ ဂိုဒေါင်ဘေးက ညောင်ပင်ကြီး။ ဒီကြားမှာ အမှောင်။

မှောင်လိုက်တာမှ ပိန်း။

မမြင်ရတဲ့အလှမှ အလှဆုံး။

အမှောင်ထဲမှာ အလှရှာနေပြန်တဲ့ ကြောင်တောင်တောင်ကောင်လေး ကျွန်တော်။

အမှောင်ထဲမှာ ခလုတ်မထိ ဆူးမငြိအောင်လို့ လမ်းပြနေလိုက်သေးတဲ့ ကျွန်တော်။

အမှောင်ကြားကို ကျော်တော့ မမတို့ အဆောင်ကို ခတ်ထားပြန်တဲ့ သံစည်းရိုး။ ကဲ ငုံ့ဝင်ရပြန်တဲ့ သံတံခါးလေး။

သံစည်းရိုး အထပ်ထပ်နောက်မှာနေတဲ့ မမနော်။

မမဆီကို လာချင်ရင် ခေါင်းငုံ့ တိုးလျှိုးလာရတယ်။

ခေါင်းငုံ့ပြီးလာပါ့မယ်။ တိုးလျှိုးပြီးလာပါ့မယ်။

မြသီလာမှာ ပိတ်ထားတဲ့ သံတံခါးများ ဖွင့်ပါလေ။






www.burmeseclassic.com

www.burmeseclassic.com



ညအခါမှာ လိုက်ပို့ခွင့်လေးရတာကိုပဲ လေပေါ်မှာလမ်းလျှောက်ပြီး ပြန်ခဲ့တယ်။

ဒီတစ်ခါတည်းပါ။ ဒီတစ်ခါတည်း လိုက်ပို့ခွင့် ကြုံခဲ့တယ်။

ရှားလေ အဖိုးတန်လေတဲ့။

( ၆ )

ဪ. . မေ့လို့ မေ့လို့။ နောက်တစ်ခါ လိုက်ပို့ရသေးတယ်လေ။ ဒီတစ်ခါတော့ ညနေစောင်း။ မန္တလေးဆောင်ကအပြန် အဓိပတိလမ်းကိုဖြတ်၊ ချုံပုတ်တွေ မြက်ရိုင်းတွေ ကြားထဲမှာ ခပ်တည်တည်ရပ်နေတဲ့ ကျောက်တိုင်အောက လျှောက်။

ပေါင်းထနေတဲ့ ချုံတွေက တရှေ့ရှေ့ခြောက် နေသလိုပဲ။ ကျောက်တိုင်ကတော့ ကျောက်တိုင်မို့ ဘယ်ကြောက်မလဲ။ ကျွန်တော်တော့ ကြောက်တယ်။ မမ အနားမှာ ရှိလို့သာ။

လေနုနုလေး တိုက်နေတယ်။ သထုံလမ်းပေါ်မှာ သစ်ရွက်တွေလူးလှိမ့်ပြေးနေတယ်။ သံဆူးကြိုးဝင်းတွေကို ဖြတ်ခဲ့တယ်။

အားကစားရုံထဲမှာ ‘ရား. . . ရား. . .’နဲ့ အော်ပြီး ကရာတေးခုတ်နေကြတယ်။ သိုင်းကစားနေကြတယ်။ ဒါမှပေါ့။ ကျောင်းသားဆိုတာ မာမှပေါ့။ ကြံ့ခိုင်မှပေါ့။ ဒါမှနိုင်ငံ့ရန်သူတွေကို တိုက်နိုင်မှာ။

အဲသလို ပြောတော့လည်း မမက ရယ်တာပဲ။

ကျွန်တော် ပြောတာမှန်သမျှ ရယ်စရာ အောက်မေ့နေရော့လား။

ဝတ္ထုတွေဖတ်ပြီး ရူးနေတဲ့ အရူးလေးလို့ ထင်တယ်ပေါ့လေ။

အေးပါ၊ အေးပါ ရယ်ဦးပေါ့။ ကျွန်တော်တို့ စိတ်ကူးယဉ်တွာတွေ လက်တွေ့ဖြစ်လာတဲ့ တစ်နေ့ကျရင် ဖြုန်စေရမယ်။





အဆောင်ရောက်ရောက်ချင်း အခန်းထဲဝင်၊ ခြင်းတောင်းလေးထားရုံထား။ ပြီး ပြန်ထွက်ခဲ့တယ်။ ကျွန်တော့် အမြင်မှာ အကြာကြီးစောင့်မနေရအောင် အကျီတောင် မလဲခဲ့ဘူး။ ဒီလိုတော့လည်း မမက လိမ္မာသား။

အဆောင်ကပြန်တော့ မှောင်ရီရီ။ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်ရပြန်ရော။ ချစ်တဲ့အကြောင်း မပြောကောင်းလို့များ မှတ်ထားမိရော့လား။

တွေရာလေးပါး စကားလေမျှးတွေနဲ့ပဲ ပြန်ခဲ့ရတာ အခေါက်အခေါက်။

မမကလည်း မမ။ ချစ်တဲ့အကြောင်းဘာက် စကားဦးသန်းတာနဲ့ မျက်နှာကြီးကို တည်တည်ပြတယ်။ ကြောက်ပြီး မပြောရဲတော့အောင်။

ကျွန်တော့်ကိုက ကြောင်လွန်းပါတယ်လေ။

ဒီလိုလည်း မဟုတ်သေးဘူး ထင်တယ်။

ကျွန်တော်ကိုက ချစ်လွန်းပါတယ်လေ။

ဟုတ်တယ်၊ ဟုတ်တယ် ချစ်လွန်းတယ်။

လူဆိုတာ ကိုယ့်ဘက်ကကိုယ် အမြဲရှေ့နေလိုက်တာပဲ။ ကိုယ့်ကိုယ်ကိုယ် လှည့်စားတာပဲ။ မဟုတ်ဘူလား။

( ၇ )

မမ နယ်ကောလိပ်တစ်ခုကို ပြောင်းရတော့မယ်ဆိုတော့ ဖြစ်နေတဲ့ ကျွန်တော့်အဖြစ်။ နယ်မှာဆို အဝတ်အထည် ရှားမယ်။ စာအုပ်ရှားမယ်။ အသွားအလာခက်မယ်။ ရာသီကြမ်းမယ်။ ဆေးရှားမယ်။ နောက်ပြီး ကျည်ဆန်တွေသုံးနေတဲ့ နေရာနဲ့က ဘာဝေးတော့တာလို့။ စိတ်မချနိုင်ဘူး။ ဒါပေမဲ့ ဘာဆိုင်တာမှတ်လို့။ ဘာပိုင်တာမှတ်လို့။



www.burmeseclassic.com

www.burmeseclassic.com



ရှိပါစေလေ။ ကျွန်တော် အတတ်နိုင်ဆုံး ဘာလုပ်ပေးရပါလိမ့်။ အဝတ်တွေ မမမှာရှိတယ်။ စာအုပ်တွေရှိတယ်။ လေယာဉ်လက်မှတ်ဝယ်ပြီးပြီ။ ဆေး . . ဟုတ်တယ် နော် . . ဆေး။

နေကုန်အောင့် ခြေကုန်အောင် ဆေးလိုက်ရှာရတယ်။ သူများတွေလို ဆေးဆိုင်မှာ အသိမရှိတော့။

တန်းစီတယ်။ နေပူထဲမှာ တိုးလိုက်ဝှေ့လိုက်၊ ရန်ဖြစ်လိုက်ရတာ အမော။

နှစ်ရက်လုံးလုံး မိုးလင်းမိုးချုပ် ခြေတိုချောင်းပေါက် ရှာပါမှရာသီအလိုက်လိုတဲ့ ဆေး လေးငါးမျိုးလောက်ရတယ်။

အိတ်ကလေးတစ်ခုနဲ့ထည့် တလေးတစ်စောင်ရေး။ (မှာင်မိုကဝယ်တာ မကြိုက်တဲ့ မမအတွက် ပြည်သူ့ဆိုင်က ရအောင်ဝယ်တဲ့အကြောင်းနဲ့ ဘောက်ချာတွေပါ ပါတဲ့အကြောင်း) နယ်ပြောင်းလက်ဆောင်အဖြစ်နဲ့ သွားပေး။

စိတ်ကူးဆန်းလေးနဲ့ လက်ဆောင်ပေးတတ်တဲ့ ကျွန်တော့်ကို မမက ချီးကျူး။ ခွဲရခါနီးမှာ ဝမ်းနည်းလှိုက်ဖိုတဲ့ အကြည့်တွေနဲ့။ ပြီးတော့ ရင်ဖွင့်ကြ။ တစ်ယောက်ကိုတစ်ယောက် ချစ်ရတဲ့အကြောင်းတွေ စကားဖောင်ဖွဲ့။ အို့ . . စိတ်ကူးထဲမှာတော့ ပြောင့်လို့။

အဲဒီစိတ်ကူးလေးနဲ့ လက်ဆောင်လာပါးရတဲ့ ကျွန်တော်ပါမမရယ်။

ဒါပေမဲ့ မမရယ်၊ လက်ဆောင်လာပါးတယ်ဆိုပါမှ . .

ကျွန်တော် ဘယ်လိုမှ မဖျော်လင့်တဲ့စကားကို ပြောရက်တယ်ဗျာ။

ဒီဆေးတွေ ဘယ်လောက်ကျသလဲတဲ့။

ပိုက်ဆံအိတ်ကလေးများ ထုတ်လို့။





ဘာစကားမှ ပြောမထွက်တော့ဘူး။

ဘာပြောရမယ်မှန်းလည်း မသိ။

ကျွန်တော့်ကို နားမလည်လွန်းနိုင်တဲ့ မမရယ်။

ကျွန်တော့်ရင်ကို သိမ့်သိမ့်ခါစေလွန်းနိုင်တဲ့ မမရယ်။

မမသွားတဲ့နေ့က ကျွန်တော်လိုက်မပို့ခဲ့လို့ မပို့ခဲ့ရပါဘူး။ ဒါပေမဲ့ ကျွန်တော် ချောင်းကြည့်ရင်း လိုက်ပို့ခဲ့ပါတယ်။

ရင်ထိတ်ရလှချည့် မမရယ်။

မမနားမှာ တတွဲတွဲနဲ့ လိုက်ပို့တဲ့လူက ဘယ်သူလဲ။

မျက်မှန်နဲ့ အသားဖြူဖြူဟာလေ။ ဘောင်းဘီလည်း ဝတ်ထားတယ်။ ဘာမှ မတော်စပ်မှန်းတော့ သိသာပါတယ်။ အစ်ကိုလည်း မဟုတ်နိုင်ဘူး။ မောင်လည်း မဟုတ်နိုင်ဘူး။ ဆွေမျိုးလည်း မဟုတ်နိုင်ဘူး။ ကျွန်တော် ဆက်မစဉ်းစားရဲဘူး။

ကြည်ကြည်နူးနူး၊ ရွှင်ရွှင်မြူးမြူး နှုတ်ဆက်နေလိုက်ကြတာ။ လေယာဉ်ကွင်း အပေါ်ထပ် ဝရံတာက လိုက်ချောင်းကြည့်နေတဲ့ ကျွန်တော့်ကို မမြင်ကြပါဘူးနော်။ မြင်တောင်မှ မမြင်ချင်ယောင်ဆောင်မှာပါ။

လေယာဉ်ထွက်သွားတဲ့အထိ ကျွန်တော် ရှိပါတယ်၊

မမရန်ကုန်မှာ မရှိတော့ဘူးဆိုတဲ့ အသိက ကျွန်တော့်ကို အမြဲနှောင့်ယှက်တော့တယ်။

ချစ်သူက မချစ်မှုဆိုလို့ ဆွေးရတာက ကြားလို့ကောင်းသေးရဲ့။

ချစ်ရက်နဲ့ ခွဲရတာဆို လွမ်းလို့ကောင်းမှာ။

ချစ်မှန်းမသိ၊ မချစ်မှန်းမသိ။

လွမ်းခွင့်ရှိမှန်းမသိ၊ မရှိမှန်းမသိ။

ဘာရယ်မှန်းမသိ၊ အုံ့မှုန်းလွမ်းလေးကျွန်တော်။



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာနေနိုင်မတဲ့လား။ မြင်ချင်တယ် ကြာပွင့်မျက်နှာ။
ကျွန်တော့် လဝန်း မမျက်နှာ။

မမရှိရာဆီကို အကြောင်းမရှိ အကြောင်းရှာပြီး လိုက်ခဲ့ရပါတယ်။ ခြေသံ . . ချစ်မိပေသကိုး။

တွေ့ရင်တော့လား ဖွင့်လိုက်မယ် ကျွန်တော့် ရင်တအုံနွေး ဆွေးရတဲ့အဖြစ် ချစ်ရတဲ့အကြောင်း။

ကြည်အေးတဲ့ ကျွန်တော့် မေတ္တာကို မမမြင်ရမှာပဲ။
အံ့ဩစေရမယ်။ ရင်နင့်စေရမယ်။ သနားစေရမယ်။
ပြီး . . ချစ်စေရမယ်။ အို . . ဒါပေမဲ့

( ၈ )

မမနဲ့တွေ့တိုင်း ရင်ခုန်ပြီး ရင်ထဲက အဖြစ်ကို စကားနဲ့ မဖွင့်ရဲဘူး။ စာလေးနဲ့ ရေးပြရတယ်။

မမကို ကျွန်တော် ချစ်တယ်။ ကျွန်တော့်ကို ချစ်ပါလို့။
ကျွန်တော့်စာလေးကို ဖတ်ပြီးပြီးချင်း၊ လွှင့်ပစ်ရက်တယ်။
ထင်ထားတာနဲ့ တခြားစီ။
ဘာရယ် စော်ကားတာ။
ဟုတ်ဖူး . . ဟုတ်ဖူး . . ချစ်တာလေ။
မနှင်ပါနဲ့ မမရယ်၊ ပြန်ဆိုလည်း ပြန်ပါ့မယ်။
မချစ်ဘူးလို့ ငြင်းလိုက်တာထက် ပိုလို့ ရင်နာရပါသေးတယ်။
ရင်တနာလွန်းတော့ နာမှန်းမသိတော့ဘူး။ ထုံသွားတယ်။

မမဆီက အပြန်မှာ ကျွန်တော့်ရင် ဟင်းလင်းပွင့်သွားပြီလိုပဲ။ မြစ်ကမ်းဘေးမှာ တစ်ယောက်တည်း ကျွန်တော်။





မိုးချုပ်ထိ။ နေဝင်ထိ။ မှောင်သည်ထိ။ ဘာမှမသိ။ ဘာမှမမြင်။ ဘာမှမကြား။ အဲဒီတုန်း ခဏတော့ ကျွန်တော် သေသွားတယ်။

ပြန်ရှင်လာတော့လေ မရောက်ဘူးတဲ့အရပ်တွေကို လျှောက်သွားနေမိပြန်ရော။

လေတယ်ဆိုတာ အဲဒါလား။ လေရူးလိုလား။
လွင့်တယ်ဆိုတာ အဲဒါလား။ ရွက်ကြွေလိုလား။
လေပွေလိုဝဲပါလို့ လေဝဲလိုပွေပါတဲ့
တေလေလေးကျွန်တော်။

( ၉ )

ကျွန်တော့် ရှေ့မှာ လက်မှတ်စတွေ အများကြီး ဖြစ်နေပြီ။ မမက တွေ့ချင်တယ်ဆိုလို့ လာစောင့်ရတာပါ။ စောင့်ခိုင်းတဲ့ နေရာက စောင့်နေတာပါ။

ပထမဆုံး စချစ်မိတဲ့ နေရာလေးမှာပေါ့။ ရွက်ကြွေတောလေ။
မမရောက်လာတော့ . . ကျွန်တော်က
"ဘယ်တုန်းက ပြန်ရောက်လဲဟင်"
"တစ်နေ့က"
"နေကောင်းရဲ့လားဟင်"
"အေး"
"ကျွန်တော့်ကို တွေ့ချင်လို့ဆို"
"အေး။ နင် ငါ့ကို စိတ်ကောက်နေလား"
"ဟင့်အင်း"
"ဘာလို့ စာမရေးလဲ"
"ရေးမှ မရေးရဲဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မရေးရဲလဲ"

"မရေးရဲလို့ပေါ့"

"အေးလေ ဘာလို့ မရေးရဲလဲလို့"

"စော်ကားတယ် အပြောခံရမှာစိုးလို့"

"နှင်ဟာ တော်တော်ခက်တယ်"

"မမက ကျွန်တော့်ထက် ပိုခက်ပါတယ်"

"စကားနိုင်လုနေတာ မဟုတ်ဘူး"

"မမက ကျွန်တော့်ကို အမြဲနိုင်ပါတယ်"

"မနိုင်ချင်ပါဘူးဟယ်၊ ငါ့ကိုလည်း မနိုင်ချင်နဲ့ပေါ့"

"ချစ်ရတဲ့သူက အမြဲရှုံးပါတယ်"

"တစ်ယောက်ကိုတစ်ယောက် ချစ်ရင်ကော"

"ချစ်သွန်းတဲ့သူက ရှုံးပါတယ်"

"အဲလိုဆို ငါနှင့်ကို အရှုံးပေးပါတယ်"

အို . . ဘယ်လောက်သာယာလိုက်တဲ့ လောကကြီးလဲ။

ကျွန်တော့်အိပ်မက်မှာ ပန်းတွေပွင့်ပြီ။ စမ်းချောင်းစီးပြီ။ လေပြည်ညင်းပြီ။ လဝန်းသာပြီ။ နှင်းမြူကြားမှာ နေဝန်းနီပြီ။ ချိုးကူပြီ။

( ၁၀ )

ဆုတ်ဖြဲပစ်စရာ လက်မှတ်တွေကုန်ပါပြီ။

နေကလည်း တွန့်တိုလိုက်တာ။

သူ့ ရွှေရည်တွေ နီးသွားမှာကျနေတာပဲ။

သူနဲ့အတူ သူ့ ရွှေရည်တွေ ပြန်သိမ်းသွားပြီ။

အိပ်မက်လည်းပျက်သွားပြီ။

လေထဲဆောက်တဲ့ အိပ်မက်လေးပေကိုး။





ဒီနေရာလေးကို မကြာမကြာ ရောက်တယ်။

အိပ်မက်လေးတွေ လာလာဆောက်တာပါ။

ကျွန်တော်ပြန်တိုင်း လက်မှတ်စတွေ ဖွေးဖွေးလှုပ် ကျန်ခဲ့တယ်။

မမမြင်ဖို့၊ မြင်ရင် ရယ်ဖို့။

( ၁၁ )

အခုတော့ အိပ်မက်က ထွက်ခဲ့ပါပြီ။

ဘဝဆိုတာ အိပ်မက်မှ မဟုတ်ဘဲ။

မမ လက်ထပ်တုန်းက ကျွန်တော် မငိုပါဘူး။

ကျွန်တော် လက်ထပ်ရင် 'အထွေး' မငိုအောင် . .

အထွေးကို ကျွန်တော် စိမ်းကားပြပါတယ်။ သူ့အိပ်မက်တွေ ပျက်အောင်လို့။

ကျွန်တော်က မမနေရာ ရောက်ပြီ။

အထွေးက ကျွန်တော့်နေရာ ရောက်လာတာကိုး။

အတွေ့အကြုံ ပေးခဲ့တဲ့ မမကို ကျေးဇူးတင်မိပါတယ်။

။ ။

၁၉၇၃ ခု၊ ဇူလိုင်၊ ရှုမဝ။



www.burmeseclassic.com

www.burmeseclassic.com

## ချစ်မမကိုပင်စွဲလို့နေ

( ၁ )

တနင်္ဂနွေနေ့။ ဒေါ်နုနုတင်၏ ကိုကိုသည် ဝီစကီတစ်ပုလင်း၊ သူ့မိတ်ဆွေ တစ်ယောက် နှစ်ယောက် သို့မဟုတ် နိုင်ငံခြားရုပ်စုံမဂ္ဂဇင်းနှင့် ကျွန်ရစ်ခဲ့သည်။

သားနှင့်သမီးတို့သည် သူတို့၏ သူငယ်ချင်းများနှင့် ရုပ်ရှင်သော်လည်းကောင်း၊ အခြားတစ်နေရာသော်လည်းကောင်း၊ သွားကြလိမ့်မည်။ သည်လိုနေ့မျိုးတိုင်း ဒေါ်နုနုတင် မေမေစိန်ထံ အလည်သွား၏။ ဒီကောင်မအိမ်တွင် သူငယ်ချင်းဟောင်းများ ပြန်ဆုံတတ်သည်။ ဗိုလ်မှူးဟောင်းကတော် မိမိခင်၊ စီးကရက်ကိုယ်စားလှယ်တော်ကြီး ဒေါ်သိန်းသိန်းထိုက်၊ စိန်ပွဲစား ဒေါ်ရွှေခင်၊ နိုင်ငံခြားမှ ပြန်လာသူများထံမှ ပစ္စည်းများစု၍ ယူလာတတ်သော ဒေါ်သီနိုင်. . . စသည်. . . စသည်။





သူတို့ဆုံမိလျှင် စိတ်လွတ်ကိုယ်လွတ် ငယ်ဖြစ်ဟောင်းများ၊ သူတို့ ကိုကိုတို့၏ မယားငယ်များအကြောင်း၊ စိန်အကြောင်း၊ ရည်းစားဟောင်းများအကြောင်း၊ ချာတိတ်များအကြောင်း၊ ဘဲနာကြီးများအကြောင်း၊ ခေါင်းဖြူကြီးများအကြောင်း ပြောဖြစ်ကြသည်။ ပြီးတော့. . . အပျင်းပြေ ပိုကာဝိုင်း။

ဒေါ်နုနုတင်သည် ည ၁၀–နာရီကျော်တွင် ကိုယ်တိုင် ကားမောင်း၍ ပြန်ခဲ့သည်။ တစ်ယောက်တည်း ကားမောင်းရင်း၊ ယောကျ်ားများ ကြောင်သည့်အကြောင်းကို စဉ်းစားနေမိသည်။

– ။ –

နံနက်တိုင်းတွင် မိမိသည် နံနက် ၅–နာရီ နောက်အကျဆုံး အိပ်ရာမှထ၏။ ရေချိုးခန်းသို့ဝင်၏။ မီးဖွင့်၏။ ဟော့ခရစ် အနီရင့်ရောင်လိုက်ကာကို စေ့ထားလိုက်၏။ ပြီး. . . လေ့ကျင့်ခန်းယူ၏။

ထိုအချိန်တိုင်း၌ ခေါင်းရင်းဘက်ခြံ နှစ်ထပ်တိုက် အပေါ်ထပ်မှ ဗိုလ်မှူးကြီးဟောင်း တစ်ယောက်၏သား၊ နောက်ဆုံးနှစ် စက်မှုတက္ကသိုလ် ကျောင်းသားသည် အဘယ့်ကြောင့် စာထ၍ ကျက်နေပါသနည်း။ နံနက်တိုင်း မိမိ ရေးချိုးချိန်နှင့် ကိုက်လျက် စာထကျက်ရှာသော ထိုသူငယ်သည် စာကြိုးစားလှသော သူငယ်ပေလော။ ဒေါ်နုနုတင် တွေးရင်းပြုံးရင်းနှင့် လေ့ကျင့်ခန်းယူသည်။

ထိုသူငယ်ကို တစ်ခါတစ်ရံ ခြံထဲ၌ လမ်းလျှောက်ရင်းဖြစ်စေ၊ အပြင်ကပြန်အလာ ကားပေါ်မှလှမ်း၍ဖြစ်စေ မြင်ဖူး၏။

အသားဖြူဖြူ၊ ပိန်လှလှ၊ မျက်မှန်ထူထူ၊ ဆံပင်ကောက်ကွေးနှင့် ကြည့်ပျော်သောလူငယ်ဖြစ်၏။ တစ်ခါတစ်ရံ သူ့လိုပင် မျက်မှန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပိန်ပိန်ကောင်မလေး တစ်ယောက်နှင့် တွဲတွဲသွားသည်ကိုလည်း မြင်ဖူး၏။

တစ်ခါက ဘုရားကိုးဆူကပ်သော တစ်ညတွင် သူကိုယ်တိုင် စိုက်ထားပါသည်ဆိုသော နှင်းဆီပန်းများကို 'အန်တီဗို့' ဟု ပြောလျက် ပေးဖူး၏။

လေ့ကျင့်ခန်း ယူပြီးချိန်နှင့် ရေကန်ကလေး ပြည့်ချိန်သည် အချိန်ကိုက်ဖြစ်၏။ ရေချွေးရောထားသော ရေသည် ညသိပ်ရေအေး ကြီးအဖြစ်မှ အသင့်အတင့် အေးမြသောရေအဖြစ် ရောက်ရှိချိန်သည် လည်း လေ့ကျင့်ခန်းပြီးချိန်နှင့် အချိန်ကိုက်ဖြစ်ပါ၏။

ကိုယ်လက်သန့်စင်ပြီးသောအခါ ,ဒေါ်နုနုတင်သည် မှုန့်လုံးချည်၊ ချည်အပွစားနှင့် ချုပ်ထားသော အဖြူရောင်ဘလောက်စ်လက်ရှည် (ကော်လာအရှည်နှင့်)တို့ကို ဝတ်လျက် ပန်းခြံသို့ ဆင်း၍ ဘုရားပန်း ခူးလေသည်။ ထိုအချိန်သည် ဝေလီဝေလင်းဖြစ်၏။

ဤအချိန်တွင်ပင် ဤအထက်တန်းရပ်ကွက်မှ တုတ်ကောက် နှင့် ခေါင်းဖြူတို့သည်လည်းကောင်း၊ တုတ်မကောက်တကောက်နှင့် ခေါင်းမဖြူတဖြူတို့သည်လည်းကောင်း၊ ကျန်းမာရေးအလို့ငှာ လမ်းလျှောက် စထွက်ကြချိန်ဖြစ်ပါ၏။

ဒေါ်နုနုတင်၏ ကိုကို ကား သူတို့လို လမ်းလျှောက် မထွက်နိုင် ပါ။ ယခုအချိန်တွင် အိပ်ကောင်းတုန်းဖြစ်သည်။ ကိုကိုသည် အလွန် ပင်ပန်းရှာ၏။ အစည်းအဝေးတွေ ဆက်တိုက်၊ ညစာစားပွဲတွေ ဆက်တိုက်၊ သင်တန်းပြီးဆုံးခြင်း၊ သင်တန်းစခြင်း အခမ်းအနား၊ အခမ်းအနား၊ အခမ်းအနား၊ အခမ်းအနားတို့ ဆက်တိုက်။ တစ်ခါတစ်ရံများ အိမ်ကို ညဉ့်နက်သန်းခေါင်နီးမှ ပြန်လာရတတ်သည်။ သည့်ကြားထဲ နယ်ဆင်း ရသည်လည်း ရှိသေး၏။





ကိုကိုသည် အလွန်သနားစဖွယ်ကောင်း၏။ မယားကို ချစ် လိုက်သည်မှာလည်း တုန်လို့။ မယားကလည်း ကိုကို့ကို ချစ်ပါသည်။ ကြည့်ပါလား။ သူ့ကိုချစ်လို့ပေါ့။ ဒေါ်နုနုတင်သည် ပန်းခူးရင်းက ပြုံးသည်။ ပြုံးရင်းက တည်ပြန်၏။ ဘုရားအတွက် ရည်စူးပြီး ပန်းခူး နေတာလေ။

ဦးလေးသင်းသည် ဒေါ်နုနုတင်၏ ဦးလေးဝမ်းကွဲတော်၏။ ငယ်စဉ်က လယ်သမား ချောင်းသမားဖြစ်သည်။ သူ့ညီကို သတ်သွား သော သူကို သိလျက်နှင့် အမှုမဖွင့်၊ ဂတ်မတိုင်ဘဲ အချိန်ကောင်း စောင့်၍ လက်စားချေ ပြန်သတ်မှုကြောင့် ကြိုးမိန့်ဖြင့် ထောင်ထဲ ရောက်၏။ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် တစ်ခွင့်ကြောင့် အနှစ် နှစ်ဆယ်ကျော်မျှ ထောင်ထဲနေပြီး ပြန်ထွက်လာသောအခါ အဘယ်မှာ လျှင် အားကိုးစရာ မရှိသဖြင့် တူမ နီးစပ်တော်သော နုနုတင်ထံ လာရောက် ခိုလှုံ၏။ ဒေါ်နုနုတင်၏ ဥယျာဉ်တော်ကို စောင့်ရှောက် သောဥယျာဉ်မှူး မာလီကုလားသည်လည်း အိန္ဒိယ ပြန်သွားချိန်ဖြစ် သဖြင့် ဦးလေးသင်းအား မာလီအဖြစ် တိုက်ရိုက်ခန့်ထားခြင်း ခံခဲ့ရ လေသည်။

နေမထွက်သေးသော်လည်း ရှခင်းကို မြင်သာပြီ။

လမ်းလျှောက်ထွက်လာကြသော တုတ်ကောက်ကိုင်တို့သည် ဒေါ်နုနုတင်ကို မကြည့်ဘဲ ကျော်မသွားကြ။ ခေါင်းဖြူနှစ်ဖြူသည် ဖြတ်သွားရင်း၊ ကြည့်သွားရင်း၊ တစ်ဖြူကို တစ်ဖြူ တံတောင်နှင့် တွက်သွားကြသည်ကို မြင်နိုင်၏။

ခေါင်းမဖြူတဖြူ နီကြောင်ကြောင် တစ်ကြောင်ကား တစ်စုံ တစ်ရာသော အပြုံးများနှင့် ပြုံးပြသွား၏။

ဒေါ်နုနုတင်သည် ထိုအပြုံးကို မြင်လျက်နှင့် မမြင်ဟန် ပြု၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနီကြောင်ကြောင် တစ်ကြောင်ကား တစ်ချိန်သော တစ်ချိန်က ခြံထဲသို့ မယောင်မလည် လျှောက်ဝင်လာပြီး ပန်းများ အလွန်လှကြောင်း၊ ဒေါ်နုနုတင်သည် ပန်းများ၏ အလှကိုပင် အနိုင်ယူကြောင်း၊ ဒေါ်နုနုတင်၏ ကိုကိုသည် အလွန်ကောင်းကြောင်း၊ ဒေါ်နုနုတင်ကို ကောင်းကင်ပေါ်တက်ပြီး ဘုံဗိမာန်သောက်၍ပင် ထားသင့်ကြောင်းတို့ကို အင်ဂျင်နီယာ အကြီးအကဲ တစ်ယောက်၏ ဂုဏ်သိက္ခာမျှမငဲ့ဘဲ ရိသဲ့သွားဖူး၏။ ထိုစဉ်က ဒေါ်နုနုတင်သည် "ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်" ဟု ပြော်ပြီး တစ်ဖက်လှည့်နေခဲ့သည်။ နီကြောင်ကြီးလည်း ကြောင်စီစီနှင့် လှည့်ထွက်သွားခဲ့သည်။ ဒါတောင် ခုထိ ပြုံးစိစိ လုပ်နေသေးသည်။ ဒေါ်နုနုတင်သည် မပြုံးယောင်ပြုံးယောင် ပြုံးနေ၏။ သူသည် ယောကျ်ားများအကြောင်းကို စဉ်းစား၍ ရယ်ချင်နေသည်။ ထိုသို့ ရယ်ချင်ချင် ဖြစ်ရသော အရသာသည် သူ့အဖို့ ခံစား၍ ကောင်းသောအရသာ တစ်မျိုးလည်း ဖြစ်၏။

ဒေါ်နုနုတင်သည် ဘုရားပန်းကပ်၊ ဆီမီးပူဇော်၊ သောက်တော်ရေလဲပြီး အသီံထွက်ဘုရား ရှိခိုး၏။ ကျယ်လောင်သော အသံထွက် မဟုတ်ပါ။ နှစ်ကိုယ်ကြားသာသာမျှ ငြိမ့်ညောင်းအေးလွင်သော မွှသံပါပေ။

ဘုရားရှိခိုးချိန်တွင်မတော့ ကော့်လာရှည်ဘလောက်စ်နှင့် မဟုတ်တော့ပါ။

မိရွှေ ရေမိုးသန့်စင်ချိန်၌ ထဲထားလိုက်သော ယောဂီရောင် ပိုးပျော့အင်္ကျီ လက်ရှည်ကျပ်ကျပ်ကလေးနှင့် ဖြစ်ပါသည်။ တဘက် ဖြူဖြူကို ပခုံးထက်မှ ရှည်ရှည်ချလျက် အကျုံ့ယုံ့ခုံး ထိုင်ကာ ဝတ်ပြုနေသော ဒေါ်နုနုတင်ကို ခေါင်းဖြူတို့ ထိုအချိန်၌သာ မြင်ပါက ဝိုင်း၍ ငရဲကြီးနိုင်ပေသည်။





နေခြည်သည် ရေသီသော မြက်ခင်းအစိမ်းနှင့် သစ်ပင်ပန်းမန်တို့ကို ဆတ်ခနဲစ၍ ထိလိုက်၏။

ဦးလေးသင်းသည် ရေနွေးကြမ်းပူပူကို ရှူးခနဲ မှုတ်၍ စီခနဲ မြည်အောင် စုတ်သောက်လိုက်၏။ ပြီးလျှင် ခက်ရင်း၊ ဓါးတို၊ ဇွန်းစသည်တို့ကို ဆွဲ၍ ပန်းခြံဘက် ထွက်လာသည်။

ဦးလေးသင်းသည် အလုပ်မစမီ ပန်းခြံတစ်ခြံလုံးကို ဝေ့ကြည့်လိုက်သည်။

နွေဦးနံနက်ခင်းသည် နှင်းမှုန်တမှုန်ကြား၌ ဖျော့သော အလင်းကို ပေး၏။ နှင်းစရေစတို့ သီးနေသော ပန်းမန်တို့ကို မထိတထိ ထိထားသော နေခြည်ကြောင့် မြင်ကွင်းတွင် စိန်ရောင်၊ ရွှေရောင်၊ ငွေရောင်၊ မြရောင်တို့ လက်နေကြသည်။ ဦးလေးသင်း၏ မျက်ဝန်းတွင်လည်း ပီတိရည်ဖြင့်လဲ့နေ၏။

သူမျိုးသော အလှကို သူ သဘောကျ၏။ သူ့ပန်းများ လှကြောင်း ချီးကျူးလျှင် ကြိုက်၏။ သူ့ပန်းပွင့်များကို နမ်းကြူလျှင်လည်း ကြိုက်၏။ ခူးလျှင်မူ မကြိုက်။ ဒေါ်နုနုတင် ခူးခြင်းမှအပ မကြိုက်။ သို့သော် သူ ကြည်ဖြူသူကို သူကိုယ်တိုင် ခူးပေး၏။

ဒရိုင်ဘာ ကိုမြတ်သာ ရောက်လာပြီ။

ဒေါ်နုနုတင်သည် သားတို့ သမီးတို့ ကျောင်းသွားဖို့အတွက် ကျွေးမွေးပြုပြင်ပေးနေသည်။ ခဏနေလျှင် ကိုကို ရေချိုးခန်းက ထွက်လာမည်။ ကိုကို့အတွက် နံနက်စာပြင်ပေးရဦးမည်။ သားတော့ ကိုယ့်အဝတ် ကိုယ်လဲသော်လည်း သမီးတို့ကိုမူ ကိုယ်တိုင်ပြင်ပေးချင်သည်။ သမီးတို့ ကျောင်းကို အသပ်ရပ်ဆုံးနှင့် သွားစေရမည်။ အထိုက်အလျောက် အဝတ်အစားပြင်ပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



မိရွှေ ရှိသော်လည်း မိရွှေ တစ်ယောက်တည်း မနိုင်၊ စိတ်လည်း မချ။ မိရွှေသည် နိုင်းသမျှ လုပ်သော အဖော်ကောင်း တစ်ယောက်မျှသာ။

ထို့ပြင် ဒေါ်နုနုတင်သည် အိမ်ထောင်ထိန်းသိမ်းမှု၌ မွေ့လျော်ခြင်းသည် မိန်းမမြတ်တို့၏ ဂုဏ်အင်္ဂါတစ်ရပ်ဟု နားလည်လိုက်နာ၏။ အလှတရားတစ်ပါးဟုလည်း ကိုးကွယ်၏။

သို့သော် သူနှင့်သူ့ကိုကို အပြင်သွားလျှင် ဝတ်ရန် အဝတ်အထည်တို့ကိုမူ ရန်းဂွန်းလောင်ဒရီ၌ အပ်သည်။ လူတောသူတော သွားသောအခါ သပ်သပ်ရပ်ရပ်နှင့် လူလိုသူလို ရှိရမည် မဟုတ်ပါလော။ အချို့သော ညစ်ခံပွဲများကို ဒေါ်နုနုတင်သည် သူ့ကိုကိုနှင့် အတူ လိုက်တက်တတ်၏။

ထိုအခါမျိုးတွင် ဒေါ်နုနုတင်သည် မြန်မာအဆန်ဆုံးနှင့် ခေတ်မီဆုံး အပြင်အဆင်ကို ရွေးချယ်ပြင်ဆင်တတ်သည်။ ဥပမာ– ယောထဘီအနက်ရောင်၊ ဖော့ရှန်အပြာရောင်လက်ရှည်အင်္ကျီ၊ အဝါရောင် ဖာပဝါ၊ မမြင့်တမြင့် ဒေါက်ဖိနပ် အပြာဆွတ်ဆွတ်၊ ပန်းရောင် နှင်းဆီပန်း။ နောက်တွဲဆံထုံးကြီးကြီး။ အပါးဝိုင်းစိန်နားကပ်၊ တစ်ပွင့်တည်းသောစိန်ကို ရွှေကနုတ်များဖြင့် ကွပ်ထားသောလက်စွပ်။

အရိုးဆုံးဖြစ်အောင် ပြင်ဆင်ထားသော်လည်း သူသည် သူ့အား မြင်မိသူများ စိုက်ကြည့်ဖြစ်အောင်ကိုမူ တစ်နည်းမဟုတ်တစ်နည်း ထွင်တတ်၏။

ရှားလွန်းနေပြီဖြစ်သော မက်စ်ဖက်တာ နံပါတ် ပင်ခရို(၂၆) ပေါင်ဒါကို လူး၏။ ထင်ပြီးသား မျက်ခုံးကို ခဲဖြင့် မသိမသာဖို၏။ ကော့ညွှန်းပြီးသား မျက်တောင်ကိုမူ ရင်းအတိုင်းထား၏။ ဝန်းသော မျက်လုံးအစုံကိုမူ လက်တစ်ကမ်းအကွာမှ ကြည့်သည့်တိုင် မသိသာ





အောင် အနက်ရောင် မျက်ခွံဆေးဆိုးထား၏။ မျက်ဝန်း အစုံသည် ရွှန်းလဲ့သွားသည်တည်း။ သူ့အလှအားလုံးကိုခြုံ၍ ထိန်းလိုက်သည်ကတော့ နီရဲနေအောင် ဆိုးပစ်လိုက်သော နှုတ်ခမ်းပေတည်း။

ထိုကဲ့သို့ ပြင်ဆင်၍သွားသောအခါ ညစ်ခံပွဲကြီးတွင် မောင့်ကျက်သရေ ခေါင်းပေါင်းများ ယိမ်းကကြသည်ကို မကြည့်ဘဲနှင့် မြင်ရသည်မှာ အရသာရှိ၏။

— ။ —

ဒေါ်နုနုတင်သည် တားမောင်းရင်း ယောက်ျားများအကြောင်း စဉ်းစားနေသည်။ သူတို့သည် ရယ်စရာသတ္တဝါများပေပဲ။

အင်းလျားလမ်းကို ချိုးကွေ့လိုက်သည်။ ကျောင်းပိတ်ထားသည်မို့ အဆောင်များ၌ ကျောင်းသူများမရှိ၊ လမ်းမီးတိုင်မှ အရောင်သည် မှိန်၏။ ဆောင်းတွင်းမို့ နှင်းမှုန်ဝေလျက်။ တစ်ဝက်တစ်ပျက်ဖွင့်ထားသော မှန်ပြူတင်းမှ လေသည် အေးစိမ့်စိမ့်အရသာကို ပေး၏။ ဒေါ်နုနုတင်သည် အချမ်းခံ၍ မှန်တံခါးကို မပိတ်ဘဲထားသည်။ အိမ်ရောက်လျှင် ရောက်ချင်း ချမ်းစိမ့်စိမ့်နှင့် ဂွမ်းစောင်ထူထူကြီးထဲ ဝင်ကွေးရသည်မှာ အရသာ။

ချာတိတ်တစ်ကောင်သည် တဲ့ကော်တစ်ပင်အောက်၌ ဒူးနှစ်ဖက်ကြား လက်နှစ်ဖက် ထည့်၍ ထိုင်နေသည်ကို ကားမီးရောင်အောက်တွင် တွေ့ရ၏။ ချာတိတ်သည် ကားဆီသို့ စိုက်ကြည့်နေ၏။ အလို ခေါင်းရင်း အိမ်က ချာတိတ်ပါလား။ ချာတိတ်သည် ထိုင်ရာမှ ထ၍ ကားကို လက်တား၏။

ဒေါ်နုနုတင် ကားကိုရပ်လိုက်၏။ ချာတိတ်သည် ကားသော့ဆီသို့ လာရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အို. . .အန်တီပါလား"

သူ့ကားမှန်းသိ၍ လက်တားပြီးမှ ဟန်ဆောင်ခြင်းကို ဒေါ်နုနုတင်က နောနေအောင်သိပါ၏။

"ကျွန်တော့်သူငယ်ချင်းတစ်ယောက် အိမ်ကအပြန် ကားမရတာနဲ့ လမ်းလျှောက်လာတာ၊ ကားကြုံလိုက်ခဲ့ပါရစေနော်"

ပြောပြောဆိုဆို တစ်ဖက်သို့ကွေ့ပြီး တံခါးဖွင့်၏။ ဒေါ်နုနုတင်သည် သော့ချက်ဖြုတ်ပေးလိုက်သည်။

ကားဆက်မောင်းလာ၏။ ဆောင်းလေသည် နားထင်စပ်ကို တဖျပ်ဖျပ် လိုးနေ၏။ ချာတိတ်သည် သူ့ကို အမှောင်ထဲ၌ ခိုးကြည့်နေကြောင်း သူသိပါသည်။

"ကျွန်တော် သိပ်ချမ်းနေလို့ မှန်တင်လိုက်မယ်နော် အန်တီ"

ချာတိတ်သည် ဒေါ်နုနုတင်၏ ကျောဘက်မှ လက်ကျော်၍ မှန်တင်သော ခလုတ်ကို စမ်း၏။ တစ်ပြိုင်နက်တည်း ချာတိတ်၏ နှာဝသည် အန်တီ၏ ဝဲပုခုံးကို ရှုရှိုက်၏။

သိလိုက်ပါသည်။ သိလိုက်ပါသည်။ ရယ်ချင်ချင်နှင့် ရင်ထဲတွင် ရယ်၏။

"ရပါတယ်ကွယ်. . .အန်တီ တင်ပေးပါ့မယ်"

ကိုယ်ကို ရှေ့သို့ကိုင်း၍ လက်တစ်ဖက်ဖြင့် ကားစတီယာရင်ကို ထိန်းပြီး ကျန်တစ်ဖက်ဖြင့် ကားမှန်ကို တင်၏။

ချာတိတ်သည် လက်ကိုရုပ်ရင်း အန်တီ၏ ကျောပြင်ကို မထိတထိ ထိသွား၏။

ချာတိတ်သည် သူ့နေရာ သူပြန် မတိုးသေးသဖြင့် အန်တီသည် ဖြုံးကြည့်လှည့်ကြည့်လိုက်၏။ ချာတိတ် မသိမသာ နေရာရွေ့သွားသည်။

"အန်တီ တနင်္ဂနွေနေ့တိုင်း ဗိုလ်ကလပ် ပြန်တယ်နော်"





"အေး"

"နောက်တနင်္ဂနွေကော"

"မင်းအလုပ် မဟုတ်ပါဘူး"

ချာတိတ် ကုပ်သွားသည်။

ခဏကြာတော့ ချာတိတ် ဖင်ရွှေ့ပြန်သည်။ အန်တီက ဖြုံးကြည့် ကြည့်ပြန်သည်။ ပြန်ရွှေ့ပြန်သည်။ သို့နှင့်. . .

"ကဲ. . .မင်းအိမ်ရှေ့ရောက်ပြီလေ"

"သဲင့်ခယူးအန်တီ၊ ဂွဒ်နိုက်"

( ၂ )

တနင်္ဂနွေနေ့။ ဒေါ်နုနုတင်သည် မျှော်စရာ တစ်ခုကို လှမ်းမြင်နေရ၏။ အင်းလျားလမ်းကို ချိုးကွေ့လိုက်သည်။ ကားမီးရောင်အောက်တွင် တစ်စုံတစ်ရာကို ရှာဖွေ၏။ သိပ်မရှာရပါ။ ချာတိတ် သစ်ပင်ကွယ်မှ ထွက်၍ လက်တားသည်။ ကားကို အရှိန်လျှော့လိုက်၏။ ချာတိတ်၏ မျက်နှာ ကြည်လင်ဝင်းပသွားသည်။ ကားကိုရပ်လိုက်၏။ ချာတိတ် အနားကပ်လာသည်။ တံခါးနားသို့ ပြုံးစိစိနှင့် လျှောက်လာသော ချာတိတ်၏ မျက်နှာကိုကြည့်ရင်း မထိန်းနိုင်သဖြင့် ရယ်လိုက်၏။ ပြီး . . .ကားကို အမြန်မောင်းထွက်ခဲ့သည်။ ချာတိတ် ကြောင်စီစီနှင့် ကျန်ခဲ့သည်။ ဒေါ်နုနုတင်သည် အသံထွက်အောင် ရယ်မောရင်း ပြန်လာလေသည်။ တွေနေတော့မည်ဖြစ်သော ကိုကို့ကို အိမ်ပြန်ရောက်ရောက်ချင်း မွှေးမွှေးပေးရဦးမည်။

။ ။

ဒဇုဂျ် ၅၊ ၈၂၊ ရှုမဝ



www.burmeseclassic.com

www.burmeseclassic.com

## အလင်း၏ အလျင် သစ္စာလေးပါး တရားတော်နှင့်

မောင်စိန်သောင်းသည် တွေးခေါ်နေရခြင်း၌ ဝါသနာထုံ၏။ စာဖတ်ဝါသနာပါ၏။

သို့သော် သူသည် အပျင်းထူ၏။ ဝီရိယ နည်းပါးသူဟု ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် သူသည် စာဖတ်ဝါသနာ ပါသော်လည်း စာကြည့်တိုက်သို့ သွားရမည်ကို ပျင်း၏။ စာအုပ်များ လိုက်လံရှာဖွေစုဆောင်းရမည်ကိုလည်း ပျင်း၏။ ဖတ်ချင်သည့် စာအုပ်မရမက လိုက်လံရှာဖွေခြင်း မရှိ။ ကြုံရာနေရာတွင် ကြုံရာစာအုပ်ကို ဖတ်၏။ စာ သုံးလေးမျက်နှာမျှ ဖတ်ပြီး၊ အကြိုက်မတွေ့လျှင် ဆက်မဖတ်တော့။ နောက်ပိုင်း မည်မျှ ကောင်းနေသည် ဖြစ်စေ၊ မဖတ်တော့။ သို့သော် ဖတ်၍ စိတ်ဝင်စားမိပြီဆိုလျှင်လည်း ထမင်းမေ့၊ ဟင်းမေ့၊ အိပ်သာ တက်ရန်ပင် မေ့တော့သည်။

ပြီးတော့ သူသည် စာရေးဆရာပေါက်စ ဖြစ်သည်။ စာတိုပေစကလေးများကို ဝါသနာအလျောက် ရေးသည်။ အချို့ဝတ္ထုတို



ကလေးများ၊ ကဗျာလေးများ၊ ဆောင်းပါးလေးများသည် မဂ္ဂဇင်း၊ စာစောင်၊ ဂျာနယ်များ၌ ကြိုကြားကြိုကြား ဖော်ပြခြင်း ခံရသည်။

သူသည် ဝီရိယ နည်းသည်ဟု ဆိုနိုင်သော်လည်း တစ်ခါတစ်ရံ ဝီရိယ အလွန် ပြင်းထန်သူဟု ထင်စရာ ရှိ၏။ အကြောင်းမှု သူ စိတ်ပါဝင်စားစွာ စာရေးသောအခါ သို့မဟုတ် အလုပ်တစ်ခုခု လုပ်သော အခါ မပြီးမချင်း ဖွဲ့နပ် ကြီးစွာ လုပ်ကိုင်လေ့ ရှိသည်။ သူ့တွင် ပါရမီ ခေါ်လေမလား၊ အခွင့်ကောင်း ခေါ်လေမလား၊ ဉာဏ်ရည် ထက်မြက်မှုဟု ခေါ်လေမလား မသိ။ အများသူငါ သုံးလေးရက်ခန့် လုပ်ရမည့် အလုပ်မျိုးကို သူ စိတ်ဝင်စားစွာ လုပ်ရလျှင် တစ်ရက်ခန့် နှင့် ပြီးစီးနိုင်၏။

သို့သော် ထိုသို့ လုပ်ပြီးသည်နှင့် အပျင်းထူပြီး အိပ်ချင်အိပ် နေတတ်သည်။ အိပ်သည်ဆိုခြင်းမှာ ညအိပ်၍ နံနက်နိုးထခြင်းမျိုး မဟုတ်။ ညစောစောအိပ်၊ နံနက်နေမြင့်မှထ။ စားသောက်ပြီး တစ်ရေး ပြန်အိပ်။ နေ့လယ်နိုးလျှင် တစ်စုံတစ်ခု စားပြီးလျှင် ဟိုဟိုသည်သည် အကြောင်းမဲ့ လျှောက်သွား။ အပေါင်းအသင်း စာသမားများနှင့် တွေ့လျှင် လက်ဖက်ရည်ဆိုင်ထိုင်၊ ရောက်တတ်ရာရာ လျှောက်ပြော။ တစ်ခါတစ်ရံ စကားပြောကောင်းမိပြီဆိုလျှင် လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှတစ်ဆိုင်၊ တစ်မြို့နယ်မှ တစ်မြို့နယ် လျှောက်လိုက် ပြော လိုက် ထိုင်လိုက်နှင့် မိုးစင်စင်လင်းသည်ထိ လျှောက်လည်တတ်သည်။

သို့မဟုတ်လျှင်လည်း အိမ်မှာပင်နေ၍ စာဖတ်လိုက်၊ အိပ်လိုက် စဉ်းစားလိုက်နှင့် အချိန်ကုန်တတ်သည်။

ယခုလည်း မောင်စိန်သောင်းတစ်ယောက် အတွေးနယ် ချဲ့နေ လေသည်။

ည ဆယ်နာရီခန့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အိမ်ရှေ့ကပြင်သို့ ထွက်၍ ဟက်လက်လှန်ရင်း စဉ်းစား နေသည်။

ကောင်းကင်တွင် ကြယ်ပွင့်များထွန်းလင်းနေကြ၏။ အချို့က လင်းသည်။

အချို့က ခပ်မှိန်မှိန်။ အချို့က တောက်ပစွာ။

ဆောင်းနှောင်း ညတစ်ညဖြစ်သည်။ နှင်းမကျသဖြင့် ကောင်းကင်ကို ကြည်လင်နက်မှောင်းစွာမြင်ရသည်။ ကြယ်ပွင့်များကို ကြည့်မဆုံး ရှုမဆုံး မြင်ရသည်။ လဆုတ်ရက်ဖြစ်၍ လမင်းကို မမြင်ရသေး။

မောင်စိန်သောင်းသည် ချမ်းစိမ့်စိမ့် အရသာကို ခံစားရင်း ကောင်းကင်စကြဝဠာကြီးရှိ ကြယ်ပွင့်များကို ကြည့်၍ စဉ်းစားဆန်း ဝင်နေလေသည်။

သူသည် ဖတ်ဖူး၊ မှတ်ဖူးသမျှတာလေးများကို ပြန်လည် အောက်မေ့သတိရမိသည်။

သူ ပထမဆုံး စဉ်းစားမိသည်မှာ စကြဝဠာကြီးသည် အဆုံး မရှိ၊ အစ မရှိ၊ အနန္တဖြစ်သည်။

ဘယ်နေရာက စသည်ဟု တွေးရန်ပင် မဖြစ်နိုင်။ ဘယ်နေရာ တွင်ဆုံးမည်ဟု ခန့်မှန်းရန်ပင် မဖြစ်နိုင်။ သည်တော့ သူတစ်မျိုးလှည့် ၍ ဖြစ်နိုင်သမျှ တတ်နိုင်သမျှ တွေးသည်။

ဦးစွာ ဓူဝံကြယ်ကို ရှာကြည့်သည်။

ဓူဝံကြယ်ကို မြင်ရန်အတွက် ခုနစ်စဉ်ကြယ်ကို ရှာရသည်။ သုံးလုံးတန်းလျက်ရှိသော မောင်ရင်ဆိုင်းတန်းကို ရှာ၍ တွေ့သည်။ သူ အနည်းငယ် ပျော်သွားသည်။ ပြီး မောင်ရင်ဆိုင်းတန်းနှင့် ဆက် လျက် ခုနစ်စဉ်ကြယ်ကို ရှာသည်။ တစ်လုံး. . နှစ်လုံး. . .။ စတုရန်း သဏ္ဌာန် လေးလုံး။ ပြီးတော့ ထောင့်ဆုံးကြယ်မှဆက်လျက် သုံးလုံး စဉ်ဆက်။





ဟော. . တွေ့ပါပြီ။ ဓူဝံကြယ်။ ဓူဝံကြယ်သည် မြောက်စူးစူး အရပ်၌ ရှိသည်။

ဓူဝံကြယ် စစ်မစစ်ကို သူ ပြန်ဆန်းစစ်မည်။ သူနေသော အိမ်သည် အရှေ့တောင် ယွန်းယွန်းသို့ မျက်နှာစာလှည့်ထား၏။ ထို့ကြောင့် သူ လဲလျောင်းနေရာမှ မြင်ရသော ဓူဝံကြယ်သည် သူ့အိမ် ၏ အနောက်ဘက် မြောက်ယွန်းယွန်းတွင် ရှိသည်။ ထို့ကြောင့် သူ တွေ့သော ဓူဝံကြယ်သည် မြောက်ဘက်တွင် ရှိနေကြောင်း သေချာ သွားသည်။

သူ အနည်းငယ် ကျေနပ်သွား၏။ ထို့နောက် လိပ်တာရာကို လိုက်ရှာကြည့်ပြန်သည်။ တော်တော်နှင့် ရှာမတွေ့ရ။

ထိုအခါ သူ ပြန်စဉ်းစားသည်။ ဤသို့ ကြယ်တာရာများကို လိုက်ရှာကြည့်နေခြင်းမှာ အချည်းအနှီး မဟုတ်ပါလား။ သူသည် နက္ခတ် ပညာရှင်လည်း မဟုတ်။ ပင်လယ်ခရီးသွားသူလည်း မဟုတ်။ ကြယ်တာရာများ ရှာဖွေကြည့်ခြင်းသည် အပျင်းပြေ သဘောသာ သူ့အတွက် ကောင်းပေမည်။ ထို့ကြောင့် နက္ခတ်တာရာ ရှာဖွေကြည့် ရှုခြင်း အလုပ်ကို ရပ်လိုက်၏။

— = —

ရှတ်တရက် ခေါင်းထဲသို့ ဝင်လာသော အကြောင်းအရာမှာ အလင်း၏ အလျင် အကြောင်း ဖြစ်သည်။ အလင်းသည် တစ်စက္ကန့် လျှင် တစ်သိန်းရှစ်သောင်းခြောက်ထောင်မိုင်နှုန်းဖြင့် ပြေးသွားနေသည် ဟု ဖတ်မှတ်ဖူးသည်။ ရူပဗေဒပညာရှင်တို့က အလင်း၏အလျင်ထက် လျင်မြန်သောအလျင်သည် စကြဝဠာ၌ မရှိဟု အဆိုပြုထားကြသည်။ အချို့ပညာရှင်၊ တွေးခေါ်ရှင်တို့ကမူ အလင်း၏အလျင်ထက် လျင်မြန်



www.burmeseclassic.com

www.burmeseclassic.com



သော အလျှင်ကို စိတ်ကပိုင်ဆိုင်သည်။ စိတ်သည် မတွက်မဆ ဖော်မပြနိုင်သော အလျင်ရှိသည်ဟု ဆိုကြသည်။

ဤကိစ္စကို သူဆက်၍ မတွေးချင်တော့။

သို့သော် သူသည် ကောင်းကင်ကြီးကိုပင် မော့ကြည့်လျက်ရှိသေးသည်။

ဖတ်မှတ်ဖူးသော အကြောင်းအရာ တစ်ခုက ခေါင်းထဲ ဝင်လာပြန်သည်။ အလင်း၏ အလျင်နှင့် ပတ်သက်၍ပင် ဖြစ်သည်။

အလင်းရောင်သည် တစ်စက္ကန့်လျှင် မိုင်ပေါင်း တစ်သိန်းရှစ်သောင်းခြောက်ထောင် ပြေးသွားနိုင်၏။ ယခု သူမြင်နေရသော ကြယ်များသည် သူနေထိုင်ရာ ကမ္ဘာကြီးနှင့် အနီးအဝေး အမျိုးမျိုး ရှိကြသည်။ ထိုကြယ်များသည် ကမ္ဘာနှင့် အကွာအဝေး တိုင်းတာရာ၌ မိုင် ကီလိုမီတာ စသည်တို့နှင့် တိုင်း၍ မရနိုင်လောက်အောင် ဝေးကွာကြသည်။ ထို့ကြောင့် အလင်းနှစ်နှင့် တိုင်းတာကြရသည် ဆို၏။ တစ်စက္ကန့်လျှင် တစ်သိန်းရှစ်သောင်းခြောက်ထောင် မိုင်နှုန်းဖြင့် တစ်နှစ်ကြာအောင် သွားမှ ရောက်နိုင်မည့် အကွာအဝေးကို အလင်းနှစ် တစ်နှစ် အကွာအဝေးဟု သတ်မှတ်ကြသည်။

သူ ယခုမြင်တွေ့နေရသော ကြယ်များသည် အလင်းနှစ် တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်မက အလင်းနှစ် သိန်းသန်း ချီ၍ သွားမှ ရောက်နိုင်မည့် ကြယ်များလည်း ရှိသည်။ ထို့ထက်ပို၍ကား မျက်စိဖြင့် မမြင်နိုင်လောက်အောင် ဝေးကွာသော ကြယ်များလည်း အသင်္ချေ အနန္တ။ သာမန်မျက်စိဖြင့် မမြင်နိုင်သော်လည်း အလွန်အားကောင်းသည့် နက္ခတ်ကြည့်မှန်ပြောင်းများဖြင့် မြင်နိုင်သော ကြယ်ကြီးများလည်း ရှိသေးသည်ဆို၏။ ထို့ထက်မူ ထိုမှန်ပြောင်းများဖြင့်ပင် မမြင်နိုင်သော ကြယ်များသည်လည်း အနန္တဟု ဆိုလေသတည်း။ အဘယ်မျှ တွေးဆ၍မဆုံးနိုင်သော စကြဝဠာကြီးပေနည်း။





အဆိုအမိန့် တစ်ခုကို သတိရမိပြန်သည်။

ယခု မြင်နေရသော အလွန်ဝေးလံသည့် နေရာမှ ကြယ်ကြီး တစ်လုံးသည် ယခုအခါ၌ ရှိချင်မှ ရှိတော့မည် ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ပေါက်ကွဲပျက်စီးသွားပြီဖြစ်သော ကြယ်ကြီးမျိုးကို ယခုတိုင် ဤကမ္ဘာမှ မြင်တွေ့နေနိုင်သေး၏။ အဘယ့်ကြောင့်ဆိုသော် ထိုကြယ်ကြီးမှအလင်းသည် ဤကမ္ဘာသို့ ရောက်ရှိရန် နှစ်ပေါင်းများစွာ လာနေရသောကြောင့် ဖြစ်သည်။ အလင်းနှစ် ရာနှင့်ချီ၍ ဝေးသော ကြယ်တစ်လုံးကို ဤကမ္ဘာမှ မြင်နိုင်ရန် နှစ်ပေါင်း ရာနှင့်ချီ၍ ကြာသည်။ ထိုကြယ်မှ ထုတ်လွှတ်သော အလင်းသည် ဤကမ္ဘာသို့ ရောက်ရန် (အလင်းနှစ် သုံးရာဝေးသောကြယ်ဖြစ်လျှင်) နှစ်ပေါင်း သုံးရာကြာမှ ထိုအလင်းကို မြင်နိုင်မည်။

ထို့ကြောင့် ဆိုပါစို့။ ကမ္ဘာမှ အလင်းနှစ် သုံးရာဝေးသော နေရာမှ ကြယ်ကြီးတစ်လုံးသည် လွန်ခဲ့သည့် နှစ်တစ်ရာက လုံးဝ ပေါက်ကွဲပျက်စီးပြီး မရှိတော့သော်လည်း၊ ထိုကြယ်ကြီးကို ဤကမ္ဘာမှ နောက်ထပ် နှစ်ပေါင်းနှစ်ရာထိ မြင်နေရဦးမည်ဖြစ်သည် ဆိုလေသတည်း။

မရှိတော့သော အရာကို မမြင်နိုင်ဟုဆိုလျှင် ထိုအဆို မှားလေပြီလား။

မောင်စိန်သောင်းသည် တွေးရင်းနှင့် ဦးနှောက် လေးလာသည်။

ထို့ကြောင့် အခြား ပေါ့ပါးသော အကြောင်းအရာများကို စဉ်းစားမည်ဟု ဆုံးဖြတ်သည်။

သူသည် စာရေးဆရာ ပေါက်စ ဖြစ်သဖြင့်၊ ဇာတ်လမ်း ဇာတ်ကွက်တစ်ခုခုကို တွေးကြည့်သည်။ တွေးရင်းနှင့် သူချစ်သူ ဟောင်း၏ မျက်နှာကို ကောင်းကင်နောက်ပြင်၌ တွေ့ရ၏။ ချစ်သူဟောင်း



www.burmeseclassic.com

www.burmeseclassic.com



သည် ကူးမြွေရရွာ လှပနေသည်။ တစ်ပြုံင်နက်ပင် သူနှင့် သူ၏ ချစ်သူဟောင်းတို့ ခွဲခွာခြင်းအကြောင်းအရာ၏ အစကို ပြန်တွေးမိသည်။

ထိုစဉ်က သူသည် တက္ကသိုလ်ကျောင်းမှ ထွက်ပြီးခါစ အလုပ်ရှာဖွေနေတုန်းအချိန်ဖြစ်သည်။ ငါသနာအလျောက် စာတိုပေစကလေးများ ရေး၍ မဂ္ဂဇင်းတိုက်များသို့ ပို့နေသောအချိန်ဖြစ်သည်။

သူ၏ ဝတ္ထုတို တစ်ပုဒ်စ နှစ်ပုဒ်စ မဂ္ဂဇင်းများ၌ ပါလာသည်။ သူ အားတက်စွာဖြင့် ဝတ္ထုများ ဆက်ရေးသည်။ အများအားဖြင့် အပယ်ခံရသည်။

ကံအားလျော်စွာ ဝတ္ထုတစ်ပုဒ်ကို နာမည်ကျော် မဂ္ဂဇင်းကြီးတစ်ခုက ဖော်ပြခြင်းခံရသည်။ ထိုအခါက သူ၏ ဝမ်းသာပီတိဖြစ်မှုကို ဖော်မပြနိုင်။ သူ့ဝတ္ထုရှည်ကို ဖော်ပြမည်ဟု သိရကတည်းက သူငယ်ချင်းများအား လည်းကောင်း၊ အသိုင်းအဝိုင်းများအား လည်းကောင်း သတင်းပေး ဖောက်သည်ချရသည်မှာ အမော။

သူ အပြောချင်ဆုံး သူ့ချစ်သူကိုတော့ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပင် ပြောပြမိသည်။

ယခု မဂ္ဂဇင်းတိုက်က ရွေးလိုက်ပြီ။ ယခု ပန်းချီကျော် မောင်ညိုဝင်းနှင့် သရုပ်ဖော်ပုံအပ်ထားပြီ။ ယခုစာစီနေပြီ။ ယခု စက်တင်နေပြီ။ ယခုလထုတ် ထိုမဂ္ဂဇင်းကြီးတွင် ဖော်ပြတော့မည်။ စသည်. . စသည်။

နောက်ဆုံး မဂ္ဂဇင်းစာအုပ် ထွက်လျှင်ထွက်ချင်း စာအုပ်တိုက်မှ မေတ္တာလက်ဆောင်ဆိုသော စာတန်းပါဝင်သည့် စာအုပ်တစ်အုပ်ကို မရအရ တောင်းယူ၍ သူ့ချစ်သူထံသို့ ထိုစာအုပ်ကို ဂုဏ်ယူဝင့်ကြွားစွာ သွားရောက်ပြသလေ၏။

မဂ္ဂဇင်း၏ မျက်နှာဖုံးပေါ်၌—





'ဆရာစိမ့်မောင်သို့. .

မေတ္တာလက်ဆောင်'

. . . ဟူသော စာတန်းကို ထင်းနေအောင် ရိုက်နှိပ်ထားသည်။ ချစ်သူကို မဂ္ဂဇင်း စာအုပ်ပေးရင်း ပြောပြ၏။

'ဒါ မောင့်ဝတ္ထုရှည်ပါတဲ့ မဂ္ဂဇင်းလေ၊ စာအုပ်ဆိုင်တွေကိုတောင် မဖြန့်ရသေးဘူး။ ဝင်း ဖတ်ဖို့ ယူလာတာ'

ဝင်း ဟုခေါ်သော သူ့ချစ်သူသည် သူ့ကို အထင်တကြီး ကြည့်၏။ စာအုပ်ကို ကပျာကယာ ဆွဲယူ၏။

သူက အလိုက်သင့်ပင် သူ့ဝတ္ထုရှည်ဖော်ပြထားသော စာမျက်နှာကို အဆင်သင့်လှန်၍ ပြလိုက်သည်။

သူ့ချစ်သူ၏ ပထမဆုံးသော ထင်မြင်ချက်မှာ. .

'ဟယ် သိပ်လှတာပဲနော်၊ ကောင်မလေးလည်း လှတယ်၊ ကောင်လေးလည်း လှတယ်'

သရုပ်ဖော်ပန်းချီကို ကြည့်၍ ပြောခြင်းဖြစ်လေသည်။ ပန်းချီမောင်ညိုဝင်း၏ သရုပ်ဖော်ပုံသည် တကယ်ပင် လှပါသည်။ အရောင်အသွေးလည်း လှပါသည်။ သို့သော် သူ့ချစ်သူ ထင်မြင်ချက်မှာ သူ့ဝတ္ထုနှင့် တိုက်ရိုက် မပတ်သက်၍ မောင်စိန်သောင်း စိတ်ထဲတွင် စနောင့်စနင်း ဖြစ်မိသည်။

'မောင့်ဝတ္ထုကို ဖတ်ကြည့်ဦးနော်၊ ပြီးတော့ ဝင်း ပြန်ပြောပြပေါ့'

'ဖတ်မှာပေါ့ မောင်ရဲ့၊ မောင်ရေးတာပဲ ဥစ္စာ'

ဤစကားကိုလည်း မောင်စိန်သောင်း ဘဝင်မကျနိုင်။ သူရေးသော ဝတ္ထုမို့ ဖတ်မည်။ အခြားဝတ္ထုများ စာများကို မဖတ်ချင်ဟု ဆိုလိုဟန်တူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင့်ဝတ္ထုမှ ဖတ်မှာလား ဝင်းရယ်၊ တခြားစာတွေကော မဖတ်ဘူးလား'

'ပျင်းတဲ့အခါ ဖတ်တာပေါ့ မောင်ရဲ့'

မောင်စိန်သောင်း စိတ်ပျက်စ ပြုလေသည်။

စာသမား၏ ချစ်သူသည် စာကို ပျင်းမှ ဖတ်ပါသတဲ့။

'စာဆိုတာ အပျင်းပြေဖတ်ဖို့သက်သက် မဟုတ်ဘူး ဝင်းရဲ့၊ စာမပဆိုတာ ...'

အစချီပြီး ဦးနှောက်၏အစာ၊ ဗဟုသုတဘာဏ်တိုက်၊ သဘောတရားရေးလမ်းပြ၊ ဘဝတိုက်ပွဲအတွက် လက်နက်ကောင်း စသည် စသည်များကို စိတ်အားထက်သန်စွာ ကြားဖူးနား၀ ရှိသမျှ ပြောပြနေတော့သည်။

သူ့ချစ်သူက မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် နားထောင်နေသည်။ ဘာမျှ နားလည်ပုံ မရ။ ခဏကြာတော့ ပျင်းလာပုံ ရ၏။ လမ်းဘက်သို့ မျှော်မျှော်ကြည့်နေသည်။

"ဩော်... ဩော်...၊ အင်း... အင်း..."ဟု စကားထောက်လိုက်၊ အခြားနေရာကို ကြည့်နေလိုက်နှင့် ဖြစ်လာသည်။

သူကတော့ စိတ်အားထက်သန်စွာ ပြောခဲ့သည်။ သူ့စကားများဆုံးသောအခါ သူ့ချစ်သူက ပြန်ပြောသည်။

"အင်း.. မောင်ပြောတာတွေ ဝင်းတော့ သိပ်မသိဘူး။ မောင်ပြောတဲ့ အတိုင်းဆို စာရေးတာ တော်တော် ခက်မှာပေါ့နော်"

"ဝင်း ကိုယ်တိုင် ရေးကြည့်ပါလား ဝင်းရယ်၊ ခက်မခက် သိလာမှာပေါ့"

"ဟုတ်တယ်နော်၊ ဝင်း မောင့်ဆီ စာတစ်စောင်ရေးဖြစ်ဖို့ သိပ်စဉ်းစားရတာပဲ၊ ဘာကစ ဘယ်လို ရေးရမှန်း မသိဘူး"





"အဲဒါ စဉ်းစားကြည့်ပေါ့ ဝင်းရယ်"

"ဒါဖြင့်ရင် မောင်ဒီဝတ္ထုရေးဖို့ အချိန် သိပ်ကြာမှာပဲနော်"

"သိပ်မကြာပါဘူးဝင်။ ရေးတဲ့အချိန်ကခဏပါ။ စိတ်ဝင်တစားနဲ့ ရေးလိုက်တာ မောင် ဒီဝတ္ထုကို နှစ်ရက်နဲ့တစ်ညပဲ ကြာတယ်"

မောင်စိန်သောင်း အမှန်အတိုင်း ပြောခြင်းဖြစ်ပါသည်။

သူ့ဓါသနာအတိုင်း အချက်အလက်များ စုဆောင်းမှတ်သားပြီး ရေးချလိုက်သည်မှာ ထိုဝတ္ထုရှည်ကို နှစ်ရက်တစ်ညနှင့် အပြီးသတ်နိုင်ခဲ့သည်။

အယ်ဒီတာဆရာများကလည်း ကြိုက်သည်။ အပေါင်းအသင်း ရေးဖော်ရေးဖက်များကလည်း နှစ်သက်သည်။ ထို့ကြောင့် သူ၏ ပထမဆုံး မဂ္ဂဇင်းဝတ္ထုရှည်အတွက် ဂုဏ်ယူမှုဆုံး ရှိခဲ့သည်။ သို့ရာတွင် သူ့ချစ်သူ၏ မှတ်ချက်မှာ—

"ဒီလိုဆို ဒီဝတ္ထုအတွက် မောင်ဘယ်လောက်ရသလဲဟင်"

"ခုတော့ မရသေးဘူး။ လဆန်းဆယ်ရက်ဆယ့်ငါးရက်ဆိုရင်တော့ ရမှာပဲ"

"ဘယ်လောက်ရမှာလဲ"

"တစ်ရာ့ငါးဆယ်လို့ ပြောတာပဲ၊ ဒါက အရေးမကြီးပါဘူး။ မောင့်ဝတ္ထုရှည်ကို ထည့်ပေးတာပဲ ကျေးဇူးတင်စရာကောင်းလှပြီ"

"ဟင် တစ်ရာ့ငါးဆယ် ဟုတ်လား"

"အင်း.."

"မောင်ရေးတာက နှစ်ရက်နဲ့တစ်ညဆိုတော့ သုံးရက်ထားပါတော့။ သုံးရက်ရေးတော့ တစ်ရာ့ငါးဆယ်ရတယ်ဆိုတော့ တစ်ရက်ငါးဆယ်ရတာပေါ့နော်။ ဒါဆို မောင်တစ်လကို အရက်နှစ်ဆယ်ပဲ စာရေး၊ တစ်လတစ်ထောင်လောက်စည်မှာ.. ဟန်ကျလှပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်သောင်း ဘာမှပြန်မပြောနိုင်ခဲ့ပါ။ သူ့ချစ်သူကို နှမြောတသခြင်းကြီးစွာကြည့်၍ စိတ်မောလှမော ပြန်လာခဲ့သည်။

ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ရောက်သောအခါ ရေးဖော်သူငယ်ချင်းများနှင့် ထိုင်၍ စကားပြောသည်။ သူ့ချစ်သူ၏ ထင်မြင်ချက်များကို ပြောပြသည်။ အားလုံးလိုလိုက ရယ်ကြသည်။ အများအားဖြင့်က ရွှတ်ချကြသည်။ ပြီးတော့ သူတို့ ဆွေးနွေးဖြစ်ကြပြန်သည်။ အကြောင်းအရာမှာ အနုပညာပစ္စည်းနှင့် ကုန်ဖလှယ်မှုတန်ဖိုး စသည့် ရှုပ်ထွေးသော မပြီးပြတ်နိုင်သော ကိစ္စများ..

ထိုနေ့က မိုးစင်စင်လင်းသည်အထိ ငြင်းကြခုံကြ ဆွေးနွေးဖြစ်ကြသည်။

များမကြာမီပင် သူ့ချစ်သူနှင့် တစစ အနေဝေးလာကာ အသွားကျဲ အတွေ့ကျဲ အမြင်ကျဲနှင့် မကြေညာဘဲ ပြတ်သွားကြတော့သည်။

သူ့ချစ်သူက အညာမှ ပွဲစားသားတစ်ယောက်နှင့် လက်ထပ်လိုက်သည်။ ထိုစဉ်က မောင်စိန်သောင်း အသည်းကွဲစကားများ မဆိုဖြစ်ခဲ့ပါ။ ဘာမှလည်း မစားခဲ့ရပါ။ တစ်ခါတစ်ရံ သတိရသည်မှလွဲ၍ သူ့တွင် ခံစားမှု မပြင်းထန်ခဲ့။

မောင်စိန်သောင်းသည် ထိုအကြောင်းကို အခြေခံ၍ ဝတ္ထုတို တစ်ပုဒ် ရေးမည်ဟု ဇာတ်ကွက်ဆင်ကြည့်သေးသည်။ သို့သော် ထူးထူးခြားခြား စဉ်းစား၍မရ။

- ■ -

ကောင်းကင်နက်ပြာပေါ်မှာ ချစ်သူဟောင်း၏ အရိပ်များလည်း ပျောက်ကွယ်၍ သွားလေပြီ။





သူ့အခန်းသို့ အရိပ်တစ်ခု ရောက်လာသည်။

သူ၏ ချစ်ဇနီးဖြစ်ပါသည်။ သူသည် ဇနီးသည်အား လှမ်းကြည့်၏။ ဇနီး၏ မျက်နှာသည် အမှောင်ရိပ်ထဲ ကျနေသည်မို့ မျက်နှာကဲကို ဖမ်းမရ။

"အကို မအိပ်သေးဘူးလား"

သူ ခေါင်းခါပြလိုက်သည်။

သူ့ဇနီးသည် သူ့ကို နားလည်စွာ ပြန်လှည့်ထွက်သွား၏။ သူ၏ ခင်ပွန်း ဤသို့ တွေးနေလျှင် တစ်စုံတစ်ရာသော စာမူတစ်ခုကို မကြာမီ ရေးဖြစ်မည်ဟု ယုံကြည်ထားသည်။ ထိုစာမူခနှင့် သူတို့၏ ဆန်အိုးဆီအိုးကို ဖြည့်ရမည် ဖြစ်သဖြင့် စာရေးရန်အတွက် တွေးငေးနေခြင်းကို ဘယ်တုန်းကမျှ မနှောင့်ယှက်ပေ။

ဤကိစ္စနှင့် ပတ်သက်၍ ထူးဆန်းသော အကြောင်းအရာတစ်ခုရှိသည်။

မောင်စိန်သောင်းသည် သူ၏ ချစ်သူဟောင်းက ဝတ္ထုတစ်ပုဒ်လျှင် ငွေမည်မျှရသနည်း။ ရေးရန် အချိန်မည်မျှ ကြာသနည်း စသဖြင့် စပ်စုပြီး၊ ဤမျှရက်တွင် ဤမျှရလျှင် ထိုမျှရက်တွင် ထိုမျှရနိုင်သည်ဟု တွက်ဆသဖြင့် မောင်စိန်သောင်း စိတ်ပျက်ခဲ့သည်။

ယခု သူ၏ဇနီးကမူ သူ့ကို စာရေးစေလိုသည်။ သူ့ဇနီး၏ အယူအဆမှာ စာရေးလျှင် ပိုက်ဆံရမည်။ ထိုပိုက်ဆံသည် သူတို့စားဖို့ ဝတ်ဖို့ နေဖို့ အထောက်အကူပြုမည်။ ထို့ကြောင့် စာရေးရန် တိုက်တွန်းသည်။ စာရေးဖြစ်အောင် စိတ်ကူးနေလျှင် သို့မဟုတ် နေရာတကာ လျှောက်သွားနေလျှင် သူ့ဇနီးက ကျေနပ်သည်။ အသွင်တူ၍ အိမ်သူ ဖြစ်ခြင်းမဟုတ်ပါ။ နားလည်မှုနှင့် အိမ်ထောင်ဖြစ်ခြင်း ဖြစ်ပါလေသည်။ သူ့ဇနီးသည် သူ့ကို နားလည်ရန် ကြိုးစားသူဖြစ်၏။ ထိုအချက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တည်းနှင့်ပင် သူတို့အိမ်ထောင်ထူခဲ့ကြခြင်း ဖြစ်လေသည်။ သို့သော် ထုံးစံအတိုင်း မည်သို့သော အခြေအနေ၌ပင်ဖြစ်စေ၊ ပြဿနာများကတော့ ရှိမြဲပင်။ နားလည်မှု လွဲသော ကိစ္စများသည် အချိန်တိုင်း နေရာတိုင်း၊ အခြေအနေတိုင်း၌ ရှိမြဲပင်။

မောင်စိန်သောင်း၏ ဇနီးသည် စာပေ၌ ဝါသနာ မထုံလှသော်လည်း စာပေကို လေးစားစွာတန်ဖိုးထား၏။ သူနားမလည်လျှင် နားမလည်ပါဟု ရိုးသားစွာ ပြောသည်။ ဤသည်ကိုပင် မောင်စိန်သောင်းက ချစ်၏။

ယခုလည်း မောင်စိန်သောင်း ကောင်းကင်ကို ကြည့်၍ ဘာမှန်း မသိရသော၊ မရေရာသောကိစ္စများကို စဉ်းစားနေခြင်းအား ဇနီးက မောင်စိန်သောင်း တစ်ယောက် စာရေးရန် စဉ်းစားနေသည်ဟု ယုံကြည်ပြီး အနှောင့်အယှက် မပေးဘဲ ပြန်ထွက်သွားသည်။

ကလေးငိုသံ ကြားရသည်။ မောင်စိန်သောင်း၏ သမီးငယ် အသံဖြစ်ပါသည်။ သူ့အမေက သမီးကို "ကျွတ် ကျွတ်... ကျွတ် ကျွတ်..."ဟု ချော့သံကို ဆက်တိုက်ကြားရသည်။

ညဉ့် နှစ်နာရီခန့် ရှိပြီဖြစ်သည်။ သမီးငယ်အသည် ထိုအချိန်၌ ဆာလောင်၍သော်လည်းကောင်း၊ သို့မဟုတ် နေ့လယ်က ပျော်စရာ၊ လန့်စရာ၊ စွဲလမ်းစရာ ကိစ္စများကို ယောင်ယမ်း၍သော်လည်းကောင်း အော်တတ်၏။ ငိုတတ်၏။ ထိုအခါ မောင်စိန်သောင်း၏ ဇနီးသည် စုတ်သပ်၍ ချော့ခြင်းဖြင့် စချော့၏။ မရလျှင် "ဦးကုလားကြီး လာနေပြီ ပြန်အိပ်တော့"ဟု ခြောက်လှန့်တတ်၏။ ကလေးအား ခြောက်လှန့်ခြင်းကို မောင်စိန်သောင်း လုံးဝ မကြိုက်ပါ။ ချော့မော့ခြင်းနှင့် မာန်မဲခြင်းမျှကိုသာ ပြုစေလို၏။

မောင်စိန်သောင်း၊ နားစွင့်ထားလိုက်မိသည်။





သူ့ဇနီးသည် ကလေးအား ချော့သိပ်နေ၏။

ခဏအကြာတွင် အိပ်ခန်းတွင်းက အသံများ တိတ်ဆိတ်သွားသည်။

မောင်စိန်သောင်း၏ မျက်စိအစုံသည် ကောင်းကင်ယံသို့ ရောက်သွားပြန်သည်။

ကြယ်တာရာတို့သည် ဖိုး၍ဖိုး၍ ရွှန်းလက် တောက်ပနေကြသည်။ ညသည် အလွန်တရာမျှ တိတ်ဆိတ်နေ၏။ 'ခုနစ်စဉ်ကြယ် မြောက် အမြီးထောင်၊ သန်းခေါင်ချိန်သို့ရောက်' ဟူသော အဆိုကို သတိရမိပြန်သည်။ စိတ်အလိုလိုက်၍ ခုနစ်စဉ်ကြယ်ကို ရှာပြန်သည်။ ခုံကြယ်အဆုံးရှိသော ခုနစ်စဉ်ကြယ်သည် အမြီးထောင်ရုံတွင်မက အမြီးကုပ်နေပေပြီ။ မကြာမီ ကြယ်နီ ကိုမြင်ရလိမ့်မည်ဟု မှန်းဆမိပြန်သည်။

ထို့နောက် ကြယ်များကို ကြည့်ရှုရှာဖွေခြင်းသည် အချည်းအနှီး တည်းဟု တွေးဖြစ်ပြန်ပြီး...။ အာရုံလွှဲရန် ဆုံးဖြတ်၏။

သို့သော် နဂါးငွေ့တန်းဟူသော ဝေါဟာရက သူ့ဦးနှောက်ထဲသို့ ရောက်လာပြန်သည်။

သူနေထိုင်ရာ ဤကမ္ဘာကြီးသည် နဂါးငွေ့တန်းဟု ကင်ပွန်းတပ်ထားသော ကြယ်စုကြီး တစ်ခုအတွင်းမှာ တည်ရှိသည်ဟု ဆို၏။

ကမ္ဘာကြီး၏ အားကိုအားထားရာဖြစ်သော နေမင်းကြီးသည် ဤကြယ်စုကြီးအတွင်းမှ အလတ်စားကြယ်ကလေး တစ်လုံးသာ ဖြစ်သည်ဟု ဆို၏။

ကမ္ဘာဆိုသည်မှာ ထိုနေမင်းကြီးတွင် ခေါ်သော ကြယ်ကလေး တစ်လုံး၏ တဝဲိယမြောက် အရံဂြိုလ်ငယ်လေးတစ်ခုသာ ဖြစ်သည်ဟု ဆိုပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာသည် နေမင်းကြီးဆိုသော ကြယ်ကလေး၏ အရံဂြိုလ်ကလေးတစ်လုံးသာ။

နေမင်းကြီးဆိုသည်မှာ နဂါးငွေ့တန်း၏ ထောင့်စွန်း ကြယ်ငယ်တစ်လုံးမျှသာ။

နဂါးငွေ့တန်းကဲ့သို့သော ကြယ်စုကြီးများသည် စကြဝဠာအတွင်း၌ မရေမတွက်နိုင်အောင် များပြားကြသည်။

စသည် စသည်ဖြင့် ဖတ်မှတ်ဖူးသည်များကို စဉ်းစားမိပြန်သည်။ ထိုရောအခါ မောင်စိန်သောင်းသည် လူအဖြစ်နှင့် ဤကမ္ဘာကလေးပေါ်၌ ဖြစ်တည်နေရခြင်း၏ သေးမွှားသိမ်နုပ်လှစွာသော အဖြစ်ကို ဆင်ခြင်မိပြန်သည်။ ဘာမျှ မဟုတ်ပါလားဟု တရားရနေပြန်သည်။

ထိုသို့ တရားရနေရင်းမှာပင် ခြင်ကိုက်သည်ကို သတိပြုမိသည်။ သူ့ခြေဖျားလက်ဖျားများကိုလည်းကောင်း၊ မျက်နှာလည်ပင်းတို့ကိုလည်းကောင်း ခြင်ကိုက်ထားသဖြင့် ယားယံနေ၏။ ယခုမှ သူ့စိတ်ကူးအာရုံတို့သည် ကောင်းကင်စကြဝဠာကြီးဆီမှ ခန္ဓာကိုယ်ဆီသို့ ပြန်ရောက်လာ၏။ ကိုက်လက်စ ခြင်များကို ဘဖတ်ဖတ် ရိုက်လိုက်ပြီး ခြင်ကိုက်ခံရ၍ ယားယံနေသော ခန္ဓာကိုယ်၏ အစိတ်အပိုင်းများကို ကုတ်ခြစ် အယားဖြေလိုက်သည်။ ဆက်တိုက် စဉ်းစားမိပြန်သည်မှာ ယမန်နေ့ကပင် ခြင်ဆေးဖျန်းသော စည်ပင်သာယာမှ ပုဂ္ဂိုလ်များကို သူ့အိမ်အနီး ခြင်ဆေးဖျန်းစေခဲ့ခြင်းဖြစ်၏။

ထိုနေ့ နေ့လယ်ခင်းတွင် မောင်စိန်သောင်းတစ်ယောက် စာအုပ်တစ်အုပ် လက်ဆောင်ရသဖြင့် နောက်ဖေး မြေကွက်လပ်ကလေး၏ အိမ်အရိပ်ကျနေသော နေရာတွင်ပင် ပက်လက်ကုလားထိုင် တစ်လုံးဖြင့် ဖိမ်ကျနေသည်။ သူဖတ်နေသော စာအုပ်မှာ 'မြန်မာ့သမိုင်း





အတွင်းရေး' ဟူသတည်း။ မြန်မာပြန်ရေးသူများမှာ ဦးမောင်မောင်လေး နှင့် ဦးဟန်ဈေး ဟူသတည်း။ မူရင်းစာရေးဆရာကား ရုရှားတွင် မွေး၍ အီရန်တွင်ကြီးပြင်းပြီး အမေရိကန်တွင် ပညာသင်ကာ အနောက်ဂျာမနီ ဟိုဒလဘတ် တက္ကသိုလ်၌ အမှုထမ်းသော ပါမောက္ခ ဆာကီးဇီယန်နီဇ် ဖြစ်၏။

ထိုပုဂ္ဂိုလ်က ဗြိတိသျှနယ်ချဲ့သမား ဘက်တော်သား၊ သမိုင်းပါရဂူ ဒီဂျီအီးဟောလ်၏ မြန်မာနိုင်ငံနှင့် ပတ်သက်သော သမိုင်းရေးရာများကို မြန်မာတို့အား နှိမ်ချ ရေးသားခဲ့ခြင်းအား ပြန်လည်ချေပကာ မြန်မာတို့ဘက်မှ ထောက်ခံသည့် စာတမ်းတစ်စောင်ပါရီမြို့တွင် တင်သွင်း ဖတ်ကြားခဲ့သည်။ ၎င်းစာတမ်းကို ဘာသာပြန်ခြင်းဖြစ်၍ မြန်မာနိုင်ငံသား မောင်စိန်သောင်းသည် နှစ်လိုလက်ခံစွာ ဖတ်ရှုနေ၏။

စိတ်ဝင်စားစွာ ဖတ်ရှုနေစဉ် သူ့ဇနီးက–

"အိမ်ရှေ့မှာ ခြင်ဆေးဖျန်းတဲ့ လူတွေ ရောက်နေတယ်။ အိမ်မှာ ခြင်သိပ်ကိုက်တာပဲ ဖျန်းခိုင်းရအောင်" ဟု လာပြောသည်။

သူက ခေါင်းညိတ်လိုက်သည်။ သူ့အဖို့ အိမ်ကို ခြင်ဆေးဖျန်းခြင်းကိစ္စကို သူဖတ်နေသော စာအုပ်ထက် ပို၍ စိတ်မဝင်စားခဲ့။ ခဏကြာသောအခါ ခြင်ဆေးဖျန်း ပုဂ္ဂိုလ်များ အိမ်အတွင်း ရောက်ရှိ ဆေးဖျန်းကြလေသည်။

မောင်စိန်သောင်း စာဖတ်နေရာ အနားအနီးတစ်ဝိုက်ကိုပင် စေတနာထက်သန်စွာ ဖျန်းပေးကြလေသည်။

ခြင်ဆေးနံ့က ညှီပုပ်ပုပ် နံသည်။ ခြင်ဆေး ကောင်းလို့ ဖြစ်မှာပဲ လေဟု သာမန်ဆုံးဖြတ်လိုက်သည်။

တစ်အိမ်လုံး ပုပ်အက်အက် အနံ့လွှမ်းမိုးသွားသည်။ ခဏသော် သိပ်မကြာမီပင် အနံ့အသက်များ ပျောက်သွားကြ၏။ ခြင်ဆေးက



www.burmeseclassic.com

www.burmeseclassic.com



အကြာကြီး မနံလို့ တော်သေးသပေါ့ဟု သူ စဉ်းစားလိုက်သည်။ ခဏအကြာတွင် သူ့ဇနီး သူ့အနားသို့ ရောက်လာပြန်သည်။

"အစ်ကိုရေ . . ခြင်ဆေးသမားက နှစ်ယောက်ဆိုတော့ တစ်ယောက် သုံးကျပ်နဲ့ ခြောက်ကျပ် ပေးလိုက်ရတယ်"

"ဟေ"

မောင်စိန်သောင်း အနည်းငယ် နှမြောသွားသည်။

ထိုထိုသော ခြင်ဆေးများကို နိုင်ငံတော် အစိုးရက ထုတ်ပေး၏။ နိုင်ငံတော် အစိုးရကပင် အလုပ်သမားများ ခန့်ထား၍ ရပ်ထဲရွာထဲတွင် ဆေးဖျန်းစေ၏ မြောင်းများ၊ ရေအိုင်များ၊ ချုံများ၊ ရေဝပ်နေရာများ စသည့် ခြင်ပေါက်ဖွားမည့် နေရာများတွင် ဆေးဖျန်း၍ နှိမ်နင်းစေ၏။

သူတို့သည် အရပ်ထဲ လျှောက်သွားရင်း မြောင်းများထဲ တော်စွလျော်စွဖျန်း၊ အိမ်အစပ်များ အသင့်အတင့်ပက်၊ ပြီးတော့ အိမ်ထဲတွင် ဖျန်းစေလိုလျှင် အခကြေးငွေယူ၍ ဖျန်းပေး။ ထားပါတော့လေ၊ သူတို့ရသည့် လစာနှင့် စားဝတ်နေရေးကိစ္စ စသည်တို့ ရှိပေမပေါ့။

သို့သော် လေးငါးမိနစ်ခန့် ဟိုဖျန်း သည်ပက်လုပ်ပြီး ငွေခြောက်ကျပ် ယူသည်ကိုတော့ မောင်စိန်သောင်း စိတ်ထဲ၌ အောင့်တောင့်တောင့် ရှိသည်။

သို့သော် သူ့ဇနီး စိတ်သက်သာရာ ရစေလိုသဖြင့်–

"တန်ပါတယ်ကွာ၊ တို့ ခြင်ကိုက်သက်သာတာပေါ့" ဟု ပြောလိုက်သည်။

သူ့စိတ်ထဲ၌လည်း တကယ်ပင် ရက်အတန်ကြာထိ ခြင်ကိုက်သက်သာလိမ့်မည်ဟု ထင်မိသည်။ သို့သော် ခြင်ကိုက်လည်း မသက်သာ ဗိုလ်ပင် ကိုက်လာသည်ဟု ထင်ရ၏။ မုပ်အက်အက် ခြင်ဆေးနံ့များ ရှူရှိုက်လိုက်ရခြင်းသာလျှင် အမြတ်ထွက်တော့သည်။





မောင်စိန်သောင်း ခြင်များကို ရိုက်ရင်း ပုတ်ရင်း စဉ်းစားပြန်သည်။ ခြင်ဆေးက မစွမ်းသည်တော့ မဖြစ်နိုင်။ အတန်အသင့်တော့ စွမ်းပေမည်။

သို့သော် ဆေးဖျန်းသော နေရာမှာ အိမ်အတွင်းသာ ဖြစ်ပြီး အိမ်ပတ်ဝန်းကျင် ချုံပုတ်၊ အမှိုက်ပုံ၊ ရေဝပ်ရာနေရာများ၌ ဆေးမဖျန်း။ သည်တော့ ထိုနေရာများက ခြင်များ အိမ်တွင်းသို့ ဝင်ရောက်လာပေသည်။ ခြင်ဆိုသော အကောင်များကို ဘယ်နားမှာသာလျှင် နေထိုင်ကျက်စား၍ ထိုနေရာမှာသာ ကိုက်ရမည်ဟု ပညတ်ချက် ဘယ်လိုနည်းနှင့်မျှ မရနိုင်။ သည်တော့ သူတို့လာကြလိမ့်မည်။

ကိုယ့်တာဝန်မှာ ကိုယ့်ကို ကိုက်လျှင် ရိုက်သတ်၊ ပုတ်ခါထုတ်၊ အဝတ် ယပ်တောင် စသည်တို့ဖြင့်ရမ်း။ အိမ်ဝန်းကျင် သန့်ရှင်းအောင်လုပ် ဒါပဲ ဖြစ်သည်။

ခြင်ဆေးဆရာများက နေ့တိုင်းလာနိုင်သည် မဟုတ်။ လာနိုင်သည်ထား နေ့တိုင်း ငွေခြောက်ကျပ် မပေးနိုင်။ သူတို့မလည်း သူတို့အလုပ်နှင့် သူတို့ နေရာအနှံ့ သွားရပေဦးမည်။

မောင်စိန်သောင်း သူ့ကို လာကိုက်သော ခြင်တစ်ကောင်ကို ရိုက်လိုက်သည်။ ခြင်ကလျင်စွာ ရှောင်ကွေ့ပျံထွက်သွားသည်။

သူ့သမီး၏ ငိုသံကြားရပြန်၏။

မောင်စိန်သောင်းသည် သူ့သမီးအား ခြင်ကိုက်၍ ထငိုခြင်း ဖြစ်နိုင်သည်ဟု စဉ်းစား၏။ ထို့ကြောင့်–

"မိန်းမရေ–ခြင်ထောင်ထဲခြင်များ ဝင်နေရောသလားကွာ။ ခြင်ရှာကြည့်စမ်းပါဦး" ဟု လှမ်းပြောလိုက်သည်။

"မရှိပါဘူး၊ အစ်ကို၊ ခြင်ထောင် အသေအချာ ဖိထားပါတယ်" ဟု ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရှာပါဦးကွာ"

သူကိုယ်တိုင် ထ၍ ခြင်ရှာပေးရန် မစဉ်းစားမိ။

မောင်စိန်သောင်း၏ မိန်းမသည် မီးကို ခြောက်ခနဲ ဖွင့်၍ ခြင်ရှာသည်။ ပြီး မီးပြန်ပိတ်၏။ ကလေးလည်း အငိုတိတ်ပေပြီ။

လောကအလုံးသည် ပြန်လည် ဆိတ်ငြိမ်သွားပြန်သည်။ ချမ်းစိမ့်စိမ့် ဖြစ်လာသည်။ ခြင်ကိုက်လည်း သက်သာလာ၏။ ထိုအခါ မောင်စိန်သောင်း စဉ်းစားခန်း ဆက်ဝင်ရန် အခြေအနေ ပေးလာပြန်သည်။

သူ့စိတ်အစဉ်၌ နေ့လယ်က သူ့ဆရာသမား နှစ်ယောက် ပြောဆို ငြင်းခုံသည်များကို ကြားယောင်စ ပြုလာ၏။ ပထမဆုံး ငြင်းခုံသော အကြောင်းအရာမှာ စတီရီယိုတေးနှင့် ပတ်သက်၏။

သူ့ဆရာသမား နှစ်ယောက်ဆိုသည်မှာ သူကြည်ညိုသော စာရေးဆရာကြီး နှစ်ဦး ဖြစ်၏။ တစ်ယောက်က ဦးသီလ၊ တစ်ယောက်က ဦးနေမင်း။ သူတို့သည် စတီရီယိုအကြောင်း ပြောကြ၏။ စတီရီယို တေးဟု ခေါ်ဆိုနေကြသော နောက်ဆုံး ခေတ်ပေါ် တေးဂီတ အကြောင်း ဖြစ်သည်။

ဆရာတစ်ယောက် ဖြစ်သော စာရေးဆရာ ဦးနေမင်းက သူ၏ သားတော်မောင် တစ်ယောက်သည် ဦးဇွဲပထမ စောင်းတီးသင်သည်ဟု ဆို၏။ ထို့နောက် ဂစ်တာတီးသည်ဟု ဆို၏။

"ဒီလိုဗျ ဒီကောင်က စောင်း သင်ပြီး စောင်းနဲ့ နေရာအကာ လုပ်စားလို့ မရတော့။ စားသာတဲ့ ဂစ်တာဘက် ပြောင်းသွားတယ်။ စောင်းသမား ဂစ်တာတီးတော့ သိပ်မခက်ဘူးပေါ့ဗျာ။ ဒီလိုနဲ့ ဒီကောင် မင်္ဂလာဆောင်တွေ၊ ညနေခံပွဲတွေ လိုက်တီးတယ်။ ညနေခံပွဲ တစ်ခုကျ တော့ ဒီကောင် ပြဿနာ ဖြစ်ပါရော"





"ဘယ်လိုဖြစ်တာလဲ ဆရာ" မောင်စိန်သောင်းက စကား ထောက်၏။

"ဒီလိုကွ ဒီကောင် ညနေခံပွဲတစ်ခုမှာ ဂစ်တာတီးတယ်၊ သူတို့ အဖွဲ့နဲ့ပေါ့ကွာ၊ အော်ဂင်တို့ ဘာတို့လည်း ပါတယ်။ အဲဒါ သူတို့ တီးဝိုင်းတီးပြီးတော့ စားသောက်နေတုန်း လူကြီးတစ်ယောက်က သူတို့ နား ရောက်လာပြီး ပြောသတဲ့။ 'မင်းတို့ကောင်တွေ ဘောင်းဘီဝတ်၊ ဆံပင်ရှည်ထားပြီး နိုင်ငံခြား သီချင်းတွေ ဆိုနေတာ တော်တဲန်ရပ်ဖို့ ကောင်းပြီ။ မြန်မာ့ယဉ်ကျေးမှုနဲ့ လျော်ညီစွာ ဝတ်စားဆင်ယင်ပြီး မြန်မာသီချင်းတွေဆိုရင် ကောင်းမှာပေါ့၊ ခုတော့ မင်းတို့ဟာက သရုပ် ပျက်တယ်၊ မြန်မာမဆန်ဘူးလို့ ဆိုသတဲ့"

"အဲဒီတော့"

ဆရာဦးသီလက ထောက်ပေးပြန်သည်။

"အဲဒီတော့ အနားမှာလည်း အလှပြထားတဲ့ စောင်းက အဆင် သင့် ရှိနေတာကိုး။ ဒီကောင်က စောင်းကို သွားယူတဲ့ပြီး ဘောင်းဘီ ဝတ်နဲ့ တင်ပလ္လင်ခွေချိတ် ထိုင်ချပြီး စောင်းတီးဖို့ ပုလဲစမ်းလိုက် သတဲ့ဗျား။ ပြီးတော့မှ 'ကိုင်း.. ဦးလေး.. ဦးလေးက ဆို၊ ကျွန်တော် တ တီးမယ်။ ပန်းမြိုင်လယ်လေး ဟဲလိုက်စမ်းပါ' ဆိုတော့ 'ပန်းမြိုင် လယ်တော့ အစအဆုံး မရဘူးကွ' လို့ မျက်စိပျက်၊ မျက်နှာပျက်နဲ့ ပြောသတဲ့။ ဒါနဲ့ ဟိုကောင်က 'ဒါဖြင့်လည်း သာဆန်းရဂုံဗွေပေါ့ဗျာ' ဆိုပြီး ပတ်ပျိုးအစ တီးပြသတဲ့။ အဲဒါလည်း ငနဲကြီးကမရပြန်တော့ ချာတိတ်က နောက်ဆုံး စိန်ကြောင်နီလာလောက်ပေါ့ဗျာလို့ဆိုတော့ လည်း ငနဲကြီး မရပြန်ဘူး။ ဘာရသလဲဆိုတော့ သီချင်းကြီးထဲက တော့ သိပ်မရဘူးကွ။ အိစက်ညက်ညော တဲ့ ဖဲမွေ့ရာပေါ်ဝယ်.. ချစ်တလင်း ခေါ်မယ်.. ဆိုတာတော့ ရတယ်လို့ ပြောသတဲ့ အဲဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က 'ဒါဆိုလည်း ကျွန်တော်နဲ့ ဆွေးနွေးစရာ မလိုဘူးလို့ ပြန်ပြောလိုက်သတဲ့"

"အေးဗျ လူကြီးတွေက လူငယ်တွေကို အပြစ်မတင်ဘဲ လမ်းပြဖို့ ကောင်းတယ်။ တန်းတူရည်တူ ပေါင်းပြရင်း လိုချင်တဲ့ ပုံစံ ရောက်အောင် လမ်းညွှန်ဖို့ လိုတယ်ဗျ" ဟု ဦးသီလ ဆွေးနွေးသည်။

မောင်စိန်သောင်းသည် တစ်မျိုးစဉ်းစားနေ၏။ ခေတ်ပေါ်ဂီတ စတီရီယို ဆိုသော နိုင်ငံခြားသီချင်းသံများကို မြန်မာစကားလုံး စာသားများ ထည့်သွင်းသီဆိုနေခြင်းကို သိပ်ဘဝင်မကျ။ သို့သော် နားထောင်ကောင်းသော မြန်မာနားနှင့် ဝင်ဆံ့သော သီချင်းများကိုမူ မောင်စိန်သောင်း ကိုယ်တိုင်နှစ်သက်လက်ခံစွာ အရသာခံ နားထောင်၏။

သီချင်းဟု မထင်ရဘဲ ဆူညံသံဟုသာ ထင်ရသည်များကိုတော့ မောင်စိန်သောင်း မကျေနပ်၊ ရွတ်ချ၏။

ဆရာမြို့မငြိမ်းသည် နိုင်ငံခြား ဂီတများမှ သံစဉ်များကို ယူ၍ မြန်မာမှု ပြုသည်ဟု သူကြားဖူးသည် မှတ်သားဖူးသည်။

မြဝတီဝန်ကြီး ဦးစသည်လည်း ယိုးဒယား သီချင်းသံစဉ်များမှ အစ ခရစ်ယာန် ဓမ္မတေးသံစဉ်အထိ လေ့လာပြီး၊ ထိုသံစဉ်များကို မြန်မာမှု ပြုခဲ့သည်ဟု ကြားနာမှတ်သားဖူးသည်။

သူ့အယူအဆမှာ မြန်မာ့ရိုးရာ ဂီတသံစဉ်များနှင့် နိုင်ငံတကာ ဂီတသံစဉ်တို့ကို သဟဇာတမျှစွာ ပေါင်းစပ်၍ ခေတ်မီ မြန်မာဂီတ ဖြစ်စေလိုသည်။ သို့သော် သူကိုယ်၌က ဂီတအကြောင်း သိပ်နားမလည်။ သံစဉ်ခုနစ်ပါး၊ ကြားသံများပါ ပေါင်းလိုက်လျှင် ဆယ့်နှစ်ပါး ရှိသည်။ အာရပ်ဂီတသံများ၌ လေးဆယ့်ရှစ်ပါးထိ ရှိသည်ဆိုလား သူကြားဖူးသည်။





ထိုသို့ တွေးနေခိုက်တွင်ပင် ဆရာနှစ်ဦးတို့၏ ဆွေးနွေးချက်သည် ဦးတည်ရာ ပြောင်းသွားကြလေ၏။

စတီရီယိုတေးဂီတမှသည် မည်သို့မည်ပုံ ဗုဒ္ဓတရားတော်မြတ်ဆီသို့ ရောက်သွားသည် မသိ။ မောင်စိန်သောင်း နား အာရုံပြုမိသော အခါ ဆရာဦးသီလက ပြောနေသည်။

"အဲဒီ ဘိုးတော်တွေ . . ဓာတ်စီးတာတွေ အသာထားလိုက်စမ်း ပါဗျာ။ ကျုပ်တို့ ဂေါတမဗုဒ္ဓတရားကတော့ အစစ်အမှန်ပဲဗျ။ ဒါပေမဲ့လို့ ရောထွေးနေတာတွေ ရှိသေးတယ်"

"ဟုတ်တယ်ဗျ။ အနောက်တိုင်းက လေ့လာတဲ့ ငနဲတွေဆိုရင် ဗုဒ္ဓဘာသာမှာ ဗြဟ္မဏဝါဒတို့၊ ဟိန္ဒူဝါဒတို့ ရောနေတယ် ဆိုကြတယ်"

"အမှန်ကတော့ ကျုပ်တို့ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရဟာ သစ္စာ လေးပါးပဲဗျ"

"အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တရားဟာလည်း အနှစ်သာရပဲဗျ။ အနတ္တလက္ခဏာသုတ်ဟာ ဗုဒ္ဓဘာသာမှာ အရေးကြီးတယ်။ အနောက်တိုင်းသားတွေ သိပ်စိတ်တွေကြတယ်။ သူတို့က နန်းအိပ်ဖစ်စတင့် အော့ဖ်သောဒီအင်ဆိုးလ် ရုပ်–နာမ်တို့၏ မတည်မြဲခြင်း သဘောတရား လို့ ဆိုကြတယ်"

"အဲဒါပေါ့ဗျ။ ကျုပ်မိန်းမက အိမ်မှာ ပွဲတွေပြင်၊ အထက်ဆရာတွေပင့်၊ တစ်ခါတလေ ဗေဒင်ယာယီ ယတြာတွေ လုပ်ရဲ့။ ဒါကြောင့် ကျုပ်က မိန်းမကို အေးအေးဆေးဆေး ခေါ်ပြီး ဆရာတော် အရှင်ဇနကာဘိဝံသ ရေးတဲ့ စာအုပ်တွေပြ၊ ဗုဒ္ဓတရားတော်ရဲ့ အနှစ်သာရဟာ လောဘ၊ ဒေါသ၊ မောဟ ကင်းဖို့။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိမြင်ဖို့။ သစ္စာ လေးပါးတရားတော်ကို သဘောပေါက်ဖို့ အရေးကြီးတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ကို မျက်မှောက် ပြုတယ်ဆိုတာ လက်ငင်း လက်တွေ့ လုပ်ဖို့ဆိုတဲ့ ကိစ္စဖြစ်တဲ့အကြောင်း ရှင်းပြရတယ်ဗျ''

''ဒီတော့ ခင်ဗျား မိန်းမက ပွဲပြင်တာတွေ၊ ဆိုင်းဘာသာတွေ ရပ်သွားရောလား''

ဦးသီလက ရယ်လိုက်ပြီး–

''ဟဲ ဟဲ. . ဘယ်ရပ်လိမ့်မတုံး။ နိုင်ငံတကာ ဘာသာနဲ့ ဓာတ်စီးပြီး ပြောနိုင်တဲ့ ပုဂ္ဂိုလ်များပါ ကျုပ်အိမ်ကို ကြွလာကြသဗျား''

''ဘာလဲဗျ။ နိုင်ငံတကာ ဘာသာနဲ့ ဓာတ်စီးတယ်ဆိုတာ''

''အင်္ဂလိပ် ဘိုးတော်၊ ကုလား ဘိုးတော်၊ တရုတ်ဘိုးတော် စသဖြင့် ဘိုးတော်အစုံပေါ့ဗျာ။ ဓာတ်စီးတယ်ဆိုပြီး အမျိုးစုံ ပြောတော့တာပဲ''

''ဒီတော့ ခင်ဗျားက ဘာမှ မကန့်ကွက်ဘူးလား''

''စကားနည်း ရန်စဲ အပြင် ထွက်သွားလိုက်တာပေါ့ဗျာ''

''ဘယ်သွားသတုံး''

''ခင်ဗျားကလည်း သိတဲ့အတိုင်း အရက်ဆိုင်ပေါ့ဗျာ''

''ဟား. . ဟား. . ဒါဆို ခင်ဗျား အိမ်ပြန်တော့ ရှာန်ရ ပုဂ္ဂိုလ်အဖြစ်နဲ့ ပြန်တာပေါ့''

''မြင်းပြူကြီး စီးလို့ပေါ့ဗျာ''

''ခင်ဗျား ပြောမှ သာလာပြီဗျို့''

''အေးဗျ။ ညနေလည်း စောင်းပြီပဲ''

ဆရာနှစ်ပါးသည် ဗုဒ္ဓတရားတော် ဆွေးနွေးနေရာမှ အရက်သို့ ရောက်ရှိသွားကြလေသည်။ မောင်စိန်သောင်းလည်း ရေပူရေချမ်း ကမ်းလှန်းရန် လိုက်ပါသွားခဲ့ရ၏။

– ၃ –





အရှေ့ဆီ၌ ကြယ်နီကို မြင်ရပြီ။ မလှမ်းမကမ်း ဘုန်းကြီးကျောင်းမှ နံနက် လေးနာရီ ခြေးစည်ထုသံ ကြားရသည်။ မိုးလင်းတော့မှာပါလားဟု မောင်စိန်သောင်း တွေးမိသည်။

အိပ်တော့မည်ဟု ဆုံးဖြတ်၏။

စဉ်းစား တွေးခေါ်နေ၍ဖြင့် တစ်နေ့မဟုတ်။ တစ်ညမဟုတ် တစ်သက်လုံး တွေးနေ၍ ရသည်။ တွေးခေါ်နေရုံနှင့် ပြီးမည် မဟုတ်။

မောင်စိန်သောင်း အိပ်ရာသို့ ဝင်ခဲ့သည်။

သူ့ဇနီး မအိပ်သေး။

မောင်စိန်သောင်းသည် စကြာဝဠာ အနန္တသို့ စိတ်အစဉ် လွှတ်လွှင့်နေစဉ်၌ လည်းကောင်း၊ ခြင်တစ်ကောင်အကြောင်း တွေးနေစဉ်၌ လည်းကောင်း၊ သူ့ဆရာနှစ်ယောက်၏ ဗုဒ္ဓတရားတော် ဆွေးနွေးခန်းကို စဉ်းစားနေချိန်၌ လည်းကောင်း။

မောင်စိန်သောင်း၏ ဇနီးသည်သည် နံနက်ဈေးဝယ်ဖို့ ဈေးဖိုးတိစွကို ပူပန်စွာ စဉ်းစားနေလေသည်။ နောက်တစ်နေ့ ဈေးဝယ်ရန်အတွက် သူ့တွင် ငွေနှစ်ကျပ်သာ ရှိတော့သည်။ ဘယ်လိုလုပ်၍ ငွေနှစ်ကျပ်နှင့် ဈေးဝယ်ရပါအံ့။

သမီးငယ်သည် အပြစ်ကင်းစင်စွာ အိပ်မောကျနေသည်။

မောင်စိန်သောင်း သမီးကို နမ်းလိုက်သည်။

''နိုးသွားပါဦးမယ် အစ်ကိုရယ်''

ဇနီးက သတိပေးသည်။

''မင်း. . မအိပ်သေးဘူးလား''

''အိပ်မပျော်သေးဘူး. . အစ်ကို''

''ဘာဖြစ်လို့လဲကွ၊ အိပ်ပါတော့လား''



www.burmeseclassic.com

www.burmeseclassic.com



ဖနီးက ဘာမှ ပြန်မပြောသေးဘဲ သက်ပြင်းရှိုက်၏။

"နေမကောင်းဘူးလား"

"မဟုတ်ဘူး အစ်ကို"

"ဒါဖြင့် ဘာဖြစ်လို့ မအိပ်သေးတာလဲ"

"နက်ဖြန် ဈေးဖိုး မရှိဘူး အစ်ကိုရဲ့"

"မနေ့ကပဲ ငါ နှစ်ဆယ် ပေးထားတယ် မဟုတ်လား"

"အင်းလေ... ဆန်ရော၊ ဆီရော၊ ငရုတ်၊ ကြက်သွန်ကော ဝယ်လိုက်ရတယ်"

"ကုန်ရောလား"

"နှစ်ကျပ်တော့ ကျန်သေးတယ်"

မောင်စိန်သောင်း စဉ်းစားလိုက်သည်။

နံနက်စာ တစ်နပ်အတွက် တစ်ခုခု စီစဉ်ရမည်။

ပြီးတော့ နေ့လယ်ခင်း မြို့ထဲထွက်၊ စာမူခ ရစရာ ရှိသည်များ တောင်းကြည့်။ မရလျှင် တွေ့သည့် သူငယ်ချင်း တစ်ယောက်ယောက်ကို ကာဆိုးသူ မောင်ရှင်အဖြစ် ငွေလေး ငါးကျပ်၊ တစ်ဆယ်၊ နှစ်ဆယ် ရသလောက်ချေး။

ကောင်းပြီ၊ နံနက်စာအတွက် ဘယ်လို စီစဉ်မည်နည်း။ ရုတ်ခြည်းပေါ်လာသော အကြံမှာ အိမ်ရှေ့ကိုက် ငါးဆယ်ခန့်အကွာတွင် ဘရာကြော်သည် ရှိသည်။ ၎င်းထံမှ ဘရာကြော်တစ်ခု ပြားလုံးဆယ်နှင့် ငါးခုဝယ်၊ ကျန်ငွေ ငါးမူးကို တို့စရာ၊ ချဉ်ဖတ်ဝယ်။ နံနက်စာကိစ္စ ပြတ်ပြီပေါ့။

"ဘရာကြော် ငါးခု ဝယ်ပြီးသုပ်လိုက်ကွာ၊ ကြက်သွန်တော့ ရှိတယ် မဟုတ်လား"

"ရှိပါတယ်"





"တို့စရာလေး တစ်မတ်ဖိုးလောက် ဝယ်လိုက်ပေါ့ကွာ၊ ငါးပိ ထောင်းကျန်သေးလား"

"ကျန်သေးတယ်"

"ပြီးရောပေါ့ကွာ"

မောင်စိန်သောင်း အိပ်ရာထက် လှဲချလိုက်သည်။

– = –

စကြာဝဠာအနန္တ။

အလင်း၏ အလျင်သည် တစ်စက္ကန့်လျှင် မိုင်ပေါင်းတစ်သိန်း ရှစ်သောင်း ခြောက်ထောင် ရှိ၏။

သမုဒယကြောင့် ဒုက္ခ ဖြစ်၏။

အဝိဇ္ဇာ...၊ ပစ္စယာ...၊ သင်္ခါရာ...။

ဘရာကြော် ငါးခု၊ တို့စရာ တစ်မတ်ဖိုး၊ မြို့ထဲသွားရန် လမ်းစရိတ်တစ်မတ်၊ မောင်စိန်သောင်း အိပ်ပျော်ခြင်းသို့ ရောက်ရှိ၏။

ခရစ်တော်၌ အိပ်ပျော်ခြင်း မဟုတ်ပါလေ။

॥ = ॥

ဒဂုန် ခု၊ ဖွန်၊ ၅၉၀



www.burmeseclassic.com

www.burmeseclassic.com

## အလိုရှိသည်

စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်း
ရန်ကုန်မြို့၊ လေးဒေါင့်ကန်လမ်း၊ အမှတ် ၃ နေ
ဦးရှမ၊ ဒေါ်ဝေဝေတို့၏သား
မောင်ဝေဖြိုး (B.E Elect Power)
မြန်မာ့ရေနံလုပ်ငန်းနှင့်
ရန်ကုန်မြို့၊ ဝင်ဒါမီယာလမ်း၊ အမှတ် (၉၇–အေ) နေ
ဦးဘာသိ၊ ဒေါ်မေသန်း (သီအလှကုန်လုပ်ငန်း)
တို့၏ သမီး
မလှိုင်လှိုင်သီ
တို့သည် နှစ်ဖက်သော လူကြီးမိဘ မိတ်သင်္ဂဟများရှေ့မှောက်၌ (၁၂–၁၁–၇၇) နေ့တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။ ။





ဤသတင်းစာ ကြော်ငြာပါသောနေ့တွင် ဝေဖြိုးသည် ဝေလည်း မဝေ၊ ဖြိုးလည်း မဖြိုးဘဲ မဝေခွဲနိုင် ဖြစ်လျက်ပင် ရှိသေးသည်။

လွန်ခဲ့သည့် ငါးရက်ခန့်က စေ့စပ်ကြောင်းလမ်းပွဲကို ဝင်ဒါမီယာ လမ်းရှိ လှိုင်လှိုင်တို့၏ အိမ်၌ ကျင်းပခဲ့သည်။ နှစ်ဖက်မိဘများနှင့် လူကြီးအချို့ကိုသာ ဖိတ်သည်။

အကောင်းဆုံး အစားအစာများ မှာကျွေးသည်။

ဂုဏ်သရေရှိ လူကြီးမင်းများ ကြွရောက်ချီးမြှင့်ကြသည်။

ဝေဖြိုးသည် လှိုင်လှိုင့်အား ထိုနေ့တွင်မှ လှပစွာ မြင်ခဲ့ရ၏။ လှိုင်လှိုင် လှပါသည်။

ယခင် မပြင်မဆင်နှင့် တွေ့ရတုန်းကလည်း လှပါသည်။ သို့ရာတွင် လှပြီးသား လှိုင်လှိုင်ကို ခေတ်မီ အလှပြင် ပစ္စည်းများနှင့် ခြယ်သ လိုက်သောအခါ ကြေးရုပ်ကလေးတမျှ လှပနေပါတော့သည်။

လှိုင်လှိုင်သည်လည်း ဝေဖြိုးကို ထိုနေ့တွင်မှ ဂရုတစိုက် ပိုမြင်ရ သည်။

ဝေဖြိုးသည် ခန့်ညား ယောက်ျား ပီသသော ရုပ်ရည်ရှိသည်။ သပ်ရပ်ခံ့ညားစွာ ဝတ်ဆင်ထားသောအခါ ဝေဖြိုးသည် နှစ်သက်ဖွယ် မြင်နေ၏။

သူတို့၏ စေ့စပ်ကြောင်းလမ်းပွဲ ဖြစ်မြောက်ခြင်းကား မြန်ဆန် လှ၏။

စေ့စပ်ပွဲ မပြုလုပ်မီ နှစ်ပတ်ခန့်အလိုတွင်မှ သူတို့နှစ်ဦး စတင် တွေ့ဆုံခဲ့ရသည်။

စတင်တွေ့ဆုံခဲ့ရသည်မှာ နှစ်ယောက်ချင်း ဦးစွာ တွေ့ဆုံရ ခြင်းကို ဆိုလိုပါသည်။ သည့်ယခင်က ဝေဖြိုးသည် လှိုင်လှိုင်အား



www.burmeseclassic.com

www.burmeseclassic.com



လေးငါးကြိမ်ခန့် တွေ့ဖူး၏။ လှိုင်လှိုင့်အမေ ဒေါ်မေသန်းနှင့် ဝေဖြိုး၊ အမေ ဒေါ်ဝေဝေတို့သည် ကျောင်းနေဘက်များ ဖြစ်ခဲ့ကြပြီး အတန်ကြာ ကွဲကွာသွားခဲ့သည်။ လွန်ခဲ့သည့် တစ်နှစ်ကမှ ပြန်လည် ဆုံတွေ့ခဲ့ကြ၏။ ဗိုလ်ချုပ်ဈေးတွင် ဈေးဝယ်ကြရင်း ဖြစ်ပါသည်။

ဆိုင်တစ်ဆိုင်ထဲတွင် ပဝါတစ်ခုတည်းကို နှစ်ယောက်သား ဈေးမေးဖြစ်ကြသည်။ ပြီးမှ တစ်ယောက်ကိုတစ်ယောက် ကြည့်မိသည်။

"ဟင်... ဝေဝေ မဟုတ်လား"

"ဟာ... အသန်း"

"ဆံပင်တွေတောင် ဖြူနေပါရောလား"

"အသန်းကတော့ သိပ်ဝနေတယ်။ မျက်မှန်လည်း တပ်နေရပြီနော်"

"အင်း... ဝေဝေကတော့ အရင်အတိုင်းပဲ ပိန်လည်း မပိန်၊ ဝလည်းမဝ ကိုယ် အဲသလို ဖြစ်ချင်တာ မရဘူး ဗိုက်က ပူပူထွက်လာတယ်"

"ကိုယ်တော့ မြန်မာဆေးစားတယ်၊ မမညို ဖော်ပေးထားတာလေ၊ ဒေဝစက္ကူတဲ့ အစားမှန် အအိပ်မှန် ပြီးတော့ မျက်စိလည်း ပိုကောင်းလာတယ်။ အဲဒါ..."

ပဝါ ဝယ်ဖို့ မေ့သွားကြသည်။ သူတို့နှစ်ယောက် ငယ်စဉ်ကကဲ့သို့ပင် လက်သုပ်သွားစားကြသည်။ သံပုရာရည် သောက်သည်။ စကားတတွတ်တွတ် ပြောသည်။ ရှေးဖြစ်ဟောင်းများအကြောင်း၊ ယခု ဖြစ်နေသောအကြောင်း၊ တစ်ယောက်အကြောင်း တစ်ယောက် စပ်စုကြသည်။ ပြီးတော့ ဒေါ်မေသန်းကသူ့ကားနှင့် ဒေါ်ဝေဝေကို လိုက်ပို့သည်။

နောက်တော့ နှစ်အိမ့်တစ်အိမ် ကူးချည်သန်းချည် လုပ်ကြတော့၏။ ဒေါ်မေသန်းက ဒေါ်ဝေဝေထံ ကားအကြိုလွှတ်သည်။ ပြန်ပို့သည်။ ဒေါ်ဝေဝေကလည်း ဒေါ်မေသန်းထံ အငှားကားဖြင့် သွားသည်။ သာရေး၊ နာရေး၊ စီးပွားရေးများနှင့် ရှုပ်နေတော့၏။

ဝေဖြိုးသည် ဒေါ်ဝေဝေကို လိုက်ပို့ရင်း လှိုင်လှိုင့်ကို တွေ့ဖူးသည်။ စိတ်လှုပ်ရှားမှု သိပ်မဖြစ်ခဲ့ပါ။ သို့သော် စိတ်ဝင်စားမှုတော့ ရှိသည်။ လှိုင်လှိုင်သည် ရိုးရိုးယဉ်ယဉ်ပင် လှသည်။ ပြင်ဆင်ခြယ်သမှု သိပ်မရှိ။ နှုတ်ခမ်းနီဆိုး ပေါင်ဒါရိုက်သည်မျှသာ၊ လက်သည်းရှည်ကလေးများကိုတော့ ဆေးဆိုးပါသည်။ သူ့ အိမ်မှုကိစ္စ လုပ်ရသည်မှ မဟုတ်ဘဲ။

ထိုနည်းလည်းကောင်းပင် လှိုင်လှိုင်လည်း ဝေဖြိုးကို တွေ့စဉ်က သာမန်သာ ဖြစ်ပါသည်။

စတွေ့သောနေ့ကို နှစ်ယောက်စလုံး မှတ်မိပါသေးသည်။ ထိုနေ့က ဒေါ်ဝေဝေကို အငှားကားတစ်စီးနှင့် ဝေဖြိုးက ဒေါ်မေသန်းတို့အိမ်သို့ လိုက်ပို့ပေးရသည်။

ခြံတံခါးဝတွင် ကားရပ်၍ ဆင်းပြီး၊ ခြံထဲ ဝင်ခဲ့ကြသည်။ အုပ်အုပ်ဆိုင်းဆိုင်းနှင့် ချမ်းမြေ့ငြိမ်သက်သည်။ တိုက်ဝတံခါးသို့ ရောက်သောအခါ ဒေါ်ဝေဝေက အသံပြုသည်။

"အသန်းရေ... လှိုင်ရေ... နိုင်ရေ..."

လှိုင် ထွက်လာသည်။

"ဩော်... ဒေါ်ဒေါ်ဝေ"

နှုတ်ဆက်ရင်းပင် သော့ပြေးယူ၏။ တံခါးဖွင့်ပေး၏။

"လာ... သား"

ဝေဖြိုး တံခါးကို ဖြတ်အဝင်တွင် လျှပ်တစ်ပြက် လှိုင့်ကို ကြည့်သည်။ လှိုင်ကလည်း လျှပ်တစ်ပြက်ပင် ကြည့်သည်။ ပြီးတော့ အနည်းငယ် ပြုံးပြသည်။ ညှို့သည့်အား ဝတ်ကျေတမ်းချေ ပြုံးသော အပြုံးမျိုး ဖြစ်သည်။ ဝေဖြိုးကလည်း ပြန်ပြုံးပြခဲ့ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



"အသန်းကော သမီး"

"မေမေ ဒီနား ခဏသွားတယ်။ ဒေါ်ဒေါ်ဝေ ခုပြန်လာမှာပါ"

"ထိုင်း . . သား"

ဒေါ်ဝေဝေက ဆိုဖာတွင် ဝင်ထိုင်ရင်း ဝေဖြိုးကိုပါ ခေါ်သည်။

"သားနဲ့ မတွေ့ဖူးသေးဘူးနော်၊ ဒါလှိုင်လှိုင်တဲ့ မင့်ဒေါ်ဒေါ်သန်း သမီးပေါ့။ သမီး ဒါ ကိုကိုဝေဖြိုး။ ဒေါ်ဒေါ်ဝေ သားလေ၊ ဘီအီးဖိုင်နယ် ပေါ့"

"ဟုတ်ကဲ့ရှင့် . . ခဏလေးနော် . . ဒေါ်ဒေါ်ဝေ၊ လှိုင် ကော်ဖီ ဖျော်လိုက်ဦးမယ်"

ကော်ဖီ ဖျော်တာလောက်တော့ လှိုင်လှိုင် လုပ်တတ်ပါသည်။ ညေသည် ထုံးစံအတိုင်း ဝေဖြိုးသည် ညေခန်းကို ဝေ့ကြည့်၏။ ခေတ်မီ အဖိုးတန် ပစ္စည်းများဖြင့် ဆင်ယင်ထားသည်။ အလှပြစင်ပေါ်၌လည်း အဖိုးတန် အရုပ်ကလေးများ။ ပန်းအိုးများ။ နိုင်ငံခြား အရက်ပုလင်း များ။

နံရံတွင် နောက်ဆုံးပေါ် နိုင်ငံခြား ပြက္ခဒိန်များ။

ပန်းချီကားအချို့၊ သမင်ချိုး ပုံတူ ပန်းချီကားများ။

ညေခန်းကို ကြည့်ပြီးသော် ညေသည် ထုံးစံအတိုင်းပင် စားပွဲ ပေါ်မှ သတင်းစာကို ယူဖတ်သည်။ သတင်းစာက ဖတ်ပြီးသား။ သို့သော် ဟိုလှန်သည်လှန်လုပ်သည်။ သတင်းစာ ပြန်ချထားလိုက် သည်။ နိုင်ငံခြား မဂ္ဂဇင်းတစ်စောင် ယူ၍ လှန်လှောကြည့်သည်။

လှိုင်လှိုင် ကော်ဖီဘန်းနှင့် ပြန်ထွက်လာ၏။

"သုံးဆောင်ပါရှင်"

ကော်ဖီဘန်းထဲမှ ပန်းကန်ကို ကန့်ကလျ လှမ်းပေးသည်။ စိတ်ဝင်စားဖွယ် ကောင်းသော မိန်းကလေး။





ဝေဖြိုးကို လှိုင်လှိုင်ကလည်း စိတ်ဝင်စားမိပါသည်။

ဘီအီး နောက်ဆုံးနှစ် စက်မှုတက္ကသိုလ်ကျောင်းသား။ ရုပ်က ရည်မွန်သန့်ပြန့်သည်။ ဆံခွေလေးများ လှိုင်းထနေသည်။ အရပ်ရှည် သည်။ ကိုယ်လုံးဖြောင့်သည်။ စသည် စသည်။

ကော်ဖီသောက်ပြီးတော့ ဝေဖြိုး ပြန်ခဲ့သည်။

"ကျွန်တော် ပြန်တော့မယ် မေမေ"

"မင်း ဒေါ်ဒေါ်သန်း လာတဲ့ထိ စောင့်ဦးလေ"

"မစောင့်တော့ဘူး မေမေ၊ ကျွန်တော် သွားစရာ ရှိလို့"

မဟုတ်ပါ။ ပြောစရာစကား ရှာမတွေ့ဘဲ ငူငူကြီး ဖြစ်နေ၍ ပြန်ရန် တာစူခြင်း ဖြစ်ပါသည်။

လှိုင်လှိုင်နှင့် ဒေါ်ဝေဝေကတော့ 'ဘာဟင်းချက်သလဲ' က စပြီး၊ ဟင်းချက်နည်းများအကြောင်း ဒေါ်ဝေဝေက ပြောပြသည်။ လှိုင်လှိုင်က နားမလည်တစ်ချက်၊ နားလည်တစ်ချက်နှင့် အင်းလိုက် နေသည်။ ဝေဖြိုးက ကော်ဖီငုံသောက်နေသည်။ ခဏကြာတော့ ဝေဖြိုး ငြီးငွေ့လာသည်။ သူ ဝင်ပြောစရာ စကားလည်း မရှိ။ ထို့ကြောင့် ပြန်မည်ဟု ပြောလိုက်ခြင်း ဖြစ်သည်။ လှိုင်လှိုင်က ဝေဖြိုးကို ကြည့် သည်။ ယောက်ျားကလေးပဲ ရှက်နေရန်ကောဟု အဓိပ္ပာယ်ပေါက် သည်။

"ပြန်မယ်နော် လှိုင်လှိုင်"

"ဟုတ်ကဲ့ အစ်ကိုဝေဖြိုး"

မျက်နှာထားကလည်း ပြန်ချင်ပြန်ပေါ့၊ ဒွဲမထားပါဘူး ဟူသော သဘောကို ဆောင်သည်။

ဝေဖြိုး လှည့်ထွက်ခဲ့သည်။ လှိုင်လှိုင် အနည်းငယ် မဲ့ရွဲ့ကောင် မြဲ့ ပြီး ဒေါ်ဝေဝေကို လှည့်ကြည့်ပြီး ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

လိုင်လိုင် အထင်တွင် ဝေဖြိုးတစ်ယောက် အကြောင်းမရှိ အကြောင်းရှာပြီး သူတို့ထံ အလည်အပတ် လာလိမ့်မည်ဟု။

သို့သော် ဝေဖြိုး ပေါ်မလာ။ တစ်ခါတစ်ရံ ဒေါ်ဝေဝေကို လိုက်ပို့ရင်းသာ ရောက်လာတတ်သည်။ ထိုအခါမျိုးတွင်လည်း အိမ်တံခါးဝမှ ပြန်လှည့်သွားတတ်သည်။

လိုင်လိုင်ကလည်း 'ထိုင်ပါဦးလား' ဟု ပရိသဒ္ဓေရ မပြုချင်။ သူက ယောကျာ်းကလေးပဲ။ သူကသာ လိုင်လိုင့်ဆီ လာရမှာပေါ့။ ပြီးတော့ အကြောင်းပြုပြီး စကားတွေ ပြောရမှာပေါ့။ မဟုတ်ဖူးလား။

လိုင်သည် ဝေဖြိုးနှင့် ပတ်သက်၍ စဉ်းစားဖြစ်သည်။ ဝေဖြိုးကို စဉ်းစားလာမိသည်။ သို့သော် ဝေဖြိုးက ခပ်တန်းတန်း ခပ်တည်တည်။ တစ်ခါတစ်ရံ လူကြီးလိုလို၊ ဘာလိုလို နေပြတတ်သည်။ ကြည့်လေ။ တစ်နေ့ ဗိုလ်ချုပ်ဈေးသို့ သူငယ်ချင်းများနှင့် 'ဈေးဝယ်လှုပြ' သွားကြသည်။ ဝေဖြိုးနှင့် တွေ့သည်။ သူကပင် နှုတ်ဆက်၏။

ဝေဖြိုးကို လိုင်လိုင်က အဝေးကပင် မြင်ပါ၏၊ သို့သော် ထုံးစံအတိုင်း မမြင်ဟန် ဆောင်လိုက်သည်။ အာရုံကတော့ သူ့ဆီမှာပါ။ ဝေဖြိုးနှင့် မျက်နှာချင်းဆိုင် ရောက်တော့ ဝေဖြိုးက နှုတ်ဆက်သည်။

"လိုင်လိုင် ဈေးလာဝယ်သလား"

"ဟုတ်.. အစ်ကိုဝေဖြိုး၊ ဟုတ်တယ်။ ပါဖျွန်း ကုန်နေတာနဲ့"

ရေမွှေးကို ရေမွှေးလို့ မပြော။ ပါဖျွန်းဟု အင်္ဂလိပ်လို ပြောသည်။ သူတို့တိုက်၌ အလှကုန်လုပ်ငန်း လုပ်သော်လည်း သူတို့တိုက်မှ ထုတ်လုပ်သော ရေမွှေးကို မသုံး။ နိုင်ငံခြားဖြစ် ရေမွှေးကိုသာ သုံးသည်။ ထိုအကြောင်းကို ဝေဖြိုး ရိပ်မိသွား၏။





"လိုင်လိုင်တို့ ထုတ်တဲ့ ရေမွှေး မသုံးဘူးလား"

လိုင်လိုင် ရှက်သွားသည်။

"သုံးပါတယ်။ ဒါပေမဲ့ တစ်ခါတလေတော့ တခြား ရေမွှေးလေး ဘာလေး သုံးချင်လို့၊ ပြီးတော့ သူတို့ဆီက အနံ့ ဘယ်လိုရှိသလဲ သိရတာပေါ့"

ဖြီးလိုက်သည်။ အမှန်ကတော့ သူတို့လုပ်ငန်းအကြောင်း လိုင်လိုင် ဘာမျှ ရေရေရာရာ မသိ။

"အေး.. ကောင်းပါတယ်၊ ဒါနဲ့ ဒေါ်ဒေါ်သန်းကော ပါသလား"

"မေမေ ရိပ်သာသွားတယ်"

"သြော်"

"သွားမယ် ကိုဝေဖြိုး"

လိုင်လိုင် ဦးသွားသည်။ သူက အရင်ဦးအောင် နှုတ်ဆက်လိုက်သည်။ အပေါင်းအဖော်များ စောင့်နေရာသို့ ထွက်ခဲ့သည်။

"ဘယ်က ဘဲလဲ"

"အာရှအိုင်တီ ဗိုင်နယ်ရီးယားကပါ။ ကိုယ့်မေမေ့ သူငယ်ချင်းရဲ့ သား"

ကြားသံ အနည်းငယ် ပါသွားသည်။ စက်မှုတက္ကသိုလ် ကျောင်းသားတစ်ယောက်နှင့် သူသိသည်ဆိုသော သဘော။

"ဘယ်ဆိုးလို့တုံး။ ယူ့ကို ရှိတ်နေတာလား"

"ဘယ်သိမလဲ၊ ကိုယ်က သိပ်မမှုပါဘူး"

"ဘဲက သားနားသားပဲ"

"ခေါက်စ်"

ဝေဖြိုး သူငယ်ချင်းများကလည်း ပြောသည်။

"ကောင်မလေးက မိသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး"

"မင်း . . ဖန်နေတာလား"

"မဟုတ်ပါဘူး။ မေမေ့သူငယ်ချင်း သမီး"

"ရာဇူးကလား"

"ဆယ်တန်း ဒုတိယနှစ်"

"ဖန်ပါလားကွ"

"နေစမ်းပါကွာ"

"ငါဖန်မယ်၊ မိတ်ဆက်ပေး"

"တော်စမ်းပါကွာ၊ မင်းလို မြင်မြင်ကရာ ကြိုချင်တဲ့ ကောင်ကများ"

"ဒါကြောင့် မင်း ဖန်လို့ ပြောနေသားပဲ။ မင်း မြဂီယာထက်တော့ သာတယ်ကွ"

ဝေဖြိုး၏ ဒုတိယမြောက် မြနီလာကို ညွှန်းဆိုခြင်း ဖြစ်သည်။

ဟုတ်ပါသည်။ ဝေဖြိုးတွင် ရည်းစား သုံးဦး ရှိခဲ့ပါသည်။ တစ်ပြိုင်နက် မဟုတ်ပါ။ တစ်ယောက်ပြီး တစ်ယောက် ဖြစ်ပါသည်။ ပထမရည်းစားမှာ ခင်ခင်နုဟု ခေါ်ပါသည်။ ဝိဇ္ဇာကျောင်းသူ ဖြစ်ပါသည်။ ဝေဖြိုးနှင့် ဒုတိယ စာသင်နှစ်တွင် ဆုံဆည်းချစ်ကြိုက်ကြပါသည်။ စတုတ္ထ စာသင်နှစ်တွင် ခင်ခင်နုတစ်ယောက် စစ်ဗိုလ်တစ်ဦးနှင့် လက်ထပ်သွားသည်။ ဝေဖြိုးကို ဘာအကြောင်းပြချက်မျှ မပေးခဲ့ပါ။

"ဖူးစာမဆုံနိုင်လို့ပဲလို့ မှတ်လိုက်ပါတော့ ကိုရယ်"

ဟု ဝိဇ္ဇာကျောင်းသူဝီသစွာ ဆိုခဲ့လေသည်။

ဒုတိယ ရည်းစားမှာ စီးပွားရေးကျောင်းသူ ဖြစ်ပါသည်။ မိမိကြည် ဖြစ်ပါသည်။ ပဉ္စမနှစ်သို့ ရောက်သောအခါ မိမိကြည်က သူ့ကို





ခပ်ခွာခွာ နေလာသည်။ စုံစမ်းကြည့်သောအခါ ဆရာတစ်ယောက်နှင့် နီးစပ်နေသည်ဟု သိရသည်။

သူကလည်း သူ့စိတ်ရင်းအတိုင်း ခပ်ခွာခွာ နေလိုက်သည်။ သည်လိုနှင့် မကြေညာဘဲ ပြတ်သွားသည်။

လမ်းတွင် တစ်ခါဆုံ၏။ သူ့ဆရာနှင့် မိမိကြည် တွဲလျက်ဖြစ်သည်။ ဝေဖြိုးက တမင် သွားနှုတ်ဆက်သည်။

"မိ ပျော်လှချည်လား"

"ဩော် . . ကိုဝေဖြိုး"

'ကိုဝေ' ဟု ခေါ်ခဲ့ရာမှ ကိုဝေဖြိုး ဖြစ်သွားလေပြီ။ အစိမ်းရောင်ကို ရေးရေး မြင်လိုက်ရသည်။

"ဒါ မိမိတို့ အီကို မြန်မာစာ ဌာနက ဆရာဦးခင်မောင်ထွန်းလေ။ ဆရာ ကိုဝေဖြိုးတဲ့"

"ဩော် . . ဟုတ်ကဲ့"

ဆရာဦးခင်မောင်ထွန်း ဆိုသူသည် ဖြူဖြူချောချော ဖြစ်၏။ ဝေဖြိုးထက် ချောသည်။ ပြီးတော့ အလုပ်အကိုင် အတည်တကျ။ စီးပွားရေး ကျောင်းသူသည် စီးပွားရေး ကျောင်းသူ ပီသစွာ စကား ဆိုခဲ့ပါသည်။

"သွားမယ် ကိုဝေဖြိုး။ နောက်တွေ့ရင်လည်း နှုတ်ဆက်ပေါ့"

လမ်းခွဲစကား ဖြစ်သည်။

"တွေ့နိုင်တော့မယ် မထင်ပါဘူး"

ထိုစကားကို ပြောဖြစ်ခဲ့ပါသေးသည်။ သည်နောက်တော့ တတိယ 'မြနီလာ'၊ သိပ္ပံကျောင်းသူ သူက ရှင်းသည်၊ မြနီလာကို ချစ်သည့်အကြောင်းပြောပြပြီး၊ မြနီလာက ပြန်လည်အဖြေ ပေးသောအခါ–

www.burmeseclassic.com

www.burmeseclassic.com



"မြနီလာ ကိုကို ချစ်ပါတယ်။ ဒါပေမဲ့ ချစ်တယ်ဆိုတဲ့ စကားရဲ့နောက်မှာ လက်ထပ်ပါ့မယ်ဆိုတဲ့ ကတိမပါပါဘူး။ မြနီလာ ကိုကို အခြေအနေကို ကြည့်ပြီး လက်ထပ်ဖို့ စဉ်းစားပါ့မယ်"

အပေါ်စီးက လာသည်။ သည်တော့ ဝေဖြိုးကလည်း–

"ကိုလည်း ဒီအတိုင်းပါပဲ မြနီလာ၊ မင်းကို ကိုချစ်ပါတယ်။ ဒါပေမဲ့ လက်ထပ်ဖို့ စဉ်းစားရဦးမှာပေါ့"

သူတို့ သမီးရည်းစား ဖြစ်ကြသည်။

"ကိုကို တခြား တစ်ယောက်နှင့် တွဲဦးမှာလား"

ဟု မေးသည်။

"မပြောနိုင်ဘူးလေ"

ဟု ဝေဖြိုးက ဖြေသည်။

သူတို့ အခြေအနေက ထိုအတိုင်းအတာတွင် ရှိသည်။ သူတို့နှစ်ယောက် အလယ်အလတ် အတူသွားကြသည်။ ရုပ်ရှင်အတူကြည့်ကြသည်။ ထို့ထက်မပို။ ဝေဖြိုးကလည်း မကြိုးစား။ မြနီလာကလည်း ခွင့်မပြု။ သို့ရာတွင် ဝေဖြိုး နောက်ထပ် အတွဲသစ် မရှာ။

မြနီလာကလည်း အတွဲသစ် မတွဲ။

သည်အခြေအနေတွင် လှိုင့်ကို တွေ့ဆုံရ၏။

လှိုင်သည် ဆယ်တန်း နှစ်ခါကျပြီး ဖြစ်သည်။ ယခု တတိယအကြိမ် ကြိုးစားနေသည်။ သို့သော် သူ့အဖို့ ဆယ်တန်း မအောင်လည်း သိပ်အရေးမကြီး။ လင်တစ်ယောက် ခေါင်းခေါက်ယူနိုင်သော ခြေအနေတွင် ရှိသည်။

ယခုနှစ် မအောင်လျှင် ကျောင်းဆက်မတက်ရတော့ဟု ဖခင်က သတိပေးထားသည်။





လှိုင်တွင်လည်း ရည်းစား ရှိခဲ့ဖူးသည်။ ကျူရှင်တက်ဖက် ဖြစ်သည်။

သူနှင့် စာမေးပွဲ ကျဖက်လည်း ဖြစ်သည်။ အစကတော့ သူ့ကို ချစ်သလိုလို ရှိခဲ့၏။ ဆယ်တန်းကျလျက် ဟိုမရောက်၊ သည်မရောက် ဖြစ်နေသောအခါ ထိုချစ်သူကို အထင်သေးလာသည်။ အကြောင်း အမျိုးမျိုး ပြ၍ ရှောင်နေလိုက်သည်။ သည်လိုနှင့် ခပ်တန်းတန်းမှ ခပ်ခွာခွာ ခပ်ခွခွာမှ ခပ်ပြတ်ပြတ် ဖြစ်လာသည်။

သည်နှစ် ကျောင်းချင်း မတူတော့။ သူ အလာကြဲသည်။ လှိုင်က အတွေ့ခံ နည်းသည်။ ဒီတော့ သူက အပြတ်မေးလာသည်။

"ကိုယ့်ကို ဖြတ်ချင်လို့လား လှိုင်"

"ဘယ်လို ထင်လို့လဲ"

"အဲ့သလိုပဲ ထင်တယ်"

"အဲ့သည်တိုင်းပဲပေါ့"

ထိုအခါ သူက မင်းတို့ မိန်းမတွေဟာ ဘာညာ ဘာညာ စသည်များ ပြောပြီး၊ ဒေါသဖြစ်ပြသွားသည်။ ကပိုကရို စုတ်တီးစုတ်ပြတ်နှင့် သူမမြင် မြင်အောင် အလွမ်းသမားကြီး လုပ်ပြသည်။ လှိုင်က မသိချင် ဟန်ဆောင်နေလိုက်သည်။ ပြုံးသင့် ပြုံးမိသည်။ ထိုဘဲနာလည်း ကြာကြာ ဟန်မဆောင်နိုင် လျှိုသွားသည်။ ပြီးတော့ နောက်တစ်ယောက်ကို လိုက်ရှိတ်နေတော့သည်။ ဒါပါပဲ။

ခုတော့ ဝေဖြိုး။ သူက ကြီးကျယ်သည်။ သူ့ကိုယ်သူ လူကြီးဂိုက် ဖမ်းသည်။ အပေါ်စီးက ဆက်ဆံချင်သည်။

တစ်နေ့ တွေ့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဝေဖြိုး စာမေးပွဲ အောင်သည်။ အလုပ်လျှောက်ထားသည်။ ကံအားလျော်စွာ မြန်မာ့ရေနံ၌ အလုပ်ရသည်။

လှိုင် စာမေးပွဲ ကျသည်။ ကျောင်းဆက်မတက်ရတော့။ အိမ်မှာ စာကျက်၍ ဖြေရမည်။ ကျူရှင်ဆရာမ ငှားပေးသည်။

ဒေါ်မေသန်းသည် သမီးကို သင့်လျော်သူနှင့် နေရာချပေးချင်သည်။ သူတို့ ဆွေမျိုးအသိုင်းအဝိုင်းသည် ချမ်းသာကြွယ်ဝ၏။ သို့သော် ပညာတတ် မရှိသလောက် နည်း၏။ ပညာတတ် တစ်ယောက်နှင့် နေရာချပေးချင်သည်။ ဝေဖြိုးကို တွေ့သည်။ ဒေါ်ဝေဝေကို ပြောပြသည်။

"သမီးကို နေရာချပေးချင်ပြီ ဝေဝေရယ်။ ခုသမီးက စာမေးပွဲကျ၊ အိမ်မှာလည်း ထွေထွေထူးထူး အလုပ်မရှိတော့၊ စိတ်လေမှာ စိုးရတယ်၊ လယ်ရင်းပတ်ရင်း မတော်တရော် ကောင်လေးတွေနဲ့ တွေ့သွားမှာ စိုးရတယ်။ သမီး မိန်းကလေး ဆိုတာ ထိန်းရကျောင်းရ လည်း ခက်သားမဟုတ်လား"

"ဟုတ်တာပေါ့ အသန်းရယ်၊ ကျွန်မလည်း ဝေဖြိုးအတွက် စိတ်ပူနေတယ်။ တစ်နယ်တစ်ကျေးမှာ သွားအလုပ်လုပ်ရမှာ ဆိုတော့ မဟုတ်တရွတ် ဟာမလေးတွေနဲ့ တွေ့မှာ စိုးတယ်"

"ဒါဖြင့်ရင် ကိုယ်အကြံတစ်ခု ရတယ်"

သည်လိုနှင့် သူငယ်ချင်းချင်းမို့ ရှင်းရှင်းပဲ ပြောမယ် အစချီကာ ဝေဖြိုးနှင့် လှိုင်တို့ကို လက်ထပ်ပေးဖို့ စီစဉ်ကြသည်။

ပထမ လူငယ်ချင်း တွေ့ပေး၊ ဒါက လွတ်လပ်ခွင့် ပေးသော သဘော၊ သို့သော် လူကြီးများ ကြိုက်သလိုသာ စီမံမည်။ အနုနည်း





နှင့် မရလျှင် မိန့်ပေးသော နည်းဖြင့် စီမံမည်။ ပြီး စေ့စပ်မည်။ မကြာမတင် လက်ထပ်ပေးလိုက်မည်။ ပေါင်းမိပြီးသွားတော့လည်း သူတို့ဘာသာ အဆင်ပြေသွားကြပေမည်။ ဤသို့ တွက်ကိန်းချလိုက် သည်။

"သားကို မေမေ ပြောရဦးမယ်" အစချီကာ လှိုင်သည် မိန်းမ စီသကြောင်း၊ ချောမောလှပကြောင်း၊ လူကြီးသူကြီးမှန်း သိတတ် ကြောင်း၊ လိမ္မာရေးခြား ရှိကြောင်း။ ဝေဖြိုးကိုလည်း မငြင်းကြောင်းများ ဖြင့် လက်ထပ်ရေးကိစ္စကို ဒေါ်ဝေဝေက ဝေဖြိုးအား ပြောပြသကဲ့သို့–

လှိုင်အားလည်း "သမီးကို ပြောစရာ ရှိတယ်" အစချီကာ။ သူတို့နှစ်ယောက်တည်း တွေ့ဆုံခွင့် ဖန်တီးပေးလိုက်ကြသည်။

စနေနေ့ တစ်နေ့ ဖြစ်သည်။ ဒေါ်ဝေဝေသည် သူ့သားကို ခေါ်၍ တစ်စုံတစ်ခုကို ခိုင်းစေ၏။ ထိုအစုံတစ်ခုမှာ မိမိအား ဒေါ်မေသန်း အိမ်သို့ ပို့ရန် ဖြစ်သည်။ သူတို့၌ အစီအစဉ် ရှိပြီး ဖြစ်သည်။ ဒေါ်ဝေဝေ က ဝေဖြိုးကို ခေါ်၍ အိမ်သို့ အလည်လာမည်။ ထိုအချိန်၌ ဒေါ်မေသန်း တို့ အိမ်တွင် ကားမောင်းတတ်သူ မရှိစေရ။ ဒေါ်မေသန်းက လှိုင့်ကို ပြောထားသည်။ တစ်နေရာရာသို့ သွားချင်သည်ဟု အကြောင်းပြပြီး သကာလ ထိုသွားလိုရာနေရာသို့ ဝေဖြိုးအား ကားမောင်း၍ ပို့စေမည်။ ထိုသို့ သွားလိုရာတွင် နှစ်ယောက်သား လွတ်လပ်စွာ ဆွေးနွေးရန် အတွက် မိဘများက ကြိုပြီး ပြောပြထားကြမည်။

ဥပမာဆိုပါစို့ ဒေါ်ဝေဝေက ဝေဖြိုးကို ပြောပြထားရန် စကား။

"သား . . မေမေ့ကို အသန်းတို့ဆီ လိုက်ပို့၊ အဲဒီရောက်ရင် သားနဲ့ လှိုင်တို့နဲ့ အေးအေးဆေးဆေး တွေ့နိုင်ဖို့ မေမေ စီစဉ်ထားမယ်။ သား လှိုင်နဲ့ တွေ့ပြီ။ သားတို့ချင်း ဆွေးနွေးကြပေါ့ ဟုတ်ပြီလား"

ထိုနည်းလည်းကောင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး နက်ဖြန် သမီးရဲ့ ဒေါ်ဒေါ်ဝေတို့ လာလိမ့်မယ်။ သမီးတို့ တစ်နေရာရာသွားပြီး သမီးတို့ချင်း တိုင်ပင်ဖို့ မေမေတို့ စီစဉ်ထားတယ်။ လွတ်လွတ်လပ်လပ် တိုင်ပင်ကြပေါ့ကွယ်။ ဒါပေမဲ့ သမီး သတိထားရမှာက"

စသည် စသည်ဖြင့် ကြိုစည် စီမံကိန်း ရေးခဲ့ကြ၏။

သို့နှင့် ဝေဖြိုးနှင့် လှိုင်တို့ နှစ်ဦးတည်း တွေ့ခဲ့ကြရပါသည်။

ဒေါ်ဝေဝေနှင့် ဝေဖြိုးတို့ ရောက်ချိန်တွင် ဒေါ်မေသန်းနှင့် လှိုင်တို့ ဧည့်ခန်း၌ အဆင်သင့် ရှိနေကြသည်။

"ဟယ်.. ဝေဝေတို့ပါလား၊ လာ.. လာ"

ဟန်ဆောင်ထားမှန်း လေးဦးစလုံး သိကြသည်။

"ခုပဲ လှိုင် ဈေးသွားချင်တယ်ဆိုလို့ ဒရိုင်ဘာ စောင့်နေတာ"

ဟိုလို့ သိသာလာပါသည်။

ဒေါ်ဝေဝေက ဆိုသည်။

"ဟဲ့.. သား၊ ဒီလိုဆို သားကပဲ ကားမောင်းပြီး လိုက်ပို့လိုက်ပါလား"

ထင်ရှားစ ပြုပါပြီ။

"ဝေဝေ ရောက်လာမှတော့ ကိုယ်မသွားတော့ပါဘူး။ သမီး သွားချင်တယ် ဆိုလို့သာ။ ကဲ.. သမီးရေ သမီးကိုကိုဝေဖြိုးကိုသာ လိုက်ပို့ခိုင်းပေတော့"

ဟို၌ ထင်ရှားလာပါပြီ။

"ဟဲ့ သား၊ ညီမလေးကို ဈေးလိုက်ပို့လိုက်ပါကွယ်။ မေမေတို့ ဒီမှာ စကားပြောလိုက်ဦးမယ်"

သိသာထင်ရှားစွာပဲ ဖြစ်ပါတော့သတည်း။

\- = -





ဝေဖြိုး ကားနောက်ခန်းကို ဖွင့်ပေးလိုက်သည်။

လှိုင်လှိုင် မျက်စောင်းခဲ၍ ဝင်ထိုင်သည်။

ဝေဖြိုး ကားမောင်းသူ အခန်း၌ ဝင်ထိုင်မောင်းထွက်သည်။ ပြီးတော့–

"ဘယ်ကို မောင်းရမလဲ လှိုင်"

"သဘောပဲ"

လှိုင်သည် ဖော့တတ်သောဉာဉ် ရှိကြောင်းသိသာ၏။

ဝေဖြိုးကလည်း သည်လိုဉာဉ်မျိုး ရှိပါသည်။

"ဈေးဝယ်မယ်ဆို" ပြုံး၍ ဆိုသည်။

သူ့အပြုံးက ထော့ပြုံး ဖြစ်သည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘယ်ဈေး ဖြစ်ဖြစ် ဝယ်လို့ရပါတယ်"

စကားက အဓိပ္ပာယ် နှစ်ခွ ထွက်သည်။ ဘယ်ဈေး ဖြစ်ဖြစ် ဝယ်လို့ ရပါသတဲ့။ ပထမအဓိပ္ပာယ်က ဘယ်ဈေးရုံ၊ ဈေးကွက်၊ ဈေးနေရာဖြစ်စေ သူ ဝယ်လိုသော ပစ္စည်းကို ဝယ်လို့ ရနိုင်သည် ဟူသော သဘော။

ဒုတိယအဓိပ္ပာယ်မှာ "ရှင် ဘယ်လောက်ဈေး ကောင်းကောင်း ကျွန်မ ရှင့်ကို ဝယ်ယူနိုင်ပါတယ်" ဆိုသော သဘော။

ဝေဖြိုး မထော့တထော့ ရယ်လိုက်သည်။

"မိုလ်ချုပ်ဈေးလား၊ စိန့်ဂျွန်းလား၊ ဒါမှမဟုတ် ဘယ်ဈေးလဲ"

သူ့စကား၌လည်း အဓိပ္ပာယ် ပြန်ထည့်ပေးလိုက်၏။ ဘယ်ဈေးကို သွားမလဲ၊ သို့မဟုတ် ဘယ်ဈေးနဲ့ ရောင်းမလဲတဲ့ မေးရာ ရောက်၏။

"ဘယ်ဈေးမှ မဟုတ်ဘူး"

လှိုင့်အသံ၌ ဒေါသသံ အနည်းငယ် ပါ၏။ သူ့ကို မထိတထိ ရိနေမှန်း သူ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဖြိုး ရယ်လိုက်မိသည်။

"ဘာရယ်တာလဲ ကိုဝေဖြိုး"

"သဘောကျလို့ပါ"

"ဘာကိုလဲ"

"ကဲပါလေ၊ တို့တစ်နေရာရာကို အေးအေးဆေးဆေး သွား စကား ပြောရအောင်ပါ၊ ဟုတ်ပလား"

ဝေဖြိုးသည် ကားဦးကို အင်းယားလမ်းဆီသို့ လှည့်လိုက်၏။ ထို့နောက် အင်းယားလမ်းအတိုင်း မောင်းခဲ့ပြီး ပြည်လမ်းမသို့ ရောက်သောအခါ မရမ်းကုန်းဘက်သို့ မောင်းလာခဲ့သည်။ လှိုင့်စိတ်ထဲ၌ စိုးရိမ်စိတ်ကလေး ဝင်ရောက်လာသည်။

"ဘယ်ကို မောင်းမှာလဲ"

"လှိုင် ကိုယ့်ကို မယုံလို့လား"

"မဟုတ်ပါဘူး။ ဒါပေမဲ့ ဘယ်ကို သွားမှာလဲ"

"ယုံရင် လိုက်ခဲ့ပေါ့၊ ဒါမှမဟုတ် အိမ်ပြန်ပို့ရမလား"

လှိုင်စဉ်းစားသည်။ ပြန်ပို့နိုင်းလျှင် ကောင်းလိမ့်မည်။

"လှိုင့်ကို အိမ်ပြန်ပို့ပါ"

"ကောင်းပါပြီ"

စကားဆုံးသည်နှင့် ကားကို ဘရိတ်အမြန်အုပ်၍ ရပ်သည်။ ကားသည် ယိမ်းထိုးသွား၏။ လှိုင်နောက်ခန်း ထိုင်ခုံမှ ရှေ့ခန်း ထိုင်ခုံအမှီဆီသို့ ရုတ်တရက် ရွေ့လျားသွားသည်။ ရှေ့အခန်းအမှီနှင့် ဒိုက်မိမလို ဖြစ်သွားသည်။

လှိုင် ရန်တွေ့ရန် ပါးစပ်ပြင်နေစဉ်မှာပင် ဝေဖြိုး ကားကို နောက်ပြန်ဆုတ်၏။ ကားကို လာရာလမ်းဆီသို့ ဦးပြန်လှည့်၏။ ထို့နောက် ဆက်မောင်းလာခဲ့သည်။ ဝင်ဒါမီယာလမ်း လှိုင်တို့အိမ်ဆီသို့။





လှိုင် အံကြိတ်လိုက်သည်။ လောကကြီးကို အကြောင်းမဲ့ မျှော်ကြည့်သည်။ တစ်လောကလုံးသည် လိမ္မော်ရောင် နေခြည်ဖြင့် လွှမ်းခြုံနေ၏။ စိတ်ညစ်ညူးဖွယ် ကောင်းသည့် လောကအားလုံး ခြောက်သွေ့နေသည့် ထင်ရ၏။

လမ်းအသွယ်သွယ်ကို ရိုပ်ခနဲ ဖြတ်လာခဲ့ပြီးသည့်နောက် လှိုင်တို့ နေထိုင်ရာလမ်းသို့ ချိုးဝင်ခဲ့သည်။ လှိုင်တို့၏ ခြံဝင်းနှင့် မလှမ်းမကမ်းတွင် ကားရပ်သွားသည်။

လှိုင် ဝေဖြိုးကို ကြည့်၏။ ဝေဖြိုး ဘာမှ မဖြစ်သလို နေ၏။ သော့တံကို လှည့်ပိတ်၏။ လှိုင့်ဘက်သို့ လှည့်ကြည့်၏။ အနည်းငယ် ပြုံး၏။

"ရှေ့နားမှာ လှိုင်တို့ ခြံ မြင်နေရတယ် မဟုတ်လား"

လှိုင် ဒေါသ ဖြစ်သွားသည်။ သူတို့ ခြံကို မြင်နေရပါလျက် မြင်နေရတယ် မဟုတ်လားဟု မေးနေသေးသည်။

"ကျွန်မ မကန်းပါဘူး"

ကျွန်မဟု ပထမဆုံး သုံးလိုက်သည်။

"ကောင်းပါပြီ။ ခု လှိုင် ဆင်းပြီး လမ်းလျှောက်သွားရင်တောင် ရတယ် မဟုတ်လား"

"လိုက်မပို့ချင်နေပါ၊ ကျွန်မလည်း လျှောက်သွားပါ့မယ်"

"ရပါတယ်၊ ဒါပေမဲ့ လှိုင်နဲ့ ကိုယ့်ကို စေ့စပ်ဖို့ လက်ထပ်ဖို့ လူကြီးတွေ စီစဉ်နေတဲ့အကြောင်းကို သိတယ် မဟုတ်လား"

"သိပ်သိတာပေါ့ ကိုဝေဖြိုး။ ဒါပေမဲ့ ကျွန်မ သဘောအတိုင်း ဖြစ်ရမှာပါ"

"ကျုပ်သဘောအတိုင်းကော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ပါဘူး။ ကျွန်မ သဘောအတိုင်းသာ ဖြစ်ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သခေါ်အတိုင်းသာ ဖြစ်မှာပါ၊ ကျုပ်က ငြင်းမလို့၊ အဲဒါ မဖြစ်နိုင်ဘူးလား"

လှိုင် အဖြေရ ခက်သွားသည်။ မျက်ရည်ဝိုင်းလာသည်။ အလွန် အနိုင်ကျင့်သော ကိုဝေဖြိုး။

နှုတ်က လွှတ်ခနဲ ထွက်သွားမိသည်။

"သိပ်ဖြစ်နိုင်တာပေါ့"

"အဲဒါကြောင့် ပြောတယ် မဟုတ်လား၊ ကျုပ်သဘောအတိုင်းသာ ဖြစ်နိုင်ပါတယ်လို့"

"အို . . မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး"

ဝေဖြိုး ရယ်သည်။

"ဒါဖြင့် ကျုပ်ငြင်းလို့ မရတော့ဘူးလား"

လှိုင်အံကြိတ်သည်။ မျက်ရည်ထိန်းထားရသည်။ ဒေါသအလွန် ဖြစ်မိသည်။ တံခါးကို ဆောင့်ဖွင့်သည်။

အယောင်ယောင် အမှားမှားနှင့်မို့ ဖွင့်ခြင်းနှင့် သော့ခတ်ခြင်းကို မှားပြုမိသည်။ အမြဲတမ်း ဖွင့်နေကျ တံခါး ဖြစ်ပါလျက် ရှေ့နှင့် နောက် မှား၍ ဆွဲမိသည်။ တံခါး သော့ခတ်ပြီးလျက် ဖြစ်သွားသည်ကို တွန်းဖွင့်နေမိသည်။ ဝေဖြိုး ရယ်မောလျက် တံခါးကို လက်နောက် ပြန်ဖွင့်ပေးလိုက်သည်။

လှိုင် ဒေါသကြီးစွာ ကားပေါ်မှ ဆင်းသည်။ တံခါးကို ဆောင့် ပိတ်ပြီး ခွက်ခွက် လျှောက်ထွက်ခဲ့သည်။ သူ ငိုချင်နေပြီ။

ဝေဖြိုး ကားကို ညင်သာစွာ မောင်းထွက်သည်။ လှိုင့်ကို ကျော်၍ မောင်းပြီး လှိုင်တို့၏ ခြံဝတွင် ရပ်သည်။ ခြံတံခါး ဆင်းဖွင့် သည်။ ခြံထဲသို့ ကားမောင်းဝင်သည်။ လှိုင် ခြံထဲသို့ ဝင်လိုက်ပါသည်။





ဝေဖြိုး ကားရပ်ပြီး လမ်းလျှောက် ဝင်လာသော လှိုင့်ဆီသို့ သာခဲ့သည်။ လှိုင်နှင့် မျက်နှာချင်းဆိုင် ရပ်သည်။ လှိုင် ရှောင်ကွေ့ သွားရန် ကြိုးစားသည်။ ဝေဖြိုးက မဖယ်ဘဲ ကာထားသည်။

"လှိုင် . . မင်းကို ကိုယ်သဘောကျတယ်"

"ကျွန်မ ရှင့်ကို သဘောမကျဘူး"

လှိုင်သည် ဝေဖြိုးကို အတင်းဖယ်၍ အိမ်တံခါးဆီသို့ ပြေးသွား ၏။ ဝေဖြိုး ဖြည်းလေးစွာ လှမ်းလျှောက်ခဲ့သည်။

တံခါးဝ၌ ဒေါ်မေသန်းနှင့် ဒေါ်ဝေဝေတို့ကို တွေ့မြင်နိုင်ပါသည်။

တံခါးကို ဖြတ်၍ လှိုင် အတွင်းခန်းသို့ ပြေးဝင်သွားသည်။ ဝေဖြိုး တံခါးဝ၌ ရပ်လိုက်သည်။

ဒေါ်ဝေဝေ သားကို ကြည့်၍ မျက်နှာရိပ်၊ မျက်နှာကဲ မျက်စပြင့် နေသည်။

ဝေဖြိုးက စကားနှင့် ဖြေသည်။

"ဒေါ်ဒေါ်သန်း ပြန်ပါဦးမယ်၊ မေမေ ပြန်ကြစို့"

ဝေဖြိုး ကားသော့ကို ဒေါ်မေသန်းအား ပေး၏။

ပြီးတော့ စကားမခံဘဲ လှည့်ထွက်ခဲ့သည်။ ကလေးချင်း ကြည်မလင် ဖြစ်လာခဲ့မှန်း သူတို့ သိလိုက်သည်။

– – –

ဒေါ်ဝေဝေက မေးပါသည်။

"သားနဲ့ လှိုင်နဲ့ တစ်စုံတစ်ရာ ပြဿနာများ ဖြစ်ခဲ့သလား"

"ဘာမှ မဖြစ်ပါဘူး မေမေ" ဟု ဝေဖြိုး ဖြေသည်။

"ဒါဖြင့် သားကို လှိုင်လှိုင်က ဘာမှ ပြန်မပြောဘဲ ထွက်သွား သလဲ၊ မေမေတို့ စဉ်းစားလို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို သဘောကျလို့ ဖြစ်မှာပေါ့ မေမေရဲ့"

ဒေါ်ဝေဝေနှင့် ဝေဖြိုးတို့ ပြန်ခဲ့ကြသည်။

လှိုင်လှိုင် ငိုသည်။ ငိုနေသည်။ ဒေါ်မေသန်းက နှစ်သိမ့်၏။ 'သမီးရယ်. . .သမီးရယ်' ဟု နှစ်သိမ့်၏။ သို့ရာတွင် သူတို့၌ အကြံရှိပြီး သား ဖြစ်ပါသည်။

ထိုအတူ အိပ်မက်ထဲ၌ ဝေဖြိုး၏ ရုပ်ပုံကို လှိုင် မြင်တွေ့ရသည်။

ဒေါ်မေသန်းက မေးသည်။

"သမီး လှိုင်ကလေး မောင်ဝေဖြိုးကို ငြင်းပါနဲ့လားကွယ်"

စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်း ကြော်ငြာကို ကျွန်တော်တို့ ဖတ်ကြရပါလိမ့်မည် ဖြစ်သတည်း။

။ = ။

၁၉၅၉ ခု၊ မတ်လ၊ စစ်ပြန်



## အဲသည်လို သေချင်စမ်းပါဘိ

ယနေ့သည် ကျွန်တော်၏ အတွားလေး ဒေါ်သိန်း သင်္ဂြိုဟ်မည့် နေ့ ဖြစ်ပါသည်။ ကျွန်တော့် မိခင်နှင့် ညီများ အသုဘ ပို့ရန် သွားကြ ပါသည်။ ကျွန်တော့် ကျန်းမာရေး သိပ်မကောင်းသေးသဖြင့် အသုဘ လိုက်မပို့ရန် တားမြစ်ကြပါသည်။ ကျွန်တော့် အဘွား၏ နောက်ဆုံး ခရီးကို လိုက်ပို့လိုလှပါသည်။

အမေက "မင်း နေမကောင်းသေးဘူး။ လိုက်မပို့နဲ့တော့။ သာထူးမလဲ မေမေတို့ သွားတာပဲ ဥစ္စာ"

သို့နှင့် အိမ်တွင် ကျွန်တော် တစ်ယောက်တည်း ငေါင်းစင်းစင်း ကျန်ရစ်ခဲ့လေသည်။

အဘွား သေဆုံးသည်မှာ သေသည်ဟုပင် မထင်ရ။ အိပ်နေ သလားဟု ထင်ရသည်ဟု အဘွား အသက်ထွက်ခါနီး အခိုက် အနား တွင် ရှိနေသူများက ပြန်ပြောပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ညနေက ဘွားသိန်း ပုစွန်စားချင်တယ်ဆိုလို့ သွားဝယ်ပေးရသေးတယ်။ အဲဒါ သူ့ဘာသာသူ ကိုင်မယ်ဆိုပြီး နောက်ဖေးကပြင်မှာ ထွက်ပြီး သူကိုယ်တိုင် ခေါင်းခွာနေသေးတယ်။ ချက်တော့လည်း သူ့ဘာသာ ချက်တယ်။ စားကောင်းလို့ဆိုပြီး ထမင်းတော်တော်ဝင်သွားတယ်"

ဘွားသိန်းသည် ဟင်းချက် အလွန်ကောင်း၏။ အခြားသူများအတွက် ကောင်း မကောင်း ကျွန်တော် မပြောနိုင်ပါ။ ကျွန်တော့်အနေနှင့်တော့ ဘွားသိန်းချက်သမျှ ဟင်းသည် စားလို့ ကောင်းနေပါသည်။

ငါးစင်ရိုင်း ဆီကျန်ရေကျန်၊ ချဉ်ရေဟင်း၊ ငါးပိထောင်း၊ တို့စရာအစုံ၊ ငါးပိရေကို ကြက်သွန်ဖြူ၊ ပုစွန်ခြောက်ထောင်း၊ ရေတ်သီးစပ်စပ်နှင့် ဖျော်သော မြန်မာဟင်းစစ်စစ်များသာ ဖြစ်ပါသည်။

ကြက်သား၊ ဆိတ်သား စသည့် အသားများ ချက်လျှင်လည်း စပါးလင်ကလေး အုပ်၍ မွှေးကြိုင်စွာ စားရသည်မှာ အရသာ ရှိလှပါ၏။

ဘွားသိန်းသည် ရှေးလူကြီးပီပီ၊ ဓာတ်တိုင်နှင့် စားလေ့ ရှိသည်။ တစ်ခါတစ်ရံတော့ အာသာရှိသည်ကို ချက်စားလိုက်ပါသည်။ ထိုအခါမျိုးတွင်–

"လူဆိုတာ စားချင်တဲ့ အစာကို စားချင်တဲ့ အချိန်မှာ စားလိုက်ရတာ ကောင်းတာပေါ့ဟဲ့" ဟု ပြောတတ်သည်။

ကျွန်တော်တို့က တစ်ခါတစ်ရံ ဝက်သား ချက်စားလျှင် ထိုရာသီသည်လည်း ဝက်သားနှင့် မတည့်သော ရာသီမျိုး ဖြစ်လျှင် အဘွားသိန်းက–

"ဟဲ့... ဒီအချိန် ဝက်သားနဲ့ မတည့်ဘူး၊ ပုစွန်တွေ ငါးတွေ စားရတယ်။ နင်တို့ အီချင်ရင် နို့တို့ ထောပတ်တို့ စားချင်စား၊ ဝက်သားတော့ မစားကြနဲ့၊ ဝမ်းတော်သားကုန်မယ်"





ကျွန်တော်တို့က "လူဆိုတာ စားချင်တဲ့ အစာကို စားချင်တဲ့ အချိန် စားလိုက်ရတာ ကောင်းတာပေါ့လို့ ဘွားသိန်းပဲ ပြောတယ် မဟုတ်လား"

ထိုအခါ သူ၏ မရှိတော့သော အောက်သွားများနှင့် တဟဲဟဲ တဟင်းဟင်း ရယ်ရင်း ဆေးပေါ့လိပ်ကြီးကို ကောက်၍ မီးညှိလိုက်လေသည်။

ဘွားသိန်း သောက်လေ့ရှိသော ဆေးပေါ့လိပ်မှာ တစ်ကျပ်လုံးခန့်ရှိ ဆေးပေါ့လိပ် အကြီးကြီးများ ဖြစ်ကြသည်။ မစိန်ညွန့်၊ ကျားမျှ မကော်က် စသည့် ဆေးပေါ့လိပ်များ ဖြစ်သည်။

ဆေးပေါ့လိပ်ကို အချိန်မရွေး သောက်၊ အမြဲတမ်း သောက်၏။ မိုးလင်း မျက်စိနှစ်ကွင်း ပွင့်သည်မှစ၍ အိပ်ရာဝင်သည်အထိ ဆေးလိပ်နှင့် ပါးစပ်ပြတ်သည် မရှိ။ တစ်ရေး နိုးလျှင်လည်း ထသောက်သည်။

သို့ရာတွင် အဘွားကြီးက ခေတ်တော့ အမီသား။

သူသွားလေရာ သူ့လွယ်အိတ်ထဲတွင် 'တိုင်အိုဗစ်' ခေါ် အသည်းဆေး ပါလေသည်။ ရောက်လေရာ အရပ်တွင် အချိန်မှန် သောက်လေသည်။

"ဟဲ့... ဆေးလိပ် သိပ်သောက်တဲ့ လူဟာ ဆေးလေး ဘာလေးတော့ ဆောင်ထားရတာပေါ့။ ပြီးတော့ ပေါက်ပန်းဖြူရွက်လည်း အမြဲတို့စား၊ ဟင်းချိုချက်သောက် လုပ်ရတယ်။ ခွေးတောက်ရွက်တို့ ဖန်ခါးသီးတို့ကိုလည်း တစ်ခါတလေ စားပေးရတယ်။ မျက်စိမှာ ကြည်၊ နားမှာဆိ၊ ဒန္တီမှာသော၊ ဝမ်းမှာခါးတဲ့၊ အခါးများများ စားပေးရတယ်။ စွမ်းတဲ့ ဆေးတွေဟာ ခါးတာချည်းပဲ"

ကြက်ဟင်းခါးသီးကို ကိုယ်တိုင် ကြော်၏။ ပုစွန်ခြောက် နီနီရဲ၊ ဆီနိုင်နိုင်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



"စားဟဲ့ . . မဝါးဘူး"

ကျွန်တော်တို့က တို့ကနန်း ဆိတ်ကနန်း လုပ်နေသောအခါ—

"ဩော် . . စားပဲ စားကြည့်စမ်းပါဦး" ဟု ဆိုကာ ပန်းကန်ထဲ အတင်းထည့်ပေးလိုက်၏။

ထိုသို့မှ မစားချင်စားချင် ဖြစ်နေသေးလျှင် သူ့လက်နှင့် ပါးစပ်ထဲ အတင်းခွံ့လေသည်။ ကျွန်တော်တို့ကို ဗိဘိကလေးများသဖွယ် သဘောထားလေသည်။

ယခုမူ ကျွန်တော် ကြက်ဟင်းခါးသီးကြော်၊ ချဉ်ရေဟင်း၊ ငရုတ်သီးထောင်း၊ ငါးလေးအိုးကပ်ချက်၊ ပဲဟင်းမျိုးစုံ စသည်တို့ကို သားကြီးငါးကြီးများထက် ပို၍ နှစ်ခြိုက်တတ်နေပြီ ဖြစ်သည်။

ဘွားသိန်း၏ အနှစ်ခြိုက်ဆုံး နံ့သာမွှေးမှာ ကရမက် ဖြစ်၏။ ဘွားသိန်းသည် ကျွန်တော်တို့ ငယ်စဉ်က ကျွန်တော်တို့အား တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး ကရမက် လူးပေးလေ့ ရှိသည်။ ကျွန်တော်သည် သနပ်ခါးလူးရမည်ကို အလွန်ကြောက်၏။ ဟိုပြေးသည်ပြေး ပြေးလေ့ရှိ၏။ မိ၍ လူးပေးလျှင် ငိုဖို့တဲ့ဟု ဘွားသိန်း ပြောပြလေသည်။

"ဒါပေမဲ့ သားက သိပ်မအော်ဘူး၊ အော်တာက ဟိုကောင်"

ကျွန်တော့်ညီအလတ်ကို ညွှန်ပြသည်။

"သိန်းသိန်းရယ်"

ကျွန်တော့်အမေသည် သူ့အဒေါ်အား 'သိန်းသိန်း' ဟု ချစ်စနိုး ခေါ်သည်။ ငယ်စဉ်ကတည်းက နှုတ်ကျိုးခဲ့လေသည်ထင့်။

"သိန်းသိန်းရယ်၊ သိန်းသိန်းကလည်း ကလေးတွေကို ကရမက်ချည်း လူးလူးပေးနေတော့ ကလေးတွေ အသားမည်းမှာပေါ့"

ဟုတ်ပါသည်။ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ အသားမည်းကြပါ၏။





"ဩော် . . ညည်းက အသားဖြူသကို။ ညည်းလင်ကလည်း အသားဖြူသကိုး မိုးသွေးနဲ့မြေခွေး ရောထောင်းလို့ ထုံးဖြစ်ပါ့မလား အေရဲ့"

ဟုတ်ပါသည်။ ကျွန်တော့် အဖေက အသားမည်းသည်။ ကျွန်တော့်အမေက အသားညိုသည်။ သည်တော့ ကျွန်တော်တို့က မိုးကျရွှေကိုယ်မို့ အသားဖြူရမည်လား။

"အညော်မိရင် နာဖျားမကျန်း ဖြစ်ရင်တောင် ကရမက်ကို ဆေးအဖြစ်နဲ့ လူးရသေးတာ၊ ဒီအတိုင်း အမြဲလူးတော့ ကျန်းတောင်ကျန်းမာသေး"

— = —

"ဩော် . . သိန်းသိန်းကလည်း ကလေးတွေကို မနက်စောစောစီးစီး ရေချိုးပေးနေပြန်ပြီ။ အအေးမိတော့မှာပဲ"

ကျွန်တော်ကြီးတော်က မြည်တွန်၏။

ဘွားသိန်းက—

"ညည်းတို့ ဘာသိလဲ၊ ရေချိုးတာ မနက်ပိုင်း ချိုးရတယ်။ သိပ်အေးမှာ စိုးရင် ကိုးနာရီ ဆယ်နာရီလောက် ချိုး။ မွန်းလွဲပြီးမှ ရေမချိုးရဘူး။ အဲဒါမှ အပူရှပ်ပြီး ဖျားမှာ၊ မနက်ပိုင်း မချိုးနိုင်ရင် ညနေပိုင်း မချိုးနဲ့တော့"

ဤသြဝါဒကြောင့်ပင် ထင်ပါသည်။ ကျွန်တော် ရေချိုး ပျင်း၏။ သုံးလေးရက်မှ တစ်ခါ ချိုးဖြစ်တော့သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော် အိပ်ရာထ နောက်ကျ၏။ ဟိုလုပ်သည်လုပ်နှင့် ထမင်းစားချိန် ရောက်၏။ ဆာဆာနှင့် စား၏။ ပြီးတော့ မွန်းလွဲပြီ။ "မွန်းလွဲပြီးရင် ရေမချိုးနဲ့" ဟူသော သြဝါဒနှင့် ကျွန်တော် ထိုနေ့အဖို့ ရေမချိုး ဖြစ်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကတော့ ကျွန်တော် ဆင်ခြေကန်ခြင်းသာ ဖြစ်သည်။ အိပ်ရာနိုးနိုးချင်း ချီးလိုက်လျှင်လည်း ဖြစ်နိုင်သည်မဟုတ်ပေ။

ဘွားသိန်းသည် မည်သည့်သား၊ ချွေးမ၊ တူမနှင့်မျှ အမြဲမနေလို။ သူ့ဘာသာ နေလို၏။ သို့သော် သူ့တိုက်ခန်းတွင် နေရသည်မှာ ပျင်းရိလာသောအခါ၊ သို့မဟုတ် သူ့ထံသို့ ကျွန်တော်တို့ တာရှည်စွာ မရောက်ကြသောအခါ သားထံ လည်းကောင်း၊ ချွေးမျိုးများထံ လည်းကောင်း၊ ကျွန်တော်တို့ထံ လည်းကောင်း အပျင်းပြေ လာနေလေ့ရှိ၏။

ကျွန်တော်တို့ထံသို့ လာနေသောအခါတွင် လည်းကောင်း၊ အခြား ချွေးမျိုးသားချင်း အိမ်၌နေသောအခါတွင် လည်းကောင်း၊ သူ့အိတ်ထဲတွင် ငွေစများ ဆောင်ယူလာလေ့ ရှိသည်။ ဤသည်ကို ကျွန်တော်တို့က သိထားပြီး ဖြစ်သဖြင့် ဘွားသိန်း ကျွန်တော်တို့ အိမ်ရှေ့ရောက်သည်နှင့် မသိချင်ဟန်ဆောင်ပြီး ညည်းညူပြသည်။

"ဒုက္ခပါပဲဗျာ၊ မနက်ဖြန် ဈေးဖိုး ဘယ်လိုလုပ်ရမှန်း မသိဘူး။ ဆန်ကလည်း ကုန်နေပြီ၊ ဆီက အဝက်သားလောက်ပဲ ကျန်တော့တာ။ နက်ဖြန်တော့ ပဲပြုတ်တစ်ကျပ်ဖိုးနဲ့ ပြီးရမယ် ထင်ပါရဲ့"

ဤတွင် တစ်ယောက်ယောက်က ဝင်ပြောရသည်။

"ဟော . . ဘဏ်တိုက်ကြီး အိမ်ကို ရောက်လာပြီကွ"

ထိုအခါ ကျွန်တော်တို့ ညီအစ်ကိုများ ကောင်းချီးပြုဘာပေး၍ အဘွားကို တွဲခေါ်ကြလေသည်။

ဘွားသိန်းသည် ကျွန်တော်တို့အိမ် လှေကားလောက်တော့ အပျော့ပင် ဖြစ်သည်။ သူ တစ်ယောက်တည်း ကောင်းကောင်းတက်နိုင်သည်။ သူ့အိမ် လှေကားသည် ကျွန်တော်တို့ အိမ်လှေကားထက် သုံးဆမြင့်မျှ မြင့်သတည်း။





သို့သော် ဘွားသိန်းသည် မြေးများ၏ ပေးကူခြင်းကို ကျေနပ်ကြည်နူးလေ၏။

ကျွန်တော်တို့သည် တစ်ဖက်တွဲ၊ တစ်ဖက်က ဘွားသိန်းအိတ်ထဲ လျှောက်နိုက်နှင့် အိမ်ပေါ်သို့ ပို့သည်။

ထိုင်လျှင် ထိုင်ချင်းပင် ဆေးပေါ့လိပ်ကြီးထုတ်၊ မီးခြစ်ခတ်ပြီး မီးခိုးထောင်းထောင်း ထစေပါတော့သည်။

"ဘွားသိန်း ဘယ်သူနဲ့ စိတ်ကောက်ပြီး ဆင်းလာတာလဲ၊ ဒေါ်သိန်းရှည်နဲ့လား"

ဘွားသိန်းလူကြီးပီပီ စကားအများကြီး ပြော၏။ ဩဇာပေး၏။ ဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့၊ ဘယ်လိုနေ၊ ဘယ်လိုစား စသဖြင့် ခုံမလွှန်း၍ ဘွားသိန်းကို မြေးများက 'ဒေါ်သိန်းရှည်' ဟု ကင်ပွန်းတပ်ထားကြသည်။

ထိုလိုနေ့မျိုးအဖို့ ဈေးဖိုးအတွက် သိပ်ပူစရာ မလိုတော့ပေ။ ကျွန်တော်တို့ တစ်တွေအတွက် ဟင်းတစ်ခွက်တော့ ပိုလာပြီ ဖြစ်လေသည်။

ဘွားသိန်းသည် သူကြိုက်သည့် ဟင်းလျာများကို သူ့ခေတ်တိုင်နှင့်အညီ ချက်ပြုတ်လေသည်။ ဟင်းပြင်လျှင် ကိုယ်တိုင်ပြင်ရမှ ကျေနပ်၏။

"ရေတ်၊ ကြက်သွန်၊ ဆီ၊ ဆား၊ နနွင်း အစပ်အဟပ်ထည့်မှ စားလို့ကောင်းတာ" ဟု ပြောလေ့ရှိသည်။

ထိုကဲ့သို့ ကျွန်တော်တို့အိမ်တွင် 'အလှည့်ကျ' လာနေခိုက်၊ တစ်နေ့တွင် ကျွန်တော်သည် အိမ်အပြန်လမ်း၌ သာကူပြင် အုန်းနို့ခေါက်ဆွဲ၊ နန်းမကြင်း စသည့်အချို စားဖွယ်များကို ဘွားသိန်းနှင့် မေမေ့အတွက် ဝယ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုရာသီသည်လည်း ဘွားသိန်း ပြောသည့်အတိုင်းဆိုလျှင် အုန်းနို့ အုန်းဆီ ကောက်ညှင်း စသည်များကို စားသင့်သည့် ရာသီ (တတ်တိုင်)ဟု သိထား၏။

ထို့ကြောင့် ဘွားသိန်း ကြိုက်လိမ့်မည်ဟု ယူဆပြီး ဝယ်လာခဲ့၏။

တာမွေဈေးမှတ်တိုင်မှ ကားပေါ်တိုးတွေ့အတက်တွင် ကျွန်တော့် အိတ်ထဲမှ ဖောင်တိန်ကို ဆတ်ခနဲ ဆွဲယူသည်ဟု သိလိုက်၏။ ခါးပိုက်နှိုက်။

ထိုဖောင်တိန်ကလေးသည် အဖိုးတန် မဟုတ်ပါ။ ထိုစဉ်က ပြည်သူ့ဆိုင်မှ ထုတ်ပေးသော နှစ်ကျပ်ခြောက်ဆယ့်ငါးပြားခန့်သာ ပေးရသည့် ပြည်သူ့တရုတ်ပြည်လုပ် ဖောင်တိန်အပေါစားကလေး ဖြစ်၏။ သို့ရာတွင် ဖောင်တိန်၏ ချိတ်သည် ပတ်ကား ဖောင်တိန်ချိတ် ပုံသဏ္ဌာန် မြားတံကလေးပုံ ဖြစ်နေ၏။

ခါးပိုက်နှိုက်သည် ပတ်ကားဖောင်တိန် အမှတ်ဖြင့် နှိုက်ဟန်တူသည်။ နှစ်ကျပ်တော့်ကျော်သာ တန်သည့် ပစ္စည်းမို့ လျစ်လျူရှု၍ ရနိုင်သော်လည်း။ ကျွန်တော်သည် ထိုဖောင်တိန်ကလေးကို နှစ်သက်နှမြောသော အချက်တစ်ချက် ရှိ၏။ နစ်အပြားကြီးပြီး စောင်းရေးဖန် များသဖြင့် ရေးလိုက်သောအခါ စာလုံးများသည် အချို့အဝိုက်အချ၍ အပြားသေးနေ၏။ ရိုးရိုးပင် ရေးသော်လည်း ပန်းချီစာလုံးများကဲ့သို့ ထင်ရသည်။ ကျွန်တော်သည် ထိုအချိန်က ပန်းချီဆရာကြီး ဦးဘရင် ကလေး၏ လက်ရေးစာလုံးများကို တု၍ ရေးနေ၏။

ထိုဖောင်တိန်ကလေးနှင့် ရေးလျှင် ပန်းချီစာလုံးနှင့် အတော် အတန် တူသည်။ ထို့ကြောင့် ထိုဖောင်တိန်ကလေးကို အဖိုးမတန်





သော်လည်း နှစ်သက်နေမိသည်။ ထို့ကြောင့် ကျွန်တော် ကားပေါ်မှ ခုန်ဆင်းလိုက်သည်။ နှိုက်သော လူငယ်၏ ဂုတ်ကို ဆွဲလှည့်လိုက်သည်။

သူ့လက်ထဲမှာ ဘာမျှမရှိ။ ကျွန်တော့်လက်ကို ပုတ်ချသည်။ ကျွန်တော် မြဲမြဲဆုပ်ထားသည့် လူငယ်၏ အသက်မှာ ရှိလှမှ ဆယ့်ငါး နှစ်ခန့်။

"ငါ့ညီ ကိုယ့်ဖောင်တိန်က အဖိုးမတန်ပါဘူးကွာ ပြန်ပေးပါ"

"ဘာတွေ လာပြောနေတာလဲ ပေါက်နေသလား"

"ဟေ့ကောင်.. ကောင်းကောင်း ပြောလို့ မရရင်"

"ခွပ်"

ကျွန်တော်က ထိုးလိုက်ခြင်း မဟုတ်ပါ။ သူ့အဖော်တစ်ယောက က ကျွန်တော့်နောက်မှ ဝင်ပြီး ကျွန်တော့်ကို 'ဘော' ထည့်လိုက်ခြင်း ဖြစ်၏။

ကတ္တရာလမ်းပေါ် ဖင်ထိုင်လျက် ကျသွားသည်။ မူးနောက် နောက် ဖြစ်သွားသည်။ တောင်မြောက်လေးပါး ကြည့်သောအခါ သူတို့ကို မတွေ့ရတော့။

"ခါးပိုက်နှိုက်.. ခါးပိုက်နှိုက်"

ကျွန်တော် အော်ဟစ် အကူအညီ တောင်းသည်။ ဘတ်စ်ကား ဆိပ်တွင် လူအများ ရှိလေ၏။ တုတ်တုတ်မျှ မလှုပ်ကြ။ ဘတ်စ်ကား လာရာဆီသို့သာ မျှော်ကြည့်နေကြ၏။ ထိုအခိုက် ကတ္တရာများ လျှံ ထွက်လျက် လိမ့်လာသော တိုင်ကီကြီးကဲ့သို့ ခရီးသည် တို့လို့တွဲလောင်း နှင့် ဘတ်စ်ကားတစ်စီး ဆိုက်လာသည်။ ကျွန်တော့်အား ကူညီမည့်သူ ပေး၍လှည့်ကြည့်မည့်သူပင် မရှိ။ ဘတ်စ်ကားပေါ် ရောက်ရှိနေသော အားသွန် ခွန်စိုက် ကြိုးစား နေကြတော့သည်။ ကျွန်တော် မိတ်ပျက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ထရပ်လိုက်သည်။ ခုမှ သတိထားမိ၏။ လက်ထဲတွင် အမေနှင့်အဘွား အတွက် ဝယ်လာသော သာကူပြင် အုန်းနို့ဆမ်း အထုပ်ကလေးရှိသဲ။ ဖြစ်ပျက်နေသော အချိန်တစ်လျှောက်လုံး ကျွန်တော် ထိုအထုပ်ကလေး ကို မြဲမြဲပင် ဆွဲထားမိခဲ့လေသည်။

ထိုနေ့ညက ကျွန်တော် ဝယ်လာသော သာကူပြင်အုန်းနို့ဆမ်း ကို ဘွားသိန်းနှင့်မေမေတို့ နှစ်သက်စွာ စားကြသည်။

"ကောင်းသားပဲ‥ ဘယ်က ဝယ်လာတာလဲ"

ခါးပိုက်နှိုက် ထိုးလိုက်သဖြင့် နာကျင်သော ဝေဒနာ ပျောက် သွား၏။

နောက်တစ်နေ့ နံနက်တွင် ဘွားသိန်းသည် ကျွန်တော့်အတွက် ငါးပုဏ္ဏားဆီပြန် ဟင်းချက်ထားလေသည်။

မြစ်ရေတို့သည် အထက်မှ အောက်သို့ စုန်ပါသည်။

အောက်မှအထက်သို့ ဆန်သော ဒီရေသည် မြစ်ဝထက် မကျော်နိုင်။

– = –

ဘွားသိန်း ကောင်းကောင်း နေမကောင်း။ တရှောင်ရှောင် ဖြစ်နေသည်ဟု ကြားရသည်။

ဘွားသိန်းထံ သွား၏။ ခြေထောက်ကို မုဒ့်စောင်ပါးကလေး လွှမ်း၍ အနိုပ်ခံနေသည်။ ရှူဘူးကလေးနှင့် နာ၀တွေ့ထားသည်။

"ဘွားသိန်း နေမကောင်းဘူးဆို"

"နည်းနည်းပါးပါး။ မူးသလိုလို မောသလိုလို ဖြစ်လို့"

"ဆရာစုန် မပြဘူးလား"





"အေး‥ ညနေတိုင်း လာတယ်။ 'ဘားပလက်' ကလေး ထိုးလိုက်ရင် အားရှိသွားမှာပါ"

သူ့သားကြီးသည် ကျန်းမာရေးမှူး ဖြစ်၏။ နယ်တွင် တာဝန် ထမ်းရ၏။ သူ့သားကြီးက ဘွားသိန်းထံ ရောက်ခိုက်ဆေးထိုး၊ ဆေး တိုက်ပြုလေ့ ရှိသည်။ ထိုဆေးများ၏ အမည်များကို မှတ်ထားသည်။

သားကြီး မရှိခိုက် အနည်းငယ် နာမကျန်း ဖြစ်၍ ဆရာဝန် ခေါ်ပြသောအခါ ဘွားသိန်းက–

"ငါ့ကို 'တားပလက်' ထိုးပေး။ 'ဘီတွဲလ်' ထိုးပေး။ 'အနက် ဂျက်ဆင်' ထိုးပေး စသဖြင့် ဆရာကို ဆရာ ပြန်လုပ်လေ့ ရှိသည်။

အသက်ရှစ်ဆယ်အရွယ်ရှိ ဘွားအိုကြီးကို ဆရာဝန်များက ငြင်းခုံမနေတော့။

"ဟုတ်ကဲ့ အမေကြီး။ ဘီတွဲလ်ထိုးပေးမယ်" ဟု ပြောပြီး သင့်လျော်သော ဆေးများကို ထိုးပေး၊ တိုက်ကျွေးကြလေသည်။

သို့ရာတွင် ဘွားသိန်းတစ်ယောက် သေကောင်ပေါင်းလဲ ဖြစ်နေ ပြီဆိုသော သတင်းကို ဘယ်တုန်းကမှ မကြားဖူးဘူးပေ။ သူသည် သူ့ကိုသူ ကောင့်ရှောက်ထိန်းသိမ်းရာ၌ အလွန်ဂရုတစိုက် ရှိသော အဘွားကြီး ဖြစ်၏။

ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်၏။ သူ့နည်းမှာ မိရိုးဖလာ မြန်မာရိုးရာနည်းများ ဖြစ်လေသည်။ အရိယာပုတ် မျှတစွာ နေထိုင်သွားလာ လှုပ်ရှားခြင်း။ ထိုင်ခြင်း၊ ထခြင်း၊ သွားခြင်း၊ လျောင်း ခြင်းတို့ကို မျှတစွာ ပြု၏။ အစားအသောက်ကို ချင့်ချိန်စားသောက်၏။ စာတ်စာမှိုခဲ၏။ သို့နှင့် အသက်ရှစ်ဆယ်ကျော်သည်အထိ ကျန်းမာ ဝကာတိ ချမ်းသာစွာ ရှိနေလေသည်။ မျက်စိမှုန်သည်မှအပ ထူးထွေ ဆန်းပြားသော ရောဂါဘယ မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



လွှန့်ခဲ့သော သုံးလေးငါးလက "ငါကောင်းကောင်း နေမကောင်းဘူး" ဟု ပြောရင်း၊ ကျွန်တော်တို့ အိမ်သို့ အလည့်ကျ လာနေသေးသည်။

ကောင်းကောင်း နေမကောင်းဟု ဆိုသော်လည်း သွားလာလှုပ်ရှားလျက်ပင် ရှိ၏။

သူ နေထိုင်ရာ ကန်တော်ကလေးမှ ကျွန်တော်တို့ နေထိုင်ရာ သဃ်န်းကျွန်းအထိ 'ဆိုက်ကား စီးလုံးငှား' ၍ လာနိုင်လေသည်။

အိမ်တွင် နေစဉ်အတွင်း ခြေဆုပ်လက်နယ်မှအပ အထူးအထွေ ပြုစုစရာ မလိုပေ။

"နည်းနည်းမူးတယ်" ဟု ပြောလျှင် အိပ်ရာထဲ ပို့ပေးရသည်။ လဲလျောင်းသည်။

တစ်ခဏကြာလျှင် အမူးပြေပြီဟု ပြောရင်း ထလာတတ်သည်။

"ဘယ့်နှယ်ကြောင့် ချက်ချင်း အမူးပြေသွားတာလဲ" ဟု မေးလျှင်-

"အိပ်ရာထဲ လှဲရင်း တရားမှတ်နေလိုက်ရင် အမူးပျောက်တာပဲ" ဟု ပြန်ပြောလေသည်။

ထွက်သက်ဝင်သက် လေကို နှာသီးဖျား၌ အာရုံထား၍ တရားမှတ်လိုက်ခြင်းဖြင့် သူ၏ အမူး ဝေဒနာ ပျောက်ကင်းလေ့ ရှိသည်။ မကြာမီက မြောက်ဥက္ကလာပရှိ သူ့တူ၊ တူမများထံ သွားရောက်နေထိုင်သည်။ တစ်နေ့တွင်-

"သိန်းသိန်း နေမကောင်းဘူးတဲ့၊ အမေသွားလိုက်ဦးမယ်" ဟု ကျွန်တော့်အမေက ပြောပြီး ထွက်သွားသည်။

"လူကြီးဆိုတော့ တရှောင်ရှောင်ပေါ့ကွယ်၊ သိပ်မဖြစ်ပါဘူး။ နည်းနည်းပါးပါး အဂ္ဂရှုအဖျားနဲ့ တူပါတယ်" မေမေက ပြန်ရောက်လျှင် ရောက်ချင်း ပြောပြသည်။





မည်သူမျှလည်း မစိုးရိမ်ကြပေ။ "သည်အဘွားကြီး ကိုးဆယ်တစ်ရာတော့ နေသွားမှာပါ" ဟု မှတ်ချက်ချပြီးသား ဖြစ်နေကြသည်။

– = –

ထိုနေ့တွင် ကျွန်တော် အနည်းငယ် မကျန်းမာသဖြင့် ဆေးတိုက်သွားရသည်။

ဆေးတိုက်ကအပြန်တွင် မေမေသည် သူ့လက်ဆွဲတော် ပလပ်စတစ် ဆွဲခြင်းကလေးကို လက်မောင်း၌ ချိတ်လျက် အိမ်မှ ထွက်လာသည်ကို တွေ့ရသည်။

"မေမေ ဘယ်လဲ" ဟု မေးသောအခါ-

"သိန်းသိန်းဆီ ခဏသွားမလို့" ဟု ဖြေသည်။ ထိုနေ့ညတွင်ပင် ဘွားသိန်း ဆုံးသွားကြောင်း ကြားသိရ၏။

ကျွန်တော့်အဖေသည် ဩဝါဒတစ်ခု ပေးဖူး၏။

"ဘယ်သူဖြစ်ဖြစ် မသေခင် တတ်နိုင်သလောက် ပြုစု၊ သေပြီးမှ ရင်ဘတ်စည်တီး ငိုနေလို့ အပိုပဲ" ဟူသတည်း။

ကျွန်တော်သည် ဘွားသိန်းကို မပြုစုလိုက်ရသဖြင့် ယူကျုံးမရဖြစ်မိသည်။ ကျွန်တော်တို့အား ငယ်ရွယ်စဉ်ကလေး ဘဝမှ လူလားမြောက်သည်ထိ ပြုစုယုယ ဆိုဆုံးမခဲ့သော ဘွားအေတစ်ယောက်ကို မသေမီ အနီးကပ် မပြုစုရ၍ ဝမ်းနည်းမိသည်။ အဘွား၏ နောက်ဆုံးခရီးကို လိုက်ပို့လိုလှ၏။ သို့သော် အမေက-

"ဘာဝေးမှာလဲ" ဟု ပြောသွားသည်။

ပြန်စဉ်းစားကြည့်သောအခါ ဟုတ်နေသည်။ အဘွား၏ အသက်ဝိညာဉ် မရှိတော့သော ရုပ်ခန္ဓာ အတ္တဘောကြီးသည် မကြာ



www.burmeseclassic.com

www.burmeseclassic.com



မီ ပြာဖြစ်ပေတော့မည်။ သည်တော့ ဘာထူးမည်နည်း။ မသေမီက တတ်နိုင်သမျှ ပြုစုခဲ့ပြီး မဟုတ်ပါလား။

အသုဘအိမ်မှ ပြန်လာသောအခါ မေမေက အောက်ပါအတိုင်း ပြောပြလေသည်။

"အိပ်ပျော်နေတဲ့ အတိုင်းပါပဲ သွားရယ်၊ ဘာမှ ဝေဒနာ မခံစားသွားရပါဘူး"

မေမေသည် 'စိတ်ထား' တတ်သူတစ်ဦး ဖြစ်၏။ သူ့အဒေါ် အရင်းခေါက်ခေါက် ဆုံးသည့်အတွက် ဝမ်းနည်းပါလိမ့်မည်။ မျက်ရည် ကျခဲ့ပါလိမ့်မည်။ သို့သော် ပြင်းထန်စွာ ငိုကြွေး မြည်တမ်းခြင်းတော့ မဟုတ်နိုင်ရာ။

"ဘာဖြစ်လို့ ဆုံးတာတဲ့လဲ မေမေ"

"ဘာမှ မဖြစ်ဘူး။ ဒီလိုတဲ့၊ ညနေစောင်းက ပုစွန်ဟင်းနဲ့ ထမင်း စားသတဲ့၊ ညအိပ်ခါနီးကျတော့ ကော်ဖီနဲ့ မုန့်နဲ့ စားသေးသတဲ့၊ ဆယ့်တစ်နာရီလောက်ထိ ထိုင်စကား ပြောနေသေးတယ်တဲ့၊ အိပ်ရာထဲ ဝင်ပြီး ဆယ့်နှစ်နာရီလောက်ကျတော့ အစ်ကိုမြကို နှိုး၊ နည်းနည်း မူးတယ်ပြော၊ ဆရာဝန်သွားခေါ်ခိုင်းသတဲ့။ မနက်ကျောင်းသွားရမယ့် ကလေးတွေ မနှိုးနဲ့၊ ငါသိပ်ဖြစ်တာ မဟုတ်ဘူး။ နည်းနည်းမူးရုံမူးတာလို့ ပြောသေးသတဲ့၊ အဲဒါနဲ့ ဆရာဝန် ခေါ်ကြရော ဆိုပါတော့၊ အဲဒီအချိန် မှာ မိန်းပြီး တရားမှတ်နေသေးတယ်တဲ့။ ဆရာဝန် ရောက်လာတော့ "ငါ့ကို သွေးပေါင်ချိန် တိုင်းပေးစမ်းပါဦးလို့" သူကပဲ ညွှန်ကြားနေသေး သတဲ့၊ ဆရာဝန်ကလည်း ရင်းနှီးပြီးသားဆိုတော့ "ဟုတ်ကဲ့အဘွား" ဆိုပြီး သွေးပေါင်ချိန် တိုင်းမေး၊ အော်... သွေးပေါင်တိုင်းတုန်းပဲ အသက်ထွက်သွားသတဲ့၊ မျက်ဖြူဆိုက်တာတို့၊ တွန့်တာတက်တာတို့ ဘာမှ မရှိ၊ အိပ်ပျော်သွားသလိုပဲ သေလိုက်တာတဲ့"





မေမေသည် လွမ်းလွမ်းဆွေးဆွေး တမ်းတမ်းတတ ပြောဆိုနေ ပုံမျိုး မဟုတ်။ အဖြစ်အပျက်တစ်ခုကို ပြန်ပြောပြသကဲ့သို့သာ ရှိ၏။

ပြီးတော့ ဆက်၍ ပြောသေးသည်။

"အမေကြီးတို့ အမေကြီးတို့ သေတုန်းကလည်း ဒီလိုပဲ၊ အမေကြီး သေတော့ အသက် ကိုးဆယ်ကြီးကို ကျော်ပြီ၊ အမေကြီးက သူက သွားနှင့်ပြီကိုးလို့ပဲ ပြောသတဲ့၊ ဘာကြာလဲ တစ်လလား ခြားတယ်၊ အမေကြီးက ဘုရားဝတ်ပြုပြီး အိပ်ရာထဲ လှဲနေရင်း အသက်ထွက်သွားတာပဲ"

အမေကြီး အမေကြီး ဆိုသည်မှာ ကျွန်တော်တို့၏ အဘိုး အဘွားများ ဖြစ်ပါသည်။

"အဖေနဲ့ အမေဆုံးတော့လည်း ညင်ညင်သာသာပါပဲ၊ တို့အမျိုးက ညင်ညင်သာသာပဲ သေလေ့ရှိတယ်"

သေခြင်းတရားကိုပင် ဂုဏ်ယူ၍ ပြောနေချေသေးတော့၏။

"ပြန်လာတော့ မောင်မောင်လှကတောင် ပြောသေးတယ်"

မောင်မောင်လှ ဆိုသည်မှာ ကျွန်တော့်အဖေ၏ တပည့် ဖြစ် သည်။ အဖေက သားအရင်းကဲ့သို့ပင် စောင့်ရှောက်ထားသူ ဖြစ်၏။

"မောင်မောင်လှကတောင် ပြောသေးတယ်။ မမရယ် ကျွန်တော် ဖြင့် ဘွားသိန်း သေပုံမျိုးနဲ့ သေချင်တယ်၊ ကျွန်တော် သေရင် အဲဒီလို မျိုး သေပါစေလို့ ဆုတောင်းမိတယ်တဲ့"

ဘွားသိန်း ရက်လည်သောနေ့၌ ကျွန်တော်တို့ သွားကြသည်။ ငိုယိုတမ်း တလွမ်းဆွေ ပူပန်သောက ရောက်ခြင်း လက္ခဏာများ ထူးခြားစွာ မတွေ့ရ။ မသာအိမ်နှင့်မတူ ဆွေမျိုးများ ပြန်လည်ဆုံစည်း ကြခြင်းနှင့်ပင် တူသေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့သားများက လွမ်းဆွတ်စွာ ပြောသည်ဟု ထင်ရသော စကားတစ်ခွန်းကိုသာ ကြားရလေသည်။

"အမေရှိရင် တို့စီစဉ်ရမှာ မဟုတ်ဘူး။ သူ စီစဉ်ရင် အားလုံး အဆင်ပြေသွားတာချည်းပဲ" ဟုသာတည်း။

။ = ။

၁၉၇၉ ခု၊ နိုဝင်ဘာလ၊ ငွေတာရီ



၅

## ဓားဇာတ်လမ်း

မောင်စိန်သောင်းသည် စာရေးသမား ဖြစ်၏။ သို့သော် သူသည် အပျင်းထူ၏။ လက်ထဲ၌ သုံးစရာ အသင့်အတင့် ရှိနေလျှင် စာရေးရန် မဆိုထားဘိ၊ ရေတွင်းမှ ရေငင်ရန်ကိုပင် မကြိုးစား။ ရေစည်းလှည်း ဝယ်၍ သုံးရေ၊ ချိုးရေ၊ သောက်ရေ အသုံးပြု၏။ ငွေအနည်းငယ် ရှိနေလျှင် အပါးဆို၏၊ ငွေစ မရှိတော့အခါတွင်တော့..

မောင်စိန်သောင်း သိပ်မမှု။ ရေသောက် ပိုလ်မှောက် အိပ်လိုက်လျှင် ပြီးတာပဲဟု ဆုံးဖြတ်ထားသည်။ လွန်ခဲ့သော နှစ်လခန့်က မောင်စိန်သောင်း၏ ဝတ္ထုတစ်ပုဒ်ကို ရုပ်ရှင်ကုမ္ပဏီတစ်ခုက ဝယ်ယူ၏။ မောင်စိန်သောင်း မြက်မြက်ကလေး ရလိုက်သည်။ မောင်စိန်သောင်းနှင့် ရုပ်ရှင်ကုမ္ပဏီတို့ ဆွေးနွေးကြသောအခါ မောင်စိန်သောင်းသည် ခပ်ညည်တည်ပင်၊ "မယူချင်နေ ဒီငွေဒီမျှ မရလျှင် မရောင်းပါ" ဆိုသော သဘောနှင့်။ ထိုနေ့က မောင်စိန်သောင်းသည် အိပ်ရာထ နောက်ကျစွာ



www.burmeseclassic.com

www.burmeseclassic.com



နိုးထလာသည်။ မောင်စိန်သောင်း၏ ဇနီးသည် မောင်စိန်သောင်းအား နိုးလှုပ်နိုးချင်း ပြော၏။ "အကို ညည်းသည် ရောက်နေတယ်" မောင်စိန်သောင်းက အိပ်ချင်မူးတူးဖြင့် "အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ မြန်မြန်သွားတွေ့လိုက်ပေါ့"

မောင်စိန်သောင်းတို့၏ အိမ်သည် ဧည့်ခန်းနှင့် အိပ်ခန်းထရံ တစ်ချပ်သာ ခြား၏။ ထိုသို့ ပြောနေသော အိပ်ခန်းမှ စကားသံများကို ဧည့်ခန်းဟု ခေါ်ဆိုအပ်သော အိမ်ရှေ့အပြင်ခန်းကလေးတွင် ထိုင်နေသည့် ဧည့်သည် အတိုင်းသား ကြားနေရ၏။ "ဘာဖြစ်လို့ မြန်မြန် သွားတွေ့ရမှာလဲ။ မျက်နှာတောင် မသစ်ရသေးတဲ့ ဥစ္စာ"

ထိုအခါ မောင်စိန်သောင်း၏ ဇနီးသည် အသံအုပ်အုပ်ဖြင့် နားနားကပ်ပြော၏။

"ရုပ်ရှင်ကုမ္ပဏီကတဲ့ အကိုရဲ့။ အကို့ဝတ္ထု ဝယ်မလို့တဲ့"

မောင်စိန်သောင်း ခေါင်းထောင်ထသည်။ ရုပ်ရှင်ကုမ္ပဏီက ဝတ္ထု ဝယ်မည်ဆိုလျှင် အနည်းဆုံး သုံးလေးထောင်တော့ ရမည်။ သိပ်ကြိုက်လျှင် သောင်းဂဏန်း ဖြစ်မည်။ ဟုတ်ပေ့။ မောင်စိန်သောင်း အိပ်ရာမှ လူးလဲထသည်။ နောက်ဖေး ကပြင်တွင် ကပျာကယာ မျက်နှာသစ်သည်။ နေမြင့်မှ မျက်နှာသစ်ရသည်မှာ မျက်စိကျိန်း၏။ သူ့ဇနီး ယူလာသော ညစ်ညိုညို မျက်နှာသုတ် ပဝါကို မစောင့်တော့ဘဲ သူ့လုံချည် အသာဖြေ၍ မျက်နှာသုတ်လိုက်သည်။

မျက်နှာသုတ်ပဝါ ယူလာသော သူ့ဇနီးက မျက်စောင်း တစ်ချက် ခဲလိုက်သည်။

ညက ဆေးပေါ့လိပ်တို လက်ကျန်ကို ကောက်ခဲ၍ အိမ်ရှေ့ ထွက်ခဲ့သည်။





ရုပ်ရှင်ကုမ္ပဏီမှဆိုသော ပုဂ္ဂိုလ်များ။ သူ့အိမ်ရှေ့ခန်းတွင် ထိုင် လျက် ရှိသည်။ သူ့ဧည့်ခန်းတွင် ဧည့်ခံစားပွဲ မရှိသဖြင့် ဖျာခင်း၍ ရေနွေးကြမ်းအိုး ချပေးထားရုံ ရှိသည်။

ဤသည်ပင် သူ့ဇနီး မနှင်းရည် စီစဉ်ထား၍ ဖြစ်သည်။ သူ့ အတိုင်းသာဆို ရေနွေးကြမ်းအိုး မပြောနဲ့ သောက်ရေအိုးပင် အိမ်တွင် ရှိမည် မဟုတ်ချေ။ မောင်စိန်သောင်းကား ဤမျှ အပျင်းထူသူ ဖြစ် သည်။

ရုပ်ရှင်ဆရာများကို ကြည့်လိုက်သောအခါ တစ်ယောက်က ပန်းပွင့်ရိုက် အင်္ကျီလက်တိုနှင့် အခြားတစ်ယောက်က တိုက်ပုံအင်္ကျီ၊ ရိုးရိုးလုံချည်တို့နှင့် အိတ်အမည်းပြားပြားကို ပေါင်ပေါ်တင်ထားသည်။ လူငယ်တစ်ယောက်က ခပ်လှမ်းလှမ်းတွင် ထိုင်နေသည်။

မောင်စိန်သောင်းက စတင် နှုတ်ဆက်ရသည်။

"ကျွန်တော် မောင်စိန်သောင်းပါ၊ ဘာကိစ္စများ ရှိပါလိမ့်"

တိုက်ပုံအင်္ကျီနှင့် လူက ပြန်ပြောသည်။

"ကျွန်တော်တို့ စိန်သံမဏိ ရုပ်ရှင်ကပါ။ ဆရာ့ဝတ္ထုတစ်ပုဒ်နဲ့ ပတ်သက်ပြီး ရုပ်ရှင်ရိုက်ဖို့ ကိစ္စ ဆွေးနွေးချင်လို့ပါ"

ထိုအခါ တိုက်ပုံအင်္ကျီဆရာက ကွက်ကြားပန်းပွင့်ရိုက်အင်္ကျီနှင့် ပုဂ္ဂိုလ်အား ညွှန်း၍–

"ဒါ . . ဒါရိုက်တာ ဦးဖိုးလူပါ"

"ဟုတ်ကဲ့ . . တွေ့ရတာ ဝမ်းသာပါတယ်"

ဦးဖိုးလူက–

"ဟုတ်ကဲ့ ဝမ်းသာပါတယ်။ ဆရာ့ဝတ္ထုက အထွက်ကြပေမဲ့ ကျွန်တော်တို့ စောင့်ဖတ်ပြီး သဘောကျ ကျေနပ်နေကြတာပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် သမီးက ပြောတယ်ဗျ။ အခု ဆရာ့နောက်ဆုံး ဝတ္ထုဟာ ရုပ်ရှင်ရိုက်လို့ သိပ်ကောင်းမှာပဲတဲ့။ ဒါနဲ့ ကျွန်တော် ဖတ်ကြည့်တော့ ကျွန်တော်လည်း သဘောကျတယ်။ အဲဒါ"

မောင်စိန်သောင်း နည်းနည်း အောင့်သွားသည်။ ထိုဒါရိုက်တာသည် သူကိုယ်တိုင် စာမဖတ်ဘဲ သူ့သမီး ဖတ်ပြီးသားကိုမှ ထပ်ဖတ်သည်။ ဘယ့်နှယ်ပါလိမ့်။

ဒါရိုက်တာက ဆက်ပြောသည်။

"ဒီလိုဗျ။ ကျွန်တော့် သမီးက ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ သူတို့လို မြီးကောင်ပေါက်တွေ ကြိုက်ရင် ပိုက်ဆံရတတ်တယ်ဗျ။ ဒါကြောင့် သူတို့နဲ့ပဲ ရေချိန်တိုင်းနေရတယ် ဟဲ..ဟဲ၊ သူတို့ကြိုက်ရင် လူငယ်ပရိသတ် ကြိုက်တာပေါ့ဗျာ"

မောင်စိန်သောင်း တော်တော် စိတ်ညစ်သွားသည်။ ဤကဲ့သို့သော ရုပ်ရှင်ဒါရိုက်တာမျိုးလည်း ရှိသေးသကိုး။

"ဟုတ်ကဲ့..ဟုတ်ကဲ့"

ပြောစရာစကား မရှိသဖြင့် "ဟုတ်ကဲ့" သာ "ဟုတ်ကဲ့" လိုက်ရသည်။ ဘာ "ဟုတ်ကဲ့မှန်း" သူ့ဘာသာ သူမသိ။ ဒါရိုက်တာက ပြောပြန်သည်။

"ကျွန်တော်တို့ အနုပညာသမားဆိုတာက ပရိသတ်အကြိုက် လည်းလိုက်၊ ကိုယ်ဖန်တီးချင်တဲ့ အနုပညာလည်း ဖန်တီး။ ဒါမှ အနုပညာသက် ရှည်မှာ မဟုတ်လား ဆရာရဲ့"

"အင်း အေးလေ ဟုတ်ပါတယ်။ အဲ အဲ ဒီလိုပေါ့"

မောင်စိန်သောင်းသည် သူ့ဝတ္ထု ဝယ်မည်ဆို၍ လိုရင်းစကား ရောက်အောင် သည်းခံစောင့်ဆိုင်းနေရသည်။

ဒါရိုက်တာက ဝင်ပြောသည်။





"ဒီလိုပါ ဆရာကိုစိန်သောင်း၊ ကျွန်တော်တို့ ကုမ္ပဏီ ပိုင်ရှင်က ဆရာ့ဝတ္ထု 'နီလာနန္ဒာ မြသားလွှာ'ကို ရုပ်ရှင်ရိုက်ချင်ပါတယ်တဲ့၊ အဲဒါ ဒီက ဒါရိုက်တာဦးဖိုးလူနဲ့ ဆရာနဲ့ တိုင်ပင်ပြီး အဆင်ပြေမယ်ဆိုရင် ရုပ်ရှင်ရိုက်ဖို့ ဝယ်ချင်ပါတယ်"

"ဟုတ်ကဲ့ ကောင်းပါတယ်"

"အဲဒီတော့ကာ"

တိုက်ပုံဆရာက ဒါရိုက်တာဘက် လှည့်၍-

"ဆရာ ရိုက်ချင်တဲ့ သဘောအတိုင်း ပြင်ဆင်ချင်တာကလေးတွေ ဆရာကိုစိန်သောင်းကို ပြောပြလိုက်ပါဦး"

ဒါရိုက်တာက-

"ဒီလိုပါ ဆရာ၊ ဆရာ့ပညာကိုတော့ လေးစားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရုပ်ရှင်မှာက ငွေအရင်းအနှီးလည်းများ၊ ပရိသတ် မကြိုက်လို့ ရှုံးသွားရင်လည်း နာလန် ပြန်ထူဖို့ တော်တော်ခဲယဉ်းလေတော့ ပရိသတ်အကြိုက်ကို ပထမ ဦးစားပေးရပါတယ်။ ကျွန်တော်တို့ ဒါရိုက်တာတွေ အနေနဲ့ကလည်း အနုပညာကို မြတ်နိုးပေမဲ့လို့ ပရိသတ် အကြိုက် မရိုက်နိုင်ရင် စားအိုး ကွဲမှာမို့လို့လေ ဟဲ ဟဲ"

မောင်စိန်သောင်း ချဉ်စ ပြုပြီ။

"လိုရင်းကိုသာ ပြောပါ ဦးဖိုးလူ"

"ဒီလိုပါ ဆရာ၊ ဆရာ့ဝတ္ထု ဇာတ်သိမ်းမှာ မင်းသမီးနဲ့ မင်းသား ညားသလိုလို မညားသလိုလိုနဲ့ သူတို့ဘဝ သူတို့ဘာသာ ရုန်းကန် လှုပ်ရှားနေတဲ့အကြောင်း ရေးရင်း သိမ်းထားတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ တစ်ချိန်ချိန်မှာ သူတို့ ညားချင်လည်း ညားမပေါ့၊ မညားချင်လည်း မညားဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ရုပ်ရှင်မှာက ဇာတ်ပေါင်းပေးရလေ့ ရှိပါတယ်။ အဲဒီတော့ကာ ဇာတ်သိမ်းမှာ သီချင်းကလေးတစ်ပုဒ် နောက်ခံထည့်ပြီး မင်းသမီး မင်းသား ညားသွားတယ်လို့ ရိုက်ချင်ပါတယ်။ ရှေ့က ရေးတဲ့ ဇာတ်ကွက်တွေကိုတော့ ဆရာ့ဝတ္ထုအတိုင်း ရိုက်ပါမယ်၊ အဲဒါ ဆရာ သဘောတူနိုင်ပါ့မလား"

မောင်စိန်သောင်း စဉ်းစားသည်။

သူ့ဝတ္ထုတွင် သူ့ဇာတ်ကောင်များ၏ ဘဝကို အရှိအတိုင်းနှင့် အနီးစပ်ဆုံးဖြစ်အောင် ကြိုးစားထားသည်။ ဇာတ်ပေါင်းခန်း သိမ[illegible] ညားကြလေသတည်း။ ကွဲကြလေသတည်း။ သေကြ[illegible] စသဖြင့် ထည့်မရေး၊ ရေးရန်လည်း မလိုဟု သူ[illegible]သည်။ ယခု ရုပ်ရှင်ဆရာက ဇာတ်ပေါင်းစေချင်သည်။ သည်တော့ မောင်စိန်သောင်း ဆုံးဖြတ်လိုက်သည်။ သူတို့ဘာသာ ပေါင်းချင်တာ ပေါင်းပေ့စေပေါ့။

"ဇာတ်ပေါင်းခန်း၊ အဲလေ ညားသွားတယ်လို့ ရိုက်ချင်လည်း ရိုက်ပါ။ ကျွန်တော် သဘောတူပါတယ်"

"အိုကေ . . ဆရာ"

တိုက်ပုံဆရာက စကားဆက်သည်။

"ကျွန်တော်က ကုမ္ပဏီ မန်နေဂျာပါ။ ဆရာတို့နှစ်ယောက် သဘောတူပြီဆိုရင် ဆရာနဲ့ ငွေရေးကြေးရေးကိစ္စ ဆွေးနွေးပါရစေ။ ဆရာ့ဝတ္ထုခ ဘယ်လိုသတ်မှတ်မှာလဲ"

မောင်စိန်သောင်း အဖြေရ ကျပ်သွားသည်။ တစ်ခါမှ ရုပ်ရှင်ကုမ္ပဏီသို့ ဝတ္ထု မရောင်းဘူးပါ။ ရိုးသားစွာပင် ပြန်ပြော၏။

"ကျွန်တော် ရုပ်ရှင်ရိုက်ဖို့ ဝတ္ထု မရောင်းဖူးပါဘူး။ ဈေးလည်း မသိပါဘူး။ ဆရာတို့ ထုံးစံက ဘယ်လောက် ရှိပါသလဲ"





"ဒီလိုရှိပါတယ်။ တချို့လည်း နှစ်ထောင်၊ တချို့လည်း သုံးလေးထောင်၊ တချို့ဆရာကြီးတွေကျတော့လည်း တစ်သောင်း၊ သောင်းငါးထောင်အထိ ရှိပါတယ်။ အဲဒီတော့ ဆရာ့အနေနဲ့ စဉ်းစားပေါ့"

မောင်စိန်သောင်းသည် နာမည်ကျော် ဆရာကြီးလည်း မဟုတ်၊ ဆရာပေါက်စလည်း မဟုတ်။ စကောစက ဆရာလတ် ဖြစ်သည်။ ကြားချ စဉ်းစားသောအခါ ငါးထောင်လောက် ရလျှင် မဆိုးဟု တွက်လိုက်သည်။

"ဒီလိုဆို ခင်ဗျားတို့လည်း အလုပ်ဖြစ်၊ ကျွန်တော်လည်း ငွေအဆင်ပြေအောင် ငါးထောင် ပေးဗျာ"

တိုက်ပုံဆရာက အနည်းငယ် စဉ်းစားသည်။

"ကောင်းပြီဆရာ၊ ကျွန်တော်တို့ သူဌေးကို ပြောပြပြီး တစ်ရက် နှစ်ရက်အတွင်း ပြန်လာခဲ့ပါ့မယ်။ ဆရာ့ကို ဘယ်အချိန် တွေ့နိုင်မလဲ"

"မနက်ပိုင်း ကျွန်တော် ဘယ်မှ မသွားပါဘူး"

"ကောင်းပါပြီ ဆရာ၊ ကျွန်တော် လာခဲ့ပါ့မယ်။ ဇာတ်လမ်း ထင်ပြီး ကျရင် ဆရာ့ဆန္ဒအတိုင်း ဖြစ်စေရပါမယ်"

မောင်စိန်သောင်း မြူး၍ ကျန်ခဲ့သည်။ သူ့ဝတ္ထုတစ်ပုဒ် ရုပ်ရှင် ရိုက်ရန် စွံတော့မည်။

သူ့ဝတ္ထုကို ဇာတ်လမ်း စိစစ်ရေးက ခွင့်ပြုပြီးနောက်၊ ချိန်းဆိုထားသော နေ့တွင် တိုက်ပုံဆရာ ရောက်လာပါသည်။

အိတ်အမည်းကြီး လက်က ဆွဲထားသည်။

မောင်စိန်သောင်းက ထုံးစံအတိုင်း အိပ်ဆဲ။

မနှင်းရည် ပျာပျာသလဲ ခရီးဦးကြို ပြုပြီး နေရာထိုင်ခင်းပေး၊ ဧည့်ဝတ်ပြုစုသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်သောင်းကို နှိုးသည်။ အအိပ်မက်သော မောင်စိန်သောင်းက–

"မင်းကလည်း ဘာအရေးကြီးနေတာလဲ" ဟု ဟောက်သည်။

"ဟို ရုပ်ရှင်ဆရာ ရောက်နေတယ်" ဟု မနှင်းရည်က ပြောသောအခါ မောင်စိန်သောင်း ငေါက်ခနဲ ထထိုင်သည်။

အာလုတ်ကျင်းရှိသော ကျင်းပြီး ထွက်တွေ့သည်။

"ဆရာ ညက စာရေးနေလို့ အိပ်ရေး ပျက်တယ်ထင်တယ်"

"မဟုတ်ပါဘူးဗျာ။ ကျွန်တော်က ညဥ့်နက်မှ အိပ်လေ့ ရှိလို့ပါ"

"ဆရာတို့ အနုပညာသမားတွေကတော့ ဒီလိုပဲနော်"

"ဟင်း.. ဟင်း"

ဘာမှန်းလည်း မသိ။ ဘာဒီလိုပဲမှန်းလည်း မသိ။

"ဆရာက လိုရင်းကို ပြောတာပဲ သဘောကျတော့ ကျွန်တော် လိုရင်းပဲ ပြောပါ့မယ်။ ကျွန်တော်တို့ ကုမ္ပဏီပိုင်ရှင်က ဆရာ့ဝတ္ထုကို ဝယ်ချင်တယ်။ ဒါပေမဲ့ ကျွန်တော် ပြောရမှာ အားနာတယ် ဆရာ။ အနုပညာဆိုတာ တန်ဖိုးဖြတ်လို့ မရနိုင်ကြောင်း ကျွန်တော် သိပါတယ်။ အို.. ဒါပေမဲ့ သူတို့ ငွေရှင်ကြေးရှင်တွေဆိုတာက တစ်ပြားကို နှစ်ပြားမှတ်ပြီး ချွေတာ ရှိတယ် မဟုတ်လား။ ကျွန်တော်ကတော့ နားလည်ပါတယ်။ ဒါပေမဲ့ သူက ဆရာ့ဝတ္ထုကို လေးထောင်နဲ့ပဲ သတ်မှတ်ပေးဖို့ ပြောလိုက်ပါတယ်။ အဲဒါ ဆရာ့သဘော သိပါရစေ။ အမှန်ကတော့ ဆရာရယ်၊ တစ်ထောင်လောက် ကွာရုံနဲ့ ဆရာ လိုက်လျောသင့်တယ်လို့ ထင်ပါတယ်။ မိကျောင်းမင်း ရေခင်းပြတာ မဟုတ်ပါဘူး။ ဆရာလည်း အလုပ်ဖြစ်၊ ကျွန်တော်တို့လည်း အလုပ်ဖြစ်အောင်လို့ပါ။ အဲဒါ ဘယ်လို ဆုံးဖြတ်မလဲဆိုတာ သိပါရစေ"





မဆွတ်ခင် ညွတ်ချင်နေသော မောင်စိန်သောင်းသည် ဂုဏ်ဖြောင်ရန်ပင် သတိမရ အနည်းငယ်မျှသာ စဥ်းစားပြီး–

"မဆိုးပါဘူးလေ။ ကျွန်တော် သဘောတူပါတယ်"

"ကျေးဇူးတင်လိုက်တာ ဆရာရယ်။ ဒီကိစ္စ ကျွန်တော် ဆောင်ရွက် အောင်မြင်တဲ့အတွက် ကုမ္ပဏီက ကျွန်တော့်ကို ချီးကျူးခံရမှာပါ။ ဆရာ့ကို အထူး ကျေးဇူးတင်ပါတယ်။ နောက် ကြုံတဲ့အခါ ဆရာ့ကို ကျွန်တော် ထမင်းဖိတ်ကျွေးပါရစေ"

ပြောရင်းဆိုရင်းပင် အိတ်အမည်းကြီးထဲမှ ငွေစက္ကူထုပ်များ ထုတ်၍ မောင်စိန်သောင်း ရှေ့၌ ချပေးသည်။ ပြီး ပြေစာတစ်ရွက်တွင် ငွေ ၄၀၀၀ိ တိတိဟု ဂဏန်းသာလျှင် ရေးပြီး စာအားဖြင့် လေးထောင်ကျပ် တိတိဟု မရေးဘဲ မောင်စိန်သောင်းကို လက်မှတ်ထိုးခိုင်းသည်။

မောင်စိန်သောင်းသည် ဤမျှငွေ များများ မရစဖူးသဖြင့် သတိမမူနိုင်တော့ဘဲ လက်မှတ်ထိုးပေးလိုက်လေသည်။

သူ့ စာမူခ တောင်းသောအခါ ထုတ်ဝေသူများက အလီလီ အလာလာ ပေး၏။ ငွေတစ်ထောင်ခန့်ကို ဆယ့်ငါးချိန်ခန့် တောင်းရဖူးသည် ရှိ၏။

ယခုမူ ငွေလေးထောင်ကြီးများ ပုံတိုက်ရသဖြင့် မောင်စိန်သောင်း ကျေနပ်နေသည်။ ကုမ္ပဏီမန်နေဂျာဆိုသော တိုက်ပုံဆရာ ပြန်သွားသည်။

ကုမ္ပဏီမန်နေဂျာသည် လမ်းလက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် ရပ်သည်။ မောင်စိန်သောင်း လက်မှတ်ထိုးထားသည့် ပြေစာရွက်တွင် ဂဏန်းအားဖြင့် ရေးထားသော ၄၀၀၀ိ နေရာ၌ ၅၀၀၀ိ ကျပ်ဟု ပြင်လိုက်သည်။ ထိုနောက် အောက်ခြေစာအားဖြင့် ရေးရမည့် နေရာ၌ ကျပ်ငွေ ငါးထောင်တိတိဟု ရေးထည့်လိုက်သည်။ သူ့အတွက် တစ်ထောင် ပိုက်မိပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်သောင်းသည် ငွေလေးထောင်ကို အထုပ်လိုက် မရစဖူးသဖြင့် ကြည်နူးပျော်ရွှင်စွာ ရှိ၏။ အကြွေးဆပ်၊ သူ့အိမ်ကလေးကို အတန်အသင့် ပြင်၏။ အပေါက်အပြဲများကို ဖာထေး၏။ ထို့နောက် သူ့ထုံးစံအတိုင်းပင် အပျင်းထူစွာဖြင့် ရှိသမျှကလေး ထိုင်စားရင်း အချိန်များကို ကုန်လွန်စေလေသည်။

သူငယ်ချင်းများနှင့် လျှောက်လည်။ ကြုံလျှင် ခရီးထွက်၊ အားလျှင် စာဖတ်၊ ရုပ်ရှင်ကြည့်၊ ဤသို့ဖြင့် ရှိသမျှကလေး လုံးပါးပါးပြန်လေသည်။

မနှင်းရည်က ငွေကုန်ခါနီးပြီ ဖြစ်ကြောင်း သတိပေးထားသည်မှာ နှစ်ရက်ခန့် ရှိပြီ ဖြစ်သည်။

"အကို ပိုက်ဆံ ကုန်တော့မယ်။ လေးငါးဆယ်ပဲ ကျန်တော့တယ်။ ကြည့်လုပ်ဦး"

"ရပါတယ်ကွာ"

ထိုသို့ ရပါတယ်ကွာနှင့်ပင် တကယ်ပင် ငွေကုန်သွားလေသည်။

ထိုနေ့ နံနက်က မနှင်းရည်က ပြောသည်။

"ဈေးဖိုး ဆယ့်ငါးကျပ်၊ သတင်းစာဖိုး ဆယ့်လေးကျပ်၊ ရေဖိုး နှစ်ကျပ် သုံးလိုက်ရင် အိမ်မှာ ဘာမှ ကျန်တော့မှာ မဟုတ်ဘူး"

"သမီး စုဘူး ဖောက်ကွာ"

"အရင်တစ်ခါ ပြတ်တုန်းက ဖောက်သုံးလို့ ကုန်ပါပကော"

မောင်စိန်သောင်း အကြံအိုက်သွားသည်။

သူ့ထုံးစံအတိုင်းပင် စာအုပ်တစ်အုပ် ဖတ်ရင်း ထိုကိစ္စကို ခေတ္တ မေ့ထားလိုက်သည်။

ထိုအချိန်တွင် သူ့အိမ်ရှေ့ ကားတစ်စင်း ဆိုက်လာသည်။ သူ့မိတ်ဆွေကြီးတစ်ဦး ဖြစ်သည်။





"ဟာ..ဦးလေး ဦးခင်တင့် ဘယ်က မျက်စိလည်လာလဲ"

–"မင်းတို့ဆီပဲကွ"

"ထိုင်ပျာ၊ ဘာကိစ္စများတုံး"

"အေးအေးဆေးဆေးပေါ့ကွာ"

မနှင်းရည်က ရေနွေးကြမ်းအိုး ချပေးသည်။

"မောင်စိန်သောင်း မင်းဆီမှာ တင်မောင် နယ်ပြောင်းတုန်းက သိမ်းခိုင်းခဲ့တဲ့ စာအုပ်ဟောင်းတွေ ရှိသေးတယ် မဟုတ်လား"

တင်မောင် ဆိုသည်မှာ မောင်စိန်သောင်း၏ ညီဝမ်းကွဲ ဖြစ်ပြီး စာဖတ်စာရ ဝါသနာ အလွန်ပါသူတစ်ဦး ဖြစ်သည်။ စာကောင်းပေကောင်း အဖိုးတန်စာအုပ်များ စုဆောင်းသိမ်းဆည်းထား၏။

ရာထူးတက်၍ နယ်ပြောင်းရသောအခါ ပျောက်ပျက်မည်စိုးသဖြင့် မောင်စိန်သောင်းထံ အပ်နှံသိမ်းဆည်းခိုင်းခဲ့သည်။

"ရှိတယ်လေ၊ သေတ္တာလိုက်ပဲ၊ တစ်ခါတလေ ကျွန်တော် ယူဖတ်လို့ နည်းနည်းပါးပါးတော့ ပျောက်ကုန်ပြီ"

"အေးလေ ကျန်တာပေါ့၊ အဲဒါ ငါဝယ်မလို့"

"ဦးလေး..ဘာလုပ်ဖို့လဲ"

"ငါ့မိန်းမက စာသမား မဟုတ်လား၊ အဲဒါ တင်မောင့်ဆီက သတင်းကြားလို့ မင်းဆီ အဝယ်လွှတ်လိုက်တာ၊ တင်မောင်ကလည်း မင်းဆီကပဲ သွားဝယ်ပေတော့တဲ့"

မောင်စိန်သောင်း အနည်းငယ် နှမြောမိသည်။ သူလည်း စာအုပ်ချစ်သူ မဟုတ်လား။ သို့သော်–

"ယူလေ တန်ဖိုးက ဘယ်လို ဖြတ်ရမှန်း မသိဘူး"

"တင်မောင်ကတော့ သုံးရာနဲ့ ယူလို့ ပြောတယ်"

"တင်မောင် ကျေနပ်ရင် ပြီးတာပဲ၊ ယူသွားလေ"

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်သေတ္တာ ပေးလိုက်၏။

ဦးခင်တင့် ငွေသုံးရာ ပေးသွား၏။

မောင်စိန်သောင်းသည် ဈေးဖိုး အခက်အခဲကို ရှင်းရန် ထွက်ပေါက်ရသွားသည်။

မနှင်းရည်ကို ငွေတစ်ရာ ပေးလိုက်သည်။

တင်မောင့်ထံ စာထည့်လိုက်သည်။

တင့်မောင်

မင်းစာအုပ်တွေ ရောင်းလို့ရတဲ့ ငွေနှစ်ရာ ပို့ပေးလိုက်တယ်။

စိန်သောင်း

တင်မောင် လာမှ ငွေတစ်ရာကို အကျိုးအကြောင်း ပြော၍ ပြန်ဆပ်မည်ဟု စိတ်ကူးလိုက်သည်။

ထို့နောက် သုံးစရာ ပြတ်မှ စာရေးရန် စိတ်ကူးရလေ့ ရှိသော သူ့ထုံးစံအတိုင်း စာရေးရန် ဖောင်တိန် ဖွင့်လိုက်သည်။

॥ = ॥

၁၉၈၀ ခု၊ ဇွန်၊ စင်ပြန်



## ကံ့ကော်အိပ်မက်

ကိုတင်အောင်သည် သူငယ်ချင်းများနှင့် ယနေ့ ပြန်လည်တွေ့ဆုံရ၏။ အနယ်နယ် အရပ်ရပ်သို့ ရောက်ရှိနေသော သူငယ်ချင်းများနှင့် ပြန်လည် တွေ့ဆုံရသည့်အတွက် ပျော်ရွှင်ကြည်နူးနေမိသည်။ သူသည် ဆယ့်ငါးနှစ်မျှ ပြန်ငယ်သွားသကဲ့သို့ ထင်မိ၏။ လွန်ခဲ့သော ဆယ့်ငါးနှစ်က သူ တက္ကသိုလ်ကျောင်းသား ဖြစ်ခဲ့ရသော ဘဝကို ပြန်ရောက်သွားသည်ကဲ့သို့ ရှိ၏။

သစ်မုတ်ပင်ကို ပြန်လည် မြင်ယောင်၏။ အင်းလျားကန်စပ်ကို ပြန်လည် မြင်ယောင်၏။ ကံ့ကော်ပင်ပုကလေးတွေအောက်မှ ခုံတန်းပြာကလေးများကို ပြန်လည် မြင်ယောင်၏။

ထို့ထက်မှ ပုဂံလမ်းရှိ စိန်ပန်းပင် ကွေးကွေးကောက်ကောက်ကြီးကို အထူးသဖြင့် သတိရမိလေသည်။ ထိုစိန်ပန်းပင်ကြီး၏ နီရဲတွတ်



www.burmeseclassic.com

www.burmeseclassic.com



နေသော အပွင့်ကြေွများကို ပို၍ သတိရမိသည်။ လွန်ခဲ့သော ဆယ့်ငါးနှစ်က စိန်ပန်းပွင့်တို့သည် နီရဲသကဲ့သို့ ယခုလည်း နီရဲနေကြပေလိမ့်မည်။

ကိုတင်အောင်သည် သူငယ်ချင်းများနှင့် တွေ့ဆုံရင်း ရှေးဟောင်းနှောင်းဖြစ်များ၊ ငယ်ကျိုးငယ်နာများ ပြောဖြစ်သည်။ ထိုအထဲတွင် ရည်းစားဟောင်းများအကြောင်း ပါလာ၏။ ကိုတင်အောင်နှင့် သူငယ်ချင်းအားလုံး ဇနီးကိုယ်စီ၊ သားသမီးကိုယ်စီ ဖြစ်နေကြသော်လည်း ငယ်သူငယ်ချင်းချင်း တွေ့သည့်အခါတိုင်း ပြောနေကျ ဖြစ်သည့် ငယ်ရည်းစားဟောင်းများအကြောင်း ပါလာလေသည်။

– = –

ကိုတင်အောင် တက္ကသိုလ် ပရဝုဏ်အတွင်းသို့ အလည်သွားလိုစိတ် ပေါ်လာ၏။

ဤသို့နှင့် တက္ကသိုလ်ဘက်သို့ ထွက်လာခဲ့သည်။ ယခင်ငယ်စဉ် ကျောင်းတက်တုန်းကကဲ့သို့ သူ့နေအိမ်မှ ဆယ့်သုံး ဘတ်စ်ကား စီး၍ တာမွေဈေး မှတ်တိုင်၌ ဆင်း၏။ ထို့နောက် ဆယ့်ခြောက် ဘတ်စ်ကား ပြောင်းစီး၏။ တက္ကသိုလ်ကျောင်းသား ဘဝကကဲ့သို့ လွယ်အိတ်လွယ်ထားသည်။ သို့ရာတွင် သူ့လွယ်အိတ်ထဲ၌ ကျောင်းစာအုပ်များ ပါမလာတော့။ သူ့လွယ်အိတ်ထဲတွင် ပါသည်များကား ရုံးလုပ်ငန်း စာတွဲများ ဖြစ်၏။ ကိုတင်အောင်သည် အမှတ် ဆယ့်ခြောက် ဘတ်စ်ကားကို တိုး၍ တက်လိုက်ပြီးနောက်၊ ပြောင်းလဲမှု တစ်စုံတစ်ရာကို သတိထားလိုက်မိ၏။

သူ တက္ကသိုလ် တက်စဉ်က အမှတ် ဆယ့်ခြောက် ဘတ်စ်ကားသည် ကားသေးလေးများ ဖြစ်၏။ တိုယိုတာ့(စ်) ဒတ်ဆန်း ပစ်ကပ်





စသည့် ကားသေးသေးကလေးများသာ ဖြစ်၏။ ကားပေါ်တွင် မတ်တတ်ရပ်စီး၍ မရနိုင်အောင် ခက်ခဲ၏။ ကုန်းကုန်းကွကွဖြင့် လိုက်ပါရသည်။ ယခု ဆယ့်ခြောက်ကားတို့မှာ ဘတ်စ်ကားအကြီးစားများ ဖြစ်ကြသည်။ ကိုတင်အောင် တက္ကသိုလ် တက်ရင်း ဆယ့်ခြောက်ကားအသေးလေးများနှင့် ကုန်းလမ်း သယ်ယူပို့ဆောင်ရေး၏ ဟီးနိုးကားများကိုလည်း စီးခဲ့ရဖူးသည်။ ခြေနင်းခုံ၌ တွဲလောင်းခိုပြီး တွယ်၍ လိုက်ရသဖြင့် လက်ညောင်း ခြေညောင်းသောအခါ ကားမောင်းဆရာအား–

"ပြုတ်ကျတော့မယ်ဗျို့၊ ခဏ ရပ်ပေးပါ" ဟု အော်ခဲ့ရဖူးသည်။ ကားဆရာကလည်း သဘောကောင်းစွာ ခေတ္တ ရပ်ပေးလေ့ရှိသည်။

ခြေဆန့်လက်ဆန့်ပြီး သကာလ ကားပေါ် ပြန်တွယ်တက်၍ ကားလည်း ဆက်ထွက်ခဲ့ရဖူးသည်။ ဤသည်များကို ပြန်စဉ်းစားရင်း ဆယ့်ငါးနှစ်သော အချိန်ကာလကို မည်သို့ ဖြတ်ကျော်ခဲ့မိမှန်း မသိ။ တိုတောင်းလှစွာ၏ဟု တွေးဖြစ်သည်။

မြေနီကုန်းမှတ်တိုင်၌ ကိုတင်အောင် ဆင်းလိုက်သည်။ နံပါတ်ရှစ်ကားဂိတ်သို့ လမ်းလျှောက်လာခဲ့သည်။ မြေနီကုန်း လေဟာပြင်ဈေးအဝ၌ သူငယ်ချင်းတစ်ယောက်နှင့် တွေ့ရပြန်သည်။ ထိုသူငယ်ချင်းကား ကဗျာဆရာ ဖြစ်သည်။ ကဗျာရေးရုံနှင့် ●းဝတ်နေမှု မဖူလုံသဖြင့် စာအုပ်အဟောင်းများ ရောင်းနေသည်။ ထိုသူငယ်ချင်းက မေးသည်။

"သူငယ်ချင်း . . ဘယ်လဲ"

"ကျောင်းဘက် သွားမလို့ကွ"

"ဘာကိစ္စ ရှိလို့လဲ"

"ဘာရယ် မဟုတ်ပါဘူးကွာ၊ သွားချင်ချင် ရှိတာနဲ့"

"တာ အရှုးထတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေတော့ ရှုးချင်တာပေါ့ကွာ၊ သွားဦးမယ်ဟေ့"

"လက်ဖက်ရည် သောက်သွားဦးလေ"

"မသောက်တော့ဘူးကွာ၊ နောက်မှ အေးအေးဆေးဆေး လာမယ်"

နံပါတ် (၈) ကားဂိတ်သို့ ရောက်သောအခါ–

"အင်းစိန်၊ အင်းစိန်" ဟု အော်နေသော ကြားကား စပယ်ယာ၏ အသံကို စီစီညံညံ ကြားရသည်။

ကိုတင်အောင်သည် ထိုးဆိုက်လာသော အမှတ် (၈) ကားပေါ်သို့ တွယ်တက်လိုက်သည်။ အမှတ် (၈) ကားသည် တော်တော်နှင့် မထွက်။ ယခင်ကဆို ကားပေါ်သို့ မရမက တွယ်တက်ပြီး တက်၍မှ ခြေများ မထောက်မိမီ ကားသည် ဝုန်းခနဲ ထွက်လေ့ ရှိ၏။ ယခုမူ အမှတ် (၈) ကားသည် အတန်ကြာအောင် ရပ်နေပြီးမှ ထွက်တော့သည်။ ကားသည် အတန်ငယ် လူချောင်၏။ ကားပေါ်တွင် ကျောင်းသူ ကျောင်းသားများကို မတွေ့ရ။ ထိုအခါကျမှ ကိုတင်အောင် သတိထားမိသည်။ နွေရာသီ ကျောင်းပိတ်ရက်ပါကလား။

ကမာရွတ် ဂိတ်တဲမှတ်တိုင်၌ ဆင်းလိုက်သည်။ ယခင်က ဂိတ်တဲဝင်းကို ဖြတ်၍ တက္ကသိုလ်ဘက်သို့ သွားခွင့် ရှိခဲ့သော်လည်း ယခု မသွားရတော့ပေ။ ကိုတင်အောင်သည် ကမာရွတ်အဝိုင်းကြီးကို သတိရနေမိပြန်၏။ ထိုအဝိုင်းကြီး၏ မြက်ခင်းပေါ်၌ ညဘက်ညဘက် လှဲအိပ်နေခဲ့သည်ကိုလည်း သတိရမိလေသည်။

ကမာရွတ် ရဲစခန်းကို ပတ်၍ ရာမညာ၊ ဓောင်ငူဆောင်များဘက်သို့ ဖြတ်ကူးခဲ့သည်။ ပြီးမှ ပုဂံလမ်းကို ဖြတ်လျှောက်ချင်စိတ် ပေါ်လာသဖြင့် တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ပုဂံလမ်းဘက်ဆီသို့ လျှောက်လာခဲ့၏။ နွေနံနက်၏ ကိုးနာရီနေသည် အတန်ပင် ပူပြင်းစ ပြုပြီ ဖြစ်သည်။





အဓိပတိလမ်းထိပ်သို့ ရောက်သောအခါ အဓိပတိလမ်းမကြီး အတိုင်း မျှော်ကြည့်မိသည်။ လမ်းမီးတိုင်များ နီးရာမှ ဝေးဝေးသွားပြီး ဘွဲ့နှင်းသဘင်ကို တစ်ပိုင်းတစ်စ မြင်ရသည်။ အဓိပတိလမ်းတစ်လျှောက် ၌ သစ်ပင်တို့က အုံ့ဆိုင်းလျက် ရှိသည်။ ကံ့ကော်ပင်၊ ရေတမာပင်တို့ ကြီးပြင်းနေကြပါပြီကော။

ယခင့်ယခင်ကဆိုလျှင် လမ်းမထိပ်မှ မျှော်ကြည့်လျှင် ဘွဲ့နှင်း သဘင်ခန်းမကြီးကို သိပ်မကွယ်ဘဲ တစ်ဝက်နီးပါးမြင်ရ၏။ ယခု သစ်ခက်တို့ဖြင့် ကွယ်နေပေပြီ။ ထိုအခါ သူသည် သူ့အသက်ကို သူ ပြန်၍တွက်ကြည့်မိသည်။ လေးဆယ်တွင်း ရောက်နေပါပြီကော။

တက္ကသိုလ် ပရိဝုဏ်၏ အဓိက တံခါးမကြီးဖြစ်သော အဓိပတိ လမ်းဝ ခြသေ့်တံခါးကြီးကို ကြည့်မိပြန်သည်။

တစ်ဖက်သို့ လှမ်းကြည့်မိသည်။ တစ်ဖက်က တက္ကသိုလ် စာတိုက်ကို အကြောင်းမဲ့ ကြည့်သည်။ လမ်းထိပ်က စာတိုက်ပုံးကလေး ကား မပြောင်းလဲသေးဟု သူထင်သည်။ ဆက်၍ လျှောက်ခဲ့သည်။

တက္ကသိုလ် အားကစားရုံကို ချုံတောအလယ်တွင် တွေ့ရ၏။ သူ့သူငယ်ချင်း အားကစားသမားများကို သတိရမိပြန်သည်။

ထို့နောက် တိုက်အိမ်တန်းများကို တွေ့ရ၏။ ဆရာများ နေထိုင် ကြသည်ဟု သိခဲ့ရဖူး၏။

လက်ယာဘက်သို့ ကြည့်လိုက်သည်။ 'ဆရာများအဆောင်'၊ လူပျိုဆရာများ၊ လူလွတ်ဆရာများ နေသောအဆောင်။ လက်ဝဲဘက်သို့ ကြည့်မိပြန်သည်။ ဟိုအဝေး ချုံနွယ်ပိတ်ပေါင်းများကြား၌ အဆောင် တစ်ဆောင်။ 'ဆရာမများအဆောင်'။

ကိုတင်အောင် ရွှေအနည်းငယ် ဆက်လျှောက်လျှင်ပင် မိုက် လမ်းထိပ်သို့ ရောက်၏။



www.burmeseclassic.com

www.burmeseclassic.com



သံတိုင်စည်းရိုးများ ခတ်ထားသော ဝင်းအတွင်းမှာ ကွမ်းယာဆိုင် တစ်ဆိုင် ရှိသည်။ ကိုတင့်အောင် ကွမ်းယာနှစ်ယာ ဝယ်လိုက်၏။ တစ်ယာကို ဝါး၍ တစ်ယာကို ထုပ်ပြီး အိတ်ကပ်ထဲ ထည့်လိုက်သည်။

ပုဂံလမ်းကို ချိုးဝင်လိုက်သည်။

ပုဂံလမ်းသည် တစ်ဆယ့်ငါးနှစ် ကာလအတွင်း လုံးဝ မပြောင်းလဲသေးဟု သူထင်သည်။

အုတ်နီနီကျိုထားသော ပါမောက္ခတို့၏ အိမ်များသည် ရှင်းအတိုင်း။ တရုတ်စကားပန်းတို့ ဝေမြဲ။ စက္ကူပန်းပွင့်တို့ ပွင့်မြဲ။ ချုံနွယ်တို့သည် စည်းရိုးတို့ကို လွှမ်းခြုံနေမြဲ မြဲ။ စိန်ပန်းပင်ကြီးကို သူပြန်မြင်ရသည်။ ကွေးကောက်မြဲပါ။ ယခင်ကကဲ့သို့ပင် နီမြန်းစွာသော အပွင့်များ ဖြာဝေစွာ ပွင့်နေလေသည်။

ကိုတင်အောင် အနည်းငယ် လွမ်းသွားသည်။ သည်စိန်ပန်းပင်ကြီးအောက်က ဖြတ်လျှက်၊ ဖြတ်လမ်းအဖြစ် အသုံးပြုပြီး 'ဆရာမများအဆောင်' သို့ သူသွားခဲ့ဖူးသည်မှာ အခေါက်ခေါက် မရေနိုင်၊ မတွက်နိုင်။

စိန်ပန်းပင်အောက်ကို ခဏဖြစ်ဖြစ် ဖြတ်လိုသည်။ သို့သော် သူမဖြတ်နိုင်။ စိန်ပန်းပင်ကြီးကိုသာ ငေး၍ ကြည့်နေမိသည်။

သည်အပင်အောက်၊ ခြံနှစ်ခြံကြားလမ်းမှ ဖြတ်လျှင် ချုံကလေးတွေ ကြားက လမ်းနီနီကလေးသို့ ရောက်မည်။ ထိုလမ်းနီနီကလေးကို ကွေ့ကာ ကောက်ကာ ဖြတ်လျှောက်သွားလျှင် 'ဆရာမများအဆောင်'သို့ ရောက်မည်။

သူ သွားကြည့်ပြန်လိုလှသည်။ သို့သော် ယခုအခါ သံဆူးကြိုးတို့နှင့် ပိတ်ထားလိုက်ပြီ။ ခြေဦးလှည့်လိုက်၏။ ဝေဒနာဟောင်းကို ပြန်လည် မခံစားလို။





ခြေဦးပြန်အလှည့်တွင်ပင် နောက်ဘက်မှ ခြေသံ ကြားရသည်။ သူ မနေနိုင်။ လှည့်ကြည့်မိသည်။

မျက်စိချင်း၊ အကြည့်ချင်း ဆုံသည်။

"ဆရာ"

"ဪ.. သီတာ"

ပိန်းကလေးနှင့်အတူ အမျိုးသားတစ်ဦးကိုပါ မြင်ရသည်။

"ဆရာ ဘယ်လာတာလဲ"

"ကျောင်းထဲပဲ သီတာ၊ ကိစ္စလေးတစ်ခုရှိလို့"

သူ လိမ်လိုက်သည်။

"ဆရာ့အိမ်တောင် သီတာ လာလည်ဦးမလို့"

"ဟုတ်လား.. အေး.. အေး.. လာလည်လေ၊ တနင်္ဂနွေနေ့ဆို ရှိပါတယ်"

"ဪ.. ဆရာ၊ ဒါ.. သီတာ့အမျိုးသား ကိုတင်ဝေတဲ့"

"ဪ.. ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

မိတ်ဆက်ပေးတိုင်း ပြောနေကျစကားကို ပြောလိုက်သည်။

"ဒါ.. ဆရာကိုတင်အောင်၊ အရင်ကတော့ သီတာတို့ ဌာနမှာ ဆရာပေါ့"

"ဟုတ်ကဲ့.. ဆရာ၊ ဝမ်းသာပါတယ်"

အမျိုးသားကလည်း ရိုသေဟန်ဖြင့် ပြန်ပြော၏။

"ကဲ.. သွားဦးမယ်နော်.. ဆရာကိစ္စရှိလို့"

"ဟုတ်ကဲ့ ဆရာ"

သူတို့ တက္ကသိုလ်ရိပ်သာလမ်းဘက် ထွက်သွားကြသည်။ ကိုတင်အောင်သည် ပုဂံလမ်းကို အကြောင်းမဲ့ လျှောက်ခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သီတာ့အကြောင်းကိုလည်း စဉ်းစားမိသည်။ သူ တက္ကသိုလ်တွင် နည်းပြဆရာ လုပ်စဉ်က 'သီတာ' ဟူသော မိန်းမချောကလေးသည် တပည့်မ ဖြစ်ခဲ့ဖူး၏။ သူစိတ်ဝင်စားခဲ့ဖူး၏။ တပည့်မတစ်ယောက်မို့ ဖွင့်မပြောဖြစ်ခဲ့။ အရေးပေးရုံသာ ပေးခဲ့သည်။ ထိုသို့ အရေးပေးခြင်းကိုလည်း သီတာပင်မက၊ သီတာ့သူငယ်ချင်းများ၊ ကျောင်းသားများ၊ ဆရာများက သတိထားမိခဲ့ကြသည်။ သူငယ်ချင်းဆရာများက အချင်းချင်း တွေ့လျှင် နောက်ပြောင်ခဲ့ကြသည်။ သို့ရာတွင် သီတာ စာသင်နှစ် ပြီး၍ အောင်သွားသည်အထိ ကိုတင်အောင် တစ်ခွန်းတစ်ပါဒမျှ မဟာဖြစ်ခဲ့။ သီတာသည်လည်း သိသိကြီးနှင့် ကျိတ်နေခဲ့ရသည်။

အမှန်အတိုင်းဆိုလျှင် သီတာကလည်း ဆရာကိုတင်အောင်ကို စိတ်ဝင်စားပါသည်။ ကိုတင်အောင်လည်း အနည်းအကျဉ်းတော့ ရိပ်မိပါသည်။ အဘယ်ကြောင့်ဆိုသော် အကြောင်းမရှိ အကြောင်းရှာ၍ သူ့ကို လာတွေ့ခဲ့သော သီတာ..။

"ဆရာ.."

"ဪ..သီတာ၊ ထိုင်လေ"

ဘေးနားရှိ သူငယ်ချင်းဆရာများ ပြုံးစိစိ ရှိကြသည်။ တစ်ယောက်နှစ်ယောက်သော ဆရာများက "လက်ဖက်ရည်ဆိုင်သွားဦးမယ်ကွာ" ဟု ပြောရင်း ထထွက်သွားကြသည်။ အမှန်က ကျီစယ်ခြင်း ဖြစ်သည်။ 'တို့က အလိုက်တသိ ရှောင်ပေးပါတယ်ကွာ' ဟု ပြောကြပေဦးမည်။ တစ်ယောက်နှစ်ယောက်သော ဆရာများကမူ ပေကပ်၍ ထိုင်နေကြသည်။ မသိဟန်ဆောင်ပြီး စာအုပ်ဖွင့်ဖတ်ကြ 'အမှတ်ခြစ်'ကြ လုပ်နေကြသည်။





"မထိုင်တော့ဘူး ဆရာ၊ ဟို သီတာတို့ အိမ်မှာ တနင်္ဂနွေနေ့ ဆွမ်းကျွေး ရှိလို့ လာဖိတ်တာပါ။ ဆရာ အားရင် လာခဲ့ပါ။ ဆရာဦးအောင်ချိုတို့ကိုလည်း ဖိတ်ပါတယ်"

"အေးလေ..တနင်္ဂနွေဆိုတော့ အားမှာပါ။ လာခဲ့တာပေါ့"

"သီတာကို ခွင့်ပြုပါဦး ဆရာ"

"အေး..အေး"

သီတာ ပြန်ထွက်သွားသည်နှင့်–

"တို့လည်း လိုက်မယ်ကွ၊ တင်အောင် ငါတို့ကိုလည်း ဖိတ်ထားတာ"

"ငါ မသွားချင်ပါဘူးကွာ"

"မင်း မူလကျီ လုပ်မနေနဲ့၊ တို့ကို ပတ်ပြီး သွားမယ်ကြံရင်တော့ အသိပဲ"

"အေးပါကွာ..သွားကြတာပေါ့"

– = –

အလှူနေ့တွင် သူတို့ သွားဖြစ်ခဲ့ကြပါသည်။

သပ်ရပ်လှပစွာ ပြင်ဆင်ထားသော သီတာ့ကို ငေးမောစွာ ကြည့်မိခဲ့ပါသည်။ ပြန်ခါနီး သီတာက တိုးတိုးမှာလိုက်သေးသည်။

"အားရင် လာလည်ပါ ဆရာ"

ကိုတင်အောင် ကြည်နူးခဲ့ရသည်။ သို့သော် မကြာမီအတွင်း သီတာ့ကို ကျောင်းသားတစ်ယောက်နှင့် တွဲလျက် တွေ့ရပြီးသောအခါ ကိုတင်အောင် ဆုံးဖြတ်လိုက်လေသည်။ သီတာ့ကို ချစ်ခွန်းချွေတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် သီတာ့အား မေးမြန်းခေါ်ထူးသော ဆက်ဆံခဲ့သည်။ သီတာ ဘွဲ့ရသည့်နှစ်မှာပင် ကိုတင်အောင် အလုပ်ပြောင်းခဲ့သည်။ ကော်ပိုရေးရှင်းတစ်ခုသို့ အရာရှိငယ် တစ်ယောက်အဖြစ်။

သီတာနှင့် အနေဝေးခဲ့ကြသည်။ သီတာ မဟာသိပ္ပံတန်း ဆက်တက်ရင်း သရုပ်ပြဆရာမ ဝင်လုပ်နေကြောင်း သတင်းကြားရသည်။ ယခု သီတာ ကျောင်းသူဘဝက တွဲခဲ့သော ကောင်လေး မဟုတ်တော့။ ဘယ်သူဘယ်ဝါ ဘာအလုပ်လုပ်သည်မှန်း မသိရသော်လည်း သပ်ရပ်ခံ့ညားသည်ကိုတော့ ဂရုပြုမိသည်။

သီတာတစ်ယောက် ကံကောင်းပါစေ။

– = –

ပုဂံလမ်းထိပ်သို့ ရောက်မှန်းမသိ ရောက်ခဲ့သည်။ အင်းလျားလမ်းဘက်မှ ကားတစ်စင်း ချိုးဝင်လာသည်။ ကိုတင်အောင့်နားသို့ ရောက်သောအခါ တုံ့ခနဲ ရပ်၏။ ကိုတင်အောင် လှည့်ကြည့်သည်။

မမသီ။

ဟုတ်ပါသည်။ တစ်ချိန်က သူ့အိပ်မက် မှုန်သမျှကို စိုးမိုးခဲ့သော မမသီ။

"မောင်တင်အောင်ပါလား။ ဘယ်က ဘယ်က မျက်စိလည်လာသလဲ"

"စာကြည့်တိုက်ကိုပါ မမ၊ ကိစ္စလေး ရှိလို့"

သူ လိမ်လိုက်ပြန်သည်။

"သြော်.. သြော်.. ပြီးရင် ဌာနကို လာခဲ့ဦးလေကွယ်။ မတွေ့ရတာ ကြာပြီ"

"ဟုတ်ကဲ့ မမ"





"သွားမယ်နော်"

"ဟုတ်ကဲ့ မမ"

မမသီသည် ကားကို အရှိန်နှင့် မောင်း၍ ထွက်သွားသည်။ အစိမ်းရောင် ဖောက်စ်ဝက်ဂွန်း ကားကလေး။

"သြော်.. အစိမ်းရောင်ကို ကြိုက်တုန်းပါပဲလား။ မမသီရယ်"

ကိုတင်အောင်သည် သူနှင့် မမသီအကြောင်းကို ပြန်တွေးမိပြန်၏။

ထိုစဉ်က သူသည် ဘွဲ့ယူခါနီး ကျောင်းသား။ မမသီက ဘွဲ့ယူပြီးစ သရုပ်ပြ ဆရာမ။ ညနေနှင့်အမျှ ဆရာမများ အဆောင်သို့ စိန်ပန်းနီနီ၊ လမ်းနီနီကို ဖြတ်၍ သွားရောက်ဖူးမျှော်ခဲ့ရ၏။ သူသရုပ်ပြဆရာ ဖြစ်လာသော နှစ်တွင်ပင် မမသီ နယ်ကောလိပ်တစ်ခုသို့ ပြောင်းသွားသည်။ စာအဆက်အသွယ် ရှိခဲ့သော်လည်း တဖြည်းဖြည်း ကြဲလာသည်။

နောက် မမသီ၏ အချစ်သစ်သတင်းကို ကြားရ၏။ အဝတ်အကျသိရ၏။ သည်ကိစ္စမှာတော့ ကိုတင်အောင် ပြတ်သည်။ မမသီထံ စာအဆက်ဖြတ်လိုက်သည်။ မမသီက ပိုပြတ်ပါသည်။ အချစ်သစ်အကြောင်းကိုပင် ဖွင့်ရေး၍ ဖြတ်လိုက်သည်။ တစ်ဖာတ်သိမ်း တစ်ခန်းရပ်လိုက်ကြ၏။

ကိုတင်အောင်အတိတ်မှ ပစ္စုပ္ပန်သို့ ပြန်ရောက်အောင် စိတ်ကူးကို အတော်ပင် ခေါ်ယူရ၏။

စာကြည့်တိုက် အဆောက်အအုံသစ်ကြီးကို ခမ်းနားစွာ မြင်ရသဖြင့် ကြည်နူး ဝမ်းမြောက်သွားသည်။

သို့ရာတွင် ကံ့ကော်တောကလေး ပျက်ပြုန်းသွားရသဖြင့် နှမြောမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အဓိပတိလမ်းမသို့ ရောက်သည်။ ကားတစ်စင်း ဝိုးခနဲ ဖြတ်မောင်းသွား၏။ ကားပေါ်တွင် ကျောင်းသားအရွယ် လူငယ် လေးငါးယောက် စီးကရက်များ ဖွာရင်း ရယ်မော ပျော်ရွှင်စွာ လိုက်ပါသွားကြသည်။

သူသည် သူ့မမသီ၏ ဌာနသို့ သွား၍ စကားစမြည် ပြောမည်ဟု စိတ်ကူးလိုက်သည်။

အဓိပတိလမ်းအတိုင်း ဘွဲ့နှင်းသဘင်ဘက်သို့ လျှောက်ခဲ့သည်။ သူ့မျက်စိထဲ၌ တစ်ချိန်က သူ့မမသီနှင့် ယှဉ်လျှောက်ခဲ့ဖူးသည်ကို မြင်ယောင်နေ၏။

"ဟော့ . . ကိုတင်အောင်ကြီး၊ ဘယ်က ဘယ်က ရောက်လာတာလဲ"

အသံကြားမှ ရှေ့တူရူရှိ လူတစ်ယောက်ကို မြင်တော့သည်။

ကိုဘမောင်–

"ဒီပဲဗျာ၊ ကိစ္စလေး ရှိလို့"

"ဘာကိစ္စများလဲဗျ"

"စာကြည့်တိုက် ခဏလာတာပါ"

"လာဗျာ၊ ဦးချင်ဆိုင် ထိုင်ကြရအောင်၊ မတွေ့တာ ကြာလှပြီ"

ဤသို့နှင့် အုံ့မှိုင်းပျသော ဦးချစ်၏ လက်ဖက်ရည် ဥယျာဉ်ကလေးသို့ ရောက်ကြ၏။

နေရေးထိုင်ရေး၊ စားသောက်ရေး၊ အလုပ်အကိုင်များ အကြောင်း၊ သူငယ်ချင်းများအကြောင်း . . . ။ ထို့နောက် အိမ်ထောင်ရေး . . . ။

"ခု . . . ခင်ဗျား ကလေး ဘယ်နှယောက်တုံး"

ကိုဘမောင် မေးလိုက်သည်။





"သုံးယောက်"

ထိုသို့ ဖြေပြီးသည်နှင့် တစ်ပြိုင်နက် ကိုတင်အောင် တုန်လှုပ်သွားသည်။ အမှန်အတိုင်း ဖြေလိုက်ခြင်းပင် ဖြစ်သော်လည်း၊ အဘယ့်ကြောင့် တုန်လှုပ်မှန်း မသိ။

"ကဲ . . ကျွန်တော် ပြန်ဦးမယ်ဗျာ၊ ရုံးနောက်ကျနေပြီ"

နာရီကြည့်ရင်း ပြောသည်။ နံနက် ဆယ်နာရီ"

ပြောရင်းပင် ထလိုက်၏။

မမသီထံ သွားရန် သူ သတိမရတော့ပါ။

ရုံးနောက်ကျရသည့် အကြောင်းပြချက်ကို တင်ပြရန်သာ စိတ်ကူးနေမိတော့သည်။ ပြီး ရုံးအပြန် သူ့ဇနီး မှာလိုက်သော နို့မှုန့်ဘူးကို ဘယ်လို ကြံဖန် ဝယ်ရမည်နည်းဟုလည်း တစ်ဆက်တည်း စဉ်းစားနေမိပြန်သည်။ သူ့ကို ကြည့်ရသည်မှာ အိပ်ရာက လန့်နိုးလာသကဲ့သို့ ရှိ၏။

။ = ။

၁၉၈၀ ခု၊ ဩဂုတ်လ၊ ရှုမဝ



www.burmeseclassic.com

www.burmeseclassic.com

# မောင်စိန်သောင်း (အ–ရ–ဗ)

## အခန်း (၁)

မောင်စိန်သောင်းသည် အပေါင်းအသင်း များသည်။ ငယ်စဉ်က အပေါင်းအသင်း နည်းသလောက် တစစ များလာလိုက်သည်မှာ နေရာတကာ သူ့အပေါင်းအသင်းများချည်းလို ဖြစ်လာသည်။ အဆင့်အတန်းမျိုးစုံ၊ အလွှာမျိုးစုံ၊ အကျင့်မျိုးစုံ ရှိသော သူများနှင့် မောင်စိန်သောင်း အပေါင်းအသင်း များလာခြင်း ဖြစ်လေသည်။

ဤသို့ဖြင့် အပေါင်းအသင်းများနှင့် သောက်တတ်၊ စားတတ်လာသည်။ ဤနေရာတွင် အပေါင်းအသင်းများကြောင့် မောင်စိန်သောင်း အရက်သောက်တတ်လာသည်ဟု မဆိုလိုပါ။ မဆွတ်ခင်က ညွတ်ချင်နေသော မောင်စိန်သောင်း၏ ပင်ကို စိတ်ကြောင့်ပင် ဖြစ်နိုင်ပါသည်။





အမှန်အတိုင်း ဆိုရပါလျှင် မောင်စိန်သောင်းသည် စိတ်ပျော့ညံ့သူ တစ်ယောက် ဖြစ်၏။ လိုက်လျောလွယ်တတ်၏။ တစ်ခါတစ်ရံတော့ သူ့ကိုယ်သူ အလွန်တရာ ပြတ်သားသူတစ်ယောက်ဟု ထင်မိသည်။ မမှန်ပါ၊ လုံးဝမပြတ်သားသူ တစ်ယောက်သာ ဖြစ်လေသည်။

မောင်စိန်သောင်း၏ 'သောက်ကျင့်' ကလေးကို အနည်းငယ် ဖော်ပြပါရစေ၊ သောက်ကျင့်ဆိုသဖြင့် အရက်သောက်သော အကျင့်ကိုသာ ဆိုလိုကြောင်း သိသာပါသည်။

အစပထမတွင် အပေါင်းအဖော်များနှင့် ပျော်လား ဝါးလား စကားဆိုရင်း တစ်ခွက်စ နှစ်ခွက်စ သောက်သည်၊ ထို့နောက် အပေါင်းအဖော် မတွေ့လျှင် တွေ့အောင် လိုက်ရှာ၍ သောက်သည်။ ထို့နောက် အပေါင်းအဖော် မပါဘဲ သောက်သည်။ ထိုအဆင့် ရောက်သောအခါ အပေါင်းအဖော်နှင့် သောက်ရသည်ကို ငြီးငွေ့သယောင် ထင်လာမိသည်။ ထိုသို့ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းပြန် တိုးတက်ပြီး သကာလ မောင်စိန်သောင်းတစ်ယောက် အရက်သမားအဖြစ်သို့ ရောက်လေသည်။

ညနေတိုင်လျှင် ဆိုင်သို့သွားသည်။ ဆိုင်ထဲ၌ မိတ်ဆွေအပေါင်းအသင်း ရှိမရှိ ကြည့်သည်၊ ကြည့်ပြီး တွေ့လျှင် ပုန်းလျှိုး ကွယ်လျှိုးဖြင့် ထောင့်တာဆီသို့ သွား၏။

"ရမ် နှစ်ပက်"

"ဟေး . . စိန်သောင်းကြီး တစ်ယောက်တည်းလား၊ အတော်ပဲ လာ . . လာ"

မည်မျှ ပုန်းရှောင်သည် ဖြစ်စေပါစေ၊ မောင်စိန်သောင်းတို့ ကဲ့သို့သော အသောက်သမားများအဖို့ ရှောင်ရန် တိမ်းရန် မလွယ်ပေ။ ထို့ကြောင့် အပေါင်းအသင်း ဝိုင်း၌ ဆွေ့ ဝင်ထိုင်၏။

ပန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စလေး အရေးကြီးလို့ပါဗျာ၊ ခဏလေးနော် ခုပြန်လာခဲ့မယ်" ဟု လေပြေထိုးသော်လည်း အချင်းချင်း သိပြီးသားမို့ မရပါ။

"မောင်ရင့်ကိစ္စက တို့ကိစ္စလောက် မကြီးကျယ်ပါဘူးကွာ။ ကမ္ဘာပေါ်မှာ ခုတို့လုပ်နေတဲ့ ကိစ္စလောက် ဘာမှမကြီးကျယ်ဘူး ဆက်ထိုင်"

ဤနည်းအားဖြင့် မောင်စိန်သောင်း ကျွမ်းစိုက်လေးဖက်ပစ်၍ အိမ်ပြန်ရောက်တတ်သည်ချည်း။

ကျွမ်းစိုက် လေးဖက်ပစ်၍ အိမ်ပြန်ရောက်ရသည်ဟု ဆိုရသော်လည်း တကယ်တမ်းမူ ဘယ်နည်းဘယ်ပုံ အိမ်ပြန်ရောက်သည်ကို နောက်တစ်နေ့ နံနက်တွင် မောင်စိန်သောင်း ကောင်းကောင်း မစဉ်းစားတတ်တော့။ မေ့ကုန်ပြီ။ မှတ်ဉာဏ် သတိတို့လည်း အတန်ငယ် ချွတ်ယွင်းလာ၏။ အလုပ်အကိုင် အကြံအစည်တို့လည်း အလွဲလွဲ အချော်ချော် ဖြစ်လာ၏။ ထိုအခါ မောင်စိန်သောင်း စဉ်းစားသည်။ သူများတကာ အပေါင်းအဖော်များနှင့် ဤသို့ချည်း သောက်နေ၍ မဖြစ်တော့၊ ထို့ကြောင့် မောင်စိန်သောင်း အိမ်တွင် ပုလင်းဝယ်ထား လိုက်သည်။ တစ်နေ့ နည်းနည်း နည်းနည်း သောက်မည်။

ဤနည်းဖြင့် မိမိကိုယ်မိမိ ထိန်းမည်။ မသောက်ဘဲနေချင်လျှင် နေလိုက်မည်။ နေနိုင်လျှင် နေလိုက်မည်။

သည်တော့မှ ပို၍ ဆိုးလေသည်။

မောင်စိန်သောင်းသည် ပုလင်းမြင်တိုင်း သောက်လေတော့သည်။

ကုန်လျှင် ထပ်ဝယ်၍ သောက်သည်။ ညဦးနက် သန်းကောင် ကုန်သွားလျှင် တဝေ့ဝေ့ တအေ့အေ့ အန်သည်။ ထိုအခါ မောင်စိန်သောင်း ငြိမ်နေသည်၊ ကြိတ်မှိတ်ခံနေသည်ဟု မထင်ပါနှင့် ညဦးနက်





သန်းခေါင်ကြီးပင် ဆိုင်ကို သွားနှိုးလေသတည်း။ ဆိုင်ကလည်း အစက ဖွင့်မပေး။ မောင်စိန်သောင်း တစ်ယောက် ဂျိုတိုက်နေသဖြင့် ထဖွင့်၍ ရောင်းရလေသည်။

ယခုအခါ မောင်စိန်သောင်းသည် ရမ်၊ ဘရမ်ဒီ၊ ဝီစကီ စသည်များမှ မဟုတ်တော့။ အရက်ဆိုလျှင် ချဉ်ချဉ်တူးတူး မူးပြီးရော အဆင့်ရောက်နေလေပြီ။

ထို့ကြောင့် သူတို့အရပ်ထဲမှ အမိန့်အရ အရက်ဆိုင်သည် မောင်စိန်သောင်းအဖို့ တံခါးမရှိ၊ ဓားမရှိ၊ ပိတ်ချိန် ဖွင့်ချိန်ဟူ၍လည်း မရှိ။ သန်းခေါင်ကျော် တစ်ရေးနိုး မိုးသောက်ယံ လင်းအားကြီး အချိန်မရွေး သွားဝယ်သောက်နေခဲ့သည်။

= = =

## အခန်း (၂)

ထိုသို့ ကြမ်းလာသောအခါ မောင်စိန်သောင်းကို အရက်ဆိုင် ပိုင်ရှင်ကပါ တောင်းပန်ရလေ၏။

"တော်တော့ဗျာ . . ခင်ဗျားလွန်ပြီ"

"မလွန်ပါဘူးဗျာ . . နောက်ထပ် တစ်ခွက်ထည့်ပါ"

"တစ်ခွက်တည်းနော်"

"အင်းပါဗျာ . . ပေးစမ်းပါ၊ မြန်မြန်"

မြန်မြန်မှ မြန်မြန်မော့၍ မြန်မြန်ပြန်သည်။

လမ်း၌ ဆိုက်ကားဆရာက ပြောပြန်သည်။

"ကိုစိန်သောင်း မမှန်တော့ဘူးဗျို့–လျှော့ဦး"

"အေးပါဗျာ"

"လိုက်ပို့ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ"

သို့သော် မောင်စိန်သောင်းသည် တစ်လမ်းလုံးအပြည့် သူ့ချည်း လျှောက်၍ ပြန်ခဲ့သည်။

ထိုသို့ ဖြစ်ပျက်မှုများလာသောအခါ မောင်စိန်သောင်း၏ဇနီး မနှင်းရည် အဘယ်မျှ ဒုက္ခခံစားရမည်ကို သိသာပါ၏။ အနီးကပ်နေသော ဇနီးတွင်က ပါရီးလား၊ မိခင်၊ ဖခင်၊ ဦးလေး၊ အစ်ကို၊ ညီ၊ မောင်နှမ၊ သူငယ်ချင်းများလည်း စိတ်မသက်သာ ဖြစ်ကြရကုန်၏။

သူတို့အားလုံး အစီအစဉ်တစ်ခု ကြံစည်ကြသည်။

မောင်စိန်သောင်းကို ဆေးရုံ ပို့ရန်။

= = =

ဆူညံသော အသံများကို စိတ်ညစ်စွာ ကြားရ၏။ ဆူသံ၊ ပူသံ၊ ပေါက်သံ၊ ရှိက်သံ စသည်များ ဖြစ်သည်။ တကျီကျီ အော်မြည်သံ၊ တဒိုင်းဒိုင်းသံ၊ တကျွိကျွိသံတို့ကိုလည်း ကြားရသည်။

"ပက်လက်လှန်ထား၊ လက်ကိုဆန့်၊ လက်သီးဆုပ်၊ နာနာ ဆုပ်"

လက်ဖျံကို တစ်ဖျတ်နှစ်ဖျတ် အပုတ်ခံရသည်။

လက်မောင်းထဲသို့ အပ်ထိုးသွင်းလိုက်သည်ကို စစ်ခနဲ နာအောင် ခံရလိုက်သည်။ ထို့နောက် မကြာမီ ဆူညံသံများ တစစ ဝေးဝေးသွားသည်။

ဤသည်မှာ မောင်စိန်သောင်း ဆေးရုံရောက်ရောက်ချင်း အခြေအနေကို ရိပ်ဖမ်းသံဖမ်း သတိထားမိလိုက်ခြင်း ဖြစ်ပါသည်။

ဆိုခဲ့ပြီးသည့်အတိုင်း မောင်စိန်သောင်းကို ဆေးရုံသို့ ပို့ရန် ဆုံးဖြတ်ကြပြီးသည့်နောက်—





"သား… မင်းကို မေမေ ဘယ်တုန်းကမှ အတင်းအကျပ် မပြောခဲ့ဘူး။ သားဟာ ကိုယ့်ဘာသာ ဆုံးဖြတ်တဲ့ ဉာဏ်ရှိတယ်။ အခု သားကို မေမေ ပြောပြမယ်"

"ကျွန်တော် နားလည်ပါတယ် မေမေ၊ ဆေးရုံသွားဆိုရင် သွားပါ့မယ်"

မောင်စိန်သောင်း၏ ဇနီး မနှင်းရည်သည် မျက်ရည်စမ်းစမ်းနှင့် ကြည့်နေ၏။ အစ်ကိုသက်အောင်ကမူ—

"ဆေးရုံတက်ချင်မှ တက်ရမှာပါကွာ"

"ကျွန်တော် ဆေးရုံကို လိုက်ခဲ့ပါမယ်"

မောင်စိန်သောင်းသည် စိတ်ကျန်းမာရေး ဆေးရုံသို့ သွားရမည် ဆိုကတည်းက အရက်ဖြတ်ရမည်ဟု ယုံကြည်လိုက်သည်။ ထို့ကြောင့် ဆေးရုံမတက်မီ တစ်ရက်အလိုတွင် နှုတ်ဆက်ပွဲအဖြစ် အပြတ် နှိပ်လိုက်သေးသည်။

တော်တော် တော်ပေစွ မောင်စိန်သောင်းလေး။

= = =

ဆေးရုံရောက်သောအခါ—

သူ သတိထားမိသည်မှာ ကျယ်လောင်စွာ အော်ဟစ်ဆူပူနေသော ဆရာမကြီး၏ အသံပင် ဖြစ်သည်။

ဘာတွေ ပြောနေမှန်း မသိသော်လည်း ကျယ်လောင်ဆူညံစွာ ဖျစ်တောက်ဖျစ်တောက်နှင့် ပြောနေခြင်းကတော့ သေချာလှလေသည်။

သူ့လက်မောင်းကို သန်မာသော လက်ချောင်းများက ဖျစ်ညှစ်ထားသည်။ လက်သီးကို ဆုပ်ခိုင်းသည်။ ဤကိစ္စကိုတော့ မောင်စိန်သောင်း နားလည်ပါသည်။ အကြောဆေး ထိုးပေးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖျံ၌ စစ်ခနဲ နာသည်။ မျှားမကြာမီ မူးယစ်ရီဝေ ထိုင်းမှိုင်းလေးလံကာ အိပ်ပျော်သွားလေသည်။

===

အိပ်ရာမှ နိုးသောအခါ ခေါင်းထဲ၌ အုံတုံတုံ ဖြစ်နေသေးသည်။ ရုတ်တရက် ထ၍ မရ၊ ရေဆာသည်၊ ခုတင်ဘေးနားသို့ ကြည့်သောအခါ ရေပုလင်း တွေ့သည်။ ရေသောက်မည်ဟု ထလိုက်သောအခါ မိုက်ခနဲ ဖြစ်သွားသည်။ တစ်စုံတစ်ယောက်သည် အပြေးကလေး အနားသို့ ရောက်လာပြီး–

"ဘာလိုချင်လဲ . . ဘာလိုချင်လဲ"

"ရေ . . ရေ . . သောက်ချင်တယ်"

စကားမဆုံးမီ ရေတိုက်၏။

"မထနဲ့ဦး . . ငြိမ်ငြိမ်နေ"

မောင်စိန်သောင်း ပြန်လှဲနေလိုက်၏။ ဆီးသွားချင်လာပြန်သည်။ ပြန်ထ၏။ ခုနလူကပင် ဆီးသွားရန် နေရာသို့ လိုက်ပို့ပေး၏။

ရင်ထဲက ပျို့လာသည်။ အရက်သမားတို့ ထုံးစံအတိုင်း နံနက်စောစော တစ်ခွက်လောက် မတွယ်လိုက်ရလျှင် လေအန်တတ်သည့်အလျောက် မောင်စိန်သောင်း လေအန်သည်။ ရင်ထဲ၌ ကတုန်ကယင် ဖြစ်လာသည်။ ခဏ ပြန်လှဲနေလိုက်၏။

မကြာမီ–

ထဘီပြာဝတ် ဆရာမကြီး တစ်ယောက်သည် ဆေးပုလင်းကြီး တစ်လုံးနှင့် ဆေးထိုးပိုက် တစ်စုံယူလာသည်။ သူ့ကို အကြောအား ဆေးသွင်းပေးမည်ဟု မောင်စိန်သောင်း သိလိုက်ပါသည်။

"နေသာထိုင်သာ ရှိသလား"





"ဟုတ်ကဲ့" အသံကယဲ့ယဲ့။

"သောက်တုန်းကတော့ သောက်ပြီးတော့ ခုတော့ ခံရပြီ မဟုတ်လား၊ မှတ်ထား။ အဲဒါ၊ ဟဲ့ . . ဟိုကောင် တိုင်သွားယူစမ်း။ မြန်မြန်လုပ်"

ဆရာမ၏ လေသံက ကျယ်လောင်လွန်းလှသည် ထင်၏။

မောင်စိန်သောင်းကို ဆေးသွင်းပေးခဲ့သည်။

"လက်ကို မလှုပ်နဲ့ . . ကြားလား"

မောင်စိန်သောင်း ခေါင်းညိတ်၍ ညိတ်ပြလိုက်သည်။

လဲလျောင်း၍ မှိန်းနေရင်း ကျယ်လောင်ဆူညံသော ဆရာမကြီး၏ အော်ဟစ်သံများကိုသာ ကြားနေရလေ၏။ သူ့စိတ်ထဲက ထိုဆရာမကြီးအား ဒေါ်မြလေးဟု အမည်ပေးလိုက်သည်။

===

"ဟော့ . . မိန်းမ ငါ့ကို ဘာလို့ တံခါးပိတ်ထားရလဲ။ ခုလာဖွင့်ပေးစမ်း"

"ငြိမ်ငြိမ်နေစမ်း . . ခဏနေ ငါလာဖွင့်ပေးမယ်။ ငြိမ်ငြိမ်မနေချင် နင့်ကို ကြိုးနဲ့ တုတ်ထားရမယ်"

ဒေါ်မြလေး၏ ပြန်ကြားသံပင် ဖြစ်သည်။

ဝေဒနာသည် တစ်ယောက်သည် ဒေါ်မြလေးအား သားပြောမယားပြော ပြောနေလေသည်တကား။

"အဲဒီမယားတရှူးတော့ တော်တော် ခက်နေပြီ"

ဒေါ်မြလေးကား စိတ်မဆိုးသည့်အပြင် ရယ်ဟာဒေါသ်ကလေးနှင့် ပြောလိုက်သံကို မောင်စိန်သောင်း ကြားလိုက်ရ၏။

"ဖုံး . . ဖုံး . . ဖုံး . ."



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ကြပါဦး..လုပ်ကြပါဦး..ကျော်ဦးတစ်ယောက် နံရံနဲ့ ခေါင်းနဲ့ ဆောင့်နေပြီ"

ဝရန်သုန်းကားသံများ ကြားရသည်။ လူနာတစ်ယောက်ကို အခြား လူသုံးလေးယောက်က ဝိုင်းချုပ်၍ ခေါ်သွားကြသည်ကို တွေ့ရ၏။ ခဏကြာတွင် ခေါင်းပတ်တီးနှင့် သူ့အခန်းသို့ ပြန်ရောက်လာသည်။

"မင်းကောင်းကောင်း နေနော်၊ မနေရင် လက်ကောခြေကော ကြိုးနဲ့ တုပ်ထားမယ် နားလည်လား"

မောင်စိန်သောင်း စိတ်ထဲ၌ လူနာကို မချော့မော့တဲ့ ပေါက်ငန်း နေသည်မှာ မသင့်လျော်ဟု ထင်မိပြန်သည်။

(နောက်နှစ်ရက်ခန့်တွင် ပေါက်ငန်းသူက ထိုလူနာအား ကြင်နာစွာ ပတ်တီးဖြေပေးနေရင်း ချော့မော့နေသည်ကို တွေ့ရပြန်သည်)

===

မောင်စိန်သောင်း ဆေးသွင်း၍ ပြီးပြီ၊ အတန်ငယ် အားပြည့်လာသလို ရှိသည်။

နည်းနည်း စမ်း၍ ထကြည့်သည်။ ရသည်။ ဆီးသွားချင်လာသည်။ သူ့ကို စောင့်သူက တွဲ၍ လိုက်ပို့ပေးသည်။ မောင်စိန်သောင်း အတန်ငယ် ကြည်လင်လာသည်။

"ဝူးဝူး၊ ဝါးဝါး၊ အီးဟီးဟီး..အမေ..အမေ..အမေ..အမေရေ..ဝူး"

အသံနက်ကြီးဖြင့် အော်သံ ကြားရပြန်သည်။

"ဟေ့ကောင်..ဘာဖြစ်နေပြန်လဲ ဝက်"

"ဝူးအီး..အမေရေး..အမေရေး"





"သြော်..ခက်တော့တာပဲ၊ ဘာလဲ ဘာလဲ ဘာလိုချင်လို့လဲ"

ဒေါ်မြလေး၏ အသံကို ကြားရပြန်သည်။

"အီး..အီး"

"ချီးပါချင်လို့လား"

"ဝူးဝါးဝီး အမေ..အမေ"

ဒေါ်မြလေးကို သူက 'အမေ' ဟု ခေါ်သည်။

"ကဲ..ကဲ..ဟိုကောင် ကျော်ညွှန့် ငါ့ဗီရိုထဲက ပေါင်မုန့် တစ်လုံး သွားယူစမ်း"

ဒေါ်မြလေးသည် ကျယ်လောင်စွာပင် အမိန့်ပေးပြန်၏။

ပေါင်မုန့် ယူလာသည်။ အော်ဟစ်နေသော ဆယ့်လေးနှစ်ခန့်ရှိ လူနာငယ်အား ဒေါ်မြလေးက ပေါင်မုန့် ကျွေးလေသည်။

"ငြိမ်ငြိမ်နေနော်..သိပ်မအော်နဲ့ ကြားလား"

===

နောက်မှ သိရသည်။ ထိုသူငယ်သည် ဝမ်းတွင်းပါ သူငယ်နာရောဂါရနေသည်။ ဒေါ်မြလေးက ပေါင်မုန့်အစ၊ မုန့်ကြွပ်ကလေးအစ ကျွေးရင်း နှစ်သိမ့်နေရသည်။

"ခေါင်း..ခေါင်း..ဂလောက်..ဂလောက်..ဒုန်း..ဒုန်း..ထီးမယ်ကွ..ချမယ်ကွ..မအေ..နှမ..ငါ"

"ခေါ်နေပြန်ပဟော့"

ဆရာမ ဒေါ်မြလေးက သွား၍ ချော့မော့ပြောသည် မရ။ ဆတ်ကြမ်းမြဲ ကြမ်းသည်။ ထိုအခါ—

လူနာထိန်း သုံးလေးယောက် ဝင်သွားသည်။

"ဖုန်း..ဒိုင်း.."



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်ငြိမ်နေ . . . နောက်တစ်ခါ ဒီထက်နာမယ်"

လူနာငြိမ်သွားသည်။

လူနာထိန်းတစ်ယောက် နှုတ်ခမ်းပေါက်သွားသဖြင့် ဆေးထည့်ပေးရသည်။ တစ်ယောက်က မေးရိုးအောင့်သွားသည်။ လူနာထိန်းက ကြမ်းနေသော လူနာကို ပို၍ ကြမ်းပြခဲ့ခြင်း ဖြစ်သည်။ မောင်စိန်သောင်း စိတ်အနည်းငယ် ပျက်၏။ ဆေးရုံနှင့်မတူဘဲ အချုပ်ခန်းနှင့် တူနေသည်ဟု ထင်မိသည်။ (သို့သော် . . . နောက်နှစ်ရက်ခန့် အကြာတွင်) ကြမ်းသော လူနာ စိတ်ငြိမ်သက်နေသောအခါ သူ့ကို ထိုးကြိတ်ခဲ့သော လူနာထိန်းသည် ထိုလူနာအား ပခုံးဖက် ခါးဖက်နှင့် ချော့မော့ ဖျောင်းဖျနေသည်ကို ပီတိဖြစ်ဖွယ် မောင်စိန်သောင်း တွေ့ရ၏။

"မင်း သိပ်ဆိုးနေရင် ဆေးဘယ်လိုလုပ် ကုမလဲ၊ မင်းရောဂါ ပျောက်အောင် စိတ်ကို ငြိမ်ငြိမ် အေးအေးထားပေါ့ကွာ။ လိုချင်တာရှိရင် တို့ကို ပြော၊ ဟုတ်လား မင်းကြမ်းတော့ မင်းစဲနာတာပေါ့ မဟုတ်ဖူးလား"

ပခုံးဖက်၍ ချော့မော့ပြောနေလေသည်။

တစ်ယောက်သော လူနာထိန်းက မောင်စိန်သောင်းကို ပြောပြသည်။

"သူတို့ တကယ် စိတ်ထလာရင် မလွယ်ဘူးဗျ။ ဟိုမှာ ကြည့်ပါလား၊ သံတိုင်ကို လက်နဲ့ ဆွဲဖြဲတာ ကွေးသွားတာပဲ၊ သာမန်လူ ဘယ်ဒီလိုလုပ်နိုင်မလဲ။ ဒီတော့ သူတို့ ကြမ်းနေချိန်ကျရင် ကျွန်တော်တို့ကလည်း သူတို့ထက် ကြမ်းအောင် ခေတ်ပြရတယ်။ ဒါပေမဲ့ အကွဲအပြဲ ဖြစ်အောင်တော့ ဘယ်တော့မှ မလုပ်ဘူး။ နာတယ်ဆိုရုံ၊ ခြောက်ရုံ လုပ်ရုံပေါ့။ ပြီးတော့ သူတို့ကို ချုပ်ပြီး စိတ်ငြိမ်ဆေး ထိုးပေး၊ ဒီလိုနဲ့ တဖြည်းဖြည်း ကုရတာပဲ"





ဩော် ဆေးရုံဆိုသည်မှာ အချုပ်ခန်း မဟုတ်ပါတကား။

ကုထုံးနည်းဆိုသည်လည်း အမျိုးမျိုး ရှိပါတကားဟု မောင်စိန်သောင်း စဉ်းစားမိပြန်သည်။

မောင်စိန်သောင်းကို အားဆေး သွင်းပေး၊ အားဆေးတိုက်၊ အားဆေးထိုးနှင့် ကျန်းမာလာအောင်သာ ပြုစုပေးသည်။ ဆရာဝန်နှင့် မစစ်ဆေးရသေး။ ဆရာဝန်များသည် အဆောင်များသို့ အလှည့်ကျ လိုက်လံ စစ်ဆေးနေရသဖြင့် မောင်စိန်သောင်းတို့ အဆောင်သို့ ဆရာဝန် ရောက်မလာသေး။

မောင်စိန်သောင်း လဲလျောင်း၍ နေသည်။ အတန်ငယ် နေသာထိုင်သာ ရှိနေပြီ ဖြစ်သည်။

သပ်ရပ်ခန့်ညားသော လူတစ်ယောက် မောင်စိန်သောင်း ခုတင်သို့ ရောက်လာသည်။

"ကိုစိန်သောင်း မဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျား . . . စာကလေး ဘာကလေး ရေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ကဲ ကဲ ပက်လက်လှဲနေလိုက်ဦး"

မောင်စိန်သောင်း၏ လက်သွေးတိုးနှုန်းကို စမ်း၏။

ဆရာဝန်ပါလား။ တော်တော် သဘောကောင်းပါလား။ လူနာခန်းထိ လာစမ်းသပ်တယ်။

"ဒူးခေါင်းကလေး ထောင်လိုက်ဗျာ"

မောင်စိန်သောင်း ဒူးခေါင်းထောင်၏။ နံကြားသို့ ဆရာဝန်က စမ်းသပ်၏။ ညာဘက်နံကြားပေါ် လက်တင်၍ ခေါက်ကြည့်သည်။ မျက်လုံးကို ဖြဲကြည့်၏။ လျှာထုတ်ခိုင်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ရောဂါ ဘာမှ သိပ်အထူးမရှိပါဘူး။ ခုအရက်သောက်ချင်စိတ် ရှိသေးသလား"

မောင်စိန်သောင်း အမှန်အတိုင်း ဝန်ခံပါသည်။

"ဟုတ်ကဲ့"

"စိတ်ပါပဲဗျာ.. စိတ်ကို ထိန်းထားပေါ့၊ ခင်ဗျားကို အရက်အစား ဆေးတွေ ထိုးပေး တိုက်ပေး နေတာပါပဲ၊ ခင်ဗျား နေကောင်းသွားမှာပါ။ ကဲ.. ကဲ... ခဏထိုင်လိုက်ပါဦး"

မောင်စိန်သောင်း ထထိုင်၏။

"လက်နှစ်ဖက် ဆန့်ဗျာ၊ ဟုတ်ပြီ.. လက်ချောင်းကလေးတွေကားထား၊ အဲ.. မျက်စိမှိတ်ထား။ အင်း... ခင်ဗျား လက်နည်းနည်းတော့ တုန်နေသေးသဗျ၊ ဒါပေမဲ့ အားရှိလာရင် ပျောက်သွားမှာပါ။ ကျန်းမာအောင် နေဗျာ၊ သိပ်ပြီး ထွေမနေနဲ့ နည်းနည်းပါးပါး လှုပ်လှုပ်ရှားရှားကလေး နေပေါ့"

"ဟုတ်ကဲ့.. ဆရာ"

"ဟား.. ဟား.. ဟား.. ခင်ဗျားက ကျုပ်ကို ဆရာဝန်အောက်မေ့နေတာကိုး၊ ဆရာဝန်တော့ ဆရာဝန်ပါပဲ၊ အခု ဆရာဝန်မဟုတ်တော့ဘူး၊ လူနာ ဖြစ်နေပြီ၊ ကျုပ်လည်း စိတ်ရောဂါ ဖြစ်လာတာနဲ့ ဆေးရုံလာတက်နေတာ ဆရာဝန်ကျင့် မပျောက်လို့ ခင်ဗျားကိုလာစမ်းသပ်တာ၊ ဟား.. ဟား.. ဟား.. ဆရာဝန်လည်း လူပဲဗျ၊ ရူးတတ်တာပေါ့"

===

ဆရာဝန်သည် မောင်စိန်သောင်းအား လိုအပ်သော စမ်းသပ်မှု၊ မေးမြန်းမှုများကို ပြုသည်။ (သည်တစ်ခါတော့ ဆရာဝန်အစစ် ဖြစ်ပါသည်။)





နားထဲမှာ အသံတွေ ကြားကြားနေသလား။

မျက်စိထဲမှာ မဟုတ်တာတွေ မြင်နေသလား။

အိပ်လို့ ကောင်းကောင်း ပျော်ရဲ့လား။ အစားကောင်း ကောင်းစားနိုင်ပြီလား။

ခြေတွေလက်တွေ ကတုန်ကယင် ဖြစ်သလား။

ရင်ပူသလား။ ချောင်းဆိုးရင် သွေးပါသလား။

ရင်ဘတ်တို့၊ ကြောတို့၊ နံကြားတို့ အောင့်သလား။

မူးတဲ့အခါ ဘာတွေ လုပ်ချင်လာသလဲ။

မိဘမျိုးရိုးထဲမှာ အရက်အလွန်အကျွံ သောက်တဲ့လူ ရှိသလား။

တစ်ယောက်ယောက်က ကိုယ့်ကို လာသတ်တော့မယ်စသဖြင့် ထင်သလား။

ကိုယ့်ကိုယ်ကိုယ် ဒါမှမဟုတ် တခြားသူကို အန္တရာယ် ပေးချင်သလား။

တစ်ခုခုကို ကြည့်နေရင်း နှစ်ခုသုံးခု မြင်နေရသလား။

ခင်ဗျားစိတ်ထဲမှာ ဘာမကျေနပ်တာတွေ ရှိသလဲ၊ ဥပမာထားမယားအပေါ်၊ မိတ်ဆွေအပေါ် စသဖြင့်ပေါ့။

အဲ.. အရေးကြီးတာ တစ်ချက် ရှိတယ်။ ခင်ဗျား စိတ်ထဲရှိတဲ့အတိုင်း ဖြေပါဗျာ။ ခင်ဗျား ဇနီးဟာ တခြားတစ်ယောက်နဲ့ ဖောက်ပြန်နေတယ်လို့များ ထင်မိသလား။

အစရှိသဖြင့် မေးအပ်သည်များ မေး။ စစ်ဆေးအပ်ချက်များစစ်ဆေးပြီးသောအခါ တာဝန်ကျဆရာမအား ညွှန်ကြားချက်များပေးလိုက်လေသည်။

မောင်စိန်သောင်းလည်း နေသာထိုင်သာ ရှိလာပြီ။ စားဝင်အိပ်ပျော်လာပြီ၊ ဆေးရုံမှ ဆရာဝန်၊ ဆရာ၊ ဆရာမများ၊ လူနာများနှင့်လည်း အတန်ငယ် ရင်းနှီးလာပြီ။



www.burmeseclassic.com

www.burmeseclassic.com



နွေသည် အလှည့်ကျ ဆရာမများ ရှိသည်။ ထဘီပြာဝတ် ဆရာမများနှင့် ထဘီအနီဝတ် ဆရာမလေးများ ဖြစ်သည်။

မောင်စိန်သောင်းက ဆရာမများကို လျှို့ဝှက်အမည် ပေးထားလိုက်သည်။

ဆရာမကြီး လေးယောက်အား ဒေါ်မြလေး၊ ဒေါ်ရွှေလုံး၊ ဒေါ်ဖီလင်၊ ဒေါ်ဒေါ်ညွှက်ဟူ၍ ဖြစ်သည်။ ဆရာမလေး နှစ်ယောက်ကိုတော့ မနွတ်ခမ်း၊ မညိုပြာညက်။

ဒေါ်မြလေး၊ ဒေါ်ရွှေလုံးတို့ကား အသံကျယ်စွာ ပြောဆိုတတ်ကြသောကြောင့် ဖြစ်သည်။

ဒေါ်ဖီလင်ကတော့ ဖီလင်ဘုရင် စန္ဒရားချစ်ဆွေနှင့် ကိုတင်လှိုင် သီချင်းများကို အသည်းစွဲ ကြိုက်သောကြောင့်–

ဒေါ်ဒေါ်ညွှက်ကတော့ သေးသေးညွှက်ညွှက်နှင့်မို့ ဖြစ်သည်။

မနွတ်ခမ်းကတော့ သူ့နှုတ်ခမ်းလှလှကလေးကို အမြဲလို မပြုံးဘဲ စေ့တင်းတင်း ထားတတ်သောကြောင့် ဖြစ်၏။ သူ့အပြုံးက မြင်ရခဲဘိ၏။

မညိုပြာညက်ကတော့ အညာသူ အသားညိုကလေး ဖြစ်သောကြောင့်–

"ကျွန်တော် ဆေးရုံက ဆင်းရခါနီးမှ စကားကလေး တစ်လုံးမှားသွားတာနဲ့ မဆင်းရသေးဘူးဗျာ၊ နာတာပဲ"

လူနာငယ် ကောင်လေးတစ်ယောက်က ညည်းညူ၏။

"မင်းက ဘာစကား သွားမှားလို့လဲ"

"ကျွန်တော့်ကို စစ်တုန်းက တခြားအားလုံး ပြေတာ မှန်ပြီးပြီ၊ ဆရာဝန်က ဆင်းရခါနီးလို့တောင် ပြောသေးတယ်။ အဲဒါ ကျွန်တော်က





လေရှည်ပြီး ဆရာမက ကျွန်တော့် ရည်းစားနဲ့ သိပ်တူတာပဲလို့ ပြောမိတာနဲ့ နောက်တစ်လ နေရဦးမတဲ့ဗျာ"

သူပြောသည့် ဆရာမလေးမှာ မနွတ်ခမ်းကလေး ဖြစ်သည်။

"သည်တော့ ဆရာမက မင်းကို မငေါက်ဘူးလား"

"ငေါက်တော့ မငေါက်မပါဘူး၊ ပြုံးပြုံးပဲ၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီကောင်လေး အရိုက်ခံရတော့မယ်တဲ့"

ဆရာမလေးသည် သူ့အား ဗွေမယူခဲ့ပါ။ ဝေဒနာ မပျောက်ရှာသေးပဲကိုးဟု ကရုဏာ ထားလိုက်ဟန် တူပါ၏။

"ဘာဆရာမလဲ၊ ဘာဆရာလဲ၊ ဘာဆေးတွေလဲ၊ ဘာတစ်ခုမှ သောက်သုံးမကျတဲ့ ဟာတွေ၊ ငါ့ကို ငါ့မိဘတောင် ချုပ်ချယ်ထားလို့ မရတာ။ ခင်းတို့က ငါ့ကို လာချုပ်ချယ်လို့ ဘယ်ရမလဲဟေ့၊ ငါ့အဖေတောင် ငါမကြောက်ဘူးကွ၊ သောက်ကောင်မတွေ"

မညိုပြာညက် အလှည့်ကျသောညဖြစ်ပါသည်။

စိတ်မနှံ့ လူနာတစ်ယောက်သည် အဆောင်တစ်လျှောက် လိုက်၍ ဆဲရေးတိုင်းထွာနေသည်။

မညိုပြာညက်သည် လူနာထိန်းတို့ အကူအညီဖြင့် ထိုလူနာကို သူ့အခန်းသို့ ပို့ပြီး–

"အရင်ဆေးတွေက မကောင်းပေမဲ့ ခုဆရာမ ထိုးပေးမယ့်ဆေးက အရမ်းကောင်းတာ၊ နိုင်ငံခြားက ဆေး။ ထိုးလိုက်..မှာတ်လား"

"ငါ့ကို ဒီလိုစမ်းလို့ ဘာရမလဲ"

လူနာထိန်းတို့က ချုပ်ပေးလိုက်ကြသည်။

ဆေးထိုးပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သောက်ကောင်မဟု အခေါ်ခံရသော မညိုပြာသည် မျက်နှာမပျက်ပါ။ သူက အမြဲလို ပြုံးနေတတ်၏။

လူနာထိန်းကြီး ကိုသိန်းကတော့ ဤသို့ ပြောပြ၏။

"ကျုပ်ဗျာ‥ လူနာတစ်ယောက် ကြမ်းနေလို့ ဝင်ထိန်းတာ၊ ကျုပ်လက်သန်း ဖိကိုက်လိုက်တယ်၊ လက်သည်းတစ်ခြမ်း ပြတ်သွားပါရောဗျာ၊ နစ်နာကြေး ဘယ်လောက်ဆိုလည်း ရမတဲ့၊ တော်တော်ဆိုးတဲ့ကောင်၊ ခုတော့ ဆင်းသွားရှာပါပြီ"

သူသည် သူ့လက်သန်းကို ကိုက်ဖြတ်သော လူနာအား အငြိုးမထားကြောင်း သူ့စကားအရ သိသာလှလေသည်။

ဆရာဦးသန့်ရှင်းကား ဆေးရုံအဆောင်တစ်ခုလုံးအတွက် ဆေးဝါးပစ္စည်း ထိန်းသိမ်းရေးမှအစ သန့်ရှင်းရေးအဆုံး တာဝန်ယူရသူတစ်ယောက် ဖြစ်လေသည်။ သူ့အလုပ်က များလှသည်။

မကြာမကြာ သူ့ကိုယ်သူ အားဆေး ထိုးနိုင်းရသူလည်း ဖြစ်သည်။ ဘောင်းဘီအနက်၊ အကျီဖြူအရှည်ကြီး၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့် အစဉ်လို မျက်နှာ တည်ကြည်နေသည်။ တည်နေသဖြင့် ကြောက်စရာ မကောင်း။

သူ့မျက်ဝန်းအစုံ၌ အဆောင်တစ်ခုလုံး၏ လိုအပ်ချက်များကို အခါမလပ် ကြည့်နေပုံကို တွေ့ရ၏။ တစ်ခုခုလိုအပ်သည်နှင့် ချက်ချင်းဆောင်ရွက်တတ်၏။

"ကျုပ်လည်း တစ်ခါတစ်ခါ ကြောင်တောင်တောင် ဖြစ်လာပြီဗျို့" ဟု ပြောပြဖူးသည်။

မောင်ညွှန့်သည် မောင်စိန်သောင်းကို စောင့်ရှောက်ရသော စပယ်ရှယ်ခေါ် လူနာစောင့်ကလေး ဖြစ်သည်။

သူ့ကို စကားစပ်၍ မေးကြည့်သည်။





"မင်း ဒီမှာ လုပ်တာ ဘယ်လောက် ကြာပြီလဲ"

"သိပ်မကြာသေးပါဘူး အစ်ကို"

"နေ့တိုင်း အလုပ်ရသလား"

"ရတဲ့အခါလည်းရ‥ မရတဲ့အခါလည်း မရပေါ့၊ တစ်ဆယ့်လေးငါးရက်ပေါ့"

"ကျောင်းကော"

"ထွက်လိုက်ရပြီ အစ်ကို၊ အမေက ဈေးရောင်းရတယ်။ ဖျံကျပေါ့"

မောင်စိန်သောင်းကဲ့သို့ လူနာမျိုးကို စောင့်ရသည်မှာ မပင်ပန်းလှသော်လည်း ကြမ်းသော ဝေဒနာရှင်ကို စောင့်ရသည်မှာ ပင်ပန်းလှသည်။ ရိုက်မောင်း ပုတ်မောင်း လုပ်ချင်လုပ်မည်။ ယိုသူမရှက် မြင်သူရှက်နေချင်နေမည်။ ဈေးကလူ သေးကလူ ပြုစုရသည်။ စောင့်ခတစ်နေ့ ငါးကျပ်။

"ညကျောင်းလေး ဘာလေး တက်ပါလားကွာ"

"မလွယ်ဘူးအစ်ကို"

===

ညဘက်စောင့်သော မောင်ထွန်းကို မေးမိပြန်သည်။

"နေ့ဘက်ကျ မင်းဘာလုပ်သလဲ"

"ကျောင်းတက်တယ် အစ်ကို"

"ဘယ်နှတန်းလဲ"

"ဆယ်တန်း"

"ကောင်းတာပေါ့ကွ၊ ဒီမှာ ညစောင့်ပြီး မနက်ကျတော့ ခဏအိပ်၊ နေ့လယ်မှ ကျောင်းတက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တုံးအစ်ကို.. မနက် ၇ နာရီ ကျောင်းတက်ရတယ်"

"ဒါဖြင့်လည်း ငါ့အိပ်ရင် မင်းအိပ်လို့ရသားပဲ"

"ကျွန်တော်တို့ ညအိပ်ခွင့် မရှိဘူးအစ်ကို.. စောင့်ရတာပဲ"

"ပြေးပြီ၊ ပြေးပြီ... ကိုကွန့်ကြီး ပြေးပြီ"

"လိုက်ကြဟ.. လိုက်ကြပါဦးဟ"

နားနားနေနေ ထိုင်မည် ကြံကာရှိသေးသော အလုပ်သမားများ စုပြုံ၍ အပြေးလိုက်ကြရပြန်လေသည်။

"ဝူး.. မောလိုက်တာ၊ ရွှတ်ပြေးတာပဲ၊ ဘောလုံးကွင်းထဲမှာ ချာချာလည်လို့"

===

အခန်း (၃)

"ခင်ဗျားစိတ်ကို ခင်ဗျား နိုင်အောင် ထိန်းဖို့ပါပဲ ကိုစိန်သောင်း။ ကျွန်တော်တို့က ဆေးကုပေးရုံပဲ တတ်နိုင်တာ၊ ကိုယ့်စိတ် ကိုယ်မနိုင်ရင်တော့ ကျွန်တော်တို့ ကုပေးသမျှ အလဟဿ ဖြစ်မှာပါပဲ၊ အဲ.. ကိုယ့်စိတ်ကိုယ် မနိုင်ဘူး ထင်လာရင်တော့ အချိန်မရွေး ကျွန်တော်တို့ကို လာတိုင်ပင်ဗျာ"

မောင်စိန်သောင်းကို ဆရာဝန်က ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပါပြီ။ ဒေါ်မြလေးနှင့် ဒေါ်ရွှေလုံးဟု အမည်ဝှက်ပေးထားသော စေတနာရှင် ဆရာမကြီး နှစ်ယောက်သည် မောင်စိန်သောင်းအား ဆေးရုံမှ ဆင်းရန် အစီအစဉ် လုပ်ပေးနေကြလေသည်။

ထိုအချိန်တွင် မနွတ်ခမ်း ဝင်လာသည်။

"နောက် တစ်ခေါက် ပြန်မလာနဲ့တော့နော် ကိုစိန်သောင်း" ဟု ပြောသည်။ တွေ့ရခဲဘိခြင်းဖြစ်သော မနွတ်ခမ်း၏ အပြုံးကို တွေ့လိုက်ရပါသည်။





"ကိုစိန်သောင်း နောက်တစ်ခေါက် ပြန်လာရင် ကြိမ်လုံးကြီးကြီး ဆောင်ထားမယ်။ ခုကြည့်စမ်း မိဘရော၊ သားမယားရော၊ ဘယ်လောက် စိတ်ဆင်းရဲရသလဲ.. ရှင်တော်တော်ကို ဆိုးတာပဲ"

ထုံးစံအတိုင်း ကျယ်လောင်သော၊ စူးရှသော၊ မာသော လေသံများ ဖြစ်သည်။ သို့သော် သူတို့၏ မျက်လုံးအစုံ၌ကား ဒေါသရိပ်ကို မတွေ့ရ၊ တွေ့တော့ တွေ့ရပါသည်။ ကရုဏာဒေါသ။

"အလကား ကောင်မကြီး။ ကောင်ကြီးတွေ၊ ငါ့ကို ဝိတ်ထားကြတယ်။ ဖွင့်စမ်း။ ဟော.. အောက်ဆင်းချင်လို့.. ဒုံး.. ဒုံး"

"ကဲ.. အပေါ်က တစ်ယောက်ကို သွားလုပ်လိုက်ကြစမ်းပါဦး ကွယ်တို့ရေ"

(မောင်စိန်သောင်း (အရေး) ဟူသည် မောင်စိန်သောင်း (အရက်ဖြတ်) ဟု ဖြစ်ပါသည်။)

॥ = ॥

၁၉၈၀ ပြည့်နှစ် စိတ်ကျန်းမာရေး ဆေးရုံကြီး နှစ်လည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

## တံခါးကလေး

မောင်စိန်သောင်း၏ ဖနီးသည် အိမ်ပြန် နောက်ကျလေ့ ရှိသော မောင်စိန်သောင်းအား ယနေ့ ညနေ လေးနာရီခန့် အရောက် ပြန်လာရန် မှာကြားသည်။

"စောစောပြန်ခဲ့နော်"

"အေးပါကွာ"

ဟူသော စကားသည် နေ့စဉ်နှင့်အမျှ ပြောနေကျစကား ဖြစ်၏။ သို့သော် ထိုသို့ "စောစောပြန်ခဲ့နော်" နှင့် "အေးပါကွာ" သည် စကားအဖြစ်သာ ရှိခဲ့၏။ မောင်စိန်သောင်းသည် နေ့စဉ်နှင့်အမျှ အိမ်ပြန် နောက်ကျမြဲ ဖြစ်သည်။ အိမ်ပြန်နောက်ကျသည့် နည်းတူ အိမ်မှ အထွက်လည်း နောက်ကျ၏။ အဘယ်ကြောင့်ဆိုသော် မောင်စိန်သောင်းသည် အချိန်အတိအကျဖြင့် ရုံးဆင်းရသော ရုံးအလုပ်သမား





မဟုတ်၊ အနုပညာ အလုပ်သမား တစ်ယောက် ဖြစ်၏။ စာသမား သို့မဟုတ် စာရေးစားသူ တစ်ယောက် ဖြစ်သည်။ ထို့ကြောင့် သူ့အလုပ်ချိန်သည် အတိအကျ မရှိ။ တစ်ခါတစ်ရံ ညဉ့်နက်သန်းခေါင်၊ သူ့အလုပ် လုပ်ချင်သော အချိန်သည် သူ့အလုပ်ချိန် ဖြစ်သည်။ သို့မဟုတ် မလုပ်လျှင် မဖြစ်သော အချိန်သည် သူ့အလုပ်ချိန် ဖြစ်သတည်း။

ထို့ကြောင့် မောင်စိန်သောင်း အိမ်မှ အထွက်နောက်ကျခြင်း၊ စောခြင်းသည် လည်းကောင်း၊ အိမ်အပြန် နောက်ကျခြင်း၊ စောခြင်းသည် လည်းကောင်း အရေးကြီးသော အကြောင်းတစ်ခု မဟုတ်ပါ။

ယနေ့မူ မောင်စိန်သောင်း၏ ဇနီး မနှင်းရည်က အိမ်သို့ ညနေ လေးနာရီ အရောက် ပြန်ခဲ့ရန် မှာကြား၏။ ညနေ လေးနာရီခန့်သည် မောင်စိန်သောင်း အိမ်ပြန်လေ့ ရှိသော အချိန် မဟုတ်ခဲ့ပါ။ ဘာအလုပ်မှ မရှိလျှင်လည်း ထိုအချိန်၌ အိမ်မပြန်ပါ။ ရောက်တတ်ရာရာ လျှောက်သွားနေတတ်၏။

ယနေ့ ညနေ လေးနာရီမှ အရောက် ပြန်သင့်ပါ၏။ ညနေ လေးနာရီကျော်ကျော်တွင် မနှင်းရည်ကို ဆေးတိုက်သို့ ပို့ပေးရမည် ဖြစ်သည်။

မနှင်းရည် နေထိုင်မကောင်း ဖြစ်သောကြောင့် မဟုတ်ပါ။

သားဖွားနှင့် သားအိမ်ရောဂါ အထူးကု ဆရာဝန်နှင့် သားအိမ်နှင့် သားဖွားကိစ္စ ပြသရန် ဖြစ်ပါသည်။

သားဖွားနှင့် သားအိမ်ရောဂါ အထူးကု ဆရာဝန်နှင့် ပြသရန် ဆိုသဖြင့် မနှင်းရည်တွင် သားအိမ်နှင့် ပတ်သက်သော ဝေဒနာ ခံစားနေရသည်လည်း မဟုတ်၊ သို့ဆိုလျှင် အဘယ့်ကြောင့် "သားဖွား



www.burmeseclassic.com

www.burmeseclassic.com



နှင့် သားအိမ်ရောဂါ အထူးကု'' ဆရာဝန်နှင့် ပြသရန် လိုအပ်ပါသနည်း။

မောင်စိန်သောင်းသည် အိမ်ထောင်ပြု နောက်ကျ၏။ နောက်ကျ၏ဟု ဆို၍ မရလျှင်သော်မှ အိမ်ထောင်ပြုမစော သို့မဟုတ် အချိန်မလွန်မီ အချိန်မနှောင်းမီ အိမ်ထောင်ပြုသည်ဟု ဆိုရမည် ဖြစ်သည်။

မောင်စိန်သောင်းသည် အသက်သုံးဆယ်တော်တော် ကျော်မှ အိမ်ထောင်ကျသည်။ မနှင်းရည်နှင့် အသက်ချင်း ရှစ်နှစ်ခန့် ကွာ၏။

မောင်စိန်သောင်းနှင့် မနှင်းရည် နှစ်ယောက်စလုံး တက္ကသိုလ် တစ်ခုစီမှ ဘွဲ့တစ်ခုစီရပြီးသား ဖြစ်သည်။ ပညာတတ်များဟု သမုတ်နိုင်သည်။

အိမ်ထောင်သား မွေးဟု ဆိုစကား ရှိသည့်အတိုင်း မောင်စိန်သောင်းနှင့် မနှင်းရည်တို့ အိမ်ထောင်ပြုပြီး တစ်နှစ်အတွင်း သမီးဦး မိန်းကလေးတစ်ယောက် ထွန်းကားသည်။

နှစ်ဖက် အဘိုးအဘွားများ၏ မြေးဦးလည်းဖြစ်၊ မောင်စိန်သောင်းနှင့် မနှင်းရည်တို့၏ သမီးဦးလည်း ဖြစ်သဖြင့် ထိုကလေးသည် မွေးကံကောင်းသော ကလေးဟု ဆိုရမည်။

ကလေး၏ နှစ်ဖက်အဘိုးအဘွားများသည် 'မြေးအနှစ်' ဟု ဆိုသည်ထက် ပို၍ ချစ်ကြ ယုယကြလေသည်။ မောင်စိန်သောင်းတို့က မာန်မဲလျှင်ပင် မကြိုက်ချင်ကြ ရိုက်ဖို့ဆိုဝေးစွ။

ဤသို့ဖြင့် ကလေးသည် နှဲ့ဆိုးဆိုးရင်း ကြီးပြင်းခဲ့သည်။ မနှင်းရည်သည် ဘွဲ့တစ်ခု ရထားသော်လည်း ထိုဘွဲ့ရ ပညာကို အသုံးမချရရှာ၊ ခင်ပွန်းနှင့်သမီးကို ပြုစုခြင်းဖြင့် အချိန်ကုန်နေရ၏။

"အလုပ်တစ်ခုခု လုပ်ရရင် ကောင်းမယ် ထင်တယ် အစ်ကိုရယ်''





"အလုပ်ရရင် ကောင်းတာပေါ့၊ လုပ်ချင်လည်း လုပ်လေ''

"လျှောက်တော့ လျှောက်ထားသားပဲ''

"မင့် လေဘာကတ်ကော လစဉ် လဲရဲ့လား''

"မလဲရတာ ခြောက်လလောက် ရှိပြီ''

"ဒါဆို လွယ်ပါ့မလား''

"ကိုကျော်စိန်ကိုတော့ ကြိုးစားပေးဖို့ ပြောထားတာပဲ''

"လွယ်မယ် မထင်ပါဘူးကွာ''

"လျှောက်ထားတာတော့ မမှားဘူးပေါ့''

"နယ်မှာရမယ်ဆို ဘယ့်နှယ်လုပ်မလဲ''

"အဲဒါဆို မလုပ်ရှိပေါ့''

"အေးလေ.. တို့မိသားစု စားလောက် သောက်လောက် ရှိနေသေးသားဝဲ''

"ရန်ကုန်မှာ ရမယ်ဆိုရင်ကော လုပ်ရမလားဟင်''

"သမီးတစ်ဖက်နဲ့ လွယ်ပါ့မလား''

"နေ့လယ်ဘက် သူ့အဘွားဆီ ပို့ထားခဲ့ရင် ဖြစ်နိုင်သားပဲ''

"အမေ့မလဲ ချက်ဟယ်ပြုတ်ဟယ်နဲ့၊ နေ့လယ်ခင်း တစ်ရေးတစ်မောတောင် အိပ်ချိန် မရ ဖြစ်နေပါဦးမယ်''

"အမေကလည်း သူ့မြေးကို ခေါ်ခေါ်ထားနေကျပဲ ဥစ္စာ''

"နို့ နေပါဦး၊ မင်းလျှောက်ထားတဲ့ အလုပ်က ဘာရာထူးလဲ''

"ပထမတော့ ပုံသေလစာ တစ်ရာငါးဆယ်နဲ့ နောက်တော့''

"နောက်တော့ဆိုတာ ဘယ်တော့လဲ.. ဘယ်လောက်ကြာမှာလဲ''

"အတိအကျ ပြောလို့ ဘယ်ရမလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့လေ၊ ကဲ ရန်ကုန်မှာပဲ ရတယ်ထား။ မင်းအသွား အပြန် လမ်းစရိတ်၊ နေ့လယ်နေ့ခင်း စားစရိတ်၊ ပြီးတော့ အဝတ် အစားဖိုး၊ အလှုပြင်စရိတ် ... ထိ။ ဖိနပ်"

"အိုး ... ဒါကတော့ ဒီလိုပဲ ဖြစ်အောင် လုပ်ရမှာပေါ့၊ သူများ တွေလည်း ဒီလိုပဲဟာ"

"သူများကိစ္စက သူများကိစ္စပဲ၊ ကိုယ့်ကိစ္စ ကိုယ်စဉ်းစားစမ်းပါ ဦး။ မင်းရမယ့် လစာနဲ့ ပြန်ကုန်မှာနဲ့ လူပင်ပန်းတာနဲ့၊ ပြီးတော့ ဒါ ကလည်း ကလေးကို အချိန်ပြည့် ကြည့်ပေးနိုင်မှာ မဟုတ်ဘူး။ ထမင်း ချက်၊ ဈေးသွားကိစ္စလည်း ငါမတတ်နိုင်ဘူး။ ဒီတော့ မင်းအဖော် အလော့်တစ်ယောက် လိုလာဦးမယ်၊ အဲဒီ အဖော်စရိတ်လည်း ပြန်တွက်ကြည့်ဦး"

ဤသို့ဖြင့် လင်မယားနှစ်ယောက် တွက်ကိန်း ချကြည့်ရာ အကယ်၍ မနှင်းရည် ရန်ကုန်တွင်ပင် အလုပ်ရစေဦးတော့ ပထမ အစပိုင်းတွင် မနှင်းရည်၏ လစာထဲမှ ငွေနှစ်ဆယ်ထက် ပို၍ မကျန် တော့ပေ။ ထို့ကြောင့်–

"မင်းကော ငါကော နှစ်ယောက်စလုံး အလုပ်လုပ်မှ ဖြစ်မယ့် အခြေအနေ မရောက်သေးပါဘူးကွာ၊ အိမ်မှာပဲ အိမ်ကိစ္စတွေ မယို မဖိတ်အောင် လုပ်ပေါ့၊ နောင်လိုတဲ့အခါ မင်းအလုပ် မလုပ်ချင် ပါဘူး ဆိုလို့လည်း နေလို့ ရမှာမဟုတ်ပါဘူး"

"ဟိုကျူတာ ခေါ်တာတော့ လျှောက်ကြည့်ချင်သေးတယ်"

"လျှောက်ချင် လျှောက်ကြည့်ပေါ့ကွာ၊ ငါတော့ သိပ်မထင်ပါ ဘူး"

"အစ်ကို့သူငယ်ချင်းတွေ၊ ဆရာတွေလည်း ရှိသားပဲ၊ ပြီးတော့ နှင်းရည်ဆရာတွေနဲ့လည်း ရင်းတာပဲ၊ ကျူတာရရင်တော့ လုပ်ချင် တယ်"





"လျှောက်ကြည့်လေ"

သို့သော် မရခဲ့ပါ။

မောင်စိန်သောင်းသည် ဝင်ငွေကောင်းလှသူတစ်ယောက် မဟုတ်သော်လည်း၊ အသင့်အတင့် နေနိုင်စားနိုင်သော ဝင်ငွေရှိ၏။ ထို့ကြောင့် မနှင်းရည် အလုပ်ရရေး မရရေးသည် သိပ်အရေးမကြီးခဲ့။ သူတို့သားအမိသားအဖ သုံးယောက်နှင့် မောင်စိန်သောင်း၏ ညီ တစ်ယောက်၊ ဘကြီးတစ်ယောက်တို့အတွက် စားဝတ်နေရေးသည် ခနော်ခနဲ့ မဖြစ်ခဲ့။

ထိုသို့ မဖြစ်ရန်လည်း မောင်စိန်သောင်းနှင့် မနှင်းရည်တို့ တွက်ကိန်းချခဲ့ကြသည်။ ထိုတွက်ကိန်းများထဲ၌ သားသမီးကိစ္စလည်း ပါဝင်လေသည်။

မောင်စိန်သောင်းနှင့် မနှင်းရည်တို့သည် ပညာတတ်ဟု သမုတ် နိုင်သူများပီပီ ခေတ်မီမီ တွေးချင်ကြသည်။ ခေတ်မီချင်ကြသည်။

ခေတ်မီ အိမ်ထောင် သားမွေး ပုံစံကို သဘောကျသလိုလို ရှိခဲ့ကြ၏။ သားသမီး ဘယ်နှယောက် ယူမည်၊ တစ်ယောက်နှင့် တစ်ယောက် မည်ရွေ့မည်မျှ အချိန်ကာလ ခြား၍ ယူမည် စသဖြင့် ဖြစ်သည်။

ဤကိစ္စ၌ မောင်စိန်သောင်းသည် တွေဝေ၏။

"ကလေး လေးယောက်လောက်ပဲ ယူကြရအောင်နော်" ဟု မနှင်းရည်က ပြောသောအခါ–

"မင်းကလည်းကွာ ... ဘယ်နှယောက်ဖြစ်ဖြစ် သဘာဝအတိုင်း မွေးချင်သလောက် မွေးပါစေပေါ့" ဟု သူရဲကောင်းဆန်ဆန် ပြောပစ် လိုက်သည်။

"ကလေးကများ။ စီးပွားရေးမကောင်း ဖြစ်လာရင် စိတ်ဆင်းရဲ လာရလိမ့်မယ် မဟုတ်လား။ ကိုယ်နိုင်သလောက် ယောက်ယူတာ



www.burmeseclassic.com

www.burmeseclassic.com



ပိုမကောင်းဘူးလား။ ကလေးတွေကို နိုင်နိုင်နင်းနင်း၊ တာဝန်ယူ ပြုစုနိုင်တာပေါ့"

"တို့အမေ၊ တို့အမေတွေတုန်းက ဒီလို စဉ်းစားခဲ့တာ မဟုတ်ပါဘူး။ မင်းအမေရော ငါ့အမေရော ခုနစ်ယောက်တောင် မွေးခဲ့တာ၊ တို့လည်း ဒီလိုပဲ ကြီးခဲ့တာ ဥစ္စာ"

ဤနေရာ၌ မောင်စိန်သောင်း၏ မိခင်နှင့် မနှင်းရည်တို့၏ မိခင်တို့ ကလေးမွေးသော အရေအတွက် အတူအညီ ဖြစ်နေသည်မှာ တိုက်ဆိုင်လှ၏။

"ဒါပေမဲ့ အမေတို့ ခေတ်နဲ့ ခုခေတ်နဲ့ တူတာမှ မဟုတ်ဘဲ"

"ဒါပေမဲ့ အမေတို့ ခေတ်နဲ့ အဘိုးတို့ အဘွားတို့ ခေတ်နဲ့လည်း တူတာမှ မဟုတ်တာ"

"ဒါပေမဲ့ အစ်ကို စဉ်းစားကြည့်လေ၊ မနိုင်မနင်းနဲ့ဆို ကလေးတွေလည်း ဒုက္ခရောက်မယ်၊ နှင်းရည်တို့လည်း ဒုက္ခရောက်မယ်"

မောင်စိန်သောင်း တွေဝေစဉ်းစားခဲ့လေ၏။

ဤနည်းဖြင့် ထိုထိုဤဤ စဉ်းစားရင်း၊ နှစ်ဦးသဘောတူ စီမံကိန်းတစ်ခု ချမှတ်လေသည်။ မွေးချင်သမျှ မွေးပါစေ၊ သို့သော် ကလေးတစ်ယောက်နှင့် တစ်ယောက် သုံးနှစ်ခန့် သို့မဟုတ် လေးနှစ်ခန့် ခြားမည်၊ ခြား၍ ယူမည်။

ခေတ်မီ ဆေးသိပ္ပံနည်းဖြင့် 'ကလေးခြား' ကြမည်။ နည်းမျိုးစုံ ရှိသည်။ ဘေးမဖြစ်နိုင်သော နည်းကို ရွေးမည်။

ဤသို့ ဆုံးဖြတ်ပြီးသကာလ မောင်စိန်သောင်းသည် မိမိကိုယ် မိမိ အပြစ်မကင်းသလို ခံစားမိပြန်သည်။

သဘာဝအလျောက် လူ့လောကသို့ ရောက်လာလိုသော ကလေးအား 'ယခု မလာနဲ့ဦး။ နောက်နှစ်မှ လာပါ၊ ဘယ်ရွေ့ဘယ်မျှ





ကြာမှလာပါ' ဟု 'လူ့ဘဝတံခါး' ကို အချိန်နှင့်အဖွင့်၊ အချိန်နှင့် ပိတ်ထားသည်မှာ သင့်မှသင့်လျော်ပါမည်လားဟု တွေးမိပြန်သည်။

တွေးသာတွေးဖြစ်သော်လည်း 'အထူးကု' ဆရာဝန်၏ ညွှန်ကြားချက်ကို မနှင်းရည်အား လိုက်နာစေခဲ့ပြီး ဖြစ်လေသည်။

===

ထို့ကြောင့် ယနေ့ညနေ လေးနာရီခန့် မောင်စိန်သောင်း အိမ်အရောက်ပြန်ပြီး၊ မနှင်းရည်အား အထူးကုကြီးဆီသို့ ပို့ပေးရမည် ဖြစ်လေသည်။

"ထီးယူသွားလေ အစ်ကို၊ မိုးတွေ မည်းနေတယ်"

"မယူဘူးကွာ ပျောက်ခဲ့ဦးမယ်"

မောင်စိန်သောင်းသည် မကြာခဏ ထီးပျောက်လေ့ ရှိ၏။ တစ်နေရာရာ၌ မေ့ကျန်လေ့ ရှိ၏။ ထို့ကြောင့် ထီးဆောင်းခြင်း အလေ့ကို ပယ်ဖျက်ထားသည်။

ဘတ်စ်ကား စောင့်နေစဉ် မိုးဖွဲဖွဲ ကျလာသဖြင့် ဘတ်စ်ကား ဆိပ်အနီးရှိ ကွမ်းယာဆိုင်သို့ မိုးဝင်ခိုလိုက်သည်။

"ကိုစိန်သောင်း . . ကွမ်းယာဝါးဦးမလား"

မောင်စိန်သောင်း စားနေကျ ကွမ်းယာဆိုင် ဖြစ်သဖြင့် ကွမ်းယာသည်က မေးသည်။

"လုပ်ဗျာ–လေးယာလောက်၊ သုံးယာထုပ်ပေး"

ကွမ်းယာသည်သည် လသားအရွယ်ကလေးငယ်ကို နို့တိုက်နေရာမှ နို့ခဏ ချွတ်၍ ကွမ်းယာယာလိုက်သည်။

"ဘယ်လောက် ရပလဲ မရွှေလုံး"



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းယာသည့်၏ အမည်ရင်းမှာ မရွှေလုံး မဟုတ်သော်လည်း ဝဝဖိုင့်ဖိုင့် လုံးလုံးထည်ထည် ဖြစ်သဖြင့် မောင်စိန်သောင်းက 'မရွှေလုံး' ဟု ခေါ်လေ့ ရှိသည်။

"ခြောက်လထဲ ရောက်ပြီ"

"ခြောက်လကျော်ရင် ထမင်းလေး ဘာလေး ပြုတ်ကျွေးတော့ ဗျ၊ အသီးအရွက်လည်း ထည့်ပြုတ်ကျွေးရသတဲ့"

ကွမ်းယာသည် မရွှေလုံးကို မောင်စိန်သောင်းက ဖတ်ဖူး မှတ်ဖူးသမျှနှင့် ဆရာလုပ်လိုက်သည်။

"ကျွေးရမှာပါပဲ၊ သူ့ချည်း အမြဲနို့တိုက်မနေနိုင်ဘူး။ ဈေးရောင်း တစ်ဖက် ဈေးဝယ်တစ်ဖက် ချက်ဟယ်ပြုတ်ဟယ်နဲ့"

"ဟဲ့…အကြီးကောင်၊ ဗမာဆေး ငါးမူးဖိုး သွားဝယ်စမ်း"

"အကြီးကောင်က ဘယ်လောက်ရှိပလဲ"

"ရှစ်နှစ်ထဲမှာ"

ပြောရင်း ကွမ်းယာ လှမ်းပေးသည်။

"ဘယ်နှယောက်ရှိလဲ"

"ယောကျ်ားတော့ တစ်ယောက်တည်းပါတော်"

မရွှေလုံးက နောက်လိုက်သည်။

"ဟုတ်ပါတယ်၊ ခင်ဗျားပုံကြီးနဲ့ နောက်တစ်ယောက်လည်း မရနိုင်ပါဘူး"

မရွှေလုံး သွားကြီး ဖြီး၍ ရယ်မောရင်း–

"ငါးယောက်ရှိပြီ"

ပြောရင်း ကလေးကို နို့ပြန်တိုက်နေသည်။

'မိခင်နို့သည် ကလေးအတွက် အကောင်းဆုံး ဖြစ်သည်၊ သို့သော်' ဟူသော လက်တိုက်ဂျင်နို့မှုန့်ဘူး တံဆိပ်မှ စာတန်းကို မောင်စိန် သောင်း သတိရမိလိုက်သည်။





မိုးသည် ဖွဲရာမှ သည်းလာသည်။

ဘတ်စ်ကား ဆိုက်လာ၏။

မိုးသည်းထဲ၌ ခေါင်းကို လွယ်အိတ်နှင့် ကာရင်း ဘတ်စ်ကား ပေါ် ပြေးတက်လိုက်သည်။

အခန်းအဆောက် ရှုပ်ထွေးသဖြင့် အနည်းငယ်မျှ မိုးစို၏။

မိုးသည်းနေသဖြင့် အတွင်းဘက်သို့ မရအရ တိုးဝင်လိုက် သည်။

ထိုစဉ်တွင် တဝီဝီ ဟွန်းသံပေး၍ မှန်လုံကားတစ်စင်း ဘတ်စ် ကားကို ကျော်တက်သွားသည်ကို မောင်စိန်သောင်း မြင်ရ၏။

ကားထဲတွင် ငါးနှစ်အရွယ် ကလေးတစ်ယောက်နှင့်၊ မိခင်ဟု ယူဆရသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသည်။ အမျိုးသမီး ကိုယ်တိုင် ကားမောင်းသွားသည်။

အမျိုးသမီးသည် ချောမောလှပသူတစ်ယောက် ဖြစ်သည်ကို ရိပ်ခနဲ တွေ့လိုက်ရရုံဖြင့် ခန့်မှန်းနိုင်သည်။ 'ကတော်' တစ်ယောက် ယောက် ဖြစ်ပေမည်။ ကလေးကို မူကြို၊ သို့မဟုတ် မူလတန်း၊ သို့မဟုတ် ကျောင်းကြီးကျောင်းကောင်း တစ်ကျောင်းကျောင်းသို့ သွားပို့ ခြင်း ဖြစ်မည်။

ဘတ်စ်ကားသည် ခရီးသည်များဖြင့် ပြည့်ကျပ်ညပ်နေသည်။ မိုးရွာသဖြင့် အတွင်းသို့ သူ့ထက်ငါ တိုးဝှေ့ဝင်နေကြသည်။

မောင်စိန်သောင်း အနားတွင် ထိုင်နေသော ခရီးသည် တစ်ယောက်သည် ဆင်းမည်ဟန် ပြု၏။

မောင်စိန်သောင်းသည် ထိုလူနားသို့ တိုး၍ ကပ်လိုက်သည်။ သူ့နောက်မှ လူကို ပခုံးဖြင့် လည်းကောင်း၊ ဒူးဖြင့် လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကာရင်း ကွယ်ရင်း ဆင်းမည့်လူ၏ ထိုင်ခုံနေရာကို ဦးလိုက်ခြင်း ဖြစ်သည်။

ထိုင်စရာ နေရာရပြီးသောအခါ ညနေလေးနာရီအရောက် မည်သို့ ပြန်ရမည်ကို စဉ်းစားလိုက်သည်။ လေးနာရီအတွင်း သွားစရာ လာစရာ ကိစ္စ ပြီးအောင် စိတ်တွက်နှင့် တွက်ကိန်းချနေမိပြန်သည်။ ဘာပဲဖြစ်ဖြစ် ညနေ လေးနာရီတော့ အရောက်ပြန်မှ ဖြစ်မည်။

သဘာဝအလျောက် လူ့လောကတံခါးဝသို့ ရောက်လာမည့် ပုဂ္ဂိုလ်တစ်ယောက်အား လှိုက်လှဲစွာ ကြိုဆိုရေးအတွက် တံခါးလေး ဖွင့်ထားပေးရမည်။

ဆက်၍လည်း စဉ်းစားမိပြန်သည်။ တစ်ချိန်က စဉ်းစားတွေခဲ့သကဲ့သို့ပင် ဖြစ်ပါ၏။ 'လာလိုသူအား မလာပါနှင့်ဦး။ နောင်နှစ်မှ လာပါ' ဟု တံခါးကို ဖွင့်ချည်ပိတ်ချည် လုပ်သင့်လေသလား။ မသင့်လေသလား… သူ တွေဝေလျက်ပင်။

။ = ။

၁၉၈၁ ခု၊ ဇန်နဝါရီလ၊ ရှုမဝ



## ဆရာကောင်းများ လက်ကျ

မောင်စိန်သောင်းသည် အနုပညာ ဝါသနာထုံသူတစ်ယောက် ဖြစ်၏။

လူဖျိုပေါက် အရွယ်တွင် အများသူငါကဲ့သို့ပင် ဆိုခြင်း၊ တီးခြင်း ကိစ္စ၌ အလေ့ ရှိ၏။

မောင်စိန်သောင်းတို့၏ အရပ်ထဲတွင် မယ်ဒလင် အတီးကောင်းသော ကိုခင်အောင် ဆိုသူရှိ၏။ သူသည် ညဥ့်အခါ လမ်းထောင့်အုတ်ခုံ၌ ထိုင်၍သော်လည်းကောင်း၊ ကင်းတဲ၌သော်လည်းကောင်း မယ်ဒလင် တီး၍ သီချင်းဆိုလေ့ ရှိသည်။ သူ့အနားတွင် မောင်စိန်သောင်းတို့ လူငယ်တစ်သိုက် ဝိုင်းဝိုင်းလည်နေတတ်သည်။

ကိုခင်အောင်သည် လူပျိုကြီး ဖြစ်၏။ ဆံပင်ညှပ်ဆရာလည်း ဖြစ်သည်။ ဆံပင်ညှပ်ရင်းလည်း သီချင်းညည်းနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်သောင်းသည် အနုပညာ ဗိသုကာထုံသည့်အလျောက် ကိုခင်အောင်ထံမှောက်၌ မယ်ဒလင်အတီးသင်လေသည်။ မောင်စိန်သောင်းတို့ လူပျိုပေါက် အချိန်က ဂစ်တာခေတ်မစားသေး။ အနည်းအကျဉ်းသော လူငယ်တို့သာ ဂစ်တာခေါက်ကြသည်။

ကိုခင်အောင်နှင့်အတူ ညည့်နက်သန်းခေါင်နေ၏။

ကိုခင်အောင်သည် ဆံပင်ညှပ်ဆိုင် သိမ်းပြီးသည်နှင့် အဝတ်အိတ်ဖြင့် တယုတယ ထည့်ထားသော မယ်ဒလင်ကို ကိုင်၍ သူ့ဆိုင်ရှေ့ ခုံတန်းလျားတွင် မယ်ဒလင်ကြိုးညှိ၍ ပုလဲစမ်း၏။ ထို့နောက် ကိုခင်အောင်သည် သူ့အနား၌ အစဉ်လိုလို ရှိနေတတ်သော မောင်စိန်သောင်းကို မယ်ဒလင် ပေးပြီး–

"ဟေ့ကောင်–ကြိုးပြတ်ရင် မင်းဝယ်ထည့်ရမယ်။ မင်းက တစ်ကြိုးကို တအားနဲ့ ကုတ်ကုတ်ဆွဲတော့ ခဏခဏ ပြတ်တာပေါ့ကွ။ ဒီလိုလုပ်ကွာ မသန်းမေတို့ ဆိုင်မပိတ်ခင် တစ်ကြိုးနဲ့ နှစ်ကြိုးသွားဝယ်ထားလိုက်" ဟု မှာကြားပြီး ကိုသန်းဖေတို့ ဆိုင်သို့ လစ်လေသည်။

ကိုသန်းဖေတို့ ဆိုင်ဆိုသည်မှာ အဓိန္နိရ အရက်ဖြူဆိုင် ဖြစ်ပါသည်။

မောင်စိန်သောင်း ကြိုးနှစ်ချောင်းဝယ်၊ ဆံပင်ညှပ်ဆိုင်သို့ ပြန်၊ ကိုခင်အောင် သင်ပေးထားသော တီးကွက်ကလေးများကို လက်စမ်းကြည့် စသဖြင့် လုပ်ရင်း နာရီဝက်ခန့် ကြာသောအခါ ကိုခင်အောင် ပြန်ရောက်လာလေသည်။ နည်းနည်း တွေလာပြီ။

ထိုအခါ ကိုခင်အောင်သည်–

"ငါ့ဆိုင်ရှေ့မှာ တီးရတာ ရှာန်မဝင်ဘူးကွာ။ လာလမ်းထောင့်သွားမယ်" ဟု ဆိုပြီး မယ်ဒလင်ဆွဲလျက် လမ်းထောင့်အုတ်ခုံသို့ လာခဲ့ကြသည်။ လမ်းထောင့်သို့ ရောက်လျှင် အုတ်ခုံပေါ်၌ အကျအန





ထိုင်ပြီး မယ်ဒလင်ကို စိတ်ပါလက်ပါတီးတော့၏။ သူအများဆုံး တီးလေ့ရှိသည်မှာ ဂီတနက်သံ ကိုစောညိမ်း၏ သီချင်းများ ဖြစ်သည်။

မောင်စိန်သောင်း သတိပြုမိသည်မှာ 'ဆေးမသောက်မီ အသံနှင့် ဆေးသောက်ပြီးအသံ' ကွာခြားခြင်း ဖြစ်သည်။ အရက်မသောက်မီက ဆိုသော တီးသော အသံသည် အရက်သောက်ပြီးမှ ဆိုသော တီးသောအသံထက် အနည်းငယ် လျော့နေသည်ဟု သူထင်၏။ ထိုအကြောင်းကို ကိုခင်အောင်အား ပြောပြသောအခါ 'ရှာန်ဝင်စားတာကွ' ဟု ပြန်ဖြေလေသည်။

မောင်စိန်သောင်း မယ်ဒလင်တစ်လက် ဝယ်လိုက်သည်။ သီချင်းတစ်ပုဒ်စနှစ်စ တီးတတ်နေပြီ ဖြစ်သည်။

"လမင်းကြီးကတော့ သာပြန်ပါသည်။ ဘယ်ဝယ်ဘယ်ဆီ ချစ်သူကို ဈော်ကာရမ်း မျှော်ကာမှန်းမိသည်"

မောင်စိန်သောင်းတို့၏ သင်ရိုးကား 'တံတျာတေရှင်' နှင့် မစ၊ သီချင်းလွယ်များနှင့် စလေသည်။ လယ်ကွက်နှိပ်တတ်ရန်၊ သီချင်းသွားကို အလွတ်ကျက်ခိုင်း၍ သင်နည်း ဖြစ်သည်။ စနစ်ကျ မကျတော့ မသိ။ သီချင်းသံတော့ ထွက်လာသည်။

===

တစ်ညသည်၌–

ကိုခင်အောင်သည် ဇော်ဇော်ကလေး တွေနေ၏။

"စိန်သောင်း–ငါတို့ ဘုရားကုန်းကို သွားကြရအောင်ကွာ"

"ဟာ–ခင်ဗျားကလည်း ညည့်နက်ပြီဗျ။ ကင်းတဲမှာပဲ ထိုင်တီးပေါ့"

"လာစမ်းပါ၊ မင်းမလိုက်ချင်နေခဲ့။ ငါသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုခင်အောင်သည် မယ်ဒလင် လက်က ဆွဲ၍ ယိုင်ထိုး ယိုင်ထိုးနှင့် ထွက်သွားသည်။ မောင်စိန်သောင်း မနေသာတော့၊ ကိုခင်အောင့်နောက် လိုက်ခဲ့ရသည်။

လပြည့်ညတစ်ည ဖြစ်သည်။

ရပ်ကွက်အစွန်းမှ စေတီငယ်၏ ဆည်းလည်းသံ လွင်လွင်ကလေးကို ကြားနေရသည်။ ရင်ပြင်တော်တွင် တစ်ယောက်မျှ မရှိ။ ဗရားထိုင်လေ့ ရှိသော ဦးဘိုးဘပင် ပြန်သွားပြီ။

ကိုခင်အောင်သည် ဒယီးဒယိုင်နှင့်ပင် ရင်ပြင်တော်၌ ထိုင်ချ၏။ မယ်ဒလင်ကို သူ့ဘေး၌ အသာထားပြီး ဝတ်ပြုဘုရားရှိခိုး၏။ ဘုရားရှိခိုး၏ဟု ဆိုသဖြင့် "ဩကာသ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ" အစရှိသဖြင့် ရွတ်ဆိုခြင်း မဟုတ်ပါ။ ဦးသုံးကြိမ် ချခြင်းမျှသာ ဖြစ်၏။ မူးနေသော်လည်း ဘုရားရှေ့ ရောက်လျှင် ဘုရားဝတ်ပြုရမည်မှန်းတော့ သိသေးသည်။

ထို့နောက် မယ်ဒလင်ကို ဆွဲ၍ ရင်ပြင်ထောင့် တစ်နေရာတွင် တံတိုင်းကို မှီထိုင်လိုက်သည်။ ဆေးပေါ့လိပ် ထုတ်၏။ မီးညှိပြီး တအားဖွာရှိုက်လိုက်သည်။ သူ့မျက်လုံးများသည် သူ့ရှေ့၌ ရှိသော အရာများကို မြင်ဟန်မတူ။ မမျှော်မှန်းနိုင်သော နေရာသို့ မျှော်နေသည်နှင့် တူ၏။

မောင်စိန်သောင်းသည် သူ့ဆရာသမားကို ကြည့်၍ ယနေ့ အနည်းငယ် ထူးခြားနေကြောင်း သတိထားမိသဖြင့် ခပ်မဆိတ် နေလိုက်သည်။ သူလည်း ဆေးပေါ့လိပ်တစ်လိပ် မီးညှိဖွာရှိုက်လိုက်၏။

မောင်စိန်သောင်း သယ့်ခြောက်နှစ်သားအရွယ်တွင် ဆေးလိပ် သောက်တတ်၏။ စီးကရက် လက်ကြားညှပ်၍ ရှိုက်နေရသည်ကို





အရသာဟု ထင်၏။ ထိုမှစ၍ တစ်စတစ်စ ဆေးလိပ်သောက်တတ်လာလေသည်။

မောင်စိန်သောင်းသည် ဆေးလိပ်ရှိုက်ရင်း ဆရာသမားကို ကြည့်နေသည်။

ကိုခင်အောင်က အပျိုးနိဒါန်း မရှိဘဲ စကားတစ်ခွန်း ဆိုသည်။

"ဒီလိုလပြည့် ညတစ်ညပေါ့ကွာ၊ လွန်ခဲ့တဲ့ ဆယ်နှစ်က"

မောင်စိန်သောင်း ကြားတော့ကြားမှုသည်။ "ကိုခင်အောင်ကြီး တစ်ယောက် အသည်းကွဲနေတာတဲ့၊ သူ့ရည်းစားက သူ့ကို ပစ်သွားလို့ အသည်းကွဲနေတာတဲ့" သူ ဤမျှသာ ကြားဖူး၏။ မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သည်ကိုမူ သူမသိ။

"ဘာဖြစ်ခဲ့လို့လဲ ကိုခင်အောင်"

အချစ်နှင့် ပတ်သက်သော ဝေဒနာတစ်ရပ်ကို ခံစားရသော အခါ တစ်စုံတစ်ယောက်အား ရင်ဖွင့် ပြောပြလိုက်ရလျှင် သက်သာသလို ရှိသည်မှာ အမှန်ပင် ဖြစ်၏။

"အေး... ဒီနေ့ ဆယ်နှစ်ပြည့်တဲ့နေ့ပဲ၊ သူ ငါ့ကို ခွဲသွားတာ"

"ဘယ်သူလဲ ကိုခင်အောင် မမသန်းလား"

"အေး... တစ်ရပ်လုံး သိတဲ့ ကိစ္စပဲ"

"သူ ငါ့ကို ဒီနေရာမှာပဲ၊ နောက်ဆုံး စကားပြောသွားခဲ့တယ်ကွာ။ ကိုခင်အောင်ရယ် ကျွန်မတို့ ရေစက်မဆုံကြဘူး။ ကံတရားလို့သာ အောက်မေ့လိုက်ပါတော့တဲ့၊ ဘာကံတရားလဲကွ။ ငါက ဆံပင်ညှပ်သမား ပေါက်စ၊ ဟိုကောင်က ရုံးအုပ်စာရေးကြီး။ ဒီတော့ မိဘတွေ စီမံရာ နာခံရတာပါ ဆိုပြီး ငါ့ကို ခွဲသွားတာပေါ့ကွာ။ ငါ့အသည်းကို ခွဲသွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုခင်အောင် မျက်ဝန်း၌ အရည်လဲ့နေ၏။ တောတော် ဆွေးနေပုံ ရသည်။

မောင်စိန်သောင်းသည် သူပိုးနေသော 'ရီတာ' ကို ကွက်ခနဲမြင်ယောင်၏။ ရီတာသည် မြန်မာသွေးများသော အင်္ဂလို ကပြားမလေးဖြစ်သည်။ သူ့ထက် အသက်တစ်နှစ်၊ နှစ်နှစ်ခန့် ကြီး၏။ မယ်ဒလင်အတီးသင်ခြင်း၌ ရီတာ့ကို ညှုရန် အကြောင်းသည်လည်း အဓိကအချက်တစ်ချက် ဖြစ်သည်။

ကိုခင်အောင် စကားဆက်မပြောသေးဘဲ ငေးငိုင်နေသည်။

ကိုခင်အောင့်အဖြစ်က မဆန်းပါ။ မိန်းကလေးတစ်ယောက်နှင့် သမီးရည်းစား ဖြစ်သည်။ ထိုမိန်းကလေးက သူ့ကို စွန့်ခွာပြီး သူ့ထက် သာသူကို ယူသွားသည်။ ထို့ကြောင့် ကိုခင်အောင် ဆွေးသည်။ သည်လောက်ပဲ ဖြစ်ပါ၏။

ကိုခင်အောင် မယ်ဒလင်ကြိုးကို စိတ်ကြိုက် ညှိလိုက်သည်။ ပြီး သီချင်းဆို၏။

"ရေမြေဆုံးစေတော့ကွယ်။ ခင်ဖုန်းကိုတော့ တွေ့အောင်ရှာမယ်၊ ရှာတော့မယ်"

ကိုစောညိမ်း၏ သစ္စာ။

ထိုညက ကိုခင်အောင့် ဆိုသံနှင့် တီးကွက်တို့သည် အလွန်ကျ၏။ သာယာညှင်းပျောင်း၏။ ရင်နှင့်အောင် နားထောင်ကောင်း၏။

မောင်စိန်သောင်း စဉ်းစားစိတ်ကူးမိသည်။ ရီတာနှင့် သူနှင့် သမီးရည်းစား မဖြစ်သေးသော်လည်း နောင်ဖြစ်ပြီး ရီတာက သူ့ကို စွန့်ခွာသွားပါက သူလည်း ကိုခင်အောင့် ကဲ့သို့ပင် ဖြစ်လိမ့်မည်ဟု။

\=\=\=





မောင်စိန်သောင်းသည် သစ္စာသီချင်းကို ခက်ခက်ခဲခဲ မရအရ တက်ယူသည်။ ကိုခင်အောင်လောက် လက်ကွက်မကျသော်လည်း အတန်အသင့်တော့ တီးတတ်လာသည်။ မောင်စိန်သောင်းသည် သူနှင့် သမီးရည်းစား မဖြစ်သေးသော ရီတာ့ကို အသားလွှတ် လွမ်းပစ်လိုက်လေသည်။

"သစ္စာ. . သစ္စာ. . ခင်ရယ်. . မေ့ကို ချစ်ချင်ပေမဲ့ လောကရဲ့ ပရိယာယ် မာယာ အသွယ်သွယ် ဆန်းကြယ်စွာ လှည့်စားလို့. ."

ယခုအချိန်၌ မောင်စိန်သောင်းသည် သီချင်း သုံးလေးပုဒ်ခန့် ရပေပြီ။ စာမေးပွဲတစ်ခါကျပြီးပေပြီ။

မောင်စိန်သောင်းသည် ကိုခင်အောင့်ထံမှ မယ်ဒလင် တီးနည်းကို အပြည့်အစုံ မရသော်လည်း အရက်တော့ အနည်းအပါး မြည်းတတ်၊ စမ်းတတ်လာပြီ ဖြစ်သည်။ အရက်ကလေး နည်းနည်း သောက်ပြီး မယ်ဒလင်တီး သီချင်းဆိုရသည်မှာ ဈာန်ဝင်၏ဟု သူကိုယ်တိုင်ယုံကြည်လာ၏။

(၂)

မောင်စိန်သောင်းသည် ဆယ်တန်းသုံးခါ ဖြေပြီး အောင်သည်ဆိုရုံ အမှတ်ဖြင့် အောင်ခဲ့၏။ မောင်စိန်သောင်းသည် ဖွဲ့ဖို့လာ ကောင်းသူ မဟုတ်ပါ။ ထို့ကြောင့် သီချင်းလေး သုံးလေးပုဒ်မျှ တီးတတ်ပြီးလျှင်ပင် မယ်ဒလင်နှင့် ကင်းကွာလာခဲ့လေသည်။ တစ်ခါတစ်ရံမှ မယ်ဒလင် ကိုင်၏။ သူသည် ကဗျာဘက် လှည့်ခဲ့လေသည်။

♛ ရေကိုထိလျှင်၊
ဂယက်ထင်မည်
အသင်မသိလေသလော။



www.burmeseclassic.com

www.burmeseclassic.com



♛ ကဗျာသမား
ဖဝါးမှာမွေ
ထင်ရှာလေမည်။
♛ သိပြီ သိပြီ
မငြိမိက
နှင်းဆီဆိုတာ ဆူးနဲ့ပါ။ ။

စသော ကဗျာများကို အလွတ်ကျက်တတ်လာ၏။ သူကိုယ်တိုင်လည်း ကဗျာစပ်၏။ ကဗျာဆရာငယ်များနှင့် ပေါင်း၏။ ကဗျာဆရာကြီးများထံ ချဉ်းကပ်၏။

ဆံပင်ရှည်ရှည် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ဗရပြစ်နှင့် ဖြစ်သလို ဝတ်စားဆင်ယင်တတ်သော ဆရာဒေါင်းနွယ်ဆွေကို အားကျပြီး နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ထား၏။ ဖိုသီဖတ်သီနေ၏။ သည်လိုနေမှ ကဗျာဆရာနှင့် တူသည်ဟု အထင်ရောက်မိလေသည်။ သပ်သပ်ရပ်ရပ် နေတတ်သော ဆရာညွန့်ကြူ၊ ဆရာထက္ကသိုလ်မင်းမော်တို့ကဲ့သို့ ဆရာတို့ကိုလည်း တွေ့ဖူးပါ၏။ သို့သော် မောင်စိန်သောင်းသည် ဆရာဒေါင်းတို့ ကဲ့သို့ပင် ဖိုသီဖတ်သီ နေချင်၏။ ဖက်ရှင်တစ်မျိုးဟု ထင်လေရော့သလား မသိ။

သူ့ကဗျာတိုကလေးများ မဂ္ဂဇင်းအချို့တွင် ဖော်ပြခြင်း ခံလာရ၏။ ကဗျာကဏ္ဍတွင်တော့ မဟုတ်ပါ။ အဖြည့်အဖြစ် ဖြစ်သည်။

အထက်လွှာ
ဓာတ်ခုံဘာဝ
ရှေ့ကလှလည်း
နောက်မှအရှုပ်
လိုက်ကာဖုံး၍
အလုပ်မပြေမရတာကား။

ပန်းအောင်စာပေ



အဖြည့်ကဗျာအဖြစ် ဖော်ပြမခံရမီ မဂ္ဂဇင်း၌ ရွေးချယ်ထားသော ကဗျာများ စာရင်း၌ သူ့အမည် ပါလာကတည်းက မောင်စိန်သောင်းသည် သူ့ကိုယ်သူ ကဗျာဆရာ ဖြစ်ပြီဟု ယူဆလိုက်လေသည်။

သူ့ကဗျာ ပါသည့်မဂ္ဂဇင်း ထွက်လာသောအခါ သုံးလေးအုပ်ဝယ်၍ ဟိုလျှောက်ပြ သည်လျှောက်ပြ လုပ်သည်။

ရီတာ့ကို လက်ဆောင်ပေးသည်။ သူ့ကိုယ်သူ တကယ့် ကဗျာဆရာကြီးဟန်ဖြင့် စာပေရေးရာ၊ ကဗျာရေးရာများကို ကြားဖူးနားဝရှိသမျှ ပြောပြ၏။ ရီတာ ဘာမျှ နားမလည်။

"ကဗျာဆိုတာ ပညာရှိတို့ရဲ့ ဝစ္စည်းဆိုတဲ့ခေတ် ကုန်သွားပြီ။ ကဗျာမှာ အရောင်ရှိရမယ်။ လူတန်းစား ရပ်တည်ချက် ရှိရမယ်။ ကဗျာဟာ တိုက်ပွဲလက်နက်ပဲ။ ဘုန်းတော်ဘွဲ့နဲ့ အလွမ်းဘွဲ့တွေဟာ ပဒေသရာဇ်ခေတ်ရဲ့ အဆိပ်အတောက်တွေပဲ။ ဒါတွေကို ခုခေတ်မှာ မြှုတိုက်ထဲ ထည့်ထားဖို့ပဲ ကောင်းတော့တယ်။ တကယ်တော့ ကဗျာဟာ ပြည်သူပဲ။ ပြည်သူဟာ ကဗျာပဲ"

ရီတာ ရယ်ချင်လာသည်။ စိတ်လည်း ရှုပ်လာသည်။ မြန်မာစကားတော့ မြန်မာစကားပင်။ သို့သော် အဓိပ္ပာယ် သူမသိ။ မြန်မာစကားကို မြန်မာလို အဓိပ္ပာယ်ပြန်နိုင်းရမလို ဖြစ်နေသည်။

မောင်စိန်သောင်းသည် တတ်သမျှ မှတ်သမျှ ကြားဖူးနားဝရှိသမျှတို့ကို ပြောပြီးနောက် "အလုပ်တွေ ရှိသေးတယ် ပြန်ဦးမယ်" ဟု နှုတ်ဆက်၍ ပြန်သွား၏။ ဟန်ပန်က အလုပ်များသူ တစ်ယောက်၏ ဟန်ပန်မျိုး။ တကယ်တော့ သူ့တွင် ဘာအလုပ်မျှ မည်မည်ရရမရှိ။ လက်ဖက်ရည်ဆိုင် ထိုင်၍ လေကန်ရန်သာ ရှိသည်။ ဤသည်ကိုပင် အလုပ်တစ်ခုသဖွယ် သဘောထား၏။

ပန်းအောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အပြည့်ကဗျာကလေးတစ်ပုဒ် ဖော်ပြခံရပြီးနောက်၊ အတန်ကြာသည်အထိ သူ့ကဗျာများ ဖော်ပြခြင်း မခံရ။ မောင်စိန်သောင်းကတော့ ညည့်နက်သန်းခေါင် ဆေးပေါ့လိပ် တဖွာဖွာနှင့် ကဗျာရေးနေလေ့ရှိသည်။

ရိတာကလည်း "ရိတာပေါ့" သွားလေပြီ။

ဤတွင် တစ်ဆင့်တက်လာသည်ကား ကိုခင်အောင်နှင့် 'ဇ' ရှိခဲ့ဖူးသော သောက်ခြင်းကိစ္စ၌ ရေချိန်ပိုလာခြင်း ဖြစ်၏။

သူတို့ အသိုင်းအဝိုင်းထဲက တစ်ယောက်ယောက်၏ ကဗျာတမူခရလျှင် ဝိုင်းဖွဲ့တတ်လာ၏။ ဝိုင်းဖွဲ့ရင်း သူတို့ကိုယ်သူတို့ တက်ကြွလှုပြီအဝင်နှင့် ရဲရဲတောက် စာပေရေးရာများ ပြောဆိုကြ၏။ ထိုနည်းတူ အသည်းကွဲပြကြ၏။

သို့နှင့် မောင်စိန်သောင်း ကဗျာဆရာ ဖြစ်မလာပါ။ မောင်စိန်သောင်း၌ အရှည်အချင်းအားဖြင့် တိုးတက်လာသည်မှာ စုတ်တီးစုတ်ဖွာ နေတတ်လာခြင်းနှင့် သောက်နှုန်းမြင့်တက်လာခြင်းတို့ ဖြစ်သည်။ စုတ်တီးစုတ်ဖွာ နေသော်လည်း ဆရာဒေါင်းကဲ့သို့ ပြင်းထန်သော နူးညံ့သော စကားလုံးများဖြင့် ကဗျာမဖွဲ့တတ်။ သောက်နှုန်းမြင့်လာသော်လည်း ကဗျာအရှည်အသွေးက မြင့်မလာ။ မောင်စိန်သောင်း ဝတ္ထုဘက်လှည့်ပြန်လေသတည်း။

ဆရာ'ထွန်း'သည် နာမည်ကျော် စာရေးဆရာတစ်ယောက် ဖြစ်သည်။ ကလောင်အမည်မှာ 'ထွန်း' တစ်လုံးတည်း ဖြစ်၏။ ဆရာထွန်းသည် ကျော်သလောက် တော်၏။ သူ့စာများသည် ဖတ်၍ကောင်းရုံမျှမဟုတ် ရသလည်း မြောက်၏။ ဆရာသည် စာဖတ်အားကောင်း၏။ အနောက်တိုင်းစာပေ အရှေ့တိုင်းစာပေ နှံ့စပ်၏။ ပြီးကောင်ပေါက်ကြိုက် ဝတ္ထုများဖြင့် ထင်ရှား၏။





"ကျုပ် စာရေးဆရာ မဟုတ်ပါဘူး။ စာရေး စားနေတာပါ" ဟု မကြာခဏ ပြောလေ့ ရှိ၏။

ဆရာထွန်းသည် သုတစာပေများလည်း ရေး၏။ ကလောင်အမည်တစ်မျိုးနှင့် ဖြစ်သည်။ 'ဦးဝင်းမြတ်' ဟူသော အမည်နှင့် ကျန်းမာရေး၊ လူမှုရေး၊ စိတ်ပညာ၊ ဘာသာပြန် စသော သုတစာပေများ ရေး၏။ ထိုစာအုပ်များက ရောင်းမကောင်းလှ၊ သို့သော် ဆရာထွန်းအား မလျော့တန်း ရေးသည်။

ဆရာထွန်းသည် ထမင်းစားချိန် ကိုယ်လက်သန့်စင်ချိန်နှင့် အိပ်ချိန်မှ လွဲလျှင် စာရေး စာဖတ် နေတတ်သူ ဖြစ်၏။ ရေးအားလည်း ကောင်း၏။ သို့ရာတွင် ဆရာထွန်းကား အရက်ဆိုင်၌ ထိုင်၍ စာရေးသူတည်း။ မောင်စိန်သောင်းသည် ဆရာထံ တပည့်ခံရာ၌လည်း ဆရာထွန်း၏ လုံ့လ၊ ဝီရိယ၊ ဖွဲ့နှင့် စာပေပညာ ဗဟုသုတတို့ကို အနည်းငယ်မျှသာ ရပြီး အရက်ပိုသောက် ဖြစ်ခြင်းကို အမွေဆက်ခံပြန်လေ၏။

အရက်ဆိုင်၌ ထိုင်၍ စာရေးခြင်းကိုလည်း သူသဘောကျမိပြန်လေသည်။ မောင်စိန်သောင်းတစ်ယောက် အရက်ဆိုင်၌ ထိုင်၍ ဆရာနှင့်အတူ စာရေး၏။ ပြီးတော့ ဆရာ့ကို ပြ၏။ ဆရာက—

"ငါ့မပြနဲ့ကွ၊ ကိုယ့်ဟာကိုယ်ရေး၊ ငါ့ပြလို့ ငါက ပြင်ပေးလိုက်ရင် မင်း ရေးတာ မဟုတ်တော့ဘူး။ ငါရေးတာ ဖြစ်သွားမယ်၊ အဲဒါဆို မင်းအရည်အသွေး ဘယ်ပေါ်တော့မလဲ၊ ကိုယ့်ဟာကိုယ်သာရေး။ မဂ္ဂဇင်း တိုက်ပို့၊ အယ်ဒီတာ ကြိုက်ရင် သုံးလိမ့်မယ်။ မကြိုက်ရင် ပယ်မယ်။ ဒါပဲ၊ ပယ်ရင် စိတ်မပျက်နဲ့ ထပ်ရေး။ တစ်ခုတော့ ရှိတယ်၊ ဘာမှ မရှိရင် ဘာမှ ဖြစ်မလာဘူး။ ဒီတော့ မင်းမှာ ရှိဖို့ လိုတယ်၊ စာရေးချင်တဲ့ လူက စာများများ ဖတ်ရမယ်။ အတွေ့အကြုံများများ ယူရတယ်" အစရှိသဖြင့် ဆိုဆုံးမ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်သောင်း စာဖတ်တော့ များလာပါသည်။ သို့သော် ခက်သည်က ဆရာတို့ကို အတုယူတတ်ခြင်းပင်။

မကြာပါလေ။

ဆရာထွန်း ကိုယ်တိုင် မောင်စိန်သောင်းကို တွဲ၍ အိမ်ပြန်ပို့ရသော အဖြစ် ရောက်လာ၏။

"ဟော့–ဘယ်ခွေးမှ လူမထင်ဘူး။ ဘယ်သူလဲကွ၊ လာတွဲတာ ဖယ်စမ်းပါ၊ ငါ့ဘာသာ လျှောက်နိုင်တယ်"

ဆရာထွန်း သည်းမခံနိုင်တော့။ ဆရာထွန်း ကိုယ်တိုင်လည်း ရေချိန်ကိုက်နေပြီ။

"ခွေးသား–ငါပြန်ပို့ပြီး ချောက်တဲ့မျောက်၊ သွားကွာ။ မင်းဘာမှင်း"

သို့သော် ဆရာထွန်းသည် လူကြီး ပီသပါ၏။ ဆိုက်ကားနှင့် အသေအချာ မှာကြားပြီး တင်လွှတ်လိုက်သည်။

နံနက်လင်းသောအခါ မောင်စိန်သောင်းသည် ညက အဖြစ်ကို သတိမရတော့။ ဆရာထွန်းထံ ထုံးစံအတိုင်း လာခဲ့သည်။

ဆရာထွန်းက–

"စိန်သောင်း–မင်း ညက ဘာဖြစ်လဲ သိလား" အစချီပြီး။

"မင်း ငါ့ဆီ မလာရင် ပိုကောင်းမယ်။ မင်းအတွက် ပြောတာ မင်းအရွယ်နဲ့ ဒီလို မဖြစ်သင့်သေးဘူး။ မင်းဟာက သောက်တလွဲချည်းပဲ။ ငါနဲ့ နီးနီးမနေနဲ့တော့ ဝေးဝေးနေ"

ဆရာထွန်းသည် တပည့်ကျော်အတွက် ပြတ်သားလိုက်လေ၏။

"ကျွန်တော် တောင်းပန်ပါတယ် ဆရာရယ်"

မည်သို့မျှ တောင်းပန်၍ မရတော့။

မောင်စိန်သောင်းကလည်း ပြန်လည်ပြတ်သား၏။ ဆရာထွန်းထံ မသွားတော့။ ဆရာထွန်း စိတ်မကောင်းပါ။ သို့သော် မတတ်နိုင်။





(၄)

ဆရာသင်းသည် ရုပ်ရှင်ဆရာ ဖြစ်၏။

မောင်စိန်သောင်း ရုပ်ရှင်ဇာတ်ညွှန်းဘက် လှည့်ပြန်သည်။

ဆရာသင်း၏ အမည်အပြည့်အစုံမှာ 'ဒါရိုက်တာ စာရေးဆရာ သင်းမြမွှေး' ဖြစ်သည်။

သင်းလည်း သင်းပါ၏။ မြလည်း မြပါ၏၊ မွှေးလည်း မွှေးပါ၏။ ဆရာသင်း၏ ပညာသည်လည်း မသေးလှ။ ရုပ်ရှင်ပညာကို အူအိမ်အူမ မကျန်တတ်မြောက်၏။ ကလက်ရိုက်ခြင်းမှ ဒါရိုက်တာ လုပ်ခြင်းအထိ အစုံတတ်၏။ အစုံသင်ခဲ့၏။ ဆရာစုံခဲ့၏။ ဆရာသင်း၏ ဇာတ်ကားများသည် ခြေချော်လက်ချော် ဖြစ်လေ့ မရှိ။ အောင်မြင်သည်သာ များ၏။ ဆရာသင်းသည် အရက်မသောက်။ ဆေးလိပ်မသောက်။

သို့သော်–

မောင်စိန်သောင်းသည် ဆရာသင်းနောက် တကောက်ကောက် လိုက်ပြီး မျှမကြာမီ ပင်နယ်စလင်ဆေးများ ထိုးရပြီး ဗွီ–ဒီ သွေးစစ် ရရှာလေသတည်း။

(၅)

"ဟော့ကောင်–မင်း . . လှည်းစီးဖူးသလား"

သတင်းထောက် ကိုစိုးကျော်သည် မောင်စိန်သောင်းအား ဖန်ခွက်ပြန်ချရင်း မေးလိုက်သည်။ အချိန်မှာ နံနက် ဆယ်နာရီ နေရာမှာ 'ဘား'။

မောင်စိန်သောင်း သတင်းစာ ပညာဆည်းပူးလျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စီးဖူးပါဗျာ"

"အေး . . လှည်းဆိုတာ တစ်ဘီးတည်း လိမ့်ရင်း ရွေ့ပါ့မလား"

"ဘယ်ရွေ့မလဲဗျ။ တစ်နေရာတည်း လည်နေမှာပေါ့"

"မင်း ငါပြောတာကို သဘောပေါက်သွားပဲ"

"ကဲ–မင်းနဲ့ငါနဲ့ တစ်ရှည်းရှိတာ၊ ငါတစ်ကောင်တည်း သောက်နေရင် လိမ့်မှာ မဟုတ်ဘူး။ ရော့ . . မင်းပါသောက်"

မောင်စိန်သောင်းသည် နံနက်ဘက် အရက်သောက်လေ့မရှိသော်လည်း ဆရာကိုစိုးကျော်ကို အားကျ၍ နံနက်ခင်း၏ နေခြည်မနုတနုတွင် ရှာန့်ဝင်စားလေတော့သည်။

နှစ်ဘီးလိမ့်သောအခါ လှည်းသည် ရွေ့လေ၏။ ရွေ့ရာမှ လည်လာ၏။ လည်ရာတွင်လည်း နေရာမှ မြန်လာ၏။

"ဟော့–သတင်းထောက်ဆိုတာ နေရာအနှံ့ ရောက်ရမယ်။ လူအစုံ တွေ့ရတယ်။ မျက်စိ လျှင်ရတယ်၊ နားပါးရတယ်"

"ကား . . ကားလာနေတယ်"

မောင်စိန်သောင်း ဆရာစိုးကျော်ကို ဆွဲထားလိုက်ရသည်။ ကားသမားက ဆဲသွားသည်။ မျက်စိလျှင်၊ နားပါးသော ဆရာကြီးကားတိုက်ခံရလုနီးပါး ဖြစ်သွားရှာသည်။

"အင်္ဂလန်က ပြန်လာတဲ့ သူငယ်ချင်း တစ်ယောက်က ပြောဖူးတယ်ကွ။ တစ်ဆိုင်တည်းမှာ ထိုင်ပြီး အပြတ်မသောက်ရဘူးတဲ့၊ တစ်ဆိုင် နှစ်ပတ်လောက်နဲ့ ဆိုင်စုံ လျှောက်သောက်မှ အရသာရှိတယ်တဲ့ကွ။ အင်္ဂလန်မှာ ဒီလိုပဲ သောက်တယ်တဲ့။ ကဲ . . တို့ လိမ့်ကြရအောင်"





ထိုနေ့က မြို့တော် ရန်ကုန်ကို လေးပတ်ပတ်၏။ သူငယ်ချင်းအပေါင်းအသင်းအိမ် အစုံ ရောက်၏။ ဘယ်လိုက ဘယ်လို အရက်ဖိုးတွေ ရသည်ဟု မမှတ်မိတော့။

(၆)

ယခုအခါ ဖျဉ်အင်္ကျီဝတ်လျက် မုတ်ဆိတ်၊ ကျင်စွယ်၊ ဆံပင်စုတ်ဖွား၊ ဖိုသီဖတ်သီနှင့် နာမည်မရှိ၊ လူကြိုက် နည်းသော စာရေးသမားပေါက်စ မောင်စိန်သောင်းသည် အရက် ဖြတ်ရန်နှင့် အရက်ကြောင့်ကြောင်ခြင်းကို ကုသရန်အလို့ငှာ စိတ်ကျန်းမာရေး ဆေးရုံကြီးသို့ ရောက်ရှိနေလေသည်။

။ ။ ။

၁၉၈၁ ခု၊ ဖေဖော်ဝါရီလ၊ ဂီတပဒေသာ



www.burmeseclassic.com

www.burmeseclassic.com

## နှလုံးရောဂါ

မောင်စိန်သောင်းနှင့် မနှင်းရည်တို့ အိမ်ထောင်ကျပြီး၊ တစ်နှစ်အတွင်းတွင် သမီးရတနာတစ်ဦး ဖွားမြင်၏။ ဗုဒ္ဓဟူးသမီး ဖြစ်သည်။ မောင်စိန်သောင်းတို့၏ မိခင် သူ့အဘွားက 'စနေ၊ ဗုဒ္ဓဟူး ရှုံးတော်မဆင်းရဲ' ဟူသော အဆိုအရလည်းကောင်း၊ ဥဿ၊ စိန်းပန်း၊ ဒန်းလှကိုရှာ ဟူသော မိတ်ဖက်အလင်္ကာအရလည်းကောင်း၊ စ၊ သူ၊ ကြီး၊ ပွဲ၊ အောင်၊ လံ၊ ထူ ဟူသော မဟာဘုတ်တိုင် ထူနည်းဖြင့်လည်းကောင်း၊ ပုတီး၊ ဘင်္ဂ၊ မရဏ အစ ရှိသည်တို့ကို တွက်ချက်ပြီး သဲကာလ သူ့မြေးကို 'ရတနာ' ဟု အမည်ပေးလေသည်။ ရ-ဗုဒ္ဓဟူးနံ၊ တ-နံ-စနေနံ၊ ဗုဒ္ဓဟူးနှင့် စနေနံ ပေါင်း၍ ထပ်၍ 'ရတနာ' ဟူသော အမည်ကို မှည့်ခေါ်စေလေသည်။ လူကြီးမိဘများနှင့်တကွ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသင်္ဂဟများပါ မောင်စိန်သောင်း၏ သမီးရတနာအတွက် ဝမ်းသာအယ်လဲ လက်ဆောင် ပေးသူ ပေးကြ၊ ကောင်းချီး





ပေးသူ ပေးကြဖြင့် ပျော်စရာ ရွှင်စရာ ပီတိဖြစ်စရာ ကင်ပွန်းတပ်ပွဲကလေးတစ်ခု ကျင်းပလေသည်။ ဘုန်းတော်ကြီးများကို ဆွမ်းကပ်၏။ အိမ်နီးပါးချင်းများ စုပေါင်းချက်ပြုတ် စားသောက်၏။ ဧည့်သည်မိတ်ဆွေ သင်္ဂဟများကို ဖိတ်ကြားကျွေးမွေး၏။ သမီးအမည်ရတနာ၊ သမီးရတနာ။ သို့သော် သမီးလေးမှာ 'ရတနာ' ဟု အမည်မတွင် ရှာပါ။ သမီးကို မောင်စိန်သောင်း၏ အသိုင်းအဝိုင်း အားလုံးက လည်းကောင်း၊ သမီးရတနာ၏ အပေါင်းအဖော် အားလုံးက လည်းကောင်း 'ချစ်ခြာ' ဟု ခေါ်ကြလေသည်။ ထိုသို့ ခေါ်ဆိုကြခြင်း၏ အကြောင်းရင်းမှာ မောင်စိန်သောင်းမိခင်၏ မိတ်ဆွေတစ်ဦးဖြစ်သူ ဒေါ်ခင်ခင်ရှိန်သည် မောင်စိန်သောင်း၏ ဇနီး မနှင်းရည် ကိုယ်ဝန်ရှိနေစဉ် အခါကပင် နိမိတ်ဖတ်ခဲ့သောကြောင့် ဖြစ်လေသည်။ ဒေါ်ခင်ရှိန်သည် စာဖတ်ဝါသနာကြီးသူတစ်ဦး ဖြစ်၏။ ထို့အပြင် 'ရှိန်ရှိန်ခင်' ဟူသော ကလောင်အမည်နှင့် စာရေးနေသော စာရေးဆရာမတစ်ဦးလည်း ဖြစ်၏။ မောင်စိန်သောင်းသည်လည်း 'စာသမား' တစ်ယောက်ဖြစ်သဖြင့် ဒေါ်ခင်ရှိန်ကို ကြည်ညိုလေးစားရင်းစွဲ ရှိခဲ့လေသည်။

ထိုဒေါ်ခင်ရှိန်သည် အဘယ်သို့သော အကြောင်းကြောင့် မသိ။ အထက်ဂိုဏ်းဆရာကြီးများနှင့် ဆက်သွယ်မိလေသည်။

ဒေါ်ခင်ရှိန်သည် တရုတ်ဘိုးတော်၊ အိန္ဒိယဘိုးတော်၊ ဂျာမန်ဘိုးတော် စသဖြင့် နိုင်ငံတကာ 'ဘိုးတော်' များနှင့် အဆက်အသွယ်ရသည်ဟု အဆိုရှိပေ၏။ မောင်စိန်သောင်း၏ ဇနီး ကိုယ်ဝန်အရင့်အမာရှိနေချိန်၌ ဒေါ်ခင်ရှိန်သည် မောင်စိန်သောင်းတို့၏ အိမ်သို့ အလည်အပတ် ရောက်ရှိလာလေသည်။

မနှင်းရည်သည်လည်း ထိုအထက်ဂိုဏ်းကိစ္စနှင့် ပတ်သက်၍ စိတ်ဝင်တစား ရှိ၏။ ဒေါ်ခင်ရှိန်သည် မနှင်းရည်ကို စစ်ဆေးသမှုပြု၏။ မြတ်ဘုရားကို အာရုံပြုရှိခိုး၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတော်ကောင်း သူမြတ်လောင်းများကို အာရုံပြုနိုင်း၏။

ထိုသည့်နောက် ဒေါ်ခင်ရှိန် ကိုယ်တိုင်ဘုရားစင်ရှေ့တွင် ပုဆစ်ဒူးတုပ် ကျုံ့ယုံ့စွာ ထိုင်ပြီး တစ်စုံတစ်ရာကို အာရုံပြုလေသည်။

ထိုသည့်နောက်–

နှင်းရည်၏ ဝမ်းကြာတိုက်အတွင်း ကိန်းအောင်းနေသူမှာ နတ်ပြည်မှ စုတေ၍ လာသော နတ်သမီးတစ်ပါး ဖြစ်ကြောင်း၊ ထိုနတ်သမီး၏ ဘွဲ့မည်နာမမှာ 'ချန္ဒြာ' ဟူ၍ ဖြစ်ကြောင်း၊ အိန္ဒိယအနွယ် နတ်သမီးတစ်ပါး စုတေ၍ လူ့လောကသို့ ရောက်လာခြင်း ဖြစ်ကြောင်း 'ဓာတ်စီး' ၍ ပြောကြားလေသည်။

ထိုသို့ ပြောကြားသော အချိန်၌ မောင်စိန်သောင်း၏ မိခင်အပါအဝင် မောင်စိန်သောင်း၏ ဖနီး၊ ဆွေမျိုးသားချင်းများ ရှိနေကြလေသည်။ ထို့အပြင် ဒေါ်ခင်ရှိန်က–

"သမီးမိန်းကလေး ဖြစ်ရမယ်၊ ဗုဒ္ဓဟူးသမီး ဖြစ်ရမယ်"

ဟု အတတ်ပြောခဲ့ခြင်းသည်လည်း မှန်ကန်ပါပေ၏။ တိုက်ဆိုင်ခြင်းဟု ဆိုလျှင်လည်း ရပါ၏။ သမီးရတနာသည် ဗုဒ္ဓဟူးသမီးအဖြစ် မွေးဖွားလာခဲ့ပါ၏။ သို့သော် အိန္ဒိယ နတ်သမီးဘဝမှ စုတေလာသည်ဆိုသော သမီးသည် တရှုတ်ရှုပ် ပေါက်နေလေသည်။

===

မနှင်းရည် ပြဿနာတစ်ခု တက်လာသည်။

မောင်စိန်သောင်းသည် သူ့ဇနီးအား အထူးကုဆရာဝန်မကြီးတစ်ဦးဖြင့် ပြသအပ်နှံခဲ့၏။ သမီးရတနာကို မမွေးဖွားမီကပင် ဆရာဝန်မကြီးနှင့် အပ်နှံလေသည်။





"ကလေး နောက်ထပ် မယူနဲ့ဦး၊ ခဏနေဦး" ဟု ဆရာဝန်မကြီးက မနှင်းရည်ကို ပြောကြားလိုက်သည်။ အဘယ့်ကြောင့်မှန်းတော့ မသိရ။ ဆေးသိပ္ပံပညာအရ 'ခေတ္တခြား' ပေးလိုက်လေသည်။ သမီးရတနာ အသက် သုံးနှစ် ကျော်လာသောအခါ–

===

"လုပ်ရတာ လွယ်ပါတယ် သမီးရယ်၊ တစ်မိနစ် နှစ်မိနစ်နဲ့ ပြီးတယ်။ ဒါပေမဲ့ သမီးရဲ့ ဆေးမှတ်တမ်းထဲမှာ အီး၊ စီ၊ ဂျီ ရိုက်ဖူးတာပါတယ်။ အဲဒီတော့ ဒီလိုလုပ်ကွယ်။ ဆရာကြီး ဦးမြထွန်းဆီ သွား၊ စာရေးပေးလိုက်မယ် ဟုတ်လား။ ပြန်စစ်ကြည့်မေ့"

"သမီး ဘာမှတော့ မဖြစ်ဘူး မမ၊ နေကောင်းနေတာပဲ"

"အေးပါ၊ ဒါပေမဲ့ သေချာအောင် စစ်လိုက်ဦး။ မမလည်း သိပ်မထင်ပါဘူး၊ စိတ်ချရအောင် စစ်ခိုင်းတာ"

မောင်စိန်သောင်းနှင့် မနှင်းရည်တို့သည် ဆရာဝန်မကြီးထံ ပြန်လည်၍ ပြသပြီး နောက်ထပ် ရတနာတစ်ပါး လိုချင်ပြီ ဖြစ်ကြောင်း ပြောကြားသောအခါ–

ဆရာဝန်မကြီးက မနှင်းရည်၏ ဆေးမှတ်တမ်းများကို ကြည့်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

ဆရာဝန်မကြီးက ကလေး ထပ်လိုချင်လျှင် လွယ်ပါသည်။ သို့ရာတွင် မနှင်းရည်၌ နှလုံးရောဂါ ရှိမရှိ စမ်းသပ်သော စမ်းသပ်ချက်တစ်မျိုး ဖြစ်သည့် အီး၊ စီ၊ ဂျီ ခေါ် နှလုံးတိုင်းတာစက်ဖြင့် အဖြေလွှာမှတ်တမ်းတစ်ခု ရှိဖူးကြောင်း၊ ထို့ကြောင့် ပို၍သေချာရန် နှလုံးရောဂါရှိမရှိ ထပ်မံ စမ်းသပ်ဖို့ အထူးကု သမားတော်ကြီးတစ်ဦးထံ သွားရောက်ပြသရန် ညွှန်ကြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းသည်ကို မောင်စိန်သောင်းအား မနှင်းရည်က ပြန်လည်ပြောပြသည်။ မောင်စိန်သောင်း အနည်းငယ် စိုးရိမ်သွားသည်။

မနှင်းရည်တွင် နှလုံးရောဂါ ရှိများရှိနေပြီလားဟု စိုးရိမ်မိသည်။ အကယ်၍များ ရှိနေလျှင် မောင်စိန်သောင်း ဆက်မတွေးရဲ။

သူ ကြားဖူးသည်မှာ နှလုံးရောဂါဟူသည် စိတ်ထိခိုက်စရာ၊ စိတ် အလွန်ချမ်းသာစရာ စသဖြင့် စိတ်လှုပ်ရှားမှု ပြင်းထန်လွန်းသော အခါ ခေါက်ခနဲ ကြွသွားနိုင်သည်။ ဘုရားသိကြားမလို့ မနှင်းရည်တွင် နှလုံးရောဂါ မရှိပါစေနှင့်ဟု ဆုတောင်းမိလေသည်။

ဘုရား မရှိခိုးသည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော မောင်စိန်သောင်းသည် 'ဘုရားသိကြားမလို့' ဆုတောင်းမိလေ၏။

ဆရာဝန်မကြီးက ငွေကုန်ကြေးကျ များမည်စိုး၍ သမားတော်ကြီး ထိုင်သော ဆေးခန်းများအနက် သမဂ္ဂါယမ ဆေးခန်းသို့ သွားရန် ညွှန်ကြားလိုက်၏။ စာလည်း ရေးပေး၏။

အင်္ဂလိပ်စာ မတောက်တခေါက်တတ်သော မောင်စိန်သောင်းသည် ဆရာဝန်မကြီး အင်္ဂလိပ်ဘာသာနှင့် ရေးပေးလိုက်သော စာကို ကြိုးစား ဖတ်ကြည့်သည်။

ဆရာကြီးရှင့်–

၎င်းမိန်းကလေး မနှင်းရည်သည် နောက်ထပ် ကလေး အလို ရှိပါသတဲ့၊ သူ့တွင် ကိုယ်ဝန်ဆောင်ရန်အင်အားရှိမရှိ စမ်းသပ်ပေးပါရန် မေတ္တာရပ်ခံပါသည်။

ဟု အဓိပ္ပာယ်ပေါက်သည်။ အခြားဆေးပညာ သင်္ကေတများကိုမူ မောင်စိန်သောင်း အဓိပ္ပာယ် မဖော်နိုင်။ မဖော်နိုင်သည်ပင် ကောင်းပါ၏။ ဖော်နိုင်၍ စိုးရိမ်စရာ တစ်စုံတစ်ခု ရှိနေလျှင် မောင်စိန်သောင်း ခမျာ စားဝင်အိပ်ပျော်တော့မည် မဟုတ်။

* * *





ဆရာဝန်မကြီး ညွှန်ကြားသည့်အတိုင်း သမားတော်ကြီးထံသို့ သွားရောက် ပြသကြလေသည်။

သို့သော် သမားတော်ကြီးနှင့် မတွေ့ခဲ့ရ။

မောင်စိန်သောင်းတို့ သွားသော နေ့သည် ထိုသမဂ္ဂါယမ ဆေးခန်း၌ သမားတော်ကြီး ထိုင်သောနေ့ မဟုတ်။

"ဒုက္ခပါပဲ အစ်ကိုရယ်။ ကားခချည်းပဲ အသွားအပြန် နှစ်ဆယ့်လေးကျပ် ကုန်တယ်။ ဒါတောင် တစ်ကျပ် သုံးဘီးနှစ်ဆင့် စီးပြီးမှ တက္ကစီငှားလို့"

မနှင်းရည်သည် သူ့ရင်ဘတ်ကလေး သူဖိရင်း ပြောရှာသည်။ မနှင်းရည်ကား နှမြောတတ်သူ ဖြစ်၏။ ကပ်စေးနည်းသူတော့ မဟုတ်ပါ။ မကုန်သင့်သည့်နေရာ ကုန်သွားလျှင် သူအလွန် နှမြောသည်။

"နှင်းရည်တို့ လိုသွားတာ ဆရာကြီး ဘယ်နေ့ ထိုင်တယ်ဆိုတာ စုံစမ်းပြီးမှ သွားရင် ကုန်မှာ မဟုတ်ဘူး"

မောင်စိန်သောင်းက မနှင်းရည် စိတ်ပြေနိုင်စေရန်–

"ကိုယ့်ကျန်းမာရေးအတွက်ပဲ နှင်းရည်ရယ်၊ နှမြောမနေပါနဲ့"

အမှန်က မောင်စိန်သောင်းကိုယ်တိုင်လည်း နှမြောနေ၏။ သမားတော်ကြီး ထိုင်သော သမဂ္ဂါယမ ဆေးခန်းနှင့် မောင်စိန်သောင်းတို့ နေသော အရပ်သည် ရန်ကုန်မြို့၏ အရှေ့ဖျားနှင့် မြောက်ဖျား ဖြစ်သည်။ အငှားကား သုံးဆင့် စီးရသည်။

ဘတ်စ်ကားနှင့် သွားလျှင် မနှင်းရည် ပင်ပန်းမည် စိုး၍ အငှားကားနှင့် သွားရန် မောင်စိန်သောင်း ဆုံးဖြတ်ခြင်း ဖြစ်လေသည်။ နှလုံးရောဂါ ရှိနေလျှင် မောတတ်ပန်းတတ်သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးနှင့် တွေ့နိုင်သော နေ့သို့ရောက်သည့်အခါ မောင်စိန်သောင်းတို့ နှစ်ယောက် ထိုသမဝါယမ ဆေးခန်းသို့ သွားကြပြန်လေ၏။

သည်တစ်ခေါက်တွင် သမားတော်ကြီးနှင့် တွေ့သော်လည်း ကိစ္စက မပြတ်ခဲ့။

အီး၊ စီ၊ ဂျီ ရိုက်သော စက်ကိရိယာသည် သမဝါယမဆေးခန်း၌ မရှိ။

ရန်ကုန်မြို့လယ်ရှိ ပုဂ္ဂလိကပိုင် ဆေးခန်းကြီးတစ်ခန်း၌ ရှိ၏။ ထို့ကြောင့် ထိုပုဂ္ဂလိကပိုင် ဆေးခန်းသို့ ထပ်မံ ချိန်းဆိုလိုက်လေသည်။

===

| | | |
|---|---|---|
| ပထမအခေါက် ဆရာဝန်မကြီးထံ အသွားအပြန် စရိတ် | - | ၈/ |
| စမ်းသပ်ခ | - | ၁၆/ |
| ဆရာကြီးထံ လမ်းစရိတ် | - | ၂၄/ |
| ဆရာကြီးထံ(၃)လမ်းစရိတ် | - | ၂၄/ |
| စမ်းသပ်ခ | - | ၁၆/ |
| ပေါင်း | - | ၈၈/ |

"ဘာမှန်းမှ မသိရသေးဘူး၊ ရှစ်ဆယ့်ရှစ်ကျပ် ကုန်သွားပြီ အစ်ကို၊ ဒါတောင်လမ်းမှာ စားတာသောက်တာနဲ့ တိုလီမိုလီ တွေ့လို့ ဝယ်တာ မပါသေးဘူး။ ထားပါလေ။ အဲဒါတွေက ဟူး… နည်းနည်း မောသလိုပဲ အစ်ကိုရယ်။ ရေလေးတစ်ခွက်လောက် ခပ်ပေးစမ်းပါ"

မောင်စိန်သောင်း ရေခပ်ပေးရ၏။

"မင်းကလည်းကွာ၊ ပြန်တွက်မနေနဲ့ ကုန်သင့်တာ ကုန်ပစေပေါ့"





ပြောမည့်သာ ပြောသည်။ မောင်စိန်သောင်းလည်း မောသလို ဖြစ်လာ၍ ရေတစ်ခွက် သောက်လိုက်ရ၏။

===

"သွေးစစ်လိုက်ဦး သမီး၊ ဓာတ်မှန်လည်း ရိုက်လိုက်၊ အဲဒါ တွေရတော့ ပြန်လာပြမေ့"

သမားတော်ကြီးက ထိုသို့ အမိန့် ရှိလေသည်။ ဆရာဝန်မကြီး သည် လည်းကောင်း၊ သမားတော်ကြီးသည် လည်းကောင်း၊ မနှင်းရည် အပေါ်၌ သဘောကောင်းကြ၏။ မနှင်းရည် တစ်ယောက်တည်းလားဟု မောင်စိန်သောင်း စူးစမ်းကြည့်၏။ လူနာအားလုံးအပေါ်၌ သဘော ကောင်းကြ၏။ စေတနာထားကြ၏။ တိကျသေချာ စေရန် အနည်း နည်း အဖုံဖုံ စစ်ဆေးပေးကြလေသည်။

| | | |
|---|---|---|
| လမ်းစရိတ် | - | ၂၀ |
| စမ်းသပ်ခနှင့် အီးစီဂျီရိုက်ခ | - | ၁၃၆ |
| သွေးစစ် (နှစ်မျိုး) | - | ၂၅ |
| ဓာတ်မှန် | - | ၅၀ |
| ပေါင်း | - | ၂၃၁ |
| ယခင် | - | ၈၈ |
| | | ၃၁၉ |

မနှင်းရည်သည် မောင်စိန်သောင်း မရှိခိုက် စာရင်းချုပ်ထားလိုက်သည်။ ထို့နောက် စာရင်းစာရွက်ကို ဆုတ်ဖြဲပစ်၏။ သို့သော် အိုးရာတစ်ဆယ့်ကိုး ဟူသော ဂဏန်းကိုမူ မေ့ပျောက်ပစ်၍မရ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညတွင် မနှင်းရည်သည် အရပ်ထဲရှိ အသိဆရာဝန် ဆေးခန်းမှ ပေလီယံခေါ် စိတ်ငြိမ်ဆေးပြား သွားဝယ်လေသည်။

"ဘာဖြစ်လို့လဲ မနှင်းရည် အိပ်မပျော်ဘူးလား"

ဆရာဝန်သည် မောင်နှမသဖွယ် ဖြစ်နေ၍ တရင်းတနှီး မေးသည်။

သည်တော့မှ မနှင်းရည်က "ဒီလိုဒီလိုပဲ ဆရာရေ" ဟု အစချီကာ "ကလေးနှင့် နှလုံးကိစ္စ" ပြောပြသည်။

"နေပါဦး... ကျွန်တော် စမ်းကြည့်ပါဦးမယ်"

ဆရာဝန်က စမ်းသပ်ကြည့်သည်။ သွေးပေါင်တိုင်းသည်။ နှလုံးခုန်နှုန်း စမ်းသည်။ နားကျပ်နှင့် နှလုံးခုန်သံ နားထောင်သည်။

"ကျွန်တော် စမ်းလို့ရသလောက်တော့ ဘာမှ မဖြစ်ပါဘူး။ ဆရာမကြီးတို့ ဆရာကြီးတို့လည်း ဒီလိုပဲ သိမှာပဲ။ ဒါပေမဲ့ လုံးဝ စိတ်ချရအောင် အီးစီဂျီ တိုင်းတာတို့ သွေးစစ်တာတို့ လုပ်ပေးတာ နေမှာပါ။ လူကြီးတွေဆိုတော့ စိုးရိမ်တတ်တာပေါ့။ ယောကျ်ား ဖောင်စီး မိန်းမ မီးနေလို့ ဆိုတယ် မဟုတ်လား။ စိုးရိမ်လို့ သေချာအောင် လုပ်တာနေမှာပါ။ စိတ်မပူရပါဘူး"

မနှင်းရည်သည် သူ့နှလုံးနှင့် ပတ်သက်၍ သိပ်စိတ်မပူပါ။ သူက ကာယကံရှင် ဖြစ်၍ သူ့ကိုယ်သူ သိလေသည်။ သူ ဘာမှ မဖြစ်။ ဖြစ်သည်ဆိုဦးတော့ ကြီးကြီးကျယ်ကျယ် မဟုတ်။ အသေး အမွှားမျှသာ ရှိချိမ့်မည်။ သို့ရာတွင် ယခု ပေလီယမ် ဝယ်ခြင်းမှာ 'သုံးရာ့တစ်ဆယ့်ကိုး' ဟူသော ဂဏန်းကြောင့် ဖြစ်လေသည်။

"နောက် ဘယ်လောက်များ ထပ်ကုန်ဦးမလဲ မသိဘူး" ဟု သူ့စိတ်ထဲ၌ ရေတွက်နေမိသည်။ ယခုဆယ်ရက်ခန့်အတွင်း မောင်စိန်သောင်း အစားအသောက် အနည်းငယ် ပျက်လာသည်။ အလုပ်လုပ်ရာ





၌လည်း စိတ်သိပ်မဖြောင့်။ သူသည် သမားတော်ကြီး မည်သို့ အမိန့်ရှိမည်နည်းဟု အစဉ်သဖြင့် ဆိုသလို တွေးနေမိသည်။

မနှင်းရည်၌ နှလုံးရောဂါ မရှိပါဟုဆိုလျှင် ဝမ်းသာစရာ ဖြစ်ပါသည်။

သို့သော် အကယ်၍ ရောဂါရှိနေပြီဟုဆိုလျှင် မည်သို့ လုပ်ရမည်နည်း။

ကိုယ်ဝန်ဆောင်ရန် မသင့်လျော်ဟု အမိန့်ရှိပါက ခက်တော့မည်။

ကိုယ်ဝန်ဆောင်ရန် မသင့်လျော်သေးဟုဆိုလျှင် တော်ပါသေး၏။ ရောဂါကို ကု၍ ပျောက်ကင်းလျှင် ကိုယ်ဝန်ဆောင်ခွင့်ရပေမည်။

"မသင့်လျော်တော့" ဟု မိန့်ပါလျှင် မနှင်းရည်သော်လည်းကောင်း၊ မောင်စိန်သောင်းသော်လည်းကောင်း သားကြောဖြတ်ရတော့မည်။ မနှင်းရည်ဖြတ်ရန် များသည်။ သမားတော်ကြီးများ ထောက်ခံချက်ဖြင့် သားကြောဖြတ်ပေးပေလိမ့်မည်။

ထိုသို့ဆိုလျှင် ရတနာတစ်ပါးတည်းနှင့် ကျေနပ်ရချေတော့မည်။

မောင်စိန်သောင်းသည် သူ့သူငယ်ချင်း တစ်ယောက်၏ အဖြစ်ကို တွေးမိသည်။ သူငယ်ချင်း အိမ်ထောင်သည် သက်တမ်း ဆယ်နှစ်ကျော် ကြာသည်အထိ သားသမီး မထွန်းကားခဲ့။ သူ့အဖြစ် ကိုယ့်အဖြစ် ပုံချင်း ရန်တကျက်ကျက် ဖြစ်နေကြသည်။ သူငယ်ချင်းသည် သူ့ကိုယ်သူ စမ်းသပ်မှုပြုသောသဘောနှင့် တိတ်တိတ်ပုန်း မယားငယ် ယူလေသတည်း။ ထိုအခါ မယားငယ်၌ သန္ဓေတည်၏။

သူငယ်ချင်းသည် မိမိအပြစ်မဟုတ်ကြောင်း ရှင်းသည့် (မယားကြီး) အား အသိပေးပြီး မယားငယ်နှင့် ထားလိုက်လေ၏။

မယားကြီးမှာ မပြောသာတော့။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ မနှင်းရည် နှလုံးရောဂါ ရှိသည်ဆိုပြီး သားကြော ဖြတ်ရပါက မိမိသည် နောက်ထပ် ရတနာများ လိုချင်ပါသည်ဟု အကြောင်းပြကာ မယားငြိုင် ထားနိုင်မည်ဟု မောင်စိန်သောင်း တွေးမိပြီး၊ ရယ်ချင်ချင် ကျေနပ်ချင်ချင် ဖြစ်လိုက်သေး၏။

===

ယနေ့ သွေးစစ်မှတ်ချက်များနှင့် ဓာတ်မှန်ကော်ပြားများ ရွေးပြီး သမားတော်ကြီးထံ ပြသရမည် ဖြစ်သည်။

မောင်စိန်သောင်းသည် သွေးစစ်ခန်းမှ သွေးစစ်မှတ်ချက် စာရွက်ကလေးနှစ်ရွက်ကို ယူ၏။

ဓာတ်မှန်ခန်းမှ ဓာတ်မှန်ကော်ပြား ရွေး၏။ ထိုနောက် သမားတော်ကြီး အခန်းရှိရာသို့ လာခဲ့သည်။

သမားတော်ကြီး မရောက်သေးသဖြင့် ပြန်ထွက်ခဲ့သည်။ လက်ဖက်ရည်ဆိုင် ထိုင်သည်။ စာရွက်များကို ကြည့်သည်။ ဘာမှ နားမလည်။ ဓာတ်မှန်ကော်ပြားကို ကြည့်သည်။ နံရိုးများသာ မြင်၏။ အခြား မှိန်တိန်ဝါးတား အရာများကို ဘာမှန်းမသိ။

သမားတော်ကြီးအခန်းသို့ ပြန်လာသည်။ သမားတော်ကြီး ရောက်နေပြီ။ လက်ထဲမှ စာရွက်ထပ်နှင့် ဓာတ်မှန်ကော်ပြားလိပ်ကို ပြန်ကြည့်သည်။ အခန်းဝတွင် စောင့်နေသော ပုဂ္ဂိုလ်ထံ ချဉ်းကပ်၍ "ဆရာကြီးအား ဤပစ္စည်းများ ပြလိုပါကြောင်း" ပြော၏။

အခန်းစောင့်က ခဏစောင့်ရန် ပြောသည်။

ထောင့်တစ်ထောင့်၌ ရပ်စောင့်နေသည်။ အတန်ငယ် ကြာသွားသည်။ သူ့ကို အခန်းစောင့်က မခေါ်သေး။





မောင်စိန်သောင်း စဉ်းစားပြန်သည်။ သမားတော်ကြီးက ဤစာရွက် စာတမ်း ကော်ပြားတို့ကို ကြည့်ပြီး နှလုံးရောဂါ ရှိနေပြီဟု မိန့်ဆိုပါက။ မောင်စိန်သောင်း ရင်ခုန်နှုန်း မြန်လာသည်။ မောသလိုလို လည်း ဖြစ်လာသည်။

သမားတော်ကြီး အခန်းရှေ့မှ ပြန်ထွက်ခဲ့ပြီး၊ လမ်းဘေးရေခဲ ရေတစ်ခွက် ပြားနှစ်ဆယ်ဖိုး သောက်ပစ်လိုက်သည်။ သမားတော်ကြီး အခန်းရှိရာသို့ ပြန်လာပြန်သည်။ ဤသို့ ခေါက်တုံ့ခေါက်ပြန် သုံးကြိမ် ပြန်ပြီးသော်–

မောင်စိန်သောင်းသည် ဓာတ်မှန်ကော်ပြားနှင့် စာရွက်စာတမ်း များကို သမားတော်ကြီးအား မပြဘဲ အိမ်ပြန်လာလေသည်။

===

"လူနာတွေ အများကြီးမို့ သိပ်အကြာကြီး စောင့်နေရမှာစိုးတာ နဲ့ ပြန်လာတာ။ အလုပ်ကလေးတစ်ခုလည်း ရှိတာနဲ့"

မောင်စိန်သောင်း အိမ်ရောက်ရောက်ချင်း မနှင်းရည်ကို ဤသို့ လျှောက်လဲချက် ပေး၏။

မနှင်းရည်က–

"အစ်ကို အလုပ်များရင် မသွားနဲ့လေ။ နှင်းရည်ဘာသာ သွားပြလိုက်ပါ့မယ်"

အလို . . နှလုံးရောဂါ ရှိမရှိ မိန့်ကြားမည့် သမားတော်ကြီးထံ အစမ်းသပ်ခံထားသူ ကိုယ်တိုင် သွားမတဲ့။

မနှင်းရည်ကတော့ ဘာမှမဖြစ်သလိုပင် ဤနေရာ၌ မနှင်းရည် ၏ သတ္တိကို မောင်စိန်သောင်း ချီးကျူးမိသည်။ သူ မကြားရဲသော စကားကို ကာယကံရှင် မနှင်းရည်က ကြားရဲပါသတဲ့။

===



www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်သောင်း ရင်တထိတ်ထိတ်နှင့် အိမ်ပြန်လာသည်။

မနှင်းရည်က ဆီးကြိုရင်း ပြုံးရွှင်စွာ ပြောသည်။

"ကလေးယူလို့ ရတယ်တဲ့ အစ်ကိုရေ ဘာမှမဖြစ်ဘူးတဲ့"

"ဗျူး"

မောင်စိန်သောင်း သက်မကြီး ချလိုက်သည်။

ယခုမှပင် တဒုတ်ဒုတ် ခုန်နေသော ရင်သည် 'ဒုတ်ဒုတ်' မှ 'ထုတ်ထုတ်'၊ 'ထုတ်ထုတ်' မှ 'ပုတ်ပုတ်' စသဖြင့် တဖြည်းဖြည်း အသံတိုးသွားပြီး ပုံမှန်ပြန်ဖြစ်သွားလေသည်။

မောင်စိန်သောင်း ရေတစ်ခွက် သောက်ချလိုက်သည်။

"တော်ပါသေးရဲ့ကွာ"

။ = ။

၁၉၈၁ ခု၊ မတ်လ၊ စံပြမြန်



## ဒါက ဒီလို ရှိပါတယ်

(၁)

ကျွန်တော်သည် အခြေအနေအရပ်ရပ်ကြောင့် မိသားစု စားဝတ်နေရေး တာဝန်များကို ယူလိုက်ရပါသည်။ စေတနာအရင်းခံနှင့် ချွေတာရေး စီမံကိန်းများ ချမှတ်လိုက်ရာ—

(၂)

ကျွန်တော့်စားပွဲသည် စာအုပ်များနှင့် အမြဲတမ်း ရှုပ်ပွနေ၏။ စာဖတ်လွန်းသောကြောင့် မဟုတ်ပါ။ ဖတ်ပြီးသား ဖတ်လက်စ စာအုပ်တို့ကို စီရီပြန်ထားရမှာ ပျင်းသောကြောင့် ဖြစ်ပါသည်။

ဖောင်တိန်သည် မကြာခဏ ပျောက်နေတတ်၏။ ရေးလက်စ မှတ်လက်စ စာအုပ်ကြားတွင် ညပ်၍နေပြီး ထိုစာအုပ်ပေါ် အခြား



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်များ ထပ်ထပ် ဖိသောကြောင့် ဖြစ်လေသည်။ ရေးချင် မှတ်ချင်သည်နှင့် ကြုံလာလျှင် တစ်နေရာ၌ ပုန်းလျှိုးနေသော ဖောင်တိန်ကို ရှာရန် မကြိုးစားပါ။

ကျွန်တော့်ညီ တစ်ယောက်ယောက်၏ ဖောင်တိန်ကို ယူရေးလိုက်ပါသည်။ ညသန်းခေါင်တွင် ကျွန်တော်က ဖောင်တိန်ကို ယူရေးပြီး၊ နေရာတကျ ပြန်မထားမိသဖြင့် မနက်ကျောင်းသွားသော ညီသည် ဖောင်တိန်ပျောက် အမှုဖွင့်ပြီး၊ တစ်အိမ်သားလုံးကို ဆူညံလျက် ဆန္ဒပြတတ်သည်။ ထိုအချိန်တွင် ကျွန်တော်က အိပ်ဆဲ။ ညီကျောင်းသွားသောအခါ ဖောင်တိန် ပါမသွားပေ။ ပွက်စီ၊ ပွက်စီနှင့် ကျောင်းသို့ သွားရလေသည်။

ကျွန်တော် နိုးလျှင် အမေက မေး၏။ ထိုအခါမှ ညီစားပွဲအံဆွဲထဲ အသာပြန်ထည့်ထားလိုက်သည်။ ညီပြန်လာသောအခါ ဟိုလှလိုလို သည်လှလိုလိုနှင့် ပြီးသွားတတ်၏။ ကြုံဖန်များသော် တရားခံပေါ်၏။ ကျွန်တော့် စားပွဲတစ်နေရာရာမှ သူတို့ ပစ္စည်းများ ပြန်ရသွားခြင်း၊ သို့မဟုတ် ပြန်ပြောင်းသွားခြင်းဖြင့် အစခပ်သိမ်း ပြေလည်လေသည်။

အစက ကျွန်တော့်တွင် အင်္ကျီ၊ လုံချည် သုံးစုံခန့် ရှိပါသည်။ ယခု ဘယ်နှစုံ-ရှိသည်ဟု မသိပါ။ များလွန်းသောကြောင့် မဟုတ်ပါ။ ပျောက်လွန်းသောကြောင့် ဖြစ်ပါသည်။ အခိုးခံရသောကြောင့် ဖြစ်သည်ဟု ယူသော် ရကောင်းရာ၏။ ဤသို့ မသေမချာ ရေးရသည်မှာ အတိအကျ မသိသောကြောင့် ဖြစ်ပါသည်။

တစ်ခါတစ်ရံ မိုးရေထဲတွင် ဆွေးမြည့်နေမှ ပြန်တွေ့တတ်ပါသည်။ ထိုအခါ ပျောက်ဖျက်ပစ်လိုက်ခြင်းဖြင့် ကိစ္စပြီးလေသည်။ ရှင်းပါအုံး။ ထိုအဝတ်အထည်တို့သည် ကျွန်တော်ပိုင် မဟုတ်ပါ။





ကျွန်တော်တို့ ညီအစ်ကို အများပိုင် ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဆက်၍ ရှင်းလင်းပါအုံး။ ကျွန်တော်သည် ပစ္စည်းပျောက်ရာ၌ တော်သူဖြစ်သည့်အလျောက် ဝတ်စရာ မရှိသောအခါ(မခက်ပါ) ညီတစ်ယောက် အင်္ကျီ၊ လုံချည် ယူဝတ်လိုက်ပါသည်။ ပထမ ပူညံပူညံ လုပ်ပါသေးသည်။ သို့သော် ဖောင်တိန် ကိစ္စတုန်းက ကဲ့သို့ပင် ကျေလည်သွားစေလေသည်။

ကျွန်တော်သည် တစ်နေရာရာသို့ ညဥ့်အိပ်သည့်နေသွားပြီး ပြန်လာသောအခါ အိမ်က ပေးလိုက်သော ပစ္စည်းအချို့၊ သို့မဟုတ် အားလုံးမေ့ကျန်ခဲ့တတ်ပါသည်။ ဖဲပေါင်ရိုက်သည်ဟု ယူလျှင်လည်း ရကောင်းရာပါသည်။ သို့သော် ကျွန်တော် နမြောရကောင်းမှန်း မသိပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်ပစ္စည်း မဟုတ်သောကြောင့် ဖြစ်ပါသည်။ အားလုံးကလည်း သိပ်မနမြောကြပါ။ သူတို့ပိုင် ပစ္စည်းလည်း တစ်နည်းအားဖြင့် မဟုတ်၍ ဖြစ်ပါသည်။ အားလုံးပိုင် ဆိုကတည်းက ကိစ္စပြတ်နေပါပြီ။

သို့ရာတွင် အရှိကို မရှိလုပ်ရာ၌ ကျွန်တော် အလွန်တော်ပါသည်။ နှစ်အတော် ကြာလာသောအခါ ကျွန်တော့် အဝတ်အစား တစ်စုံမျှ မရှိတော့ပါ။ သူတို့ အဝတ်အစားများကို လှည့်ပတ် ဝတ်ရင်း ပြေလည်နေလေသည်။ စေတနာ အရင်းခံနှင့် ချမှတ်ခဲ့သော ဤအမျှားပိုင် အင်္ကျီ၊ လုံချည် စီမံကိန်းကား သူတို့အတွက် ကောင်းမကောင်း မသိရသော်လည်း ကျွန်တော့်အတွက်ကား အလွန်နိပ်ပါသည်။ ကျွန်တော် ဘာမှ ဝယ်စရာ မလိုတော့။ သူတို့ပစ္စည်းများနှင့်ပင် ထော၍ နေလေသည်။

သူတို့အတွက်လည်း မဆိုးလှပါ။ တစ်ယောက်အင်္ကျီ တစ်ယောက်ဝတ်၊ တစ်ယောက်လုံချည် တစ်ယောက်စွပ်နှင့် ထည်လဲဝတ်နိုင်သကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အထင်ခံရခြင်းဖြင့် ရှုပ်ပွစွာ တိုးတက်နေလေသည်။ သို့နှင့် အစခပ်သိမ်း ကျေလည်နေပါသည်။

သို့ရာတွင် အင်္ကျီ လုံချည် ကိစ္စ၌ ပြဿနာတစ်ခု ရှိလာပါသည်။

ညီလတ်သည် အညိုရောင်ကွက် အင်္ကျီလက်တိုလေးကို အလွန်သဘောကျပါသည်။ အမြတ်တမ်းလိုလို ထိုအင်္ကျီလေးကို 'ဦး' လေ့ ရှိပါသည်။ အင်္ကျီ ညိုကွက်နှင့် ကချင်လုံချည် မရမ်းရောင်နှင့် အလွန်လိုက်ပါသည်။

ကျွန်တော်ကမူ အင်္ကျီလက်တို ဝတ်လေ့ မရှိပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့် လက်မောင်းကြီးများသည် ပုလွေရိုးအရွယ်မျှ ခွံထည်လှသောကြောင့် ဖြစ်ပါသည်။ ဝတ်စရာ မရှိ၍ လက်တို ဝတ်ရလျှင်လည်း အပေါ်ဖုံးအင်္ကျီနှင့် မဟာလက်မောင်းများကို ဖုံးကွယ်ထားလိုက်ပါသည်။

တစ်နေ့တွင်မူ ညီလတ် အလွန်ကြိုက်သော အင်္ကျီညိုကွက် လက်တိုကို ယူဝတ်မိပါသည်။ ဖြစ်ချင်တော့ ကချင်လုံချည် မရမ်းရောင်လည်း ဝတ်ထားမိလျက်သား ဖြစ်နေသည်။ အရပ်ထဲမှာပင် သွားရမည်မို့ အပေါ်အင်္ကျီလည်း မစွပ်တော့ပါ။

အချိန်မှာ ညီအစ်ကို မသိတသိဟု ဆိုပါရစေ။ ဤမျှဆိုလျှင် ခန့်မှန်းနိုင်လောက်ပေပြီ။ သို့သော် အဖြစ်ကို ရေးပါရစေ။

လမ်းကြား တကြားသို့ ချိုးအဝင်တွင် လက်ဖြူနုကလေးများက ကျွန်တော့်လက်မောင်းကို နောက်က အဝိုက်ဖမ်း လှမ်းဆွဲ၏။ (ကြွားခြင်း မဟုတ်ပါ)။

"ဟော့ . . ချစ်ဝရမ်းပြေး မိပြီ"

ပြဿနာ စပါပြီ ခင်ဗျာ။ ကျွန်တော်က "ဟီးဟီး" ဟု ဘာရယ်မှန်း မသိ စပ်ဖြီးဖြီး လုပ်လိုက်ပါသည်။





မိန်းကလေး၏ မျက်လုံးများသည် ကြေးနီပြားစေ့ကဲ့သို့ ဝိုင်းသွားပြီး လက်များကို ရုတ်ကာ ခေါင်းငုံ၍ ရှက်ရယ်ရယ်ရင်း လှည့်ထွက်ပြေးသွားလေသည်။ ဖြတ်ထားသော ဆံပင်တို ဖားလျားလေး ခါသွား၏။ ပြေးသော အရှိန်ကြောင့် ကိုယ်လုံးကလေး ယမ်းခါသွား၏။

မိန်းမပျိုတို့သည် ရှက်သောအချိန်နှင့် ချစ်သူကို စိတ်ကောက်ချိန်တွင် အလှဆုံးဟု မှတ်ဖူးသည်ကို သတိရ၏။

ညခင်းဆည်းဆာတွင် ကျွန်ုပ်မြင်သည့် ရွှေရင်ဖုံးတို့၊ မဖုံးတို့ ဆိုသည့်ကိုလည်း အမှတ်ရ၏။ စိတ်ကူးယဉ်နေသေးတော့။

တစ်ပြိုင်နက်တည်းတွင် ညီလတ်အကြိုက်ဆုံး အင်္ကျီ လုံချည် ဝတ်လာမိသည်ကိုလည်း အမှတ်ရ၏။

တစ်စုံတစ်ယောက်က ဤအဖြစ်ကို တွေ့သွားနိုင်သည်။ ညီကို သွားပြောနိုင်သည်။ သို့မဟုတ် မိန်းကလေးက သူ့အလွန် မဖြစ်အောင် သူ့ချစ်ချစ်ကို ပြန်ပြောနိုင်သည်။

ညီ့ကို ဦးအောင် ပြန်တိုင်ရသည်။ သို့သော် အပြည့်အစုံ မဟုတ်ပါ။

"မင့်ကောင်မလေးက လူမှားပြီး နှုတ်ဆက်တယ်ကွ။ ပြီးမှ ငါ့မှန်းသိလို့ ရှက်ပြီး ပြန်သွားလေရဲ့"

ညီကလည်း ကျွန်တော့်အကျင့်အတိုင်း စပ်ဖြီးဖြီး ရယ်လေသည်။

"ကိုကိုက လွန်တာပေါ့"

ဒေါ်မထလို့ တော်ပါသေးသည်။

နောက်တစ်ခါ ဘတ်စကားပေါ်တွင် –

"ဟော့ကောင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



နွတ်ဆက်သံနှင့်အတူ နောက်က ဖက်ပိုး အအုပ်ခံရပါသည်။ ဒါကလည်း ရှင်းပါသည်။ ညီငယ့် သူငယ်ချင်းက–

"ဟာ.. အစ်ကို၊ ကျွန်တော်က ဟိုကောင်မှတ်လို့ ဆောရီး"

သူ့ဆောရီးက ဖက်ပိုးတစ်ချက် အအုပ်ခံရပါသည်။ ကောင်းပေစွ။

တစ်ချိန်တွင် တယ်လီဖုန်းမှ ထူးဆန်းသော အသံတစ်ခု လာပါသည်။

"ခင်ဗျား.. ကျုပ်ကလေးကို ကားနဲ့ ရှပ်တိုက်သွားတာ။ နောက်နေ့တွေ ဆေးတိုက် လိုက်ပို့ပေးပါ့မယ်ဆိုပြီး ဘာဖြစ်လို့ ဆက်မလာတာလဲ"

ကျွန်တော့်မှာ လိုင်စင်သာရှိပြီး ကားလည်း မရှိ၊ ကားလည်း မမောင်း။ ဘယ့်နှယ် သည်လို လာအစ်လို့ကတော့ ဘယ်ရမလဲ။

"ကျုပ်မှာ ကားမရှိတဲ့နဲ့ ခင်ဗျားကလေးကို ဘယ်လိုလုပ် တိုက်မိမှာလဲ" ပြန်ဟောက်လိုက်ပါသည်။

"ဘာအူကြောင်ကြောင် လုပ်နေတာလဲ။ သက်သေ ရှိတယ်။ ခင်ဗျားကို သနားလို့ ဂုတ်မတိုင်တာ နားလည်လား"

ကားမမောင်းသည်မှာ အလွန်ကြာမြင့် ဖြစ်သော လိုင်စင်ပင် ဘယ်နား ရောက်နေမှန်း မသိသော ကျွန်တော်ကဲ့သို့ နေ့သားအား ကားတိုက်မှုနှင့် စွပ်စွဲလို့ကတော့ ရယ်တောင် ရယ်ချင်သေး။

"ဟား.. ဟား.. ဟား.. ခင်ဗျား လူမှားနေပြီ။ ကျုပ်နာမည် ကျော်ကျော်"

"ဟုတ်ပါတယ် ခင်ဗျားပါပဲ။ လိုင်စင်တောင် ပြသွားသေးတယ်"





ပြောနေစဉ်ပင် အသိဉာဏ်တစ်ခု လက်ခနဲ ဝင်လာသည်။ ရှင်းပါပြီ။ ညီတစ်ကောင်ကောင့် လက်ချက်ပဲ။ ထုံးစံအတိုင်း စပ်ဖြီးဖြီး လေသံနှင့်–

"ဟီး.. ဟီး.. သတိလစ်သွားလို့ပါဗျာ။ အလုပ်က သိပ်ကို အလွန်အကျွံ မတရား များသွားလို့ပါဗျာ။ စိတ်မရှိပါနဲ့။ ကျွန်တော် တိုက်တာတော့ မဟုတ်ပါဘူး။ ဩော်.. ဟုတ်ပါတယ်.. ဟုတ်ပါတယ်.. လာခဲ့ပါမယ်"

ညီတစ်ကောင်ချင်း ဓာတ်ခံ့မေးသောအခါ ညီကြီး တရားခံ ဖြစ်နေလေသည်။ သူကလည်း ကျွန်တော်ကဲ့သို့ပင် စပ်ဖြီးဖြီးနှင့် သူ့လိုင်စင်ရက် ကုန်နေသဖြင့် ကျွန်တော့် လိုင်စင် ခဏယူပြီး၊ သူ့သူငယ်ချင်းကား မောင်းသွားရင်း ဖြစ်ခဲ့ရသည်တဲ့။

ဤသို့ ထိုသို့ ယင်းကဲ့သို့ အနီကဲ့သို့ များများလာသောအခါ ကျွန်တော်တို့ ညီအစ်ကိုများ ဆုံပြီး ဆွေးနွေးပွဲတစ်ရပ် ကျင်းပလေသည်။

ပထမဆုံး ဖြစ်ခဲ့သော ပြဿနာကို စကောက်ပါသည်။

(၃)

"ငါတို့ တစ်ယောက်ပစ္စည်း တစ်ယောက်သုံးနေကြတာတော့ မှန်ရဲ့၊ ဒါပေမဲ့ မင်းတို့မှာလည်း ရည်းစားကိုယ်စီ ရှိကြတယ် မဟုတ်လား။ အဲဒါ.."

"ကိုကို လူကြီးစကား ပြောပါ"

ဟန်မဆောင်သော ညီလတ်က ကျွန်တော့်စကား မဆုံးခင် ထဟောက်ပါသည်။

ဒေါသကြီးသော ညီကြီးက မိုက်ကြည့်ကြည့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ဂရုမစိုက်သော ညီငယ်က မထီကြည့် ကြည့်ပါသည်။

ကျွန်တော့်စကား မှားသွားမှန်း ချက်ချင်း သိလိုက်သည်နှင့် ထုံးစံအတိုင်း စပ်ဖြီးဖြီး–

"ဟဲ..ဟဲ..ကိုယ့်စကားလည်း ခုံအောင် နားထောင်ကြပါဦး။ ဆိုလိုတာက ဒီလိုပါ။ မင်းတို့မှာ အဆက်တွေ ရှိနေကြတော့ကာ ပြဿနာတွေ ဖြစ်တာလည်း ရှိတယ်မဟုတ်လား။ ဒီတော့ကာ ဟိုဒင်း ပြောသလို ဟွာမဖြစ်အောင်"

"ကိုကိုကလည်း လိုရင်း ပြောစမ်းပါ"

"အေးပါ..ဟိုဟာကွာ အကျီတို့၊ လိုင်စင်တို့၊ မှတ်ပုံတင်တို့ မရောဖို့ကွာ"

"ဒါကတော့ ရှင်းပါတယ်။ ကိုယ့်အကျီ ကိုယ်ဝတ်ပေါ့"

"ကျွန်တော့်တို့ အကျီ ကိုကို ယူမဝတ်နဲ့ပေါ့"

"ကိုကိုက စပြီး စည်းကမ်း ဖောက်ခဲ့တာပဲ"

သူတို့စကားများက ကျွန်တော့် စေတနာကို စော်ကားရာ ကျပါသည်။

"ဟော့..ဒီမယ်၊ ငါက အများပိုင်ပြီး အများအသုံးပြုနိုင်တဲ့ သဘော ဖြစ်အောင် လုပ်တာ၊ တို့ကုန်ကျစရိတ် ဘယ်လောက် သက်သာလဲ။ ကမ္ဘာပေါ်မှာတောင် ကမ္ဘာ့လူဦးရေ သုံးပုံတစ်ပုံက ဘုံသဘောတရားကို လက်ခံတယ်ကွ"

ဒီကောင်တွေ ဖြုံသွားအောင် ကမ္ဘာချီ အာလူးကြီးနှင့် ပေါက်လိုက်ပါသည်။ မရပါ။

"ဘုံဘိုင်တွေ ရေစက်တွေ မသိဘူး။ ဒါကမ္ဘာနဲ့ ချီတဲ့ကိစ္စလည်း မဟုတ်ဘူး။ ပါတီကူလာ အသေးအမွှားလေးကို သိဝ်မချဲ့ပါနဲ့"





"ချပါတီ ကုလားတွေ၊ ဘာတွေ လုပ်မနေစမ်းပါနဲ့။ ပြဿနာက ရှင်းရှင်းလေး။ ကိုယ့်ပစ္စည်း ကိုယ်သုံးတာပဲ"

တစ်ယောက်တစ်ပေါက် ဖြစ်လာပြီ။

ဒီလိုတော့ မဖြစ်နိုင်ပါ။ ကျွန်တော့် ကိုယ်ပိုင် မရှိတော့ပါ။ သူတို့ အားလုံး၏ ပစ္စည်းများကို ဝင်သုံးနေခြင်း ဖြစ်ပါသည်။

"ဒါကတော့ ဒီလို ရှိတယ်ကွ"

"ဘာက ဘယ်လို ရှိရှိဗျာ။ ကျွန်တော်တို့ ပစ္စည်း ကျွန်တော်တို့ သုံးချင်သလို သုံးမှာပေါ့။ ကိုကိုက လူကြီးဆိုပြီး ကျွန်တော်တို့ကို ကျောင်းစရိတ် နည်းနည်းပါးပါး ပေးခဲ့တယ်ဆိုပြီး ဘာတယ် ညာတယ် ဆိုပြီး အခွင့်အရေး ပိုမလိုချင်နဲ့ပေါ့"

"ဟုတ်တယ်။ အခု ကျွန်တော်တို့လည်း အလုပ်လုပ်နေကြတာပဲ"

"ဟုတ်တယ်။ ကိုကိုက ဘာမှလည်း မဝယ်ဘူး။ သွားတိုက်ဆေးတောင် ကျွန်တော်တို့ ဝယ်ထားတာ ကပ်တိုက်ပြီး"

"ဟော့ကောင်တွေ တော်ကြကွာ။ မင်းတို့ ငါ့ကို ကျေးဇူးမကန်းနဲ့"

"ကျေးဇူးကန်းတာ မဟုတ်ပါဘူး။ ညာပြီး အခွင့်အရေး ပိုမယူဖို့ ပြောတာပါ"

"အေး..မယူဘူး။ ငါပြောတာ ခုံအောင် နားထောင်။ ပြီးမှ မင်းတို့ပြော၊ မကျေနပ်ရင် လေဖြတ်ပဲကွ"

အခြေအနေအရ ခပ်မာမာ ပြောရပါတော့မည်။

"အကျီကိစ္စ အရင်ပြောမယ်။ ငါက အဖြူတို့ ပြောင်တို့ပဲ ကြိုက်တယ်။ ငါနဲ့အငယ်ကောင်နဲ့ ကိုယ်တိုင်း မတွာဘူး။ ဒီတော့ ငါတို့နှစ်ယောက်က အတိုင်းချုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အငယ်ကောင် သိပ်ကျေနပ်ပုံ မရပါ။

"မင်းတို့နှစ်ကောင် ကြိုက်တာချုပ်၊ လုံချည်တော့ ခုအတိုင်း စုပေါင်းဝတ်ကြမယ်။ မဂ္ဂဇင်း တစ်ယောက်တစ်အုပ်စီ ဝယ်မယ်။ သတင်းစာဒိုး လေးယောက် မျှခံမယ်။ သွားတိုက်ဆေး၊ ခေါင်းလိမ်းဆီ၊ ဆပ်ပြာ စတဲ့ အိမ်သုံးပစ္စည်း စပ်တူဝယ်မယ်။ ကျန်တာတွေ မရော ကြေး"

"ဈေးဖိုးကော"

အမေသည် သူ့အရေးကြီးဆုံး စိတ်ဝင်စားမှုကို လှမ်းအော်ပါ သည်။

"တစ်ယောက်တစ်ရက်"

ညီလတ်၏ အစီအစဉ်။

"ဟုတ်တယ်။ ကြိုက်တဲ့လူ ပေးဆို ကျွန်တော်တို့ချည်း ပေးရတာ။ ကိုကိုက အိမ်ကပ်တာမှ မဟုတ်ဘဲ။ စားချိန်ပဲ ဝင်စားတာ"

"တော်ကြကွာ၊ ခု ငါပြောတဲ့ အစီအစဉ် ဘယ်လိုလဲ"

"ကျန်တာတွေ လက်ခံတယ်။ အင်္ကျီကိစ္စတော့ ကိုယ်ကြိုက် တာ ကိုယ်ချုပ်"

"ငါက မင်းတို့ဖို့ ပြောတာ"

"ကျွန်တော်တို့ဖို့ ဆိုဆိုပြီး ကိုကို့ဖို့ချည်း ဖြစ်နေတာပဲ။ မရဘူး။ အင်္ကျီတော့ ကိုယ့်ဟာကိုယ်ဝတ်"

ကျွန်တော် အနည်းငယ် ထိခိုက်ပါသည်။ သို့သော် တင်းမာနေ သော အခြေအနေ လျော့ပါးစေရန်–

"ဟုတ်ပြီလေ။ ဒါပေမဲ့ ခြွင်းချက်အနေနဲ့ ငါအင်္ကျီသစ် မချုပ်ရ သေးခင် မင်းတို့မှာ ဝတ်ဦးမယ်"





"ဘယ်တော့ ချုပ်မှာလဲ"

"ဒီတစ်ရက် နှစ်ရက် အတွင်းပေါ့ကွ"

"ကိုကို လူကြီးနော်၊ ကတိတည်ပါစေ"

"အေးပါ"

"ဟုတ်ပြီ၊ ဒီအစီအစဉ်ကို ကျွန်တော်လည်း သဘောတူပြီ။ တစ်ခုတော့ ပြောချင်တယ်။ ဒီမယ်ကိုကို ဘယ်ကိစ္စပဲဖြစ်ဖြစ် အတိုင်း အတာတစ်ခုထိပဲ ရမယ်။ ဘုံပိုင်၊ ဘုံပိုင်ဆိုပြီး အခွင့်အရေး ဝင်ယူချင်လို့ ကတော့ ဆောရီးမှာ ပြသွားမယ်။ ဒါပဲ"

တစ်ချိန်လုံး ထိမထင် ကြည့်ကြည့်နေသော အငယ်ဆုံးကောင် ၏ အာလူးသည် အကြီးဆုံး ဖြစ်သွားပါလေသည်။

(၄)

ဖော်ပြရန် တစ်ခု ကျန်ပါသည်။ ဤအိမ်တွင်း ဆွေးနွေးပွဲ ကျင်းပချိန်တွင် မိသားစု စားဝတ်နေရေးကို အားလုံး မျှယူနေပြီ ဖြစ်ပါသည်။

(၅)

ပြီးခဲ့သော အခန်း (၄) ကို ကျွန်တော် အိမ်ထောင်မကျမီ ရေးခဲ့ပြီး။ မဂ္ဂဇင်းတိုက်သို့ မပို့ဖြစ်ခဲ့ဘဲ (ကျွန်တော့်ထုံးစံအတိုင်း) ချောင် တစ်ချောင်တွင် အချိန်ကြာမြင့်စွာ ချောင်ထိုးထားခဲ့မိပါသည်။

တစ်နေ့က ကျွန်တော့် စာအုပ်စားပွဲ ဗီရိုတို့ကို ဖွင့်ရှင်းရင်း ဤစာမူ ကို တွေ့ရပါသည်။ ပြန်ပတ်ကြည့်သောအခါ လူပျိုဘဝမှာ ပေပေတေတေ လွင့် နေခဲ့ရသည်ကို လွမ်းမိသလို တမ်းတမိသလို ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ကျွန်တော်တို့ ညီအစ်ကို လေးယောက်အနက် သုံးယောက်က အိမ်ထောင်ကျပြီး တစ်ယောက်က ကျလုဆဲဆဲ ဖြစ်နေပြီ။

ကိုယ့်အိမ်ထောင်နှင့်ကိုယ် ကိုယ့်ပြဿနာနှင့်ကိုယ် ဖြစ်နေကြပါပြီ။ အမေ့အိမ်ကိုပင် တစ်ပတ်တစ်ခေါက် ရောက်ခဲလှသည်။

"ဖေဖေ့ . . ဖေဖေ့၊ သမီး မော်တော်ကားကို ဝေဖြိုး လုယူသွားပြီ"

ကျွန်တော့်သမီးသည် ကျွန်တော့်ညီလတ်၏သား သူ့မောင်လေးက သူ့အရုပ် လုယူဆော့ကစားကြောင်း လာတိုင်သည်။

"ခဏ ယူကစားတာပဲ သမီးရယ်။ သမီးနဲ့ အတူတူ ဆော့ပေါ့။ ပြီးတော့ ပြန်ပေးမှာပေါ့"

"မဟုတ်ဘူး ဖေဖေရဲ့၊ သူ့အိမ်ကို ယူသွားတာ"

အိမ်ချင်း မလှမ်းမကမ်း ဖြစ်ပါသည်။

"သမီးကလည်း ဝေဖြိုးလေး ဖိနပ်ကို စီးစီးပြီး ယူလာတာပဲ မဟုတ်လား"

"သမီးက ပြန်ပေးတာပဲ ဥစ္စာ"

"မောင်လေးကလည်း ပြန်ပေးမှာပေါ့"

"ခုသမီး ကစားချင်တယ်။ သွားယူပေးပါ"

"သမီးကလည်းကွယ်၊ သမီးက အကြီးမဟုတ်လား။ မောင်လေးကို ညှာရတယ်။ မောင်လေးကို အဲဒီအရုပ် ပေးလိုက်၊ ဖေဖေ အသစ်တစ်ခု ထပ်ဝယ်ပေးမယ်"

"ဟင့်အင်း . . ဟင့်အင်း . . အဲဒီကားလေးပဲ လိုချင်တယ်"

"တစ်လှည့်စီ ဆော့ပေါ့ကွယ်၊ သမီးက ညှာလိုက်နော်။ သမီးက အကြီး မဟုတ်လားနော်။ အကြီးဆိုတာ အငယ်ကို ညှာရတယ် သမီးရဲ့။ သွား သွား မေမေ့ဆီမှာ သကြားလုံး သွားတောင်းချည်"





အကြီးဆိုတာ အငယ်ကို ညှာရတယ်ဟု ကျွန်တော့်သမီးတို့ ပြောလိုက်ပြီးမှ၊ ကျွန်တော် ပြန်စဉ်းစားမိသည်။ ကျွန်တော့်တုန်းကကော အငယ်များကို ညှာခဲ့လေရဲ့လား။

ညှာသည်ဟုတော့ ထင်ပါသည်။

သို့သော် မသေချာပါ။

॥ = ॥

၁၉၈၁ ခု၊ မတ်လ၊ ချောင်းဆုံမြို့နယ် မဂ္ဂဇင်း။



www.burmeseclassic.com

www.burmeseclassic.com

## အထိန်းမှု

ရက်သတ္တတစ်ပတ်တွင် ကျောင်းတက်ရက် ခြောက်ရက် ရှိသည့်အနက် နှစ်ရက်သုံးရက် ပျက်ကွက်ကြ၏။

မောင်စိန်သောင်း ကျောင်းတက်ပုံ ကြည့်ပါ။

မောင်စိန်သောင်းသည် နံနက်အိပ်ရာထ နောက်ကျလေ့ရှိ၏။ တစ်ရက် နှစ်ရက် မဟုတ်။ တစ်လ နှစ်လ မဟုတ်။ အမြဲလိုလို နောက်ကျ၏။

တက္ကသိုလ် စာသင်နှစ်အတွင်း မှတ်မှတ်ရရ ပထမဆုံး အချိန်ကို မောင်စိန်သောင်း ဆယ်ချိန်ထက် ပို၍ မတက်ခဲ့ဘူးပေ။

မည်သည့်စာသင်နှစ်တွင် မည်သည့်ဆရာက ပထမဆုံးသော အတန်းကို သင်ခဲ့လေသည်ဟု တိတိကျကျ မသိခဲ့ပေ။

ပန်းအောင်စာပေ



ထိုသို့ အိပ်ရာထ နောက်ကျသည့်အတွက် ကျောင်းနောက်ကျခြင်းသည် မောင်စိန်သောင်းအဖို့ ရိုးသွားလေသည်။ ပထမဆုံးသော စာသင်ချိန်သည် သူနှင့် မဆိုင်သလို ဖြစ်သွားတော့၏။

နောက်ကျ၍ ကျောင်းရောက်ပြီဆိုပါတော့။ မောင်စိန်သောင်း ဘာလုပ်သနည်း။

စာသင်ခန်း အနီးအနားသို့တော့ သွားပါသေးသည်။

သို့ရာတွင် ဆရာ၏ သင်ကြားချက်တို့သည် ပြီးဆုံးခါနီးပင် ရောက်နေလေ့ ရှိ၏။ ဘယ်က စ၍ လိုက်နာမှတ်သားရမည် မသိတော့။

ထိုရောအခါ မောင်စိန်သောင်းသည် ၎င်းသင်ခန်းစာကို နောက်တစ်ရက်မှ သူငယ်ချင်းထံ ကူးယူတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ဤသို့ ဆုံးဖြတ်ခြင်းသည်လည်း နေ့စဉ်နှင့်အမျှ ဖြစ်ပါ၏။ ဖော်ပြရန် ကျန်သည်မှာ သူ၏ ကျောင်းတက်ရက်သည် တစ်ပတ်လျှင် ခြောက်ရက်အနက်မှ သုံးရက်သည် အများဆုံး ဖြစ်ခဲ့သတည်း။

ထိုသို့သော မောင်စိန်သောင်းသည် ကျောင်းတက်ဖြစ်သော ရက်၌ ပထမဆုံး စာသင်ချိန်ကို မမီသဖြင့် လက်ဖက်ရည်ဆိုင်သို့ ရောက်လေ၏။

သတင်းစာ ဖတ်၏။ နိုင်ငံတကာသတင်းကို အလျင်စလို ဖတ်၏။ သူ့ကိုယ်သူ ကမ္ဘာ့ရေးရာ လေ့လာလိုက်စားသူအဖြစ် ယုံကြည်ထားသည်။ မည်သူက မယုံကြည်သည်ဖြစ်စေ၊ သူ့ကိုယ်သူတော့ ယုံ၏။

ကမ္ဘာ့ရေးရာ သတင်းများ ဖတ်ပြီး၊ ပြည်တွင်းသတင်း အချို့ ဖတ်၏။ သူစိတ်ဝင်စားသော ပြည်တွင်းသတင်းအချို့မှာ ဓားပြတိုက်ခြင်း၊ ကလေးခြောက်မြှာမူး မွေးခြင်း၊ လူတစ်ဖက်ခန့် ဘူးသီး သီးခြင်း၊ လင်ငယ်ကို လင်ကြီးက ဓားနှင့် လိုက်ခုတ်ခြင်း၊ အထက်ဂိုဏ်း ဆရာအမျိုးသမီးများအား ရင်ငွေ့ပေး၍ တရားပြခြင်း စသည့် သတင်းမျိုးများ ဖြစ်လေသတည်း။

ပန်းအောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သတင်းစာ ဖတ်နေချိန်တွင် သူကဲ့သို့သော ကျောင်းသား အပေါင်းအသင်းများ ရောက်ရှိလာလေတော့သည်။ ထိုပုဂ္ဂိုလ်များကား ဦးဆုံးသော စာသင်ချိန်တွင် ကျောင်းခေါ်ချိန် ဖြေသည့် သူ့ကိုယ်စား လက်မှတ်ထိုးပေးခြင်း သို့မဟုတ် 'ရှိပါတယ် ခင်ဗျ' ဟု ထူးပေးခြင်းများကို စေတနာ သဒ္ဓါတရား ထက်သန်စွာ ပြုမူကြသူများ ဖြစ်၏။

တစ်ခါတစ်ရံတွင် သူ့ကိုယ်စား နှစ်ယောက်ပြိုင်တူ ထူးမိသဖြင့် ဆရာက–

"ဘယ်သူ မောင်စိန်သောင်း ကိုယ်ပွားအစစ်လဲဟေ့" ဟု အမေးခံကြရလေသည်။

ကျောင်းခေါ်ချိန် မပြည့်သဖြင့် ဆရာများက ခေါ်ယူတွေ့ဆုံရာတွင် မောင်စိန်သောင်း မပါလျှင် မပြီးမပြည့်စုံပေ။

မောင်စိန်သောင်းနှင့် ဆရာမ တစ်ယောက်၏ တွေ့ဆုံခန်းကို ကြည့်ပါ။ ထိုအတောအတွင်း မောင်စိန်သောင်းသည် ထုံးစံအတိုင်း ကျောင်းမတက်ဘဲ နေ၏။ တစ်ရက်မဟုတ်၊ နှစ်ရက်။ လေးငါးဆယ် ရက် ဖြစ်၏။

ထိုစာသင်ခန်းကို စာပြရသော ဆရာမသည် မောင်စိန်သောင်း တရားလွန် ကျောင်းတက်ပျက်သည်ကို သတိထားမိ၏။

သတိထားမိပုံမှာ–

ဆရာမသည် ကျောင်းသူ ကျောင်းသားများ၏ အမည်ကို ခေါ်၏။ ထိုသို့ မခေါ်မီ အတန်းထဲသို့ ဝင်ကတည်းက ကျောင်းတက်သူ နည်း၍ ပျက်ကွက်သူများကြောင်း သတိပြုမိခဲ့၏။ လိမ်ညာ၍ တစ်ယောက် ကိုယ်စား တစ်ယောက်ထူးမည်ကိုလည်း သတိထား၏။ သို့သော် တော် ရုံသဖြင့် ဆိုလျှင် ခွင့်လွှတ်မည်သာ ဖြစ်ပါသည်။

"မအေးမီ"





"ရှိပါတယ် ရှင့်"

"မရီရီဝွန်း"

"ရှိပါတယ် ရှင့်"

စသဖြင့် ခေါ်ရင်း မောင်စိန်သောင်းတို့ အုပ်စုအမည် ခေါ်ရန် နီးကပ်လာသည်။ ဆရာမသည် ဂရုစိုက်၍ အတန်းကို ကြည့်ထားသည်။

"မောင်အောင်မင်း"

ထိုနေ့က မောင်အောင်မင်း ကျောင်းတက်သည်။

"ရှိပါတယ် ခင်ဗျာ"

"မောင်ရွှေဝင်း"

"ရှိပါတယ် ခင်ဗျာ"

ထိုသို့ ခေါ်နေစဉ်အတွင်း နောက်တန်းကျကျတွင် နေရာပြောင်း ရွှေ့မှု ရှိကြောင်း သတိပြုမိသည်။ မသိဟန်ဆောင်လိုက်၏။ သို့နှင့် မောင်စိန်သောင်း အလှည့် ရောက်လာပါသည်။

"မောင်စိန်သောင်း"

တစ်ထောင့်မှ အော်သည်။

"ရှိပါတယ် ခင်ဗျာ"

ဆရာမသည် ထိုအသံလာရာ လှမ်းကြည့်သည်။ ကျောင်းသား များက ခေါင်းငုံ့နေကြ၏။

"မောင်စိန်သောင်းဆိုတာ ဘယ်သူလဲ"

ခက်ပြီ၊ မောင်စိန်သောင်း အစစ် မရှိ။ ကိုယ်စားထူးပေးသည်မှာ မောင်အောင်မင်း။ သည်တော့ မောင်အောင်မင်းပင် မတ်တတ်ထရပ် လိုက်ရသည်။

ဆရာမက မောင်အောင်မင်းကို ပြောသည်။

"မင်း ကျောင်းပျက်ရက် များနေတယ် မောင်စိန်သောင်း။ နောက်ကို ကျောင်းမှန်မှန်တက်ပါ။ ကျောင်းတက်ရက် မှနစ်သယ်ငါး



www.burmeseclassic.com

www.burmeseclassic.com



ရာခိုင်နှုန်း မပြည့်ရင် စာမေးပွဲ မဖြေရဘူးဆိုတာ သိတယ် မဟုတ်လား''

"ဟုတ်ကဲ့ သိပါတယ်"

"နောက် ကျောင်းမှန်မှန်တက်မှ မင်း ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းပြည့်မယ်။ ခုမင်း ကျောင်းပျက်ရက်က နှစ်ဆယ့်ငါးရာခိုင်နှုန်းလောက်ရှိနေပြီ"

"ဟုတ်ကဲ့ပါ ဆရာမ"

ဆရာမက အခြားနာမည်များကို ဆက်၍ ခေါ်သည်။

ထိုနေ့ လက်ဖက်ရည်ဆိုင် ရောက်သောအခါ မောင်အောင်မင်းက မောင်စိန်သောင်းကို ထိုအကြောင်း ပြောပြသည်။ သည်တော့–

မောင်စိန်သောင်းက–

"မင်းပဲ ဆက်တက်လိုက်ပေါ့ကွာ။ မင်းကို ဆရာမက မောင်စိန်သောင်းလို့ ထင်သွားပြီပဲ"

"ဒါကတော့ ဘယ်ဖြစ်မလဲကွ။ ငါကျောင်းပျက်ရင် မင်းနာမည်နဲ့ စာမေးပွဲ ဖြေခွင့် မရမှာဘဲ။ ဒီတော့ ငါဟာ မင်းရဲ့ သော့ချက်ကို ကိုင်ထားတဲ့ ပုဂ္ဂိုလ် ဖြစ်နေပြီ။ ငါ့ကို ရိုသေလေးစားစွာ ပြုစုတော့ မောင်စိန်သောင်းလေး"

ပြဿနာက သည်မျှနှင့် မပြီးပါ။

တစ်နေ့တွင် မောင်အောင်မင်း ကျောင်းမတက်။ မောင်စိန်သောင်း ကျောင်းတက်သည်။

မောင်အောင်မင်း ကိုယ်စား တစ်ယောက်ထူး၏။ မောင်စိန်သောင်းကိုယ်စား မောင်စိန်သောင်းကပင် ထူး၏။

ထိုအတောအတွင်း မောင်စိန်သောင်း၊ မောင်အောင်မင်း အပါအဝင် သူတို့အပေါင်းအသင်းတစ်စု ကျောင်းပျက်ရက် များသောနေ့များ ဖြစ်လေသည်။





"မောင်စိန်သောင်း"

"ရှိပါတယ် ခင်ဗျာ"

ဆရာမသည် မောင်စိန်သောင်းကို ကြည့်၏။ ထို့နောက်–

"မောင်စိန်သောင်းဆိုတာ ဘယ်သူလဲ"

သူမတ်တတ်ရပ်သည်။

တစ်ခါတစ်ရံ မောင်အောင်မင်း မတ်တတ်ရပ်ပြဖူးကြောင်း မေ့နေသည်။

"မင်းနာမည် မောင်စိန်သောင်းလား"

"ဟုတ်ကဲ့"

"အရင်တစ်ခါ မောင်စိန်သောင်းကို မေးတော့ မတ်တတ်ရပ်ပြတာ မင်းမဟုတ်ပါဘူး။ ဘယ်သူလဲ"

"ကျွန်တော်ပါပဲ"

မောင်စိန်သောင်းက ဖွတ်လိမ်သည်။

"မဟုတ်ပါဘူး။ ဟိုတစ်ယောက်က အရပ်ရှည်ရှည်၊ ဆံပင်တိုတို။ မင်းက ဟိုတစ်ယောက်လောက်မှ အရပ်မရှည်ဘဲ။ ဆံပင်ကလည်း မင်းက ပိုရှည်တယ်"

"သည်လိုပဲ အရပ်တိုသွားတာပါ ဆရာမ။ ဆံပင်ဆိုတာလည်း ရှည်ထွက်တတ်ပါတယ်"

ရယ်ကြ၏။ ဆရာမက မျက်စောင်းခဲ၏။

"နေ့လယ် ဆရာမအခန်းကို လာတွေ့ပါ"

မောင်စိန်သောင်း စိတ်အနည်းငယ် ထွေသွား၏။ ထို့နောက် မည်ကဲ့သို့ ညာဝါးဖြန်းသန်းရမည် စဉ်းစား၏။ နောက်ဆုံး ထွက်ပေါက်မှာ မိမိ မည်မျှ ဆင်းရဲကြောင်း၊ တစ်ဖက်က ရရာအလုပ် လုပ်နေကြောင်း၊ ညဘက် ဆိုက်ကားနင်းကြောင်း၊ မုန့်ဖက်ထုပ် ရောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း။ မိခင်၏ ဈေးဆိုင်ကို ကူညီရကြောင်း စသဖြင့် လုပ်ကြံပြီး သနားလောက်အောင် ပြောမည်ဟု ဆုံးဖြတ်၏။

ပွဲမစခင် အပြင်မှာ ကျင်းပ၏။

ဆရာမကို ချွဲရန် လက်ဖက်ရည်ဆိုင်တွင် လေ့ကျင့်၏။ နေ့လယ် အတန်းနားချိန်တွင် ဆရာမ၏ အခန်းသို့ သွား၏။

"မင်းတို့ တော်တော်ဆိုးတာပဲ"

ဆရာမက ပဋိသန္ထာရ ပြု၏။

မောင်စိန်သောင်းက အမူအရာ ကောင်းကောင်းဖြင့် သူ့တွင် မည်မျှ ခက်ခဲစွာ ကျောင်းတက်ရကြောင်း ပြီးသည်။ ကျောင်းစရိတ် ရရန်အတွက် ညဘက်ဆိုက်ကားနင်းသည်များလည်း ပါ၏။

"မင်းခန္ဓာကိုယ်နဲ့ ဆိုက်ကားနင်းလို့ ရရဲ့လား"

"ဒီလိုပဲ ကြိုးစားပြီး လုပ်ရတာပေါ့ ဆရာမရယ်။ ပင်ပန်းတာတော့ မပြောပါနဲ့တော့။ မနက်တိုင်း အိပ်ရာက ထမရအောင် ကိုက်ခဲနေတာပဲ"

အမှန်မှာ မောင်စိန်သောင်း ညဘက်စာဖတ်ပြီး ညဉ့်နက်သန်းခေါင်မှ အိပ်သဖြင့် အိပ်ရာထ နောက်ကျခြင်းသာ ဖြစ်ပါသည်။

စာဖတ်သည်ဆိုရာ၌လည်း ကျောင်းစာများ မဟုတ်ပါ။

ဝတ္ထု၊ ဆောင်းပါး၊ ဂျာနယ်၊ မဂ္ဂဇင်း ကာတွန်း စသည်တို့ ဖြစ်ပါ၏။

ဆရာမသည် လုပ်သက်ရင့်လှပြီ ဖြစ်သဖြင့် မောင်စိန်သောင်းထက် အဆတစ်ရာ လည်သော ကျောင်းသားများကို တွေ့ဖူးပါပြီ။

မောင်စိန်သောင်း၏ စကားများကိုလည်း တစ်လုံးတစ်ပါဒမျှ မယုံပါ။





သို့သော် မောင်စိန်သောင်း၏ ကူလီကူမာ လေကြောရှည်နေခြင်းကို မခံနိုင်တော့၍လား၊ ပြောနေဆုံးမနေလည်း အပိုဖြစ်မည်ကို သိရှိ၍လား မသိ။

"အေး . . အေး . . အလုပ်လုပ်တာလည်း လုပ်တာပေါ့။ ကျောင်းသားဆိုတာ ကျောင်းမှန်မှန် တက်ရတယ်။ ကျောင်းချိန် မပြည့်ရင် ဆရာမတို့လည်း မတတ်နိုင်ဘူး။ စာမေးပွဲ မဖြေရလို့ တစ်နှစ်နာရင် မင်းကြိုးစားပြီး ကျောင်းစရိတ် ရှာထားတာတွေ အလကား ဖြစ်မှာပေါ့။ မဟုတ်ဘူးလား။ ကဲ . . သွား . . သွား . . နောက် ကျောင်း မှန်မှန်တက်"

"ဟုတ်ကဲ့ ဆရာမ"

မောင်စိန်သောင်း ထိုနေ့မှစ၍ ကျောင်းတက်မှန်သည်ဟု ယူဆလျှင် မှားပေမည်။ သူလည်း ထုံးစံအတိုင်း နံနက်အိပ်ရာထ နောက်ကျ၊ ကျောင်းနောက်ကျ၊ လက်ဖက်ရည်ဆိုင်ထိုင်၊ ထို့နောက် တစ်ချိန် နှစ်ချိန်တက်၊ ပျင်းလျှင် လျှောက်လည်၊ စာကြည့်တိုက်သို့ စာသွားဖတ် (မဂ္ဂဇင်းဝတ္ထုများ ဖြစ်ပါသည်။) တွေရာလေးပါး စကား ပြော။

စိတ်ဝင်စားသော အတန်းချိန်တက်၊ စိတ်မဝင်စားလျှင် တွေး ချင်ရာတွေးနေနှင့် စာမသင်၊ စာသင်နှစ်များ ကုန်ခဲ့လေ၏။ စာမေးပွဲ ဖြေခါနီးမှ သေတော့မလို မျက်နှာနှင့် ဆရာ–ဆရာမများကို လိုက် တောင်းပန်။ ကျောင်းတက်မှန်သော ကျောင်းသား ကျောင်းသူများထံမှ မှတ်စုများ ငှားကျက်။ မောင်စိန်သောင်း အပျင်းထူလိုက်ပုံမှာ စာအုပ် များကို စောစောကြို၍ ကူးထားရန် မဆိုထားဘိ စာမေးပွဲ နီး၍ ဖြေရခါနီးတွင်ပင် မကူး။ အခြားသူများ ကျက်ပြီးသား စာအုပ်ကို ငှား၍ ကျက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်သို့ မငှားလိုက်နိုင်သော ကျောင်းသားများထံမှ တအုပ်ဆိုလျှင် အဆောင်သို့ လိုက်အိပ်၍ ကျက်သည်။ သူငယ်ချင်းများကလည်း ကူညီအားပေး၏။ သူတို့ အဆောင်သို့ လိုက်၍ သူတို့ ထမင်းကပ်စားပြီး သူတို့အခန်း၌ ပြွတ်သိပ်အိပ်သော မောင်စိန်သောင်းကဲ့သို့သော ကျောင်းသားကို ကြည်ဖြူစွာပင် လက်ခံ၏။ အဆောင်မှူး၊ အဆောင်ဆရာများအား စာမေးပွဲ နီးသဖြင့် စာရကျက်ခြင်း ဖြစ်ပါသည်ဟု လျှောက်လဲချက် ပေး၏။ မောင်စိန်သောင်း၏ ကြက်ကန်းဆန်အိုးတိုးလေ့ ရှိသော ကုသိုလ်ပဲ ဆိုလေမလား ဆရာများ၏ ညှာတာထောက်ထားချက်ကြောင့်ပင် ဆိုလေမလား။ မောင်စိန်သောင်းသည် စာမေးပွဲတိုင်းကို အောင်သည်ဆိုရုံမျှဖြင့် အောင်ခဲ့သည်။ ထူးချွန်စွာအောင်ဖို့ဝေးစွ၊ အလည်အလတ် အမှတ်ဖြင့်ပင် မအောင်။ အနိမ့်ဆုံးအမှတ်များဖြင့် အောင်လေသည်။

ဤသို့ဖြင့် တက္ကသိုလ် စာသင်နှစ်များကို ဖြတ်သန်းခဲ့သည်။ တက္ကသိုလ်သို့ အလည်အပတ် ရောက်ခဲ့သူ တစ်ယောက်နှင့်သာ တူလေ၏။ သူ့အပေါင်းအဖော် သူငယ်ချင်း အရင်းအခြာများသည်လည်း သူ့နည်းနှင်နှင်ပင်။

===

(၂)

တနှစ်နွေနွေတွင် မောင်စိန်သောင်းနှင့် သူငယ်ချင်းတစ်ယောက် ပြန်လည်တွေ့ဆုံ၏။

တက္ကသိုလ်မှ သူတို့ ထွက်ခွာလာခဲ့ကြသည်မှာ ကြာလှပြီ။ ကိုယ့်အလုပ်နှင့်ကိုယ် အလုပ်ရှုပ်နေခဲ့ကြသည်။ ကိုယ့်ဝမ်းစာ ကိုယ်ရှာ





ရင်း နေခဲ့ကြသည်။ ငယ်သူငယ်ချင်းနှင့် ပြန်လည်တွေ့ဆုံရသောအခါ ပြန်ငယ်သွားသလို ခံစားရသည်မှာ ဓမ္မတာ။

ထို့အတူ သူငယ်ချင်းများအကြောင်း သတင်းစုံစမ်းရင်း သိသမျှ ပြန်လည်ပြောရသည်မှာလည်း အရသာ။

နိုင်ငံတော် ကောင်စီရုံးတွင် အမှုထမ်းနေသော သူငယ်ချင်းအကြောင်းမှသည် ထောင်ကျနေသော သူငယ်ချင်းအကြောင်းအထိ ပြောဖြစ်ကြသည်။

တနှစ်နွေနွေ ဖြစ်သဖြင့် မောင်စိန်သောင်းရော၊ သူငယ်ချင်းပါ အားလပ်ကြ၏။ လုပ်ငန်းကိုင်ငန်း အခြေအနေ၊ မိသားစု အခြေအနေများ စုံစမ်းကြသည်။ ကျောင်းနေစဉ်က ပေ့ခဲ့ရှုပ်ခဲ့ကြပုံများ၊ ရည်းစားဟောင်းများနှင့် ခွာပြဲခဲ့ကြပုံများလည်း ပြောဖြစ်သည်။

လက်ဖက်ရည်ဆိုင်၌ အချိန်ကြာမြင့်စွာ မထိုင်ရသည်မှာ ကြာပြီဖြစ်၍ ထိုကဲ့သို့ နေထိုင်ရခြင်းကို ကြည်နူးနှစ်သိမ့်နေမိသည်။

လမ်းခွဲကြသောအခါ တစ်ယောက်အိမ်ကို တစ်ယောက် လာလည်ရန် ချိန်းဆိုကြ၏။

"အားရင် လာခဲ့မယ်ကွာ" ဟုသာ ပြောဖြစ်ကြ၏။ နေ့ရက်အတိအကျ မချိန်းဆိုဖြစ်ခဲ့ပေ။

အပြန်ခရီး၌ ဘတ်စ်ကား စီး၍ ပြန်ရာ တိုက်ဆိုင်စွာပင် ဘတ်စ်ကားလက်မှတ်ရောင်းသည် ငယ်သူငယ်ချင်းတစ်ယောက် ဖြစ်နေ၏။ လက်မှတ်ခ သက်သာသွား၏။ လက်မှတ်ရောင်းသော သူငယ်ချင်းသည် "အပေါ်ရောက်အောင် တက်ပါ။ နိမစီးပါနဲ့ လက်မှတ်ယယ်ပါ" အစရှိသည့် စပယ်ယာ ဂါထာကို ရွတ်ရင်း သူနှင့် စကားပြောရန် အချိန်မရ ဖြစ်နေသည်။

"အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ပါပဲကွာ။ မင်းကော"

"ဒီလိုပါပဲကွာ"

"မင်း ဘယ်နှယောက်လဲ"

"လေးယောက်"

ဤမျှသာ ပြောဖြစ်သည်။

ဘတ်စ်ကားမှ ဆင်းသောအခါ သူငယ်ချင်းကို နှုတ်ဆက်ခဲ့သည်။

"အားရင် လာလည်ဦးကွာ"

"အေး . . . အေး"

ထိုသူငယ်ချင်းအား ထိုသို့ ခေါ်ပေါင်းများပြီး တစ်ခေါက်မျှ မရောက်လာသေး။ ဘတ်စ်ကား ထွက်သွားသည်။

ကားမှတ်တိုင်အနီး ကုန်စုံဆိုင်တစ်ဆိုင်မှ ပဲမုန့် ငါးမူးဖိုး ဝယ်လိုက်သည်။ ဖခင်ပြန်လာလျှင် "မုန့်ပါလား ဖေဖေ" ဟု မေးတတ်သော သမီး အတွက် ဖြစ်ပါသည်။

ညက ထုံးစံအတိုင်း စာဖတ်ရင်း ညဉ့်နက်သွားသဖြင့် နံနက် စောစောမနိုး။ အိပ်ပျော်စဉ်ကလည်း ငယ်သူငယ်ချင်းများနှင့် လျှောက်လည်ပုံ၊ စကားများပုံတို့ကို အိပ်မက်မြင်မက်သဖြင့် နှစ်ချိုက်စွာ အိပ်ရသည်ဟု မဆိုနိုင်။ နံနက် ခုနစ်နာရီခန့်တွင် သမီးငယ် လာနှိုး၏။

"ဖေဖေ ထတော့ မုန့်စားမယ်"

သူ့အမေက အနိုးခိုင်းလိုက်သည်မှာ သေချာ၏။ ဖနီးကိုယ်တိုင် လာနှိုးလျှင် "မင်းကလည်းကွာ" ဟု ငေါက်လွှတ်ကောင်း ငေါက်လွှတ်မည် ဖြစ်သော်လည်း သမီးက လာနှိုးသောအခါ သမီးကို ရင်ဘတ်ပေါ် တင်သည်။

"ဖေဖေ ခဏအိပ်ဦးမယ် သမီးရယ်" ဟု ပြောသော်လည်း တကယ်တမ်း အိပ်၍ မရနိုင်တော့ကြောင်း သိနေသည်။ မျက်စိဖန်နေ





သော်လည်း အိပ်ရာမှ ထလိုက်၏။ သမီးကို ချီပိုးရင်း မီးဖိုဘက်သို့ လာခဲ့၏။

ဖနီးက ထမင်းအိုး တည်နေသည်။

မျက်နှာသစ်ပြီး နောက် သတင်းစာ ရှာသည်။ သတင်းစာ မရောက်သေး။

နံနက်စာထမင်းကြမ်း စားပြီးနောက် လွယ်အိတ်လွယ်လျက် အလုပ်သွားရန် ထွက်ခဲ့သည်။ ရုံးသို့ မဟုတ်ပါ။

အလုပ်ချိန် နောက်ကျမည်လည်း မဟုတ်။ အချိန်ဖြုန်းရန် လက်ဖက်ရည်ဆိုင် ထိုင်ဖို့လည်း မလို။ အထက်ပုဂ္ဂိုလ်အား ကုလီကူမာ အကြောင်းပြချက်ဖြင့် ဖြီးဖြန်းရမည်လည်း မဟုတ်။ သူ့အလုပ်သည် အချိန်မှန် တက်ရဆင်းရသော ရုံးအလုပ်မဟုတ်။

အထက်လူကြီး မရှိ။ အောက်လက်ငယ်သား မရှိ။ သူလုပ်မှ သူ့အတွက် ဝမ်းစာ ရမည် ဖြစ်သော အနုပညာ အလုပ်သမား။

သူ ယခု သွားရမည်မှာ ပုံနှိပ်တိုက်၊ လုပ်ရမည့်အလုပ်မှာ သူ့ဝတ္ထုတစ်ပုဒ် ရိုက်နှိပ်နေ၍ သူ့စာမူနှင့် ကိုက်ညှိပြီး စာပြင်ပေးရန်။

ဘတ်စ်ကားပေါ်သို့ တိုးဝှေ့တက်ခဲ့သည်။ ရုံးတက်ချိန်မို့ လူကျပ်လှ၏။ ကျောင်းသားဘဝကဆိုလျှင် ဘတ်စ်ကား လူကျပ်လျှင် မစီး။ ချောင်သည်ထိ စောင့်၍ စီးသည်။ ကျောင်းချိန် နောက်ကျရုံမက ကျောင်းမတက်ရလျှင် နေပေ့စေ။

မောင်စိန်သောင်းသည် ယမန်နေ့က ငယ်သူငယ်ချင်းနှင့် တွေ့ခဲ့ရသဖြင့် ကျောင်းသားဘဝကို ပြန်စဉ်းစားကြည့်မိသည်။

ကျောင်းသားဘဝက သူ့ကို ကျောင်းစည်းကမ်းနှင့် ဆရာ ဆရာမများက ထိန်းချုပ်ထားခဲ့၏။ ထိုသို့ ထိန်းချုပ်ထားသည့် ကြားမှ အတတ်နိုင်ဆုံး ဖောက်ဖျက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု အလုပ်စည်းကမ်းလည်း မရှိ။

အထက်ပုဂ္ဂိုလ်လည်း မရှိ။

သို့ရာတွင် မောင်စိန်သောင်း တာဝန်ဝတ္တရားနှင့် စည်းကမ်းဖောက်ဖျက်မှု အလွန်နည်းသည်။ မရှိသလောက်ပင်။

သူ့ကို မည်သူက ထိန်းချုပ်ထားပါလိမ့်။

ခရီးသည်တစ်ဦးသည် တိုးတက်ရင်း သူ့လွယ်အိတ်ကို တိုက်သွားသည်။ - လွယ်အိတ်လှုပ်ခါယမ်းသွားသည်။

မောင်စိန်သောင်း သူ့ထမင်းဘူးကို စမ်းမိသည်။ ထမင်းဘူးအဖုံးမှ 'အထိန်းဖု' များသည် စားနေပြီ ဖြစ်၍ လုံခြုံအောင် ထိန်းမထားနိုင်တော့။ မောင်စိန်သောင်းသည် ထမင်းဘူးကို လက်ဖြင့် ဖိထားလိုက်သည်။

။ = ။

တက္ကသိုလ်များ ပုံနှိပ်တိုက် နှစ် (၂၀) မြောက် ငွေရတုအကြို မဂ္ဂဇင်း။



## စာရေးဆရာမယားတဲ့ဟော့နော်

မောင်စိန်သောင်းသည် ကြီးကောင်ကြီးမား ခေါင်းဖြူစွယ်ကျိုးအရွယ်ရောက်မှ ရောဂါဟောင်းက ပြန်ထပြီး 'အချစ်အလွမ်း' ဝတ္ထုရှည်တစ်ပုဒ် ရေးချလိုက်လေသတည်း။

အဲသလို အူကြောင်ကျား အလွမ်းဝတ္ထုရေးဖြစ်တာမှာ တရားခံနံပါတ်(၁)က မောင်စိန်သောင်းဆိုရင် နံပါတ်(၂) တရားခံက ဆရာကိုရွှေငြိမ်းပါပဲ။

ကိုရွှေငြိမ်းက မောင်စိန်သောင်းကို သူ့မဂ္ဂဇင်း 'ငွေရတု'မှာ အချစ်ဝတ္ထုတစ်ပုဒ် ရေးစမ်းပါလို့ တိုက်တွန်းလေတော့ 'လျှော် မလှော်ခင် ပြုံချစ်နေတဲ့ ကံထရိုက်တိုက်'ကဲ့သို့ ရှုပ်ထနေတဲ့ မောင်စိန်သောင်းက အချစ်အလွမ်းဝတ္ထုကြီး ရေးလိုက်ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကိုရွှေငြိမ်းကလည်း လပြတ်(တစ်လတည်းနဲ့အပြတ်) ဝတ္ထုလေး ရေးစေချင်တာ၊ မောင်စိန်သောင်းဆိုတဲ့ ငတိက နိုင်ငံတကာ အဆင့်မီ သုဝဏ္ဏ အားကစားကွင်းကြီးထဲ တစ်ခါမှ မကန်ဖူးတဲ့ သက်ကြီးရွယ်အို လက်ရွေးစင်(အရန်) ဘောလုံးသမားဟောင်း ခပ်ချာချာကြီး တစ်ယောက် သက်ကြားအိုအသင်းမှာ ဝင်ကစားရလို့ ကွင်းလုံးပတ်လည် မျက်စိနောက်အောင် 'တောင်ကူးမြောက်ပြေး ရွာဆော်ကြီးခွေး'ကဲ့သို့ ကန်ဖူးတယ်ရှိအောင် လိမ့်ကန်ဦးမှဆိုပြီး ကစားလိုက်တာ အမော့ဆိုပြီး လဲသလို မောင်စိန်သောင်းဆိုတဲ့ ငတိကြီးလည်း အချစ်အလွမ်းဝတ္ထုရှည် အီအိုင်အီလေးဆွဲပြီး ရေးပစ်လိုက်တာ ရှစ်လလောက် ဆက်တိုက်ဖော်ပြရပါတော့သည်။

ကိုရွှေငြိမ်းခမျာလည်း သူ့ရှူးသူပတ်ပြီး အားနာပါးနာနဲ့ မောင်စိန်သောင်းရဲ့ အီအိုင်ရှည်လျားလျား ထွေပြား ဂျပန် တရုတ် ဖက်စပ်မူလီ အချစ်အလွမ်းဝတ္ထုရှည် ခပ်ချာချာကြီးကို သူ့မဂ္ဂဇင်းထဲ ထည့်သွင်းဖော်ပြနေရရှာပါလေတော့၏။

ဖြစ်ပုံက ဒီလိုပါ။ မောင်စိန်သောင်းဟာ အသက်ရမှ သူငယ်ငယ်က တစ်ဖက်သတ် ချစ်ဖူးတဲ့ အမျိုးသမီး တစ်ယောက်နဲ့ ပြန်တွေ့ရသတတ်။ အဲဒီအမျိုးသမီးကြီး တော်တော်ကံကောင်းတယ် ခင်ဗျ။ ငယ်ငယ်တုန်းက မောင်စိန်သောင်းကိုများ အယောင်ယောင်အမှားမှား ကြိုက်မိရင် မောင်စိန်သောင်းရဲ့ အုဒဏ်၊ ကြောင်ဒဏ်၊ မူးဒဏ်၊ မော်ဒဏ်(မော်ဒန်မဟုတ်ရပါ) စတဲ့ ၉၆–ပါးသော ဒဏ်များကို အနှစ်လေးဆယ်လောက် ခံရရှာမှာခင်ဗျ။ ဆက်ပြီးလည်း သည်းခံနေရရှာမှာ...။

အမြဲလိုလို ဖွဲ့ဖော်တတ်တဲ့ 'နဂျား(နွားကျား)အကြောင်းမသိလို့နော်' ဆိုတဲ့ မြန်မာရပ်သုံးရွာသုံး စကားပုံလို အူကြောင်ကျား





မောင်စိန်သောင်း အကြောင်းမသိလို့ ယောင်နနနဲ့ ယူခဲ့မိရှာတဲ့ မနှင်းရည်ကတော့ "ကို့အကြောင်းမသိလို့နော်၊ စောစောကသိရင် ယောင်လို့တောင် စိတ်မကူးပါဘူး။ ခုတောင် တော့်ကို ယူချင်တဲ့ဟာမများရှိရင် စည်းစိမ်ပြုတ် ပြန်အမ်းပြီး ပေးလိုက်ချင်ပါရဲ့" လို့ မကြာခဏ ကြွေးကြော်လေ့ရှိပါတယ်။ ဒါကြောင့် အဲဒီ အမျိုးသမီး ကံကောင်းတယ် လို့ ပြောတာပါ။

အဲဒါဗျာ...၊ အရွယ်ရမှ ဖွဲ့ဖော်ပြီး မောင်စိန်သောင်း ဆိုတဲ့ ငတိက ငယ်ခြေတွေပြန်ပြချင်လာရော ခင်ဗျ။ အသက်က ဂိန်းဘောဆိုက်နေလေတော့ ရည်းစားစာ ပေးလို့လည်း မဖြစ်၊ ဖုံပါတောတောကြီး။ ရည်းစားစကား ပြောလို့လည်း မဖြစ်၊ အရစ်က ပြုန်းသနဲ့။

ဣတိတသသမာ ထို့ကြောင့် မောင်စိန်သောင်းဆိုတဲ့ငတိက အချစ်အလွမ်း အီအိုင်ဝတ္ထုရှည်ကြီးနဲ့ 'သက်ကြီးရည်းစားဖတ်စာ' ရေးပစ်လိုက်တာခင်ဗျ။

အဲ..ကြားဖြတ်ပြောပါရစေ၊ အဲဒီ အမျိုးသမီးက ဆံပင်ဖြူပါးရေတွန့်နေပေမဲ့ ဣန္ဒြေရရ လှတုန်းပတန်းခင်ဗျ၊ မောင်စိန်သောင်းတလည်း ရောဂါဟောင်းက မနေနိုင် မထိုင်နိုင် ပြန်ထနေတဲ့အချိန်၊ ဆရာကိုရွှေငြိမ်းကလည်း အချစ်ဝတ္ထုရေးနိုင်းဆိုတော့ ရှုံ့အိုင်မြင်တဲ့ ကျွဲသိုးကြီး အုယားဖားယား ဝင်လူးသလို ခုနပြောတဲ့ အီအိုင်အချစ်ဝတ္ထုကြီး ရေးပစ်လိုက်တာပေါ့။

မောင်စိန်သောင်းက သူ့ဝတ္ထု သူပြန်ဖတ်ပြီး သဒ္ဒိတောင်းအရမ်းကောင်း မဲဒီးမဲဒီးဂွတ်ရှယ်လို့ ထင်နေသဗျ။

အဲဒီဝတ္ထုအီကြီးစာမူကို မိုးရွာလည်းရေး နေပူလည်းရေး လက်စသတ်ပြီး၊ သကာလကျတော့ စမ်းသပ် စာဖတ်ပရိသတ်အဖြစ်နဲ့ မောင်းစိန်သောင်းက သူ့သမီးကြီးကို ဖတ်ခိုင်းပါလေရော



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးခမျာလည်း ဝင့်ကြွားပါလာရှာလေတော့ ဖတ်ရရှာသပေါ့ဗျာ။ မောင်စိန်သောင်းက မလှမ်းမကမ်းကနေ အကဲခတ်နေသဗျ။ သူ့သမီးက နှစ်မျက်နှာ သုံးမျက်နှာလောက်လည်း ဖတ်ပြီးရော ‘ဒိ’ခနဲ ရယ်သဗျ။ နောက် ခပ်မြန်မြန်လှန်ဖတ်ရင်း ‘ခွိ’ခနဲ အသံထွက်ပြန်ပါရော။

မောင်စိန်သောင်းက သူ့အချစ် အလွမ်းဝတ္ထုကြီးကို သူ့သမီးက ဖတ်ရင်း ဖတ်ရင်း မျက်ရည်လေး လွဲလာလေမလားဆိုတဲ့ မဟာမျှော်လင့်ချက်ကြီးနဲ့ အကဲခတ်နေတာ။ သမီးက ဖတ်လိုက် ‘ခွိ’ခနဲ ရယ်လိုက်နဲ့ဆိုတော့ စိတ်ဓာတ်ကြီး ‘ဆာကူရတာဝါ’ ၁၄–ထပ်ထိပ်ကလိမ့် ကျသလို ရေရေလည်လည် ‘ကျ’ပြီး နောက်ပေးဘက် ထွက်နေ့လိုက်ပါတယ်။ ဆရာမေမြင့်ရဲ့ စာတစ်အုပ် ကောက်ဖတ်ရင်း မောက်ထိုးမိုးမျှော် ကျသွားရှာတဲ့ စိတ်ဓာတ်ကြီးကို မနိုင့်တနိုင် ပြန်ဆွဲတင်နေလိုက်ရှာတယ်။

ခဏကြာတော့ သမီးဖတ်ပြီးပြီထင်ရဲ့ဆိုပြီး အိမ်ရှေ့သွားကြည့်တယ်။ အဲ သမီးချောက စာမူကို ထိုင်ခုံပေါ်တင်ထားခဲ့ပြီး သူ့အမေမနှင်းရည်ကို ဈေးကူရောင်းပေးနေလေရဲ့။

မောင်စိန်သောင်းဆိုတဲ့ငတိကလည်း အလိုက်ကန်းဆိုးမသိဘဲ “သမီး ဖေဖေ့ဝတ္ထု ဖတ်ပြီးပြီလား” လို့မေးတယ်။ သမီးက “တစ်ဝက်လောက်ပြီးပါပြီ၊ ဒီမှာ ဈေးဝယ်သူလာလို့” လို့ပဲ ပြန်ပြောတယ်။ မောင်စိန်သောင်းလည်း ယောင်တောင်ပေါင်တောင်နဲ့ အိမ်နောက်ဘက် ပြန်ဝင်လာတယ်။ ကျနေတဲ့ စိတ်ဓာတ်ကြီး ပြန်တက်အောင် နပိုလီယံ အတ္ထုပ္ပတ္တိ စာအုပ်ကြီး အစပိုင်းကို ပြန်ဖတ်ပစ်လိုက်တယ်။ အစပိုင်းက နပိုလီယံ ဧကရာဇ်ဘုရင်ကြီးအကြောင်း။ နောက်ပိုင်းမှာက နပိုလီယံ ကျဆုံးခန်းမို့ နောက်ပိုင်းကို လုံးဝမဖတ်ဘူး။





ဒီလိုနဲ့ အဲဒီညဥ့် ကုန်ဆုံးသွားပါရော။

❋

နောက်တစ်နေ့မှာ သမီးကို ‘ဖတ်ပါဦး၊ ဖတ်ပြီးပြီလား”နဲ့ ခဏ ခဏ မေးတော့ သမီးခမျာ အဖေကို အားနာပြီး ခပ်သွက်သွက် ဖတ်လိုက်ရရှာတယ်။ မောင်စိန်သောင်းက သမီးက ချီးကျူးဂုဏ်ပြုစကားကို မျှော်လင့်ခြင်းကြီးစွာနဲ့–

“ဘယ်လိုလဲ သမီး၊ ဖေဖေ့ဝတ္ထု ကောင်းရဲ့လား”

သမီးက စပ်ဖြဲဖြဲနဲ့ . .

“ရယ်ရတယ် ဖေဖေရဲ့”

မှတ်ဗလား မောင်စိန်သောင်း။ သူ ရေးတာက လွမ်းမောဖွယ်ရင်သိမ့်လှိုက် မေတ္တာဘွဲ့အချစ်ဝတ္ထု။ သမီးက အဲဒီ လွမ်းမောဖွယ်ရင်သိမ့်လှိုက်ကြီးက ‘ရယ်ရတယ်’တဲ့။

မောင်စိန်သောင်းခမျာ ပိုးမှဆိုးနဲ့တိုက်ပုံဝတ်၊ အလှူမှာ သွားပါးပြီး ပြန်အထွက် ဖိနပ်ပျောက်သွားလို့ မြန်မာဝတ်စုံပြည့် ဝတ်ပြီး ခြေဗလာနဲ့ ဖိနပ်မပါဘဲ ပြန်ခဲ့ရသလို ခွကျသွားရှာပါတယ်။

ဒါတောင် မောင်စိန်သောင်း မလျှော့ဘူးခင်ဗျ။

“မဟုတ်ဘူးလေ သမီးရဲ့၊ ဖေဖေ ရေးတာ လွမ်းစရာမကောင်းဘူးလား၊ ရယ်စရာတော့ နည်းနည်းပါးပါး ပါမှာပေါ့ သမီးရယ်။ စာဖတ်တဲ့သူ စိတ်ပေါ့ပါးအောင် ရယ်စရာလေးတွေလည်း ညှပ်ရေးရတာပေါ့”

“ဟုတ်ပါတယ်။ ဒါပေမဲ့ ဖေဖေ့ အကြောင်းသိနေတော့ လွမ်းလို့မရဘူး။ အဲဒီအန်တီကြီးကလည်း ဖေဖေ့ကို ပြန်မှ မကြိုက်တာဆို”

“အေးလေ၊ ဒါပေမဲ့ ဝတ္ထုဆိုကျတော့ ကြိုက်သလိုလို ဘာလိုလို ရေးရတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ သမီးက အပြတ်သားဆုံး မှတ်ချက်ကို ချလိုက်ပါတော့တယ်။

"အင်း.. လွတ်တဲ့ငါး ကြီးတာပေါ့ ဖေဖေရယ်" တဲ့။

ထပ်မှတ်ပလား၊ မောင်စိန်သောင်း။

အဲဒါနဲ့ မောင်စိန်သောင်းလည်း အားကိုးရာ ထပ်ရှာပါတော့တယ်။ သူ့ဇနီး မနှင်းရည်ကို ဖတ်ခိုင်းလိုက်တော့ "အို ကိုစာမူတွေ မဖတ်ချင်ပါဘူး။ စာမူခပဲ လိုချင်တယ်"လို့ ပြောမှာ မုချ။

ဒီတော့ သားကြီးကို ဖတ်ခိုင်းတယ်။ သားကြီးကလည်း ကြိတ်မှိတ်ကျော်လွှားဖတ်ပြီး "မဆိုးပါဘူး။ ဒါပေမဲ့ ဗီလင်တော့ သိပ် မလာဘူး"လို့ မှတ်ချက်ပေးတယ်။ မောင်စိန်သောင်း ကြားချင်တာက "သိပ်မိုက်တယ် ဖေဖေ" ဆိုတဲ့ မှတ်ချက်။ ခုတော့ 'ဗီလင်မလာဘူး'တဲ့။

မောင့်စိန်သောင်း ထပ်ကြိုးစားတယ်။ သားငယ်။

သားငယ်က စာမူကိုလှမ်းကြည့်ပြီး ယူမဖတ်ဘဲ

"ဖေဖေ့ဟာက ဖတ်နေစရာ မလိုပါဘူး။ 'ငယ်ချစ်ဟောင်းနဲ့ နှစ်ပေါင်းများစွာ'တွေချည်း မဟုတ်လား"

နှစ်ထပ် သုံးထပ် မှတ်ပလား။

❋

မောင်စိန်သောင်း စာမူကို ထပ်ပြင်လိုက်တယ်။ ဒီတစ်ခါတော့ ကလေးတွေ ဖတ်ခိုင်းမနေတော့ဘဲ ဆရာကိုရွှေငြိမ်းတို့ မဂ္ဂဇင်းတိုက်ကို ပို့လိုက်တော့တယ်။

ဆရာကိုရွှေငြိမ်းကလည်း မောင်စိန်သောင်းနဲ့ ရွယ်တူ ဘူဒါကြီး တစ်ယောက်ဆိုတော့ 'ကောင်းသားဗျ' လို့ အားနာပါးနာ ချီးမွမ်းပြီး သူ့မဂ္ဂဇင်းမှာ ဖော်ပြလိုက်ပါတယ်။

❋





တစ်နေ့မှာတော့ မောင်စိန်သောင်းနဲ့ ဆရာကိုရွှေငြိမ်းတို့ တွေ့ကြတယ်။ ဝတ္ထုကို ပရိသတ်က အတန်အသင့် ကြိုက်ကြကြောင်း ကိုရွှေငြိမ်းက ပြောတယ်။ မောင်စိန်သောင်းက

"အင်း.. တော်သေးတာပေါ့ဗျာ။ ကျုပ်တော့်သမီးကတော့ အဲဒီစာမူဖတ်ပြီး 'လွတ်တဲ့ငါးကြီးတာပေါ့'တဲ့"

ဆရာကိုရွှေငြိမ်းကလည်း ပြောမနာဆိုမနာ သူငယ်ချင်းဖြစ်နေတော့..

"အေး.. ဟုတ်တာပေါ့၊ ဒါပေမဲ့ ခင်ဗျားက ဖမ်းမိတဲ့ငါးက ပိုကြီးနေတယ် မဟုတ်လား"

မောင်စိန်သောင်း ငယ်ငယ်က လိုက်ကြိုက်ဖူးတဲ့ အမျိုးသမီးတွေကို ဆရာကိုရွှေငြိမ်းကလည်း သိသပ။ မဖွံ့တာလည်း သိသပ။ မနှင်းရည်ရဲ့ 'အော်လံ' စပီကာ ကျယ်ကြောင်းလည်း သိသပ။ ဒါကြောင့် မနှင်းရည်ကို ရည်ညွှန်းပြီး 'ဖမ်းမိတဲ့ငါး ပိုကြီးနေတယ်'လို့ ပြောတာပါ။ ဟုတ်ပါရဲ့၊ မနှင်းရည်လည်း အသက်ရလာတော့ ခပ်ပိုင့်ပိုင့် ဖြစ်နေပြီ။ မောင်စိန်သောင်းက အဲဒီစကားကို တစ်ကိုယ်လုံးပစ်ပြီး ထောက်ခံလိုက်တယ်။

"ဟုတ်ပဗျာ၊ နှင်းရည်လည်း တော်တော်လေး ဝလာပြီဗျ။ ခင်ဗျား ပြောသလို ဖမ်းမိတဲ့ငါးက အကြီးကြီးဖြစ်နေပြီပေါ့ဗျာ"

နှစ်ယောက်သား ရယ်လိုက်ကြပါတယ်။

❋

အဲဒီဝတ္ထုခေါင်းစဉ်က 'ရင်ထဲမှာခွေနေတဲ့မြွေပွေး' ပါ။ မောင်စိန်သောင်းက အဲဒီဝတ္ထုအမည်ကို ရောမ ရသမြောက်၊ အသက်ဝင်မြောက်၊



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပြောက်။ အဓိပ္ပာယ်ကတော့ ဆင်ဘိုလစ်ဖင် ဘာညာနဲ့ ထင်နေတာ။ အမှန်တော့ ဘာမှမပြောလောက်ပါဘူး။

အဲဒီ အခန်းဆက်ဝတ္ထု မဂ္ဂဇင်းမှာပါပြီး လေးလလောက်ကြာတော့ ပရိသတ်ရဲ့အသံ ထွက်လာတယ်။ 'နည်းနည်းအီလာပြီ'တဲ့။

ဒါနဲ့ မောင်စိန်သောင်းလည်း ပရိသတ်လေသံ နားခံနိုင်ဖို့ စုံစမ်းပါတော့တယ်။

"သားကြီး မင်းသူငယ်ချင်းတွေက ဖေဖေ့ဝတ္ထုအကြောင်း ဘာပြောလဲ"

သားက ပွင့်ပွင့်လင်းလင်း ပြန်ပြောတယ်။

"သားသူငယ်ချင်းတွေက ဖေဖေ့ဝတ္ထုကို မဖတ်ကြပါဘူး"

လေးထပ်ကွမ်း မှတ်ပလားဟာ မောင်စိန်သောင်း။

သားကြီးက ဆက်လက်ထပ်ပြောတယ်။

"ဖေဖေက ရင်ထဲမှာ ခွနေတဲ့မြွေပွေးအကြောင်းပဲ ရေးတာကိုး။ 'ခါးပိုက်ထဲက မြွေပွေး'ဆိုပြီး ထပ်ရေးပါလား"တဲ့။

အဲဒါကတော့ သူ့မိခင် မနှင်းရည်ကို တည့်တည့်ပစ်ထည့်လိုက်တာပါ။

မနှင်းရည်ကလည်း အိမ်အလုပ်၊ ဆိုင်အလုပ်နဲ့ မနားရတော့ ကလေးတွေ အမှားအယွင်းရှိရင် တရုတ်သိုင်းဇာတ်လမ်းတွဲကြီးလို လောင်းပလေး၊ တော်ကီဆီးရီးတွေ ပွားနေတာကိုး။ ဗျစ်တောက်ဗျစ်တောက်နဲ့ ပေါက်ပေါက်ဖောက်တာထက် ပိုမြည်တယ်။ မောင်စိန်သောင်းဆိုတဲ့ ဖေါ်ကလည်း မကြာမကြာ မှားလေ့ရှိတယ်။ ဒီတော့ မနှင်းရည်က ခပ်ပြင်းပြင်း စကားလုံးတွေနဲ့ ဂျီသရီးအတွဲလိုက် ပစ်သလို ဆက်တိုက် 'ဖျစ်' နေတတ်တယ်။





သားသမီးများကလည်း မနှင်းရည် စကားစက်သေနတ်ထိပြီဆိုရင် ခပ်ငြိမ်ငြိမ် ကုပ်နေချင်နေ၊ ဒါမှမဟုတ် ဟိုယောင်ယောင်ဒီယောင်ယောင်နဲ့ လစ်သွားလေ့ရှိပါတယ်။ မောင်စိန်သောင်းလည်း မနှင်းရည် မျက်ထောင့်နီလာပြီဆိုရင် ခပ်ကုပ်ကုပ်နေရပါတယ်။

ဒါကြောင့် သားတွေက မောင်စိန်သောင်းကို "ဖေဖေ့ခါးပိုက်ထဲက မြွေပွေးအကြောင်း ရေးပါလား" လို့ ပြောကြတာ ဖြစ်ပါလိမ့်မယ်။

ရင်ထဲက မြွေပွေးကတော့ သွားထိမှ ပေါက်တာ။ အဲဒီတော့ မောင်စိန်သောင်းရဲ့ ခါးပိုက်ထဲက မြွေပွေးကတော့ သွားထိထိမထိထိ ပေါက်ချင်စိတ် ပေါက်လာရင် ထပေါက်ပစ်လိုက်တာပါပဲ။

❋

တလောကတော့ မောင်စိန်သောင်း စာပေဟောပြောပွဲခရီး ထွက်ရတယ်။ မောင်စိန်သောင်း စာဖတ်ပရိသတ်အတွက် ဗဟုသုတပွားစရာ၊ မှတ်သားစရာတွေ ပြောမှ မပြောတတ်တာ။ သူကိုယ်တိုင်လည်း ဗဟုသုတမပြောနဲ့ ကေသုတတောင် သေသေချာချာရှိတာမှ မဟုတ်ပေဘဲ။

ဒါကြောင့် ရယ်စရာ ဟားစရာ ပေါက်ကရာတွေ လျှောက်ပြောပြီးတော့ သူ့ချစ်သူဟောင်းအကြောင်း အဟုတ်လိုလို ဘာလိုလို လျှောက်ပြောတာပါပဲ။ ဒီအကြောင်းအရာ တစ်မျိုးတည်းကိုပဲ ဟိုဘက်ကလှည့်ပြော၊ ဒီဘက်ကလှည့်ပြောနဲ့ စာပေဟောပြောပွဲတွေ 'လိုက်စား'လာတာ အနှစ်သုံးဆယ်ကြီးများတောင် ကျော်ခဲ့ပြီပေါ့။

အဲ ဒီနှစ် ၂၀၀၅ ခုနှစ်ဆန်းမှာ ဟောပြောပွဲခရီးတစ်ခု သွားရတယ်။ လမ်းတစ်လျှောက် တောတောင်ရေမြေ ရှုခင်းသဘာဝတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လွမ်းစရာကြီးမို့ လွမ်းပစ်လိုက်တယ်။ မောင်စိန်သောင်းရဲ့ သူငယ်ချင်း ကျော်စွာ ဆိုတဲ့ စာရေးဆရာ တစ်ယောက်လည်းပါရဲ့။

မြို့တစ်မြို့ရောက်တော့ ကျော်စွာက ရန်ကုန်က သူ့အိမ်ကို ဖုန်းဆက်တယ်။ (သူ့ဇနီး ပေါက်စီမကို အစီရင်ခံတာပါ) ပြီးတော့ မောင်စိန်သောင်းရဲ့ အိမ်ကို ဖုန်းလှမ်းဆက်တယ်။ မနှင်းရည်ကို ကျော်စွာက ပြောတယ်။

"ဟဲ့ နှင်းရည် နင့်ယောကျ်ား စိန်သောင်းဆိုတဲ့ကောင်က ဒီမှာ နင့်ကို မလွမ်းဘဲ သူ့ဟာမကြီးကို လွမ်းနေတယ် ဟ"

ကျော်စွာက ချွန်တာ။ ဒါပေမဲ့ မနှင်းရည်က ဒီလိုပြန်ပြော လိုက်တယ်။

"ကိုကျော်စွာရေ ကိုစိန်သောင်း လွမ်းစမ်းပါစေ၊ သူများများ လွမ်းလေ အလွမ်းဝတ္ထုတွေဘာတွေ များများရေးလေ၊ စာမူခ များများ ရလေပဲ။ ထပ်လွမ်း။ သူ့ဟာမကြီးကို လွမ်းချင်သလောက် ထပ်လွမ်း လို့ ပြောလိုက်စမ်းပါ"

❋

မနှင်းရည်ကား စာရေးသမားရဲ့ မယား ပီသလှပေသတည်း။

❋ ❋ ❋

၁၈-၃-၂၀၀၉

သောင်းပြောင်းထွေလာရယ်စရာ မဂ္ဂဇင်း၊ ဇွန်၊ ၂၀၀၉။



# အနက်ကာတ်

မောင်စိန်သောင်းသည် ကြီးကောင်ကြီးမားနှင့် ဂယောင်ချောက် ချား အမှုတစ်ခုကို ကြုံလိုက်မိလေသတည်း။

❋

ဖြစ်ပုံမှာ တစ်နေ့သောအခါတွင် မောင်စိန်သောင်းသည် သူ၏ သူငယ်ချင်းတစ်ဦးနှင့် ပြန်လည်တွေ့ဆုံ၏။

မောင်စိန်သောင်းကား ပြောသင့်မပြောသင့် လုပ်သင့်မလုပ်သင့် တွေ သိပ်မဆင်ခြင်ဘဲ ဖွတ်တွယ်တတ်သော အကျင့် ရှိသောကြောင့် 'မောင်'တွေ များလှ၏။ သောလုံးစကားနှင့်ပြောရလျှင် အဝါတတ် ခဏခဏ၊ အနီကာတ် မကြာခဏ အပြခံရသူ ဖြစ်၏။ ပင်နယ်တီလည်း မကြာခဏ အသွင်းခံရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းကိစ္စမှာလည်း ‘ဖောင်း’၊ ဆွေမျိုးသားချင်းကိစ္စမှာလည်း ‘ဖောင်း’၊ မိသားစုကိစ္စမှာလည်း ‘ဖောင်း’။ မကြာခဏ ‘ဖောင်း’တွေ ဖြစ်လေ့ရှိ၏။ ရုပ်ရှင်ဆိုလျှင် အမြဲတမ်း ‘ဖောင်း’ ဖြစ်လေ၏။ ထို့ကြောင့် မောင်စိန်သောင်းကို ‘မောင်စိန်ဖောင်း’ဟု သတင်းစာထဲ ကြော်ငြာထည့်၍ နာမည်ပြောင်းသင့်သူ ဖြစ်လေ၏။

ယခု တင်ပြမည်ဖြစ်သော ‘ဖောင်း’သည် အနိကတ် (အနက်ကတ်ရှိလျှင် အနက်ကတ်) အပြခံရနိုင်ဖွယ်ရှိသော ဖောင်းကြီးဖြစ်လေသည်။

ခုနပြောသော ငယ်သူငယ်ချင်းနှင့် တွေ့သောအခါ လက်ဖက်ရည်ဆိုင် ထိုင်ရင်း မောင်စိန်သောင်းက ထွေရာလေးပါး ရှစ်ပါးတစ်ဆယ့်ခြောက်ပါး စသဖြင့် ပြောရင်း စကားအဆက်အစပ်မရှိဘဲ ဤသို့မေး၏။

“တော့ကောင် နေစမ်းပါဦး ခင်ခင် တစ်ယောက် ဘယ်ရောက်နေလဲ”

“ဘာလုပ်မလို့တုံး”

“ဒီလိုပေါ့ကွာ၊ သတိရလို့”

“မင်း ပါးစပ်ဟတာနဲ့ မင်းအူ ဘယ်နှခွေရှိသလဲဆိုတာ ငါ သိတယ်၊ ခင်ခင် ရှိတယ်။ သူ့ပြဿနာနဲ့သူ ရှုပ်နေတယ်၊ မင်းနဲ့ ဘာမှ မဆိုင်ဘူး”

“အေးပါ ငါနဲ့ ဘာမှ မဆိုင်ပါဘူး။ ဒါပေမဲ့ကွာ၊ သံယောဇဉ်ဆိုတာက”

“ဘယ်က သံယောဇဉ်လဲ၊ ခင်ခင်က မင်းကို သံယောဇဉ်မပြောနဲ့၊ ‘ကြေး’ယောဇဉ်လည်း မရှိဘူး။ ‘ပလတ်စတစ်’ယောဇဉ်တောင် မရှိဘူး။ အသက်လည်း ရနေပြီ၊ အေးအေးနေစမ်းပါကွာ”





“မဟုတ်ပါဘူး။ သူ့အကြောင်းလေး ကြားချင်လို့ပါ”

“မင်းနဲ့ဘာမှ မဆိုင်တဲ့ကိစ္စကို ဘာလုပ်ဖို့ သိချင်တာလဲ။ ငါလည်း ခေါင်းရှုပ်ခံပြီး မင့်ကြီးတော်အကြောင်း ခေါင်းထဲထည့်မထားဘူး”

“နေပါဦး မင်းနဲ့မြို့နယ်ရုံးတစ်ရုံးမှာ အတူတူ တာဝန်ကျခဲ့သေးတယ်ဆို”

“ဟာ ဒီကောင် မန်းလေပြလေပဲ၊ ငယ်ငယ်တုန်းကတည်းက မင်းကို ဟိုက ပြတ်ပြီးသား။ နည်းနည်းလောက်တောင် စဉ်းစားတာ မဟုတ်ဘူး”

“အဲဒီလိုတော့ မပြောပါနဲ့ကွာ ငါတို့နှစ်ယောက်ဟာ”

“တော်စမ်းကွာ အဲဒီကိစ္စ ငါ မပြောချင်ဘူး။ ငါ့ဝင်စင်နဲ့ လုပ်သက်ကိစ္စ စဉ်းစားနေတာ”

“မဟုတ်ပါဘူး။ သူငယ်ချင်းရာ အပျင်းပြေပေါ့”

“ကဲ ဒါဆိုလည်း ငါပြောပြမယ်၊ မြို့နယ်ရုံးမှာ ငါနဲ့အတူတူ တာဝန်ကျဖူးတယ်၊ ဌာနကတော့ တခြားစီ၊ သူ့ယောကျ်ားက မဟုတ်ဘူး။ ဒီတော့ သူ့ယောကျ်ားလုပ်ငန်းလည်း သိပ်အသေးစိတ်မပြောဘူး။ တလေး တွေအကြောင်း ငါ မသိဘူး။ ဒါပဲ”

“အလား သနားပါတယ်ကွာ”

“သနားရင်သေလိုက်၊ ဒီမယ် အဲဒါ ခင်ခင်အကြောင်း ငါ သိသမျှ အကုန်ပဲ၊ ထပ်မမေးနဲ့တော့၊ ငါလည်း သိပ်အဆင်ပြေတာ မဟုတ်ဘူး။ ရုံးပိတ်ရက်မှာ တခြားအလုပ်တစ်ခု လုပ်နေတယ်။ အခု စရိတ်ပေါ့ကွာ၊ ဒီနေ့ သောကြာနေ့ နက်ဖြန် ငါ့ဆိုက်ခိုင်ဦး၊ သွား လုပ်ရဦးမယ်၊ မိန်းမနဲ့လည်း တစ်ပတ်မှတစ်ခါ ဆေးလေး ပြန်တွေ့ရ

www.burmeseclassic.com



တယ်။ ကလေးတွေကိုလည်း စဉ်းစားရသေးတယ်။ ငါ့မိန်းမက ငါ့ကို ဘယ်လိုပြောတယ်မှတ်သလဲ၊ ရှင်က ကျုပ်တို့အိမ်ကို တည်းခိုခန်းများ မှတ်နေလားတဲ့၊ ဆိုးပါ့ကွာ၊ ဟုတ်တော့လည်း ဟုတ်တယ်ကွ၊ ငါက မနက်အစောကြီး ရုံးချိန်အမီထက်၊ ညနေကျ လှမြင့် ထောင်ထားတဲ့ ကုမ္ပဏီ ခဏသွား၊ စာရင်းလေး ဘာလေးကြည့်၊ မိုးစုပ်စုပ်ချုပ်မှပြန်၊ စနေနေ့တစ်ရက်ပဲ ညဘက်စောစော အိမ်ပြန်နိုင်တယ်။ တနင်္ဂနွေကျတော့ စောစောထ၊ ငါ့ဆိုက်ဒ်ကျော့လေးသွားလုပ်၊ ဒီတော့ မိန်းမပြောလည်း ပြောစရာပဲ"

"အေးပါကွာ ဒီလိုပဲပေါ့၊ ဒါနဲ့ကွာ၊ မင်း ခင်ခင့်လိပ်စာလေးများ သိလား"

"ဟာ ဒီကောင် မင်းကြီးတော်နဲ့ ငါနဲ့ ဘာမှ မပတ်သက်ဘူး။ လိပ်စာလည်း မသိဘူး"

"သူ မြို့နယ်ရုံးမှာပဲလား"

"မသိဘူးကွာ၊ အရေးထဲလာပြီး အရာမပေါ်နဲ့ တောစကား တောပျောက်၊ တောင်စကားတောင်ပျောက်။ မင်းကြီးတော်ကိုစွ ထပ် မမေးနဲ့တော့၊ ငါ နည်းနည်းညစ်နေတယ်။ ဘီယာသွားသောက်မယ် မင်းလိုက်ချင်လိုက်ခဲ့"

မောင်စိန်သောင်းသည် သူငယ်ငယ်က ဗီလင်တက်ဖူးသော အမျိုးသမီး တစ်ယောက်အကြောင်းကို တစ်စွန်းတစ်စ ကြားရသဖြင့် အခြောက်တိုက် ဗီလင်ပြန်တက်လာသောကြောင့် ဘီယာဆိုင်သို့ လိုက်ခဲ့လေသည်။





(၂)

ဘီယာဆိုင် ရောက်သောအခါ မောင်စိန်သောင်းမေးလိုက်ရာ—

"ညီလေး လက်ဖက်ရည်ရမလား"

မောင်စိန်သောင်း၏ သူငယ်ချင်းက—

"ဟာ. . . အေ့ ဒါဘီယာဆိုင်ကွ၊ မင်း အရက်မသောက်ချင်ရင် အအေးသောက်"

"ငါ အအေး မကြိုက်ဘူးကွ"

"ရေသောက်ကွာ၊ ဒီမယ်ညီလေး စည်ဘီယာ တစ်ဂျားပေး ပြီးတော့ သောက်ရေတစ်ခွက်ပေး။ သောက်ရေသန့် မဟုတ်ဘူး၊ ရိုးရိုး ရေပဲ"

"ဟေ့ကောင် မင်းက ဘီယာကို ရေရော သောက်မလို့လား"

"ဘီယာက ငါ သောက်ဖို့၊ ရေက မင်း သောက်ဖို့"

"ငါ ရေနွေးကြမ်းလောက်တော့ သောက်ချင်တယ်ကွာ"

စားပွဲထိုး လူငယ်လည်း 'ဘယ်လို ဘူဒါး ငကြောင်ကြီးတွေ ဆိုင်ထဲရောက်လာပါလိမ့်' ဟူသော အကြည့်ဖြင့် ကြည့်၍ စိတ်ပျက်နေရာ၏။ မောင်စိန်သောင်း၏ သူငယ်ချင်းက—

"ဟဲ ညီလေး၊ အနီးအနားဆိုင်မှာ လက်ဖက်ရည်ရရင် မှာပေး နိုင်မလား။ မရလည်း ရေနွေးကြမ်း၊ မရရင် ရိုးရိုးရေပဲပေး။ ပြီးတော့ ဝက်ခြောက်ကျော် အသေးတစ်ပွဲ၊ ဒါပဲကွာ"

လူငယ်သည် သက်ပြင်းချ၍ ထွက်သွားရာ၏။ မောင်စိန်သောင်း က—

"အောင်ကျော် မင်း ဟိုမြို့နယ်ရုံးတုန်းက"

"တော်စမ်းကွာ၊ စိတ်ညစ်ရတဲ့အထဲ မင့်ကြီးတော်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ၊ ခုမင်းသောက်မယ့် ဘီယာ ငါ တိုက်ပါ့မယ်၊ ငါ့ကို. . အဲဒီ အကြောင်းလေး"

"ငါ ဘီယာနှစ်ခွက်လောက်နဲ့ ခေါင်းစားမခံနိုင်ဘူး၊ တခြားဟားစရာ တစ်ခုခုပြော၊ မင်း မပြောရင် ငါ ပြောမယ်။ ဟို ဇာတ်ရှုးချစ်အကြောင်း မင်းသိပြီးပြီလား။ အဲဒီကောင် ဇာတ်ရှုးစိတ် မပျောက်တော့ ကြီးကောင်ကြီးမားနဲ့ အရက်သောက်လိုက်၊ ငိုချင်းချလိုက် လုပ်သတဲ့၊ အနီးအနား ကောင်လေးတွေက ဝိုင်းဟားပေါ့ကွာ၊ အရေးထဲနေ့က သူ့ဖက်တီးဘုတ်ကြီး နာမည်တပြီး ငိုသေးသတဲ့၊ သောက်ပေါ"

"အေးလေ၊ အဲဒီကောင် ပတ္တလားတီးရင် ကောင်မလေးကသိချင်းဆို၊ စိတ်ကူးတွေယဉ်၊ နောက်ဆုံး ရူးကြောင်ကြောင် အတွေးအခေါ်တို့ ဒဿနတို့ လျှောက်လုပ်နဲ့ သည်ကောင် ငပေါမှန်း ကောင်မလေးက သိပြီး ခွာသွားတာ၊ အဲဒါကို သူက လွမ်းပြနေသေးတယ်၊ ဒါနဲ့ နေစမ်းပါဦး မင်း ယုဝတီဆောင်က ကောင်မလေးကော"

"ဟာ ဒေ့ အဲဒီကောင်မလေးက ခု ငါ့မိန်းမကွ၊ မင်းပြောတာ ဟို ငပုတောက ကောင်မလေး"

ဘီယာရောက်လာ၏။ ငွဲသောက်၏။ မောင်စိန်သောင်းအတွက် "လက်ဖက်ရည် ပါဆယ်ဝယ်ပေးပါ့မယ် ဆရာ"

"အေး. . အေး ကျေးဇူးပဲကွာ၊ ရော့ ရော့" မောင်စိန်သောင်းက နှစ်ရာတန် ငွေစက္ကူတစ်ချပ်ထုတ်ပေး၏။ ဆက်ပြောလိုက်သေးသည်။ ပိုတာညီလေးယူကွာ။ သူငယ်ချင်း "ဟော့ကောင် လက်ဖက်ရည် ပါဆယ်တစ်ခွက် နှစ်ရာကွ၊ ဘယ်လိုလုပ် ပိုမှာလဲ၊ အုပ်ပါ့ကွာ၊ ရော့ ညီလေး မုန့်ဖိုး"

သူငယ်ချင်း အောင်ကျော်က ဘီယာမော့ချလိုက်၏။ ပြီးတော့ "ဟော့ကောင် ငါ စာအုပ်တစ်အုပ် ဘာသာပြန်ထားတယ်ကွ၊ ထုတ်ဝေ





သူကတော့ ထုတ်ပေးမယ်ပြောတယ်။ တမူခ ကြိုလိုချင်တယ်ကွ၊ ဘာလုပ်ရမလဲ"

"တောင်းပေါ့"

"ဟာ ဒါတော့ ငါလည်း သိတာပေါ့၊ မင်း စာတွေဘာတွေရေးနေတာဆိုတော့ ဘယ်လိုပုံစံရှိသလဲ သိချင်လို့"

"ငါလည်း သိပ်မသိဘူးကွ၊ ကြိုတင်ပေးတာလည်း ရှိတယ်ကွ၊ စာအုပ်ထွက်မှ ပေးတာလည်း ရှိတယ်တဲ့ကွ"

"မင်း မေးလိုက်ရင် မရေမရာချည်းပဲ၊ အဲဒါထားလိုက်ကွာ၊ ငါ့ဘာသာ တောင်းကြည့်မယ်။ နေဦး ဟို တို့စီနီယာ အစ်မကြီးတို့စွမင်းကြားသေးလား"

"ဘယ်သူလဲ"

"စီနီယာ အစ်မကြီးလေးကွာ၊ မင်းကလဲ ဟို"

"အေး. . အေး မှတ်မိပြီ"

"အေး သူလည်း သနားပါတယ်ကွာ၊ စိတ်ညစ်စရာတွေ"

ထို့နောက် မောင်စိန်သောင်း၏ သူငယ်ချင်း ကိုအောင်ကျော်သည် စိတ်ပြေလက်ပျောက် ရောက်တတ်ရာရာ စကားများကိုသာ ဆက်ပြောနေလေ၏။

မောင်စိန်သောင်းက အကွက်ဖော်၍ သူ သိချင်တဲ့ 'ခင်ခင်' အကြောင်း မေးမယ်ကြံတိုင်း 'တော်စမ်းကွာ' ဆိုသော စကားကိုသာ ပြော၏။

❋

ညနေစောင်းတော့ ကိုအောင်ကျော်သည် အနည်းငယ် မူးနေစွာ မောင်စိန်သောင်းနှင့် လမ်းခွဲ၏။ မောင်စိန်သောင်းက နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကြိုးပမ်းချက်အဖြစ် ခင်ခင်၏ လိပ်စာကို စုံစမ်း၏။ သူငယ်ချင်းက–

"ကဲ သွားမယ် အေးရေ၊ မင်းကြီးတော်လိပ်စာ သုံးလေးရက်အတွင်း ငါမေးပေးမယ် ဟုတ်ပြီလား"

"အေး . . အေး ကျေးဇူးတင်လိုက်တာကွာ" သူငယ်ချင်းက ခပ်ဝေ့ဝေ့နှင့် ပြုံးပြုံးရော ပြောသွားခြင်းသာ ဖြစ်လေသည်။ နောက်ထပ် တစ်လခန့် ကြာသည်အထိ အဆက်အသွယ် မရပေ။

(၃)

တစ်နေ့တွင် မနှင်းရည်၏ အစ်မတစ်ယောက်သည် မောင်စိန်သောင်းတို့ အိမ်သို့ အလည်ရောက်လာ၏။

မာကြောင်းသာကြောင်း ပြောနေစဉ် မောင်စိန်သောင်းသည် စကား အဆက်အစပ်မရှိ မနှင်းရည်၏ အစ်မကို–

"ခင်ခင့်ကို သိတယ် မဟုတ်လား မမထွေး"

မမထွေး ခဏကြောင်သွားပြီး–

"ဘယ်က ခင်ခင်လဲ"

"ဟိုဟာလေ မမထွေး ပင်စင်မယူခင် မမထွေးတို့ ဌာနမှာ အလုပ်လုပ်တဲ့ ဒေါ်ခင်ခင်ဟာကော"

"အော် . . ခင်ခင်မာလား။ ဆုံးရှာပြီ"

"ဟာ ခင်ခင်မာ မဟုတ်ဘူး။ မခင်ခင်၊ ဒေါ်ခင်ခင်၊ မမထွေးတို့ ဌာနမှူး"

"အော် နယ်ပြောင်းသွားတယ်လေ"

"ဘယ်နယ်လဲ မမထွေး"

"အင်း . . တနင်္သာရီဆိုလား"





"ဟုတ်လား။ ဒါဆိုအဲဒီမှာ ရှိမှာပေါ့"

"ရှိသေးလား ပင်စင်သွားပလား မသိဘူး။ ဘာဖြစ်လို့လဲ"

"အော် အင်း သိဖူးလို့ပါ"

"ဘယ်တုန်းက သိတာလဲ"

"ကျောင်းတုန်းက"

ပန်းကန်တွေကို အဝတ်နှင့်သုတ်နေသော မနှင်းရည်က စတင်၍ 'ချက်စ်' လုပ်ပြီဖြစ်၏။ မနှင်းရည်က မေး၏။

"ကျောင်းတုန်းက ဘယ်သူ"

"ဟို ခင်ခင်"

လူကျွံ (မင်းနဲ့အောက်) ဖြစ်ပြီ ဖြစ်၏။

"ရှင်မလဲ ငယ်ငယ်တုန်းက တစ်ခင်တည်း ခင်ခဲ့တာ ခုထိ ခင်တုန်းပဲလား"

"မဟုတ်ပါဘူးကွာ၊ သူ့ အဲ ခင်ပွန်း မမာဘူးကြားလို့"

"သူ့ယောကျ်ား မမာတာ ရှင့်အလုပ်လား"

"မဟုတ်ဘူးလေကွာ၊ မိတ်ဆွေတွေဆိုတော့ ဝတ္တရားအတိုင်း သတင်းမေးလေး ဘာလေး"

"အဲ့ဒိတွေ ပြောမနေနဲ့၊ ကိုကို ကြည့်နေတာကြာပြီ၊ ခုတလော ထွာခြေပျောက်နေတယ်၊ ဒီမယ် အဲဒီ ရှင့်ခင်ခင်ကြီးဆီ သွားချင်သပဆို သွားပေတော့"

"ဒီသဘော မဟုတ်ပါဘူးကွာ၊ ရိုးရိုးပါ"

"ဘာရိုးရိုးလဲ၊ ရိုးရင် ဒါတွေမေးနေစရာ မလိုဘူး။ အဲ့ဒိကြီး နော် သတိထား။ သူ့မလဲ အိမ်ထောင်နဲ့ စတော်တရော်တွေ မစဉ်းစား နဲ့၊ ကိုယ့်ကိုယ်ကိုယ်လည်း မှန်ထဲပြန်ကြည့်ဦး ဆံပင်ဖြူ ဒါကိုင်း နားထိုင်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ဟုတ်ပါတယ်၊ ငါပြောတာက မိတ်ဆွေတွေဆိုတော့ သာရေး နာရေး ကိစ္စရှိရင်"

အပိုတွေ ပြောမနေနဲ့၊ ရှင်နဲ့တစ်သက်လုံး ပေါင်းလာတာ၊ မသိဘဲနေမလား၊ အသက်ကြီးမှ ရှုပိုးထိုးမနေနဲ့"

"ဟာ မဟုတ်တာကြီး၊ ငါ့မှာ အဲသလိုစိတ် မရှိပါဘူး"

"မရှိရင် မေးစရာမလိုဘူး၊ ဘယ်မှာရှိတယ်သိချင်ရင် သူတို့ ဌာနရဲ့ ရန်ကုန်ရုံးချုပ်ကို သွားပြီးစုံစမ်း လိပ်စာရရင် သွားလိုက်"

"အဲသလောက်ကြီးလဲ မဟုတ်ပါဘူး"

"မဟုတ်ရင် ဟိုမေး ဒီမေး မေးမနေနဲ့ပေါ့၊ ဒီမယ် အပြတ် ပြောလိုက်မယ်၊ ရှင့်ကို အကြောင်းမသိလို့ ယူခဲ့မိတာ၊ ခုထိလည်း ရှင်ပေးတဲ့ ဒုက္ခက သေးတာ မဟုတ်ဘူး၊ ရှင့်ကို လက်ခံမယ့်သူ ရှိလို့ကတော့ ပွဲခံပြီးတော့တောင် ပေးလိုက်ချင်သေး"

မောင်စိန်သောင်းသည် ဘာပြောရမှန်း မသိသဖြင့် ဘာမှ ပြန်မပြောတော့ပေ။ သို့ရာတွင်

"အဲ..အဲ မမထွေးရဲ့ သူ့ခမျာ အခက်အခဲများ ရှိနေမလား မသိဘူး"

"ဘယ်သိနိုင်မလဲ၊ မတွေ့ရတာလည်း သူနယ်ပြောင်းသွားကတည်းကပဲ၊ ကိုစိန်သောင်းက ဘယ်ကသတင်းကြားလို့လဲ"

"ဟိုဟာလေ အောင်ကျော်နဲ့ တွေ့တယ်၊ သူက ပြောပြလို့"

"ဘာပြောပြတာလဲ"

"ကျန်းမာရေးလည်း သိပ်မကောင်းဘူးဆိုလား"

ထိုအချိန်လောက်တွင် မောင်စိန်သောင်း၏ ဘေးနားသို့ ခရီးသွားအိတ်တစ်လုံး ဗုန်းခနဲကျလာ၏။





မနှင်းရွှေသည် ခရီးသွားအိတ်မည်းကြီးကို ညွှန်ပြရင်း–

"အဲဒီမှာ ရှင့်အိတ်၊ ကြိုက်တာထည့်ယူသွား၊ အိမ်မှာ ရှိတဲ့ ပိုက်ဆံလည်း အကုန်ယူချင်ယူသွား၊ မနက်ဖြန် အိမ်ရှေ့ အားတားအား ကွင်းကြီးထဲမှာ စတိတ်ရှိုးလုပ်ပြီး ကျုပ်တို့သားအမိတစ်တွေ ချန်ပေါက် ကပစ်လိုက်မယ်၊ အဲ..တစ်ခုတော့ သတိပေးလိုက်ချင်ရဲ၊ ရိုသဲ့သဲ့ တော့ သွားမလုပ်နဲ့၊ ဟိုက အိမ်ထောင်နဲ့ အသက်ကြီးမှ အမှုဖြစ်ရင် ကျုပ်တို့ပါ အလကားနေရင်း အရှက်ရနေဦးမယ်၊ ဟိုရောက်ရင် ကြိုကြို တင်တင် စုံစမ်း၊ ဟိုက ရှင့်ကို ရိုးရိုးသားသားနဲ့ လက်ခံမယ်ဆိုရင် အကြောင်းကြားလိုက် ရှင့်အတွက် စားစရိတ်ပို့ပေးမယ်၊ ရှင်ပေးတဲ့ ဒုက္ခကို အဲဒီ ခင်ခင်ဆိုတဲ့ မိန်းမ တစ်နှစ်လောက်ပဲ ခံစားကြည့်စေချင် တယ်၊ အော့ကြောကို ဆယ်ခါပြန် လန်သွားမှာ မြင်ယောင်သေး၊ တစ်လတောင် ခံမယ်မထင်ဘူး၊ လျော်ကြေးနှစ်ဆ ပြန်အပ်ပြီး ရှင့်ကို ကျုပ်တို့ဆီ ပြန်ပို့ပေးမှာပဲ၊ အဲသလို ပြန်ပို့ပေးလို့ကတော့ လက်မခံ ရေးချ လက်မခံဘဲ၊ ကဲ ကြွပေတော့ ဘုရားကျွန်းက 'ရောင်နီဦး' ကား မနက်လေးနာရီ ထွက်လိမ့်မယ်၊ ဘုရားတန်ဆောင်းမှာ အိပ်စောင့်ပြီး မြန်းပေတော့ ဦးစိန်သောင်းရေ့"

မနှင်းရွှေည် ဘဝမှ ဒေါ်နှင်းရွှေဘဝသို့ ရောက်နေပြီဖြစ်သော အဘွားကြီးသည် အဘိုးကြီး ဦးစိန်သောင်းအား ဘာတစ်ခွန်းမှ ထပ် မပြောဘဲ သူ့အစ်မ ဒေါ်ထွေးထွေးနှင့် သူ့တို့ပြောချင်သော စကားများ ဆက်ပြောနေပေ၏။

မောင်စိန်သောင်း ခေါ် အဘိုးကြီးသည် ခရီးသွား အိတ်မည်း ကြီးကို- ကြည့်ရှုလျက် ထိုင်ရမလို ထရမလို ဖြစ်နေရာမှ အနီးရှိ



www.burmeseclassic.com

www.burmeseclassic.com



သောက်ရေအိုးစင်က ရေတစ်ခွက်ကို ခပ်၍ တဂွတ်ဂွတ် မြည်အောင် သောက်ချလိုက်လေသည်။

ဟပွင့်နေသော ခရီးသွားအိတ်မည်းကြီးက မောင်စိန်သောင်းကို စပ်ဖြဲဖြဲ ကြည့်နေသယောင်။

❄ ❄ ❄

၂၆-၃-၂၀၀၄

Family မိသားစုမဂ္ဂဇင်း ဇွန်၊ ၂၀၀၄။

မောင်ဝဏ္ဏ



www.burmeseclassic.com